# မှော်ဘီဆရာသိန်း

## ဗဟုသုတ ဟင်းလေးအိုး

နှင့်

## ရှေးတံဆိပ်တော်ရ ဆရာတော်များစာတမ်း



2013.GRAPHIC DESIGN : KYAW MINN MOUNG

၈၉၅·၈၈၀၃/သိ

Acc No.

“.... အရပ်ရပ် သုတ၊ ဒိဋ္ဌ မှတ်သားရသော ပညာဗဟုသုတကို စုပေါင်း ရေးသား ရခြင်း ဖြစ်၍ .... အချို့အဆိမ့် အရသာ မြက်မြက်ကို ထပ်ခါထပ်ခါ တင်းမတိမ် နိုင်ဘဲ ဖွဲ့မြဲဖတ်ရှု ပျော်ရွှင်ကြစေ ခလို ....။”

– *မော်ဘီ ဆရာသိန်းကြီး ၏ နိဒါန်း .... မှ။*

“.... လက်လှမ်းမီရာ ရှေးရှေးသော ပညာရှိကြီးများနှင့် အဆင့်ဆင့် ဆွေးနွေးရာမှ ရရှိခဲ့သော ဗဟုသုတများ။ ... စက်တင်ပုံနှိပ်ပြီးသော ရှေးဟောင်းစာပေများတွင် မပါဝင်သေးသော အချက်အလက် အကြောင်းအရာပေါင်း မြောက်မြားစွာကို ဤ ‘ဟင်းလေးအိုးစာတမ်း’ တွင် တွေ့မြင် ဖတ်ရှုရပါလိမ့်မည်။ ... မြန်မာ့ယဉ်ကျေးမှုနှင့် အကျင့်စာရိတ္တကို တိုးတက်၍လာအောင် ဖန်တီးပေးနိုင်သော စာအုပ်ကောင်း တစ်အုပ် လည်း ဖြစ်ပေသည်။”

– *ဟံသာဝတီ ဦးဘရင်၏ အမှာ .... မှ။*

"ဆရာကြီး၏ ရှေ့နေထူး ၇ ဦး အကြောင်း စာများသည် လောကီစာများ ဖြစ်ကြပါ၏။ သို့ရာတွင် နှလုံးသွင်းအပ်သော လူ့ကျင့်ဝတ်လမ်းပြ ဦးတည်ချက်ပါသော စာများ ဖြစ်ကြသည်ဟု ဆိုချင်ပါသည်။ ပရိသတ် နားပေါက်လွယ်၍ ရှင်သော စာများ ဖြစ်ကြသည် ဟုလည်း ဆိုချင်ပါသည်။ မြန်မာ့ဘဝ၊ မြန်မာ့အလှတို့ကို မြန်မာစာဖတ်ပရိသတ် မျှဝေ ခံစားတတ်အောင် တင်ပြလျက်၊ နိုင်ငံချစ် မျက်စိကို ဖွင့်ပေးနိုင်သော စာများ ဖြစ်ကြသည်ဟုလည်း ဆိုချင်ပါသည်။"

*– ဇော်ဂျီ ၏ သိန်းနှင့်ကျား ဋီကာ (၁၉၈၄)။ စာ ၆၆ .... မှ။*

"မော်ဘီဆရာသိန်း ဟူသော အမည်သည် ယခုခေတ် လူငယ် လူရွယ်များအဖို့ စိမ်းနေမည်လား မဆိုနိုင်။ စစ်ကြီး မဖြစ်မီ ကာလ၌ကား ထိုအမည်သည် အကျော်ဇေယျ ဖြစ်လေသည်။ အကြောင်းကိုဆိုသော် သူ့မှတ်တမ်းပါ စာတို စာစများကို မြို့ရွာအနှံ့ ဖတ်ရှုတ် ရယ်မောခဲ့ကြသည်ချည်း ဖြစ်သည်။ သူ့မှတ်တမ်းပါ အဖြစ်အပျက်များကို လူကြီး လူငယ် မရွေး ကြားချင် နားချင်ခဲ့ကြသည်ချည်း ဖြစ်သည်။"

*– တိုက်စိုး ၏ 'မော်ဘီဆရာသိန်း'။ တိုက်စိုးနှင့် မင်းယုဝေ။ စာဆိုနှင့် သုတေသီ (၁၉၆၇)။ စာ ၂၅–၂၆ .... မှ။*

## မော်ဘီဆရာသိန်း [၁၈၆၂–၁၉၄၂]

မော်ဘီမြို့နယ် မင်းရွာ၌ အဖ လယ်သမားကြီး ဦးရွှေကြူ၊ အမိ ဒေါ်ငွေတို့က ၁၁ မတ် ၁၈၆၂ တနင်္လာနေ့တွင် မွေးသည်။ မွေးချင်း လေးဦးတွင် ဒုတိယမြောက်သား၊ ငယ်မည် မောင်ဖိုးသိန်း ဖြစ်သည်။

မင်းရွာ ကိုရွှေမိတ်ထံတွင် သင်ပုန်းကြီး၊ ဦးပိုက်ထံတွင် အခြေခံ ဘာသာရေး သင်ရိုးစာများ၊ ကန်ကုန်းဘုန်းကြီး ဦးဝဏ္ဏထံတွင် ပရိတ်ကြီးနှင့် ဇာတ် အဋ္ဌကထာ နိဿယများကို လေ့လာခဲ့သည်။ သန်လျင် ညောင်ပိုင်းကျောင်း (သိမ်ကျောင်း) ဘုန်းကြီး ဦးဓမ္မာလင်္ကာထံတွင် ဘာသာရေး စာများသာမက ပျို့၊ ကဗျာ၊ လင်္ကာ၊ မေတ္တာစာ၊ မွေ့သတ်နှင့် ဦးပုညဝတ္ထု တရားစာများကိုပါ ဖတ်ရှုခဲ့သည်။ ပြဇာတ်ရေးဆရာ ရှေ့နေ ဦးပုတ်နီထံတွင် ပြဇာတ် သဘောသဘာဝကို လည်းကောင်း၊ မလွန်မင်းသားကြီး၏ အကြီးတော် ဦးသံမှိုထံတွင် နန်းတွင်းရေး၊ ရာဇဝင်ရေး ဗဟုသုတများကို လည်းကောင်း၊ ရှေ့နေ ဦးရေးထံတွင် မြန်မာစာပေဆိုင်ရာကို လည်းကောင်း၊ ဟင်္သာတ ဆရာမှဲ့ထံတွင် ကဗျာလင်္ကာ အကြောင်းကို လည်းကောင်း၊ ပျဉ်းမနား တောအုပ်ကြီး ဦးပန်းခွေးထံတွင် ရကန်ဖျက် ဦးလန်း၏ ကဗျာများအကြောင်းကို လည်းကောင်း၊ သံချိုဆရာ ဦးကျော်လှထံတွင် သံချိုအကြောင်းကို လည်းကောင်း ဆည်းပူးခဲ့သည်။ ရန်ကုန်မြို့ အင်းစိန် ရွာမကျောင်း ဘုန်းကြီး ဦးနာရဒ၊ ရကန် ဆရာကြွေတို့ထံ၌ လောကီ၊ လောကုတ် ဗဟုသုတများ ရှာမှီးသည်။ ဒေသန္တရ ဗဟုသုတအလို့ငှာ မြန်မာပြည်အနှံ့ ခရီးဆန့်ခဲ့သည့်ပြင် ယိုးဒယား၊ ဇင်းမယ်အထိ သွားရောက်ခဲ့သည်။

ကိုးနှစ်၊ ဆယ်နှစ်သား အရွယ်ကပင် နွားကျောင်း၊ ကျွဲကျောင်း၊ ဆီဆုံလှည့်၊ ထမင်းပို့ အလုပ်များကို စပါးပေး လုပ်ကိုင်ခဲ့သည်။ ဟံသာဝတီအရေးပိုင် အယ်လင်၏ ဘဏ္ဍာစိုး၊ ကြေးတိုင်ဝန် ပဲရော့ထံတွင် စားပွဲထိုး၊ ဟံသာဝတီ ကြေးတိုင်ရုံး လျှောက်လွှာစာရေး (၁၅ ဧပြီ ၁၈၈၀)၊ အင်္ဂပူမြို့ တရားမမြို့အုပ်ရုံး တံဆိပ်ခေါင်းရောင်း စာရေး (၁၈၈၄)၊ မော်ဘီ မြို့အုပ်ရုံး ၃ စာရေး (၁၈ မတ် ၁၈၈၅)၊ ကွမ်းခြံကုန်း မြို့အုပ်ရုံး စာရေးအဖြစ် အမှုထမ်းခဲ့ပြီး ၁၃ ဧပြီ ၁၈၉၆ တွင် အလုပ်မှ ထွက်ခဲ့သည်။ ထို့နောက် ဟံသာဝတီ ပုံနှိပ်တိုက်တွင် စာပြင်၊ မြန်မာနိုင်ငံ ကမ္ဘည်းကျောက်စာရုံး၌ ကျောက်စာ အဖတ်၊ အရေး။ ပျဉ်းမနားတွင် သစ်စက်သူဌေး ကိုယ်စားလှယ် (၁၉၀၀ ပြည့်)၊ မဟာဗောဓိသတင်းစာ၊ ရာဇဝတီပုံနှိပ်တိုက်၊ အင်္ဂလိပ် မြန်မာ ပုံနှိပ်တိုက်များတွင်လည်း လုပ်ကိုင်ခဲ့သည်။ မြန်မာနိုင်ငံ သုတေသနအသင်းအတွက် စာဟောင်း ပေဟောင်း စုဆောင်းရှာဖွေသူ၊ ၁၉၁၆–၁၇ မြန်မာစာညွှန့်ပေါင်းကျမ်း စုဆောင်းရေး အကြံပေး ဘုတ်အဖွဲ့တွင် လက်ထောက်အယ်ဒီတာ အဖြစ် အမှုထမ်းခဲ့သည်။

၁၈၈၀ ပြည့်နှစ်တစ်ဝိုက် ပဲခူး ကြေးတိုင်ရုံး စာရေးလေးဘဝတွင် "ထွန်းဖေ ဝွန်းမေ" အမည်ရှိ ပြဇာတ်တိုတစ်ပုဒ်ကို စမ်းရေးခဲ့သည်။ ထင်ရှားသော စာအုပ်များမှာ **ပေါရာဏဒီပနီ [ပထမတွဲ]** (၁၈၉၆)၊ **[ဒုတိယတွဲ]** (၁၉၁၃)၊ **ဒွန်းစဏ္ဍားနှင့် မင်းသမီး ညားပုံ [ယျလေးလုံး ပုံပြင်စာတမ်း]** (၁၉၂၃)၊ **ဂီတလင်္ကာရဒီပနီ** (၁၉၂၄)၊ **ပါးစပ်ရာဇဝင် [ပထမတွဲ]** (၁၉၂၆)၊ **[ဒုတိယတွဲ]** (၁၉၂၇ ခန့်)၊ **ဘုရားသမိုင်းပေါင်းချုပ်** (၁၉၃၄)၊ **ရှေးဖြစ်စာတမ်း** (၁၉၃၅ ခန့်)၊ **ရှေးဟောင်းရှေးဖြစ်စာတမ်း** (၁၉၃၅ ခန့်)၊ **အိန်းပုံရာစာနှင့် ကွမ်းပုံကုမ္မာပြဇာတ် [တည်းဖြတ်]** (၁၉၃၆)၊ **နှောင်းဖြစ်စာတမ်း** (၁၉၃၇ ခန့်)၊ **စကားပဒေသာစာတမ်း၊ အရှုလွယ်အိတ်၊ ဈိုင်းနားမင်္ဂလာစာတမ်း** (၃ ကြိမ်၊ ၁၉၅၃)၊ **ဗဟုသုတ ဟင်းလေးအိုး** (၁၉၂၇) နှင့် **မြန်မာ့စာတ်ပွဲသဘင်နှင့် မြန်မာပြဇာတ်စာအုပ်များ** (၁၉၆၅) တို့ ဖြစ်ကြသည်။

၁ ဇန်နဝါရီ ၁၉၄၂ ခု ညနေ ၆ နာရီ ၂၅ မိနစ်တွင် မော်ဘီမြို့မှာ ကွယ်လွန်သည်။

Acc No.

၂၀၁၂–၂၀၁၃ ထုတ်
ရာပြည့်စာအုပ်များ

၃၅၀။ ဦးတင်ဦး (ကျူရှင်) ၏ ကမ္ဘာ့ကျေးဇူးရှင် ဂျော့ ဝါရှင်တန် ကားဗား
၃၅၁။ မြင့်သန်း (မြန်မာပြန်) ၏ ဖရန့်(ဇ)ကာ(ဖ)ကာ၏ ပြောင်းလဲခြင်းနှင့် အခြားဝတ္ထုများ
၃၅၂။ မင်းရှင်၏ လမ်းပေါ်မှာ [စာပေဆုရ ဝတ္ထုတိုများ၊ ဖြည့်စွက်ထုတ်ဝေခြင်း]
၃၅၃။ ကျော်အောင် ၏ အရေးကြီးပြီ သွေးစည်းကြစို့
၃၅၄။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး (မြန်မာပြန်) ၏ လယ်တီဆရာတော်၏ ဥရောပ ဗုဒ္ဓဘာသာ အလင်းပြကျမ်း
၃၅၅။ မောင်စည်သူ၏ ယုံတော့ မရယ်
၃၅၆။ တွင်းသင်းတိုက်ဝန်မဟာစည်သူ ဦးထွန်းညို၏ မဟာရာဇဝင်သစ် (တောင်ငူဆက်)၊ ဒုတိယတွဲ
၃၅၇။ စိန်စိန်၏ သားလိမ္မာ
၃၅၈။ လင်းယုန်သစ်လွင်၏ ဘုံကျွန်
၃၅၉။ မောင်တင်ရွှေ၏ သခင်ကိုယ်တော်မှိုင်း
၃၆၀။ မြဝတီ၏ သွေးချောင်းက လျှံ
၃၆၁။ မောင်ပေါ်ထွန်း၏ နိုင်းမြစ်ဝှမ်းမှ တော်လှန်ရေး [Revolt on the Nile by Anwar El Sadat]
၃၆၂။ တင့်ဇော်၏ ဝေဒနာ ပန်းရိုင်းများကို ပွင့်လန်းစေသူ ဝတ္ထုတိုများ [Interpreter of Maladies by Jhumpa Lahiri]
၃၆၃။ ဝန်စာရေးဦးကြီး၏ ချည်ပေါင်ရွက်သည် မောင်မှိုင်း [အစ၊ အဆုံး]
၃၆၄။ ကျော်အောင်၏ သမဂ္ဂအလံတော်အောက်ဝယ်
၃၆၅။ ထွန်းသစ်၏ ယူဂန္ဒာ အာဏာရှင် အာမင် (နိုင်ငံရေး အတ္ထုပ္ပတ္တိ)
၃၆၆။ မောင်ခင်မင် (ဓနုဖြူ) ၏ ဘာသာစာပေ အသွေးအရောင် အဆင်အကွက်
၃၆၇။ တင်မောင်မြင့်၏ နိဂုံး၏ အဓိပ္ပာယ် [The Sense Of An Ending by Julian Barnes]
၃၆၈။ ပါမောက္ခ ဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်း
၃၆၉။ တတိယ နံ့မော်ဆရာတော် ရှင်ဝိနန္ဒာသဘ၏ သီလဝိသောဓနီကျမ်း
၃၇၀။ အောင်ခန့် (မြန်မာပြန်) ၏ နိုင်သူနှင့် ရှုံးသူ [The Moon Is Down by John Steinbeck]
၃၇၁။ တက္ကသိုလ်ဓိမ်တင်၏ ဗိုလ်ချုပ်အောင်ဆန်းကို မမေ့ပျောက်စေခဲ့လျှင် နှင့် သမိုင်း၊ နိုင်ငံရေး လက်ရွေးစင်ဆောင်းပါးများ
၃၇၂။ မြင့်သန်း၏ ဒဗ္ဗလင်မြို့က လူများ [DUBLINERS by James Joyce]
၃၇၃။ ခင်မောင်လတ်၏ မီးတုတ်သခင်သိန်းမောင်ကြီး၏ ဘဝနှင့် နိုင်ငံရေး လှုပ်ရှားမှုများ
၃၇၄။ ဇန်းမောင်တင်အောင် ၏ မမကြီး
၃၇၅။ ထွန်းသစ် (ပြုစုသည်) နပိုလီယန် သို့မဟုတ် သမိုင်းမော်ကွန်းတင် သူရဲကောင်း စစ်ဘုရင်
၃၇၆။ တင်မောင်မြင့်၏ သွေးအေးအေးဖြင့် (In Cold Blood by Truman Capote)
၃၇၇။ ဆရာလွန်း (သခင်ကိုယ်တော်မှိုင်း) ၏ မှန်နန်းရာဇဝင်တော်သစ် [ပထမအုပ်]
၃၇၈။ မဟာဆွေ ၏ သူပုန်အိမ်
၃၇၉။ မင်းရှင် ၏ မေ့ဘူးကွဲ့ သက်လှယ်ရယ်
၃၈၀။ နဂါးဗိုလ်ထိပ်တင်ထွေး ၏ ရတနာသိမ္မ ကုန်းဘောင်မဟာရာဇဝင်အကျဉ်း
၃၈၁။ ကျော်အောင် ၏ သင်၏ သစ္စာမရှိသော [The Kreutza Sonata by Leo Tolstoy]

၂၀၁၃ ခုနှစ်တွင် ထုတ်ဝေမည့် စာအုပ်များ

၃၈၃။ မောင်တင်ရွှေ၏ ချူအင်လိုင်း [Chou En-Lai : China's Grey Eminence by Kai-Yu Hsu]
၃၈၄။ စိန်စိန်၏ ခရီးဝက်ပါ
၃၈၅။ မောင်ပေါ်ထွန်း ၏ ကျွန်မ ချစ်တဲ့ ဆူကာနို [Sukarno : My Husband and My Lover by Madame Hartinti]
၃၈၆။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ နုတ်သျှင်နှောင်
၃၈၇။ ဒေါက်တာစုစုနွယ် ၏ မြန်မာစာပေ ဝေဖန်ရေး အနှစ် နှစ်ဆယ်ခရီး [၁၉၂၀–၁၉၄၀]

ရာပြည့်စာအုပ် ၃၈၂

# ဗဟုသုတ ဟင်းလေးအိုး

နှင့်

# ရေးတံဆိပ်တော်ရ ဆရာတော်များစာတမ်း

## မော်ဘီဆရာသိန်း

ရာပြည့်စာအုပ်တိုက်
အမှတ် ၄၅၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁–၃၇၅၉၁၂ (ဆိုင်)၊ ၀၁–၂၄၀ ၅၄၁ (နယ်/ဖြန့်ချိရေး)

ပုံနှိပ်ခြင်း
ဗဟုသုတဟင်းလေးအိုး
ပထမအကြိမ် – (၁၉၂၇) ပဲရေ့ကုမ္ပဏီ
ဒုတိယအကြိမ် – (၁၉၅၄) ရန်ကုန် မော်ပီဆရာသိန်းကြီး စာအုပ်တိုက်
တတိယအကြိမ် – (၁၉၆၇) အေးအေးစာပေတိုက်
ရှေးတံဆိပ်တော်ရ ဆရာတော်များစာတမ်း
ပထမအကြိမ် – (၂၀၀၉) သီတဂူ ဓမ္မစာစဉ်
နှစ်အုပ်တွဲ
ပထမအကြိမ် – (၂၀၁၃) ရာပြည့်စာအုပ်တိုက်
(နိုဝင်ဘာ ၂၀၁၃)
အုပ်ရေ [၅၀၀]

ထုတ်ဝေသူ
ဦးဉာဏ်အောင်၊ အလင်းသစ်စာပေ [၀၄၉၃၅]
၄၀၄၊ တိုက် ၆၊ ညောင်တန်းအိမ်ရာ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဒေါ်ကြည်ပြာသွယ်၊ ဝင်းတိုးအောင်အော့ဖ်ဆက် [၀၉၁၇၂]
၁၈၁၊ လမ်း ၅၀၊ ၁၀ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းဖလင်
အေဇက်

မျက်နှာဖုံး ဒီဇိုင်း
ကျော်မင်းမောင်

တန်ဖိုး
၂၅၀၀ ကျပ်

၉၁၀
သိန်း၊ ဆရာ၊ မော်ပီ
ဗဟုသုတ ဟင်းလေးအိုးနှင့် ရှေးတံဆိပ်တော်ရ ဆရာတော်များစာတမ်း / မော်ပီဆရာသိန်း
– ရန်ကုန်၊ ရာပြည့်စာပေ၊ (ပ) ကြိမ်၊ နိုဝင်ဘာ ၂၀၁၃။
၂၀၂ – စာ၊ ၁၃ × ၂၁ စင်တီ။
(၁) ဗဟုသုတ ဟင်းလေးအိုး
(၂) ရှေးတံဆိပ်တော်ရ ဆရာတော်များ စာတမ်း

Acc No.......

# မာတိကာ

## အပိုင်း (က)

## ဗဟုသုတ ဟင်းလေးအိုး

– နိဒါန်း ၁၁
– ဟံသာဝတီ ဦးဘရင်၏ အမှာ ၁၃
– ပဏာမ ၁၅
၁။ ညှော်သည် ရောက်ခြင်း (ညှော်သည် မောင်ထွန်းအောင်) ၁၇
၂။ မတ္တရာ ဆရာတော်ဘုရားအကြောင်း ၂၀
၃။ ရှေ့နေထူး ဦးထွန်းဦးအကြောင်း ၂၅
၄။ ရှေ့နေထူး ဦးပုတ်နီအကြောင်း ၂၈
၅။ အမိန့်တော်ရ ဦးကြင်ဥအကြောင်း ၄၀
၆။ စစ်ကဲတော်မင်း ဦးဝိုက်နှင့် ဦးကြင်ဥ ၄၂
၇။ ရှေ့နေထူး ဦးကွန်အကြောင်း ၄၅
၈။ ရှေ့နေထူး ဦးသာကြွယ်အကြောင်း ၄၇
၉။ ရှေ့နေထူး ဦးတူအကြောင်း ၅၃
၁၀။ ရှေ့နေထူး ဦးရေးအကြောင်း ၅၇

၁၁။ ဘုန်းကြီးကြွားနှင့် အဝါစကား ၆၄

၁၂။ ကြာလင်ပန်းကိုယ်တော်အကြောင်း ၆၇

၁၃။ သိုးကျွရွာ ဘုန်းကြီးထူးအကြောင်း ၆၉

၁၄။ စေးနဲသော ဘုန်းကြီးအကြောင်း ၇၃

၁၅။ ဦးခင်တို့၏ ထူးသောတူအကြောင်း ၇၆

၁၆။ ကြေးထမ်းကြီး ဦးထူးအကြောင်း ၇၉

၁၇။ ပဉ္စာစာရိဝတ္ထု နားထောင်ချင်သော ဗိုလ်တစ်ယောက်
အကြောင်း ၈၁

၁၈။ စည်းကမ်းရှိသော ပုဂ္ဂိုလ်များ ၉၁

(က) ဦးသာအောင်၏ စည်းကမ်း

(ခ) ဦးကြာညွန့်၏ စည်းကမ်း

(ဂ) ဦးစံလှ၏ စည်းကမ်း

(ဃ) ဦးသာဘော၏ စည်းကမ်း

(င) ဦးမိုး၏ စည်းကမ်း

၁၉။ ကြေးတိုင်ဝန်ထောက် ဦးငြိမ်းကြီးအကြောင်း ၉၄

၂၀။ သံပိဋ္ဌာ အင်္ဂရတ်ရှူးအကြောင်း ၉၇

၂၁။ လုပ်ရတ်ရှူးအကြောင်း ၉၉

– လူထူးများကို ဖွဲ့ လေးချိုး ၁၀၁

– မီးလောင်တိုက်သွင်းသည်ဆိုသော ကောလာဟလ ၁၀၅

– ရာဇဝတ်ပြစ်ဒဏ် ထိုက်သင့်သော အမှုငါးမျိုး ၁၀၇

– အရပ်ပြန်ရန် စီစဉ်ခန်း ၁၁၂

– ဆုပေး ၁၁၆

– ကျားကွင်းဂါထာ ၁၁၇

– ပုလဲမျိုး ရှစ်ပါး ၁၁၇

– ဖိုးသူတော်ဦးမင်း ဆို ဆုတ်ခေတ်သမယ
ဖြစ်ပျက်ပုံအဲ့ ၁၁၈


## အပိုင်း (ခ)
## ရှေးတံဆိပ်တော်ရ ဆရာတော်များစာတမ်း


– ပဏာမ ၁၁၉

– နိဒါန်း ၁၁၉

၁။ ၁၁၈၂ ခုနှစ် စာကြည့်ဆရာတော်များ
တံဆိပ်တော် ကပ်လှူသည့်အကြောင်း ၁၂၁

၂။ စာတည်း ဆရာတော်များ ၁၂၅

၃။ အဝေး မြို့ရွာရှိ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်
တံဆိပ်တော် ဆရာတော်များ စာရင်း ၁၂၉

၄။ ရွှေမြို့တော် အမရပူရမြို့၊ ဇေယျာပူရမြို့ရှိ
တံဆိပ်တော်ရ ဆရာတော်များ စာရင်း ၁၃၆

၅။ နောက်ထပ်လှူသော တံဆိပ်ရ ဆရာတော်များ စာရင်း ၁၃၉

၆။ ဒုတိယ ထပ်ဆင့်လှူသော စာရင်း ၁၄၄

၇။ တံဆိပ်ရ ဆရာတော်သည် အပြစ်အလျောက်
လူဝတ်လဲစေသည့် စာရင်း ၁၄၆

၈။ တံဆိပ်တော်ရ ဆရာတော်များ ပျံလွန်တော်မူသည့်
စာရင်း ၁၄၇

၉။ ရှင်မဟာသီလဝံသ၊ ရှင်ဥတ္တမကျော် အကြောင်း ၁၅၂

၁၀။ ရှင်မဟာရဋ္ဌသာရ အကြောင်း ၁၈၈

၁၁။ ရှင်အုန်းညို အကြောင်း ၁၉၅

၁၂။ ရှင်ခေမာ အကြောင်း ၁၉၆

၁၃။ တောင်တွင်းဆရာတော် ခင်ကြီးပျော် အကြောင်း ၁၉၇

၁၄။ ခင်ကြီးပြောင် အကြောင်း ၂၀၁

၁၅။ ရှင်အဂ္ဂသမာဓိ အကြောင်း ၂၀၃

၁၆။ မုံတောဆရာတော်ကြီး အကြောင်း ၂၀၆

– နိဂုံးသံပိုင်း

– ဆုတောင်းစာ

– သံပေါက်

## အပိုင်း (က)

# ဗဟုသုတ ဟင်းလေးအိုး

### နိဒါန်း

"ဟင်းလေးအိုး" ဆိုသည်မှာ ကျွန်ုပ် ငယ်ရွယ်စဉ်က ဘုန်းကြီးကျောင်း၌ နေစဉ်တွင် ကိုရင်ကြီး၊ ကျောင်းသားကြီးများသည် ဝါတွင်းသုံးလအတွင်း သီတင်းနေ့တို့တွင် ရပ်ရွာက ဥပုသ်စောင့် လာကြသောသူ အပေါင်းတို့ သီလခံယူပြီး လှူဒါန်းကြသော ဆွမ်းဘောဇဉ်၌ ဘုန်းကြီးများ ကပ်၍ ဘုဉ်းပေးပြီးသည့်နောက် ပိုလျှံသော ဘောဇဉ်တို့အနက် ချဉ်ဟင်း၊ ငါးဟင်း၊ အမဲ၊ ဝက်၊ ကြက်၊ ဘဲ၊ ငါးဆုပ်ဟင်း၊ ငါးကြော်၊ ပုစွန်ကြော်၊ ပဲသီး၊ ရုံးပတီသီး၊ ပြြုတ်၊ ကြက်သွန်၊ ချဉ်ပေါင်ကြီးရွက်သနပ်၊ ခရမ်းသီး သနပ်၊ ငါးပိဆီကြော်၊ ငါးပိရည်ချို၊ ငါးချဉ်၊ ပုစွန်ချဉ်၊ မှျစ်ကြော်၊ မှျစ် သနပ်၊ ရုံးပတီသီးသနပ်၊ သရက်သီးသနပ်၊ ပဲတီချဉ်သနပ်၊ ငါးခြောက် ဖုတ်များကို စုပေါင်းကာ မြေဖျဉ်းအိုးကြီးတွင် ရေသင့်လျော်အောင် ထည့် ပြီးလျှင် ကျိုချက်ရသည်။ ဟင်းရည်ကို မြည်း၍ကြည့်လျှင် အရသာပေါ်လာ သော် မီးကိုလျှော့၍ ဖိုခွင်ပေါ်တွင် အမြဲတည်ထားရသည်။

သီတင်းနေ့ မတိုင်မီအတွင်း ဘုန်းကြီးများကို ကပ်ပြီး ကိုရင်၊ ကျောင်းသားတို့ စားကြ၏။ နောက်သီတင်းအပတ် ရောက်လျှင် ထို နည်းအတူ ဟင်းများကို ကျိုချက်ရလေသည်။ သီတင်းအပတ်တိုင်း မိသည်။ ဥပုသ်သည်တို့လည်း တောင်း၍ စားကြလေသည်။ နောက်သီတင်း

၌ ဟင်းလေးကျိုရန် ဟင်းလျာများကို ပိုမိုချက်ပြုတ် ကြော်လှော်ကာ ယူလာပြီး လှူဒါန်းကြလေသည်။

ငှင်းဟင်းလေးဟင်း၌ ပဲကြီးကြော်၊ ပဲကြီးဟင်း မထည့်ရ။ ဘဲဥပြုတ်၊ ဘဲဥကြော် မထည့်ရချေ။

မိမိလည်း ကျောင်းသားကြီးဘဝက ကိုရင်ဖြစ်သောအခါ၊ ကျက်သရေတိုက် ဘဏ္ဍာစိုးဖြစ်၍ ဟင်းလေးကို ဝါတွင်း၌ ချက်ရပေ၏။ ဝါပ အခါမှာလည်း ဟင်းလေးဟင်းနှင့် တူအောင် ရှာဖွေစုပေါင်း ချက်၍ ဘုန်းကြီးကို ကပ်ရပေသည်။

ဤနည်းနှင်နှင် အချိုအချဉ် အစပ်အငန် အကြော်သနပ်တို့မှာ သင့်ကောင်းရာရာ စုပေါင်းချက်ရသော၊ အရသာကောင်းသော ဟင်းလေး အိုးနှင့်တူသော အရပ်ရပ် သုတ၊ ဒီဌ မှတ်သားရသော ပညာဗဟုသုတကို စုပေါင်း ရေးသားရခြင်းဖြစ်၍ သဏ္ဌာန်ဥပမာ တူသောကြောင့် ဟင်းလေး အိုး စာတမ်း ဟု အမည်ဘွဲ့ချီလျက် ထုတ်ဝေလိုက်ခြင်း ဖြစ်ပေ၏။

အချိုအဆိမ့် အရသာ မြက်မြက်ကို ထပ်ခါထပ်ခါ တင်းမတိမ် နိုင်ဘဲ စွဲမြဲဖတ်ရှု ပျော်ရွှင်ကြစေ ခလို...။

မော်ဘီ ဆရာသိန်းကြီး

## ဟံသာဝတီ ဦးဘရင်၏ အမှာ

ကျွန်တော်သည် မော်ဘီ ဆရာသိန်းကြီးနှင့် ရင်းနှီးချစ်ခင် အကျွမ်းဝင်သော မိတ်ရင်းဆွေရင်းတစ်ယောက် ဖြစ်ပါသည်။ ရှေးဟောင်း မြန်မာစာပေနှင့် နှောင်းဖြစ် မြန်မာစာပေတို့အပြင် ရာဇဝင်၊ ကဗျာလင်္ကာတို့ကိုလည်း ဆွေးနွေးခဲ့ဖူးသူ ဖြစ်ပါသည်။ ထို့ကြောင့် ဆရာကြီး၏ စိတ်နေ သဘောထားနှင့် ပညာအရည်အချင်းတို့ကို တော်တော်ပင် အတွင်းကျကျ သိခဲ့ရပါသည်။ ဆရာသိန်းကြီး ရေးသား မှတ်တမ်းတင်ခဲ့သမျှသော စာပေများအနက် ဤ "ဟင်းလေးအိုးစာတမ်း" သည် ဆရာကြီး၏ ကိုယ်တွေ့ကဲ့သို့ လက်လှမ်းမီရာ ရှေးရှေးသော ပညာရှိကြီးများနှင့် အဆင့်ဆင့် ဆွေးနွေးရာမှ ရရှိခဲ့သော ဗဟုသုတများ ဖြစ်ပါသည်။

စက်တင်ပုံနှိပ်ပြီးသော ရှေးဟောင်းစာပေများတွင် မပါဝင်သေး သော အချက်အလက် အကြောင်းအရာပေါင်း မြောက်မြားစွာကို ဤ "ဟင်းလေးအိုးစာတမ်း" တွင် တွေ့မြင်ဖတ်ရှုရပါလိမ့်မည်။ ထို့ကြောင့် ရှေးဟောင်းစာပေ လိုက်စားသူ သုတေသီများနှင့် ရာဇဝင် သုတေသီများ အတွက် တန်ဖိုးရှိလှသည့်ပြင် ဟာသရသ၊ အတ္ထာလင်္ကာရ ဂုဏ်မြောက် အောင် ရေးသားပြုစု ရှာဖွေ စုဆောင်းထားသဖြင့် စာဖတ်သူတို့၏ ဟဒယ နှလုံးသွေးကို အပြုံးဆေး ပက်ဖျန်းသော စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။

ရာပြည့်စာအုပ်တိုက်

စာပေကို အတော်အတန် ဝါသနာပါသူများ ပင်လျှင် ဤ "ဟင်းလေးအိုးစာတမ်း" ကို လက်မလွှတ်နိုင်ဘဲ ဆက်ကာဆက်ကာ သိချင်၊ ဖတ်ချင်၊ မှတ်ချင်ကြသည်။ ဤစာအုပ်သည် မြန်မာ့ယဉ်ကျေးမှုနှင့် အကျင့်စာရိတ္တကို တိုးတက်၍လာအောင် ဖန်တီးပေးနိုင်သော စာအုပ်ကောင်း တစ်အုပ်လည်း ဖြစ်ပေသည်။

စင်စစ်အားဖြင့် ဤ "ဟင်းလေးအိုးစာတမ်း" သည် ပုံနှိပ်ပြီးဖြစ်သော ရာဇဝင်၊ ရှေးဟောင်းစာပေတို့၌ ပါဝင်ခွင့် မရရှိသေးသော်လည်း တစ်ဦးနှင့်တစ်ဦး ရင်းနှီးခင်မင်၍ သူငယ်ချင်း ရောင်းရင်းတို့ ဖက်လဲတကင်း ပြောဆိုကြရာမှ ဖြစ်ပေါ်လာသော ရှေးဟောင်းရာဇဝင် အကြောင်းအရာများ ဖြစ်ပါသည်။ အဆိုပါ ရှေးဟောင်းစာပေ အကြောင်းအရာများကို နှိုက်နှိုက်ချွတ်ချွတ် ရှာရှာဖွေဖွေ စုပေါင်း ဖော်ပြထားသော စာအုပ်ကောင်း တစ်အုပ် ဖြစ်ကြောင်းကို ဆရာကြီးနှင့် ရင်းနှီးစွာ နီးနေ့ရရှိခဲ့သော အချက်တို့ဖြင့် လည်းကောင်း၊ ကိုယ်တိုင် ဖတ်ရှုပြီးသော အချက်တို့ဖြင့် လည်းကောင်း ရေးသားဖော်ပြလိုက်ရခြင်း ဖြစ်ပါသတည်း။

**ဟံသာဝတီ ဦးဘရင်**
၁၅-၈-၆၇

**ပဏာမ**

နမော ဗုဒ္ဓါယ သိဒ္ဓံ၊
ဧယျတု သဗ္ဗမင်္ဂလံ၊
ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊
ခိပ္ပမေဝ သမိဇ္ဈတု။

## သံဝေဂတေးထပ်

ငါ အိုပြီ သတိထားလို့၊ မမှားအောင် ကျင့်ရာ။
မိုက်စဉ်က စိတ်မပါအောင်၊ ကျင့်သိက္ခာ တင်ထား။
ရွယ်ရင့်လို့ စိတ်နုပါမူ၊ ရယ်စရာ ဖြစ်လိမ့်မမှား။
သေရမည် ထိုအခါကို၊ နီးပါပြီ တကား။
မေ့လျော့ကာ မနေအားပါဘု၊ ပွားနိုင်မှ ကုသိုလ်။
စိတ်ရင့်အောင် သံဝေပြုလို့၊ ဆုံးမကြ မိမိကိုယ်ကို။
လူ့ဘဝ တာတိုပြီ၊ ငယ်ကလို ပျော်ပိုက်လို့
ဖဲရိုက်နှင့် စစ်တုရင်ဟာ၊ လွှဲရှောင်ကြပါ။
ကုသိုလ်ကာမ-မပွားရှာမူ၊ လူဖြစ်တာ ရှုံးလိမ့်ကွဲ့လေး။ ။

**သံဝေဂလင်္ကာ**

နာလေ့လူမျိုး၊ တရားနှိုးပိမ့်၊ ကောင်းကျိုးမပေါ်၊
ဖျင်းသိမ်ချော်လျက်၊ သရော်သရမ်း၊ သမ္ဘပ္ပလာ၊ ရန့်ရင်းစွာသည်၊

သမ္မာမနော၊ စကားကောကို၊ ပြောဆိုသည်ထက်၊ နှုတ်မပြွက်ဘဲ၊ ငြိမ်သက်ဣန္ဒြေ၊ နေသည်သာလျှင်၊ မြတ်ရာသတတ်၊ မြဲစွာမှတ်လော့။ ရိုတ်ဖြတ်ချိုးပယ်၊ ကြိုးနှစ်သွယ်ကို၊ ပိုးနှယ်ထိုးကိုက်၊ မကောင်းကြိုက်သည်၊ လူမိုက်တို့နှင့်၊ နှိုင်းမချင့်ဘဲ၊ ကိုယ်သင့်စိတ်ပျော်၊ ပေါင်းဖော်သည်ထက်၊ မစက်တော်နည်း၊ တစ်ယောက်တည်းသာ၊ မြတ်ပါလေရှင့်။ အဓမ္မိယလဒ္ဓ၊ လာဘ်လာဘနှင့်၊ ယင်းခွဖောက်ပြား၊ မတရားသည်၊ အစားအစာ၊ မှီဝဲပါ၍၊ လူ့ရွာသက်ရှည်၊ တည်သည့်ထက်ကား၊ ဝေ်မွတ်ရှား၍၊ သေငြားသည်လျှင်၊ မြတ်ပုံထင်၏။ ဆင်ခြင်မရှိ၊ ရာဂငြိလျက်၊ မသိမှောက်မှား၊ သူ့မယားကို၊ ယှွင်းပါးမနော၊ ရာဂနှော၍၊ ရှုမောသည့်ထက်၊ နှစ်ဖက်စုံလုံး၊ မျက်စိရှုံးလျက်၊ ဆုံးကွယ်သည်သာ၊ မြတ်တို့ရာဟု၊ မြတ်စွာဘုရား၊ ဟောမြွက်ကြားသည်၊ တရားသာရ ပြည့်လျှမ်းတည်း။

စစ်ကိုင်းမြို့ ညောင်ပင်သာဆရာကြီး ဦးပုည ဆိုသော စာဖြစ်သည်။

### သံဝေဂသံပေါက်

၁။ ဘယ်နှစ် ဘယ်လ၊ ရောက်ခါမှ၊ ကာလ မရွေးပြီ။
၂။ ကြီးငယ်မဟူ၊ ကိုယ့်ရှယ်တူ၊ ခုမူ သေလှပြီ။
၃။ အမှန်သေရိုး၊ ထိုလူမျိုး၊ ကြောက်စိုးရွံ့သင့်ပြီ။
၄။ မသွင်းနှလုံး၊ အထင်ရှုံး၊ ပျက်ပြုန်းလှလေပြီ။
၅။ ခန္ဓာကြွေလျော်၊ ရှိပြန်သော်၊ ပူဇော်ကောင်းလှပြီ။
၆။ သွားကျိုးဆံဖြူ၊ ရှိပြန်မူ၊ ဘယ်သူ မကြောက်ပြီ။
၇။ ဤသည်မယား၊ ဤသည်သား၊ မီးပွား မှန်တော့သည်။
၈။ ခယဝယ၊ ဘိဇ္ဇန၊ ပျက်လှလေကုန်ပြီ။
၉။ ဒုက္ခထွေထွေ၊ တပေပေ၊ ခံနေရလေပြီ။
၁၀။ နိဗ္ဗာန်သာခေါင်၊ ဘေးမဲ့သောင်၊ ရောက်အောင် ပြုသင့်ပြီ။

ဘုရား... ဘုရား... ဘုရား... အိုရချည်သေး၊ နာရချည်သေး၊ သေရချည်သေး။

## ၁။ ညှော့သည် ရောက်ခြင်း
## (ညှော့သည် မောင်ထွန်းအောင်)

'ဘယ်ကပါလဲ'
'ကျွန်တော်က လယ်ကိုင်းမြို့ကပါ'
'ကျွန်တော်များက ပင်းတလဲမြို့ကပါ'
'ဟဲ့ ညှော့သည်ရောက်တယ်'
'ကိုင်း ... ထိုင်ကြပေရော့။ လက်ဖက်ရည်သောက်၊ ကွမ်းစား'
'လယ်ကိုင်းကဆိုတာ ဘယ်သူ့သားလဲကွဲ့'
'ဦးကိုကြီးသား ဖြစ်ပါကြောင်း'
'ဦးကိုကြီးဟာ ဘယ်သူ့သားတုံးကွဲ့'
'လယ်ကိုင်းခင်လေး သား ဖြစ်ပါကြောင်း။ အဖက အမိနဲ့ရှိသည်မှာ မှော်ဘီဆရာသိန်းကြီးဆိုတာ ငါတို့ အမိ၏မောင် အကြီးဖြစ်သည်။ အမိက စာရေးကြီးလို့ ခေါ်သည်။ တို့ ငယ်စဉ်က မန္တလေးမြို့ ဒေါင်းရိုးရပ်တွင် တိန်းညင်းစော်ဘွား အိမ်၌ အတူ နေထိုင်ခဲ့ဖူးကြသည်။ အခုကွဲနေကြတာ အနှစ်သုံးဆယ်ခန့် ရှိပြီ။ ဆွေမျိုးမှန်း သိရန် မင်း သွားရောက်ဖို့ ကောင်းသည် ပြောပါ၍ ကျွန်တော် အဘိုးထံ ရောက်ရပါသည်'
'အင်း .. မင်းနာမည် ဘယ့်နှယ်ခေါ်တုံး...'
'ထွန်းအောင်လို့ ခေါ်ပါတယ် ခင်ဗျား...'

'အင်း ... ချမ်းသာပါစေ၊ ချမ်းသာပါစေ။ သည့်ပြင် ဘာများ အကြောင်းထူး ပါသေးတုံးကွဲ့.'

'အကြောင်းထူးတာကတော့ ကျွန်တော်များက ကန်ဆွယ်ရွာမှာ နေ၍ လယ်ယာ လုပ်ကိုင်စားပါသည်။ သစ်တော်ဆိပ်ရွာကျောင်း ဘုန်းကြီးဦးဒီပကို ဆည်းကပ်ကိုးကွယ်ပါသည်။ ၄င်းကိုယ်တော်က မှော်ဘီဆရာသိန်းကြီး ရေးသားစီရင်သော "ပေါရာဏဒီပနီကျမ်း" သည် ပညာဗဟုသုတ လိုက်စားလိုသူတို့ ရတနာရွှေအိုးနှင့် တူ၏။ "ပါးစပ် ရာဇဝင်" မှာ ရာဇဝင် ကြည့်သောသူတို့ နိဒါန်း၌ ဖော်ပြထားသကဲ့သို့ များစွာ အကျိုးရှိသည်။ "အရှုံးလွယ်အိတ်စာတမ်း" နှစ်အုပ်သည် ရှေးက အသုံးအနှုန်းအတိုင်း ဖော်ပြထားသည် ဖြစ်၍ စာမဖတ်တတ်သူတို့ လိုက်နာရန် ဖော်ပြခြင်း ဖြစ်ပေသည်။ ရယ်စရာပင် ဖြစ်သော်လည်း စာအုပ်နှစ်တွဲ ဖြစ်အောင် စုဆောင်းနိုင် ပေသည်ကို အံ့သြစရာပင် ဖြစ်သည်။ စာဆို ဝါသနာပါသူတို့လည်း သတိပြုဖွယ် ကောင်း၏။ "နှောင်းဖြစ်စာတမ်း" မှာလည်း ထို့အတူ ဖြစ်ပေ၏။ "ရှေးဟောင်း ရှေးဖြစ်စာတမ်း" နှစ်အုပ်သည် ရှေးက ပုဂ္ဂိုလ်ကြီးတို့ မိန့်ဆိုချက်ကို ဖော်ပြထားသဖြင့် လိုက်နာစရာ၊ လိမ္မာစရာ ကောင်းလှ၏။

'၄င်းစာများကို မင်းတို့ အမျိုးအရိုးအလိုက် မတိမ်ကောကြရန်၊ ဝယ်ယူဖတ်ရှု မှတ်သားရန် ကောင်းကြောင်း အမိန့်ပေးသည့်အတိုင်း ကျွန်တော်များ ဝယ်ယူ စုဆောင်းမှတ်သားလျက် ရှိပါသည်။ ဘုန်းကြီးကလဲ မင်းတို့ ၄င်းဆရာကြီးထံသို့ ကိုယ်တိုင် သွားရောက်ပူဇော် မကန်တော့ ကြခြင်းသည် ဝတ္တရားပျက်၍ ညံ့ဖျင်းရာ ရောက်သည်။ သို့လို ဘုန်းကြီးနှင့် အဖ အမိန့်ပေးသည့်အတိုင်း အဘိုးထံသို့ ကျွန်တော်များ လာရောက်ရ ပါကြောင်း'

'အင်း ... ကောင်းပေ့၊ သာဓု ... သာဓု၊ ဒီက မောင်ရင်ကကောကွဲ့ ဘယ်အရပ်ကတုံး'

'ကျွန်တော်များ ပင်းတလဲမြို့ကပါ ခင်ဗျာ၊ အဖကတော့ အစီရင် ဦးပုပါတဲ့။ ကျွန်တော်များ အမည်ကတော့ ကျီးညိုပါတဲ့။ အဘိုးထံ ရောက်ရခြင်းမှာ ကျွန်တော်များ ဆည်းကပ်ရသော ပင်းတလဲမြို့ အရှေ့ ကျောင်း ဆရာတော် ဦးနာရဒက အမိန့်ရှိသည်မှာ အဘိုး စီရင်သော



၈၉၅.၈၈၀၃
ဘိနှ-
ဘီ-၁၁၈၄၆၀ ၁၁.၁၂.၁၃
၂၅၀၀/-



ဒီက ကိုထွန်းအောင် ပြောပြသော ကျမ်းနှင့် စာတမ်းများကို ဆရာတော် ဘုရား အလုံးစုံ ဖတ်ရှုရသောကြောင့် ပရိသတ်များဆောင်၍ စာတစ်အုပ်စီမှ ပါသော မှတ်ရန်မှတ်ကြောင်း ကောင်းသောအချက်များကို ဟောပြောပြသ ဆုံးမပါသည်။ ၄င်းပြင် ဦးစွာပေါ်သော "ဒွန်းစဏ္ဍားနှင့် မင်းသမီး ညားပုံ၊ ယျလေးလုံး ပုံပြင်စာတမ်း"၊ "ဇိုင်းနားမင်္ဂလာ စာတမ်း" တို့ကို အကုန်လုံး နှုတ်တက်ဆောင်၍ ဟောပြောနိုင်ပါကြောင်း။ ၄င်းပြင် ရယ်စရာ ဖက်၍ "တောသူ လင်ပျောက်ရှာပုံ" "တောသား မယားပျောက်ရှာပုံ" ကို ခေတ်နှင့်လျော်အောင် ရေးသားစီရင်နိုင်သည့်အတွက် ချီးမွမ်းဖွယ် ဖြစ်ပေသည်။ မင်းတို့လဲ ဗဟုသုတ လိုက်စားသူဖြစ်၍ ၄င်းစာအုပ်ကို ရင်ဝယ်ပိုက်ထားဖို့ ကောင်းသည်။ ထိုမှော်ဘီဆရာသိန်းကြီးထံ မင်းတို့ သွားရောက် ပူဇော်ကန်တော့ဖို့ ဝတ္တရား ရှိသည်။ ဤလို သွားရောက်ခြင်း သည် ဂါရဝေါစ နိဝါတောစ ဂုဏ်ကို ခံယူသည်နှင့် တူသည်။ သွားရောက် ခဲ့သော် နောက် မည်သည့်စာတမ်းများ ထုတ်ဦးမလဲလို့ မေးခဲ့ရမည်။ ဆရာတော်ဘုရား မိန့်ချက်အရ အဖကို ပြောရာ "အေး ... ကောင်းတယ်၊ ငါလဲ လွှတ်မည်လို့ ကြံဆဲဖြစ်သည်။ သူ့ထံ ရောက်ခဲ့သော် မလွန်မြို့သူကြီး ၏ မြေး ဖြစ်ကြောင်းကို ပြောပြလေ။ ဤအခါ တောင်တွင်းကြီးမြို့ အဆက်အနွယ် ဖြစ်ကြောင်းကို သူ သတိပြုမိလိမ့်မည်" ဟု မှာကြား အခွင့်ပေးသည်အတိုင်း ကျွန်တော်များ ရောက်လာရပါကြောင်း'

'ရောက်တာတော့ ဟုတ်ပါရဲ့၊ တစ်ယောက်က လယ်ကိုင်းမြို့၊ တစ်ယောက်က ပင်းတလဲမြို့၊ ဘယ်လိုများ ဖက်စပ်လာကြသလဲကွဲ့.'

'သဘောၤပေါ်မှာ ဆုံမိ၍ အကျိုးအကြောင်း မေးရာ ခရီးတူသော ကြောင့် ပြည်မှာဆင်းပြီး မီးရထားနှင့် အတူပဲ လိုက်လာကြပါသည်။ အဘိုး တွေ့ဖူးကြုံဖူးသော ဗဟုသုတ မိန့်ဆိုချက်များကိုလည်း မှတ်သား လိုပါသည် ခင်ဗျား'

'ကိုင်း ... ကောင်းပြီ၊ ထမင်းစားကြပေဦးတော့။ ထမင်းစားပြီးမှ ကြည်ညိုဖွယ်ကောင်းသော မတ္တရာဆရာတော် ဘုရား၏ သည်းခံနိုင်ပုံ အကြောင်းကို ပြောပြရမှာပ။

'ထမင်းစားပြီးကြပလားကွဲ့။ ကိုင်း ... နားထောင်ကြ၊ အဘိုး ပြောပြမယ်'

PUBLIC LIBRARY

## ၂။ မတ္တရာ ဆရာတော်ဘုရားအကြောင်း

၄င်းဆရာတော်သည် သည်းခံခြင်း၌ အံ့သြဖွယ်ဖြစ်ကြောင်း။ ပဋ္ဌမ သင်္ဂါယနာတင် မင်းတရားကြီး ကြားတော်မူ၍ အထောက်တော်များကို လွှတ်ပြီး စုံစမ်းစေရာ၊ ဆရာတော်ဘုရားသည် နေ့အခါ၌ ကျောင်းခါးပန်းကို ခေါင်းအုံး၍ ကျိန်းတော်မူရာ၊ ကျောင်းသားကလေးများသည် လိုက်တမ်း ပြေးတမ်း ကစားကြ၍ ကျောင်းခါးပန်းကို နင်းပြီး ခုန်ချသည်ကို ဦးပဉ္စင်းများ မြင်၍ ဟဲ့ ... နင်တို့ လာခဲ့ကြ၊ ဆရာတော် ကျိန်းနေတာကို မမြင်ဘူးလားဟဲ့– ရိုက်မည် ပြုရာတွင် ဆရာတော် ရုတ်ခြည်းသိ၍ ကျိန်းရာမှ ထတဲ့ကာ 'အောင်မယ် ကိုပဉ္စင်းတို့၊ မရိုက်ကြပါနဲ့။ ကလေးတွေ ဘာသိမလဲ။ တို့ငယ်ငယ် ကျောင်းသားတုန်းကလဲ သူတို့ထက်ပဲ ဆော့ သေးတယ်၊ မရိုက်ကြပါနဲ့၊ သည်းခံပါ။ ငါလဲ အကျိန်းမပျက်ပါဘူး' လို့ တောင်းပန်သည်။

နောက် အထောက်တော်တို့က ကပ္ပိယပြုလုပ် ဆွမ်းချက်ကပ်ရာ ဆွမ်းကို ပျော့ပျော့ကြီး ပြုလုပ်ကပ်သောအခါ ဆရာတော်က ဆွမ်းကို ဘုဉ်းပေးပြီးလျှင် 'အင်း .. အဝါးရ သက်သာသည်။ အစာကြေ လွယ် သည်' ဟု မိန့်တော်မူ၏။ နောက် ဆွမ်းကို မာမာချက်၍ ကပ်ပြန်ရာ 'ဒီလို ဝါးပြီး ဘုဉ်းပေးရတာ အရသာ ပေါ်ပေသည်' ဟု မိန့်လေ၏။ နောက် ဟင်းကို ဆားမခတ်ဘဲ ချက်၍ကပ်ရာ 'အင်း ... ရေငတ်ပြေတယ်' လို့ မိန့်တော်မူလေ၏။ နောက် ဆားများများ ထည့်၍ ကပ်ပြန်ရာ ဆရာတော်က 'အင်း .. သွေးကြေတယ်' လို့ မိန့်လေ၏။

ဤကဲ့သို့ အမျိုးမျိုးအဖုံဖုံ စုံစမ်းရာ မခံနိုင်ဖွယ် ဖြစ်သော်လည်း မကောင်းဘူး၊ နေရာမကျဘူး လို့ မြည်တွန်တောက်တီးခြင်း မပြုဘဲ သည်းခံတော်မူသည်ကို အထောက်တော်တို့က မင်းတရားကြီးအား သံတော်ဦးတင်ရာ၊ ဝမ်းမြောက်ကြည်ညိုတော်မူလျက် ဆရာတော်ကို နန်းတော်သို့ ပင့်ယူရန် အခွင့် ရ မရကို သိလိုသောကြောင့် ညီတော် အိမ်ရှေ့မင်း မင်းတပ်မြို့စားကို စေလွှတ်တော်မူသည်။

အိမ်ရှေ့မင်းလဲ နောင်တော် အမိန့်အရ မတ္တရာဆရာတော်ထံ သွား၍လျှောက်ထားရာ ဆရာတော်က 'သာသနာ့ဒါယကာ ပင့်သည်ကို





ငြင်းဖွယ် မရှိ' ဟု မိန့်တော်မူလိုက်သည်အတိုင်း အိမ်ရှေ့မင်းသည် မင်းတရားကြီးသို့ အခွင့်ရကြောင်း သံတော်ဦး တင်တော်မူ၏။ မင်းတရား ကြီးလည်း မဟာဒါန်ဝန်ကို ခေါ်၍ လှေတော်နှင့် သွားရောက်ပင့်ယူရန် အမိန့်ပေးသည်အတိုင်း သွားရောက်၍ မတ္တရာဆရာတော်ကို ပင့်ဆောင်ခဲ့ရာ၊ မင်းတရားကြီးက သူလျှိုပြုလုပ်၍ ဝါးရင်းတုတ်ရွာ၌ အစောင့်ထားသော သူတို့က ဆရာတော်ဘုရား စီးလာတော်မူသော လှေတော်ကို ကပ်စေ၍ မဟာဒါန်ဝန်သို့ အမိန့်တော်ကို ပြသည်။ အမိန့်စာမှာ ဆရာတော်ဘုရား သည် သက်ရှယ် ကြီးရင့်ပြီ။ မတ္တရာမြို့ သီတင်းသုံးသော ကျောင်းတိုက် မှာပင် ပြန်၍ သီတင်းသုံးရန် လျှောက်ထားလိုက်သည်။ ၄င်း လျှောက်ထား ချက်အရ ဆရာတော်က 'အင်း ... အင်း၊ ဟုတ်ပေတယ် ... ဟုတ်ပေ တယ်၊ ငါ့မလဲ ခွေးနို့စို့သလို ပညာသင်ကြသော တပည့်များတို့သည် ပညာ တည်းဟူသော နို့ရည်တော်နေကြရင် သူတို့ ဝမ်းနည်းကြပေမယ်။ ပြန်၍ နေရလျှင် ၄င်းတို့ ဝမ်းမြောက်ကြပေလိမ့်မယ်' မိန့်တော်မူ၍ ကျောင်းသို့ မဟာဒါန်ဝန်က ပြန်ပို့လေသည်။

နောက်တစ်လခန့် ရှိသောအခါ အုတ်ဝန်ကိုခေါ်၍ နန်းဦး ကျောင်းဆောင် လုပ်စေသည်။ ပြီးပြေသောအခါ မတ္တရာဆရာတော်ကို သံတော်ဆင့်ကြီးများကို လွှတ်၍ ပင့်စေပြန်သည်။ ဤအခါ ဆရာတော်က 'အင်း ... မဟာမုနိ ဘုရားကြီးကို မဖူးမြော်ရတာ အတော်ကြာပေပြီ၊ သည်တစ်ခါဖြင့် ဆိုက်ဆိုက်မြိုက်မြိုက် ဖူးရပေတော့မည်' လို့ လိုက်ပါလာ လေသည်။ မြို့တော်သို့ ရောက်သောအခါ မင်းတရားကြီးက ကြိုဆို ပင့်ဆောင်၍ နန်းဦး ကျောင်းပေါ်သို့ တင်ပြီးလျှင် မိဖုရား၊ မောင်းမ မိဿံတော်၊ သမီးတော်၊ ဆွေတော်မျိုးတော်အစုံ မှူးမတ်တော်တို့နှင့် တကွ ရေစက်သွန်းချ ကျောင်းလွှတ် လှူဒါန်းတော်မူသည်။ ဆရာတော် ဘုရားလည်း တရားဒေသနာများကို ဟောပြောတော်မူလျက် ညနေ လေးချက်တီး အချိန်မှစ၍ ဟောရာ ည တစ်ချက်တီးကျမှ တရား ဆုံးခန်းသတ်လေသည်။

ဤသို့ ညစဉ် မင်းတရားကြီးကိုယ်တိုင်သည် လည်းကောင်း၊ မိဖုရား မောင်းမမိဿံသည် လည်းကောင်း၊ သားတော် သမီးတော်များ သည် လည်းကောင်း၊ နန်းတွင်းနန်းပြင် အရာထမ်း၊ အမှုထမ်းတို့သည် လည်းကောင်း ပူဇော်ကန်တော့ရန်များနှင့် တရားနာရန် မပြတ် လာကြ၏။

နောက် မင်းတရားကြီးက မဟာဒါန်ဝန်ကို ခေါ်၍ နန်းဦးကျောင်းတိုက်အတွင်း သင့်သောနေရာ၌ ထန်းရွက်မိုးကာသော ယာယီကျောင်းငယ်တစ်ခု ဆောက်စေသည်။ ပြီးသော် မင်းတရားကြီးက ဆရာတော်ဘုရားသည် ကျောင်းကြီးပေါ်၌ သီတင်းသုံးရတာ တက်ရ ဆင်းရ ပင်ပန်းလှသည်။ အောက်၌ ဆောက်ထားသော ထန်းရွက်ကျောင်းငယ်သို့ ဆင်း၍ သီတင်းသုံးတော်မူရန် လျှောက်ထားရာ ဆရာတော်က 'အင်း .. ဟုတ်ပေတယ်၊ တက်ရ ဆင်းရ ဆိုတာ လူအိုဖြစ်တော့ သတိထားရတယ်။ တရားနာလာသူများလည်း တက်ရ ဆင်းရတာ ဝန်လေးပေမည်။ အောက်မြေပြင်မှာပဲ သင့်လျော်ပေမည်' မိန့်တော်မူ၍ ဆင်းပြီး သီတင်းသုံးတော်မူသည်။

၎င်း ထန်းရွက်တဲကျောင်း၌ သီတင်းသုံးပြီးလျှင် ညစဉ် လာရောက်တရားနာကြသည်များကို မပြတ် ဟောကြားတော်မူသည်။ တစ်လခန့် ရှိသောအခါ မင်းတရားကြီးက 'ဆရာတော်ဘုရား၊ ဤကျောင်းကလေး၌ သီတင်းသုံး၍ သင့်မည် မထင်ပါ။ ကျောင်းကြီးပေါ်တက်၍ သီတင်းသုံးမှ တော်မည် ထင်ပါကြောင်း' လျှောက်ရာ၊ ဆရာတော်ဘုရားက 'ကျောင်းကြီးပေါ်မှာတော့ လေလုံ မိုးလုံ ကောင်းပေတာပ၊ သည် ထန်းရွက်ကျောင်းမှာတော့ လေလုံ မိုးလုံ မဟုတ်ပေ။ တရားနာလာသော ပရိသတ်များလည်း မြေပြင်မှာ တရားနာကြရသောကြောင့် အအေးမိ၍ ဥတုပျက်မည်ကို စိုးရိမ်ရသည်' မိန့်တော်မူပြီးလျှင် ကျောင်းကြီးပေါ်သို့ ကြွလေ၏။

ဤအခါ ဆရာတော်ဘုရားသည် သိက္ခာတော် ၄၅ ဝါ ရှိကြောင်း။ တစ်နှစ်ကျော်ခန့်အခါ ည၌ အချိန်အတိုင်း ဝတ်ဖြည့်ကြရာ ဆရာတော်ဘုရား၏ ညာဘက် ခြေသလုံးကြွက်သားကို နှိပ်မိသည့်အခါ ဆရာတော်ဘုရားသည် ခြေ ဆတ်ခနဲ ဆတ်ခနဲ လှုပ်လေ၏။ ဦးပဉ္ဇင်းတို့က ဆရာတော်ဘုရားသည် ခါတိုင်းလိုမဟုတ်၊ ခြေသလုံးထိလျှင် လှုပ်တယ်၊ ဘာဖြစ်ပါလိမ့်မလဲလို့ သင်းပိုင်ကို လှန်ကြည့်ရာ လောက်တွေ အများ အိမ်ဖွဲ့ထိုးဖောက် စားသောက်နေသော လက်သီးဆုပ်ခန့်ရှိတဲ့ အနာကြီး ထွက်ပေါ်နေသည်ကို မြင်လျှင် ၎င်းအနာကို ရှင်းလင်း သုတ်သင်ရန် လျှောက်ထားရာ ဆရာတော်က 'အောင်မယ်– မောင်ပဉ္ဇင်းတို့၊ သူတို့ အိုးအိမ်နှင့်တကွ အဆောက်အဦကြီး တည်၍ နေကြသည်ကို





မဖျက်ဆီးကြပါနှင့်၊ ပျက်စီးသွားလျှင် ၎င်းတို့ ဒုက္ခကြီးစွာ ဖြစ်ပါလိမ့်မယ်၊ သည်းခံကြပါ' တောင်းပန်လေ၏။

နောက် တစ်လခန့် ရှိသောအခါ ဆရာတော်သည် ထ၍ မသွားနိုင်ဘဲ၊ အိပ်ရာ၌ပင် လဲလျောင်းနေလေ၏။ အနာသည် အားကြီးသဖြင့် လောက်ကိုက်စားရာ ဒူးရိုးပေါ်လျက် ဒူးခေါင်းအထက် ပေါင်ဖျားအထိ အနာကြီးကျယ်လာသောအခါ နန်းတော်သို့ စာသွင်းရာ မင်းတရားကြီးနှင့် မဟာဒါန်ဝန်တို့ လာရောက်ကြည့်ရှုကြလေ၏။ ဤမျှလောက် အနာကြီး ပေါက်လျက် လောက်ကိုက်၊ လောက်ထိုး ခံနိုင်သည်ကို အံ့သြဖွယ်ရာကောင်းသော သည်းခံခြင်း ဖြစ်ပေသည်လို့ အလွန် ကြည်ညိုကြလေ၏။

မင်းတရားကြီးက 'ထိုအနာသည် အရိုးပေါ်နေသဖြင့် ကုသရန် ခဲယဉ်းပေလိမ့်မည်။ အရှင်ဘုရားတို့သာ စောင့်ရှောက်တော်မူကြပါ' ဟု ဦးပဉ္ဇင်းများကို လျှောက်ထား၍ နန်းတော်သို့ ပြန်လေ၏။ နန်းတော် ရောက်သောအခါ နန်းတော်သားတို့ကို မဟာဒါန်ဝန်က ပြောပြသည့်အတိုင်း သွားရောက်ကြည့်ရှုလေသည်။ နောက် ဆယ်ရက်ခန့် ရှိသောအခါ ည တစ်ချက်တီးအချိန်၌ အထက်ကောင်းကင်က တူရိယာ အသံများကို နန်းတွင်းနန်းပြင် အရာထမ်း အမှုထမ်းတို့ ကြားကြကုန်သည်။ အလွန်တရာ နိမိတ်ထူးပေသည်ဟု ပြောကြလေသည်။ မင်းတရားကြီးလည်း အကြောင်းကို မေးတော်မူရာ သံတော်ဆင့်ကြီးက မတ္တရာဆရာတော် ပျံတော်မူသည်ဟု သွင်းစာရောက်ကြောင်း သံတော်ဦးတင်ရာ၊ မင်းတရားကြီးနှင့်တကွ မိဖုရားများပါ ကျောင်းသို့ သွား၍ အလောင်းတော်ကို ကြည့်ရှုပူဇော်ကာ ဆရာတော်၌ စွဲကပ်သောအနာကို သုတ်သင်ပြီးလျှင် နံ့သာရည်များနှင့် ပက်ဖျန်းသုတ်လိမ်းရမည်။ အလောင်းတော်ကို ရွှေတုံး ဖြစ်စေရမည်။ ထိုရွှေတုံး အလောင်းတော်ကို ရွှေစကျင် တံတင်း၌ထည့်၍၊ ၎င်း တံတင်းတော်ကို ရွှေဖတိုင်ပေါ်၌ တင်ထားပြီးလျှင် ၇ ရက် ပူဇော်ကြရမည်။ ၇ ရက် မြောက်ပြီးသော် ၄ ပြင် ၄ ရပ် တံဆိပ် ရ မရ ဆရာတော်များကို ပင့်၍ ဆွမ်းကျွေးလှူဒါန်း သရဏဂုံတင်ပြီးလျှင် အလောင်းတော် တံတင်းစကျင်ကို ရွှေဖတိုင်နှင့်တကွပင့်ယူ၍ ရွှေဂူပြာသာဒ်ထဲသို့ သွင်းနှံ့ပူဇော်မည်ဟု စီမံလုပ်ကိုင်ဆောင်ရွက်ကြရန် မဟာဒါန်ဝန်၊ အတ်ဝန်၊ ရွှေတိုက်ဝန်၊

သံတော်ဆင့်ကြီးများကို အမိန့်ပေးပြီးလျှင် နန်းတော်သို့ ကြွတော်မူလေ၏။

'အဲ ... သည်းခံခြင်း၌ အလွန်တရာ အံ့သြကြည်ညိုဖွယ် ကောင်းသော ဆရာတော်ကွဲ့။ ပျံလွန်တော်မူသည့် ည၌ အထက် ကောင်းကင်က နတ်စောင်း၊ နတ်ငြင်း၊ နတ်တူရိယာများ တီးမှုတ်ပူဇော် ကြသတဲ့ကွဲ့။ မင်းတရားကြီးက မတ္တရာ ဆရာတော်ဘုရားသည် ကြာမျိုး ငါးပါးနှင့် ပြည့်စုံသည်ဟု ယောအတွင်းဝန်မင်း ရွှေပြည်ဝန်ကြီး ဦးဖိုးလှိုင်ကို မိန့်တော်မူသည်မှာ–

၁။ ဆွမ်းဘုဉ်းပေးသောအခါ ကြာခြင်း။

၂။ မျက်နှာသစ်သောအခါ ကြာခြင်း။

၃။ ရေချိုးသောအခါ ကြာခြင်း။

၄။ ကုဋီတက်သောအခါ ကြာခြင်း။

၅။ တရားဟောတော်မူသောအခါ ကြာခြင်း။

အဲ... အဲသည် ကြာမျိုးငါးပါး ရသည်လို့ ငါ့မြေးများ မှတ်ကြပေရော့'

'အရိုးပေါ်အောင် အနာကြီးဖြစ်ပြီး လောက်ထိုး လောက်ကိုက် ခံနေနိုင်တာ အင်မတန် အံ့သြစရာကောင်းတယ် အဘိုးရယ်။ ကျွန်တော်များ ဖြင့် ကြက်သီးလည်း ထရဲ့၊ ကြည်လည်း ကြည်ညိုရရဲ့ ဖြစ်ပါတယ် အဘိုးရယ်'

'အေး... မင်းတို့ လူငယ်များ မှတ်သားရအောင်လို့ အဘိုး ပြောပြရခြင်းမှာ မန္တလေးမြို့ တိုက်တော်၌ သီတင်းသုံးတော်မူသော ကျောက်ပန်းတောင်း ဆရာတော်ဘုရား၊ ရန်ကုန်မြို့ ဗဟန်းတိုက်၌ သီတင်း သုံးတော်မူသော သံယုတ်ဆရာတော်ဘုရား၊ ထိုဆရာတော် နှစ်ပါးတို့၏ မိန့်ကြားချက်အရ အဘိုး မှတ်သားရသည်အတိုင်း ငါ့မြေးများကို ပြောပြခြင်း ဖြစ်တယ်။

'နားထောင်ဦး၊ အဘိုး ပြောပြဦးမယ်။ ရှေ့နေထူးများ အကြောင်း ကွဲ့။ အမိန့်တော်ရ ဦးထွန်းဦးနှင့် ဦးပုတ်နီ ဆိုတာ အဘိုး ဆရာ ပဲ ကွဲ့.'

## ၃။ ရှေ့နေ ဦးထွန်းဦးအကြောင်း

တြိဝဂ်ကျွန်း ဟူ၍ လည်းကောင်း၊ တြိရင်ဂ်ကျွန်း ဟူ၍ လည်းကောင်း၊ သီဟဒီပကျွန်း ဟူ၍ လည်းကောင်း ခေါ်ဝေါ်ရေးသားကြသော ကျွန်း၌ သန်လျင်မြို့ သမုတ်၍ မြို့အုပ်ရုံးစိုက်သော သန်လျင်မြို့တွင် အမည် ကျော်စောခြင်း၊ သန်လျင်မြို့ ရုံးသည် ကျောက်တန်းသို့ ရွှေ့ပြောင်း ရုံးစိုက်ပြန်ရာ ကျောက်တန်းမြို့၌ အမည်ကျော်စောခြင်း ရှိပေသော အမိန့်တော်ရ "ဦးထွန်းဦး" သည် ဇာတိမှာ ရန်ကုန်ချက်မြှုပ် ဆိုသည်။ အဖမှာ ရန်ကုန်မြို့ ခုံမင်းကြီး ဆိုသည်။

အမိန့်တော်ရ ဦးထွန်းဦးသည် ဟင်္သာတမြို့ အရေးပိုင်ရုံး၌ ရှေ့ဖတ်စာရေးကြီး ဖြစ်ဖူးကြောင်း ပြောပြ၍ မှတ်မိသည်။ ၎င်း အမိန့်တော်ရ မင်း၏ စရိုက်မှာ ပျော်ပျော်နေတတ်သည်။ ကြည်ရွှင်သောမျက်နှာ ထားလေ့ ရှိသည်။ ပျို့ရတု ပိုဒ်စုံကို လည်းကောင်း၊ မြန်မာဓမ္မသတ်၊ ရာဇသတ် စသော လင်္ကာများကို လည်းကောင်း စားမြုံ့ပြန်သောအားဖြင့် အမြဲ ရွတ်လေ့ရှိသည်။ ဂုဏ်တော် ၉ ပါးကို အမြဲရွတ်၍ ပုတီးစိပ်လေ့ရှိသည်။ ရယ်မောစရာ ပြောလေ့ရှိသည်။ ဒေါသပါဝင်သော စကားကို မည်သည့် အခါမှ ပြောဆိုမြည်တွန်သံ မကြားရဖူးပေ။

ဝိနိစ္ဆယပကာသနီ ဓမ္မသတ်လင်္ကာ တစ်စောင်လုံး ရသည်။ အဒ္ဓသံခိပ် ဓမ္မသတ်လင်္ကာ၊ အဒ္ဓရာသိ ဓမ္မသတ်လင်္ကာ၊ မနုကျယ်ဓမ္မသတ်၊ မနုဝဏ္ဏနာ ဓမ္မသတ်၊ ရွှေမျဉ်းဓမ္မသတ်၊ ကိုင်းစားဓမ္မသတ် စသော ဖြတ်ထုံး ဖြတ်ပုံများကို ဆိုင်ရာ ရွတ်ဆိုပြောပြသည်ကို ကြားနာရသဖြင့် အရအမိ များကြောင်း သိရပေသည်။

၎င်းပြင် ကိုးခန်းပျို့ စောင်လုံးရသည်။ သံဝရပျို့ စောင်လုံးရသည်။ ဘူရိဒတ်လင်္ကာကြီး၊ ဇာတ်ပေါင်းပျို့၊ ပါရမီခန်းပျို့၊ ဆုတောင်းခန်းပျို့များကို ဆိုင်ရာ ဆိုင်ရာ ရွတ်ပြ၍ နာရသည်။ လောကဝိဒူ မော်ကွန်း၊ ဗာဝရီ မော်ကွန်း၊ သာမုဒ္ဒိကမော်ကွန်းများကို ဆိုင်ရာ ဆိုင်ရာ ရွတ်ဆိုပြ၍ နာရသဖြင့် အရအမိ များကြောင်း သိရပေသည်။ ပလိပ်စား ချေင်းကိုလည်း စောင်လုံး ရသည်ကို သိရပေသည်။ ပျို့ဆို၊ ရတုဆို၊ မော်ကွန်းဆို၊ ချေင်းဆိုများကို ကျကျနန ဆိုပြတတ်ကြောင်းကို ရှင်လူ၊ ပညာရှိတို့

ကောင်းချီးပေးခြင်းကို ခံရသော ပုဂ္ဂိုလ်ဖြစ်သည်။ ယင်းသည့် ပျို့၊ လင်္ကာ၊ မော်ကွန်း၊ ရေချင်း၊ ရတုဆိုများကို တပည့်အဖြစ်နှင့် တစ်နှစ်တိုင်တိုင် ခံယူရာ ကျနစွာ သင်ကြားပေးသည့်အတွက် ဖတ်တတ်၊ ရွတ်တတ်ခြင်း အမွေကို ရရှိထားကြရပေသည်။

လောကုတ္တရာ ကျမ်းဂန်မှတစ်ပါး လောကီကြောင်း ပျော်ဖွယ်ရာ အမှတ်အသား အလွန် ပေါများပါပေသည်။ သတိပဋ္ဌာန် စောင်လုံးရ၍ ညတိုင်း ရွတ်ဆိုသည်ကို နာရပေသည်။ ထိုအမိန့်တော်ရမင်းသည် တရားရုံးတော်များ၌ ရှုံးသည်ဖြစ်စေ၊ နိုင်သည်ဖြစ်စေ အမှုလဲလျှောက်သောအခါ တရားသူကြီး၏ စိတ်ကို ရွှင်ပျ ကြည်လင်လာအောင် ရယ်စရာ ဆိုင်သည်များကို ထည့်စွက်၍ ပြောဆိုတတ်ပေသည်။ အမှုလဲလျှောက်သည်မှာ အသံထားပုံ ဆိုပုံတို့မှာ ပြတ်သားစွာ မမြန်လွန်း မနှေးလွန်း အစီအစဉ်နှင့် လျှောက်လဲပုံကို နာယူရသူတို့ မပျင်းမရိနိုင်အောင် မှတ်သား နားထောင်လို့ ကောင်းလှပေသည်။

မိမိထံသို့ ပညာရင်နို့ သောက်စို့ရန် လာရောက် ဆည်းကပ်ကြသော တပည့်များကို စိတ်ချမ်းသာ ပျော်ရွှင်ကြအောင် ထိန်းသိမ်းနိုင်သော ဂုဏ် ရှိပေသည်။

တတိယအရေးတော် ဖြစ်ပြီးနောက် ၁၂၄၈ ခုနှစ် မန္တလေးမြို့၌ နေထိုင်၍သော် လည်းကောင်း၊ စစ်ကိုင်းမြို့သို့ ရွှေ့ပြောင်း နေထိုင်၍သော် လည်းကောင်း တရားရုံးတော်များတွင် အမှုလိုက် ဆောင်ရွက်ရာ၊ ရာဇဝတ် ပြစ်မှုကြီးများကို ကျူးလွန်သူတို့အား ကြိုးပေးဒဏ်ပြစ်မှ လွတ်ကင်းရန် အယူခံရုံးတော်၌ လျှောက်လဲတောင်းပန် ပေးရခြင်းအတွက် သေဘေးမှ ကင်းလွတ်ကြသဖြင့်၊ အသက်ကို ကယ်ဆယ်ရသော လူပေါင်း ၅၀ ရှိသဖြင့် ထို ကုသိုလ်အရာ၌ အကျိုးများလှပေသည်။ အမှုသာ ယူပေတော့ဟု ၁၂၅၀ ပြည့်နှစ်က စစ်ကိုင်းမြို့ အမိန့်တော်ရ ဆရာ့ထံ ရောက်၍ ပြောပြသည့်အတိုင်း ဝမ်းမြောက်စွာ သာဓုခေါ်ရပေသည်။

ဤ ဖော်ပြသော ဂုဏ်ထူးကြောင့် အထက်မြန်မာပြည်လုံး အရပ်ရပ် စီရင်စု ရုံးများ၌ အမှုသည်တို့အတွက် သွားရောက် အမှုလိုက်ရပေသည်။

၁၂၆၂ ခုနှစ်တွင် တစ်ဖန် စစ်ကိုင်းမြို့ ဆရာအမိန့်တော်ရထံ





သွားရောက်နေပြန်ရာ အမှုလိုက်ရသော မြို့နယ်များသို့ အတူလိုက်ပါရသည်။ သုံးလတိုင်တိုင် ဆရာနှင့် အတူနေရသဖြင့် ဗဟုသုတတိုးပွားခြင်း၊ မြန်မာမင်းဧကရာဇ် လက်ထက်တော်က အမှုတော်ထမ်းရွက်ခဲ့သော မှူးဟောင်း မတ်ဟောင်း၊ စာရေးတော်ကြီး၊ သံတော်ဆင့်၊ နားခံတော်၊ အမှာတော်ရေးမင်း၊ အဝေးရောက်မင်း၊ ဝန်စာရေး စသည်များကို သိကျွမ်းရသဖြင့်လည်း အလွန် ကျေးဇူးများပါပေ၏။

တစ်ရံသော် ဆရာတပည့် နှစ်ယောက်ထဲ အကျိုးအကြောင်း ပြောနေရာမှ ကျွန်ုပ်က 'ဆရာ့မှာ သား ယောကျ်ားများ ရှိကြပါသည်။ တစ်ယောက်မှ အဖ၏ခြေရာကို နင်းမည့်သူ မရှိ၊ အဖပစ္စည်းကို ဖြုန်းတီး၍ မတော်မလျော်တာတွေ လိုက်စားပြီး အဖ၏ဂုဏ်ကို ဖျက်နေကြသည်ကို ရှက်ဖွယ်ရာ ကောင်းသည်'ဟု ပြောပြရာ၊ ဆရာက 'မောင်ဘိုးသိန်း၊ မင်းပြောတာ မှန်သည်။ သတ္တဝါဆိုတာ ပါရမီနှင့် လူဖြစ်ကြသည်။ ဘဝက ပါလာသော ကံပါရမီကို ပြုပြင်လို့ ရခဲသည်'ဟု ဟတ္ထိပါလပျို့ကို ရွတ်ဆိုပြလေသည်။ 'ယခု ပစ္စက္ခ၌ သူခိုး၊ ဓားပြနှင့် ပေါင်းသူသည် သူခိုး၊ ဓားပြ၏ ဗဟုသုတကို ရသည်။ အရက်သမား၊ ဘိန်းစားတို့နှင့် ပေါင်းသူသည် အရက်သမား၊ ဘိန်းစားတို့၏ ဗဟုသုတကို ရသည်။ ကစားသမားတို့နှင့် ပေါင်းသူသည် လိမ်ခြင်း၊ ကောက်ခြင်း၊ မတရားပြုခြင်း စသော ကစားသမားတို့၏ ဗဟုသုတကို ရသည်။ သို့လို အမူအကျင့် မကောင်းသော ဗဟုသုတ အမျိုးမျိုးကို ရသော် မကောင်းမှန်း သိလျှင် ဘေးကိုကြောက်၍ သူတို့ ရှောင်ကြဉ်ကြလိမ့်မယ်။ သိသင့် သိထိုက်သော အချိန်ရောက်လို့မှ သူတို့ မဆင်ခြင်လျှင် သူတို့ကံနှင့် သူတို့ပေါ့ကွယ်။ ဆရာ ဘယ်လိုမှ ကယ်နိုင်မည် မဟုတ်ဘူး၊ သိရဲ့လား။ အဲဒါ မင်း ကြပ်ကြပ် စဉ်းစားလေ။

'ငှင်းပြင် ဆရာ အပျော်အပါးလိုက်၍ မယားငယ်များ ယူသည်မှာ ကာမဂုဏ်လိုက်စား အားကြီးသည်ဟု မင်း မထင်နှင့်။ ဆရာ၏ စရိုက် ဝါသနာ ပါလာရင်းအတိုင်း ဖြစ်၍ လိုက်စားသည်။ လိုက်စားသော်လည်း ဆရာ အန္တရာယ်ကင်းအောင် လိုက်စားသည်။ အမှုကိစ္စဖြင့် မယားရှိသော မြို့ကိုရောက်လျှင် အနေအထိုင် အစားအသောက်အတွက် စိတ်ဆင်းရဲခြင်း အဖြစ်သို့ မရောက်ပေ။ ချမ်းသာစွာ နေထိုင်စားသောက်ရသောကြောင့် ဆရာ မယားငယ်ထားခြင်း ဖြစ်သည်။

'မယားငယ် မရှိသောမြို့ကို အမှုလိုက်သွားရသော် ခရီးသွားလိုက်ပါရသော ခါးပိုက်ဆောင် မယားငယ်ကို ခေါ်သွားရတာ မင်းအသိသားပဲ။ သူ ပါတဲ့အတွက် အစားအသောက် အနေအထိုင် ဘယ်လောက် ချမ်းသာသလဲကွဲ့။ ဘယ်နေရာမှ မပူရပေဘူး မဟုတ်လား။ သို့သော် မိန်းမဆိုတဲ့ အကောင်မျိုးဟာ ငါ့ကို ချစ်ကြ ခင်ကြပေသည်ဟု ငါ မယုံကြည်။ ငါက ကျွေးနိုင် ပေးနိုင်သည့် အခိုက်အတန့်သာ ဖြစ်သည်။ ဖောက်ပြန်တတ်ကြသည် ဟု ဘုရား ဟောတော်မူသော စကားတော်ကို ငါက မဖောက်မပြန်ဟု မငြင်းနိုင်ပေ။ ငြင်းလျှင် ငါ အရူးဖြစ်မယ်ကွဲ့။ ငါသွားသည့်အခါ အိမ်၌ ငါ့မယားသည် သယောက်လင်ငယ်နှင့် ထက်ကြပ် မမိ မမြင်ရလျှင် တော်ပြီဟု ငါ့စိတ်ထဲမှာ မှတ်ထားသည် တပည့်' ဟု ရယ်မောကာ ကျောကို လက်ဝါးနှင့်သပ်၍ ပြောပြလေသည်။

## ၄။ ရွှေနေထူး ဦးပုတ်နီအကြောင်း

ရန်ကုန်မြို့ ကျောက်တံတားရပ် ဖွားရာဇာတိ၊ ရှေးက နာမည်ကျော်ကြားသော အမိန့်တော်ရ ဦးပုတ်နီသည် လူကြီး၊ ရှင်ကြီးတို့ အသိအမြင်ဖြစ်ပေကြောင်း။

ယင်းသည့် အမိန့်တော်ရသည် စိတ်ထားစိတ်နေ ပျော့ပျောင်းခြင်း၊ မိမိအောက် ငယ်သောသူများကို "မောင်မောင်တို့" ဟူ၍ ပြောဆိုလေ့ရှိခြင်း၊ အမည်နာမကို ထုတ်ဖော်၍ ခေါ်လေ့မရှိခြင်း ဖြစ်ပေသည်။ စိတ်ကို ချမ်းသာအောင် ပျော်ပျော်နေတတ်သူ ဖြစ်သည်။ မိမိထံသို့ မည်သူမဆို ပူပန်သောစကား လာ၍ ပြောသူများကို နားမချမ်းသာ၊ အနိဋ္ဌ ဖြစ်သည်ဟု မခံချင်သောကြောင့် ထိုပြောလာသူကို ငွေတစ်ကျပ်မှ သုံးကျပ်တိုင် ပေး၍ 'ရော့ ... အလိုရှိရာ သုံးစွဲလေ။ နောက်ကို ကျုပ်အနား လာ၍ ဤလို မညည်းညူပါနှင့်' ဟု ပြောပြီးလျှင် ထွက်ခွာစေလေသည်။

အိမ်သို့ လာရောက်သော ဧည့်သည်များကို အမည်ကို မခေါ်ဘဲ လောကအလျောက် ရှိသည်ကို သင့်လျော်အောင် ခေါ်၍ ဧည့်ခံပြီးလျှင်





ပျော်ပျော်ရွှင်ရွှင်ဖြစ်အောင် စကားပြောလေ့ရှိသည်။ ပျို့ကဗျာ၊ လင်္ကာ၊ မော်ကွန်း၊ ရတု စသည်များ၊ သီချင်းဆိုတတ်သူများ၊ စာစီစာကုံး တတ်သူများကို အထူးနှစ်သက်လေ့ရှိသည်။ ထိုပုဂ္ဂိုလ်များ အိမ်သို့ လာရောက်ရန် တောင့်တ မျှော်ခေါ်လေ့ရှိသည်။ လာရောက်သော ဧည့်သည်များကို မပျင်းမရိစေဘဲ ရတ်တရက် မပြန်နိုင်အောင် ဧည့်ခံနိုင်သော သတ္တိရှိသည်။

ထိုအမိန့်တော်ရ၏ မျိုးရိုးမှာ မွန်မျိုးရိုးဟု ပြောပြသည်။ မွန်စကားလည်း တတ်သည်။ အဖမှာ ရန်ကုန် ခုံမင်းကြီးဟု ပြောသည်။ အမိန့်တော်ရမှာ အင်္ဂလိပ်မင်းလက်ထက် အရေးပိုင်ရုံး ရှေ့ဖတ်စာရေး၊ နောက် စာရေးကြီး၊ နောက် ပစ္စည်းထိန်း၊ ဘီလစ်စာရေးကြီး ရာထူးမှ အမိန့်တော်ရရှေ့နေ ဖြစ်ကြောင်း ပြောပြသည်။

သက္ကရာဇ် ၁၂၄၉ ခုနှစ် အခါက ဆူးလေစေတီတော်မှာ ယခုအခါကဲ့သို့ စည်ကားခြင်း မရှိသေး။ ညအခါ၌ ဘုရားဖူးလာသူနည်းပါးသောကြောင့် လူအလာ များအောင် လုပ်သည်ကား ပိုက်ဆံသုံးကျပ်ဖိုးလောက် ခတ်ပြီးလျှင် ညနေ ၆ နာရီကျော်လောက်ကို ဆူးလေဘုရားသို့ သွား၍ ရင်ပြင်ပတ်လည်၌ တံမြက်ဝတ်ပြု၍ ဘုရားကို ကြည်ညိုပြီးနောက် ဘုရားဖူးလာသော ယောကျ်ား မိန်းမများကို သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ 'ဘုရားဖူး ကြွလာပေသလား ခင်ဗျာ၊ ကောင်းပါဗျာ၊ သာဓု ... သာဓု ... ကြိုးစားကြပါ၊ ကြိုးစားကြပါ။ အပြန်တော့ စဉ်အိုးတန်းထိပ်မှာ မန္တလေးခေါက်ဆွဲ ရှိပါတယ်၊ အင်မတန်ကောင်းပါတယ်၊ ဝယ်၍ သုံးဆောင် သွားတော်မူကြပါ။ အမောပြေရော့ ... ခေါက်ဆွဲတစ်ပန်းကန်ဖိုး ပိုက်ဆံခြောက်ပြား လှူလိုက်ပါရစေ' ဆို၍ ပေးကမ်းလိုက်လေသည်။

သို့လို ပြုလုပ်၍ အိမ်ပြန်ရောက်သောအခါ ကျန်ပိုက်ဆံကို ရေတွက်ကြည့်ပြီးလျှင် ယနေ့ည လူ ၁၀၊ ယနေ့ည လူ ၂၀၊ ယနေ့ည လူ ၃၀၊ ယနေ့ည လူ ၅၀၊ ယနေ့ လူ ၁၀၀ လာရောက်သည်ဟု သိရသောအခါ ခေါက်ဆွဲဖိုးငွေ ပေးကမ်းခြင်းကို နေ့စဉ် မပြုဘဲ တစ်လ နှစ်ခါ သုံးခါ စသည် လျှော့ပြီးလျှင် လူစည်ကားအောင် အစဉ် စောင့်ရှောက်ပေးကြောင်း။

တစ်ရံသော် နံနက်အခါ အမိန့်တော်ရကတော် ဒေါ်သိုင်းက

ဈေးက ဟင်းချက်စားရန် ဝက်သားဝယ်လာသည်ကို မြင်လျှင် 'ယနေ့နံနက် ပုတ်နီတို့ တယ်ပြီး အေးတယ်၊ တယ်ပြီး စိတ်လက်ကြည်တယ်' ဟု ပြောရာ၊ ဒေါ်သိုင်းက 'ဘာများ အေးသလဲ၊ ကြည်သလဲ ကိုနီ' လို့ မေးရာ 'အေးတာ ကြည်တာက သည်လိုလား မသိုင်းရယ်၊ ယနေ့နံနက် အိပ်ရာထလို့ အောက်ကိုဆင်းရာ မောင်ဘိုးသိန်းက မျက်နှာသစ်ရေ၊ မျက်နှာသုတ်ပဝါ၊ ဆေးလိပ်၊ လက်ဖက်အုပ်၊ ကွမ်းအစ်၊ ထွေးခံ အဆင်သင့် ပြင်ပြီး ထားလိုက်တာ တပည့်ဝတ္တရား ကျေပေတယ်။ ရန်ကွင်းကလည်း အိမ်၌ ရောင်းရန် ပစ္စည်းများကို ထုတ်၍ ခင်းကျင်းထားလိုက်တာ ဝတ္တရားကျေ၍ ထမင်းချက်ပြီး ဆွမ်းတော်လောင်းနေတာ မြင်ရတယ်။ သည့်ပြင် မနေ့ညက အိမ်မည်ပြုတုန်းကို စဉ်းစားမိတယ်။ နက်ဖြန်နေ့ ဝက်သားဟင်းများ စားရလျှင် တော်လိမ့်ဟု အောက်မေ့မိ၍ မသိုင်းကို ပြောမည်ကြံရာ မသိုင်း အိပ်နေတာနှင့် မပြောရပေ။ ယခု နံနက်ကျတော့ မောင်ဘိုးသိန်း၊ ရန်ကွင်းတို့က အခွင့်ကျေကြ၍ အေးကြည်ခြင်း ဖြစ်နေသည့် ပြင် မသိုင်းကလည်း ကျုပ်စိတ်က ကြံမိသည်ကို သိလို့လား မပြောတတ်။ ဟော ... ဝက်သားဝယ်လာတာကို မြင်ရတော့ သည်ကနေ့ ပုတ်နီ အကြည်ဆုံး၊ အအေးဆုံးဘဝ ရောက်နေတာပေါ့ မသိုင်းရယ်' ဟု ပြောလေသည်။ ဒေါ်သိုင်းက 'ကိုနီ မကြည်တဲ့နေ့များ ရှိသေးသလား' ဟု မေးမြန်းရာ၊ 'ကြည်ပ မသိုင်းရယ်၊ မေးမှ မေးပလေ၊ တစ်ခါတလေ မသိုင်းက အခြားသွားနေခိုက် အိမ်၌ခိုင်းစေရန် လူငယ်မရှိ၍ ဆေးလိပ် သောက်ချင်တာတောင် ပုတ်နီဆေးလိပ်ကို ပုတ်နီ ယူ၍ မီးဖိုသို့ သွားပြီး မီးညှိသောက်ရတဲ့ ဘဝများ တွေ့သေးတယ် မသိုင်း။ ဤအခါများတော့ ပုတ်နီ ကံမကောင်းဟု အောက်မေ့မိတယ်' ဟု ပြန်ပြောတော့ မသိုင်းက ရယ်၍ မီးဖိုချောင်သို့ ဝင်သွားလေ၏။

တစ်ခါသော် ဒေါ်သိုင်း၏ဖခင် အနိစ္စရောက်တော့ အမိန့်တော်ရက 'မသိုင်း .. ကျုပ် အပူကို မကြိုက်တာ ကိုယ်အသိပဲ၊ ဘယ်လိုမှ စိတ် မရှိနဲ့၊ ကိုယ့်အဖလည်း ကျုပ်အဖပဲ၊ ဘာမျှပြောပြရန် မလို၊ ကိုယ့်သဘော အတိုင်း ဈာပနကိစ္စကို ဆောင်ရွက်ပါ။ ရှိတဲ့ပစ္စည်း ကုန်ပေစေ။ ကျုပ်တော့ ကိုယ့် အခွင့်ပေးနော်၊ တော်ရာကို ရွှေ့၍ နေပါရစေ'လို့ ပြောရာ၊ ဒေါ်သိုင်းက 'ကိုနီ .. အေးရာကိုသာ သွားနေပါ၊ ကျုပ် ဘယ်လိုမှ





သဘောမထားပါဘူး' ပြောရာ သာဓု ... သာဓု ... ဆို၍ 'ကိုင်း ... မောင်ဘိုးသိန်း၊ သံပတ္တလားယူ၊ ဇာတ်စာအုပ်တွေယူ၊ စောင်တစ်ထည်စီယူ' ဆိုပြီးလျှင် စာဆိုတန်းသို့ ရွှေ့ပြောင်းပြီးလျှင် ပတ္တလားတီး၊ သီချင်းဆို၊ ဇာတ်စာအုပ် ဖတ်ပြီး နေကြရသည်။ ခုနစ်ရက် ကျော်လွန်မှ ကျောက် တံတားအိမ်ကို ပြန်၍ ပြောင်းလာနေထိုင်ရာ မသာကိစ္စအတွက်ကို ဘယ်လို သင်္ဂြိုဟ်သလဲဟု တစ်စုံတစ်ရာ မမေးဘဲ ပျော်ပျော်သာ နေထိုင်လေသည်။

နှစ်စဉ် သီတင်းကျွတ်လ ကျလျှင် လဆန်း ၁၄ ရက်နေ့က စ၍ အရှေ့ဘက်စောင်းတန်း ဘုရားတောင်ခြေရင်းက စ၍ ဗဟန်း တောရတိုက် မိမိဇရပ်အရောက် မှန်ယုန်နားရွက် မီးအိမ်များနှင့် ဖယောင်း တိုင် တပ်၍ မီးစောင်းတန်း ပူဇော်လေ့ရှိသည်။ ဇရပ်၌ ဆွမ်းတော်ကြီး ကပ်လှူသည်။ စတုမဓုဆေး ကျို၍ ဘုရားကို ကပ်လှူသည်။ လပြည့်နေ့နံနက် ဇရပ်သို့ သံဃာတော်များကို ပင့်၍ စတုမဓုဆေး ကပ်လှူ၊ လူများကိုလည်း ကျွေးမွေးလေ့ အစဉ် ပြုလုပ်တတ်သည်။

တစ်နှစ်သော် သီတင်းကျွတ်လဆန်း ၁၀ ရက် ကျသောအခါ ကွယ်ရာသို့ တပည့်တစ်ယောက်ကို ခေါ်၍ ပြောသည်မှာ 'မောင်၊ ကနေ့ညနေ ပုဇွန်တောင် ဆိုင်းဆရာ ကိုပေဆီကို သွား၊ အဖိတ်နေ့ညကို ဗဟန်း အမိန့်တော်ရ ဦးပုတ်နီဇရပ်မှာ လာ၍တီးပါ။ ကြေးနောင်၊ ဗုံနှစ်လုံး၊ နှဲသံလွင်၊ ဝါးလက်ခုပ်၊ တော်ပြီ။ ဇရပ်ကိုရောက်လျှင် မည်သူ လာငှားသလဲ မေးသော် ကျွန်တော်တို့ မသိပါ၊ ဆရာက သွား၍ တီးကြရမည် အမိန့်ပေးသောကြောင့် ကျွန်တော်တို့ လာရပါသည် ပြောပေ စေ။ ရော့ ငွေတစ်ဆယ် ယူသွား၊ မသိုင်း မသိစေနှင့်' ပြောပြီး စေ လွှတ်လေ၏။

အဖိတ်နေ့ ကျသောအခါ 'မသိုင်း၊ ကိုယ်တို့ မိန်းမမိတ်သင်္ဂဟ တစ်သိုက်နှင့် ဇရပ်ကို သွားကြပေတော့။ ကျုပ်တို့ နာရီပြန်နှစ်ချက်ကို ဝက်သားယူလာမည်' ဟု ပြော၍ ဒေါ်သိုင်းတို့ ဇရပ်ကို သွားနှင့်ကြလေ ၏။ နာရီပြန်နှစ်ချက် ထိုးသောအခါ ဝက်သားတောင်းကို မြင်းရထား ပေါင်းပေါ် တင်၍ နောက်က လူတစ်ယောက် ကိုင်လိုက်စေရာ ဂေါရာကုန်း လမ်းအကွေ့၌ မြင်းရထား အလှည့်မှာ စောင်း၍ ဝက်သားတောင်းကြီး အောက်သို့ ကျသွားရာ ရထားကို ရပ်စေ၍ 'ခယတွေ့နေ၊ ဘယတွေ့နေ

တဲ့။ ကိုယ်တို့ ကျုပ်တို့လဲ ဤဝက်သားတောင်းကဲ့သို့ အတည်မမြဲ ပျက်စီးခြင်း၊ ကုန်ခန်းခြင်း သဘောသည် ဇရပ်သို့ မရောက်ခင်သော် လည်းကောင်း၊ ရောက်မှသော် လည်းကောင်း အမှန် တွေ့ကြုံကြမည် ဖြစ်တယ်နော်။ ၄င်းဝက်သားသည် မသန့်သောနေရာသို့ ကျသည်ကို မျက်မြင်ဖြစ်၍ ကိုယ်တို့ ကျုပ်တို့ စားချင်ကြမည် မဟုတ်။ လူများ သံဃာတော်များကို ကျွေးရန်လည်း မလျော်ပေ။ ဝက်သားတောင်း ရထား ပေါ်က ကျကြောင်းကို မသိုင်း သိပြန်က ယောကျ်ားတွေ ဖြစ်လျက်သားနဲ့ ဝက်သားတောင်းကို ကြည့်၍ မယူနိုင်ကောင်းလားဟု မိန်းမတို့စရိုက် မြည်တွန်ပြောဆိုသော် လူများ ကြားလို့ မကောင်း။ ကိုယ်တို့ ကျုပ်တို့လဲ အသုံးမကျ။ ယောကျ်ားမပီရာ ကျတော့မည်။ အဲဒါကြောင့် ဖြစ်တာကို မသိုင်း မသိစေနှင့်၊ ဝက်သားကို တော်ရာ ပစ်လိုက်၊ ရော့… ရန်ကွင်းက ငွေ ၅ ကျပ်ယူ၊ ပြန်သွား၊ ဝက်သား ဝယ်၍ နောက်က လိုက်ခဲ့ပေ တော့။ တို့သွားမည်။ ဇရပ်ရောက်တော့ မသိုင်းက မေးလျှင် ဉာဏ်ကြွယ်နှင့် မောင်ပုက ရန်ကွင်း နောက်က ယူလာကြောင်းပြော' ဆို၍ ဇရပ်သို့လာရာ ရောက်သောအခါ ဒေါ်သိုင်းက 'ကိုပုတ်နီ၊ ဝက်သားပါလား'ဟု မေးရာ–

'ဟဲ့… ဉာဏ်ကြွယ် မောင်ပုတို့၊ ဝက်သားကို မေးနေတယ်'

'ဝက်သားကို ကိုရန်ကွင်း နောက်က ကူလီနဲ့ ယူလာတယ် အဒေါ်ရေ့' ဟု ပြောကြလေသည်။

ညနေ ၆ နာရီ ကျသောအခါ ကြေးနောင်ဝိုင်း လှည်းနှင့် ဇရပ်ရောက်လာရာ အမိန့်တော်ရက 'ဟေ့ ဘယ်က ကြေးဝိုင်းတုံးကွဲ့'

'ပုဇွန်တောင် ဆရာပေက လွှတ်လိုက်ပါတယ်၊ ယနေ့ အမိန့်တော် ရ ဦးပုတ်နီ ဇရပ်မှာ တီးရမယ်လို့ လွှတ်လိုက်ပါတယ်။ ကျွန်တော်တို့ ဦးပုတ်နီဇရပ်ကို မေးနေပါတယ်'

'ဒီဇရပ်ပဲကွဲ့၊ ငါပဲ ဦးပုတ်နီ၊ ဘယ်သူ လာငှားသလဲဟေ့'

'ကျွန်တော်တို့ မသိရပါ၊ ဆရာက ခိုင်းလို့သာ လာရပါတယ်' ဟု ပြောရာ –

'တယ် ခက်နေပါပြီ၊ မသိုင်း မကြိုက်မှန်း အသိသားနဲ့။ ဟဲ့.. ရန်ကွင်း ဉာဏ်ကြွယ်တို့ သွားခေါ်သလား'

'ဘယ် ကျွန်တော်တို့ သွားခေါ်ရမှာလဲ'





'အဲလေ… မင်းတို့လဲ ငါနဲ့အတူတူ လုပ်ကိုင်နေကြတာကလား၊ ခက်နေပါပြီ၊ ဘယ်သူများ ဖြစ်ပါလိမ့်မတုံး။ မသိုင်း ကိုယ်မကြိုက်မှန်း သိသော်လည်း ဒီဇရပ်၌ ပျော်ချင်တဲ့သူများက တိတ်တဆိတ် သူတို့ နာမည်ကို မပြောဘဲ ကျုပ်တို့ဇရပ်မှာ တီးမှုတ်ရန် ငှားသည့်လက္ခဏာနှင့် တူပါတယ်။ ဒါကို မသိုင်းက မကြိုက်လို့ မတီးရဘူးလို့ ပြန်လွှတ်လိုက် လျှင် ငှားသောသူဟာ ဝမ်းနည်းစရာ ဖြစ်သွားလိမ့်မယ်။ သည်းခံပါ မသိုင်းရယ်၊ သည်းခံပါ'

ဒေါ်သိုင်းက 'ကျုပ်ကို ပြောစရာ မဟုတ်ပါဘူးတော်၊ ကိုပုတ်နီ သာ သဘောအတိုင်းပါပဲ'

'အေး… ကောင်းလိုက်တာ၊ ကောင်းလိုက်တာ။ ဟဲ့… ရန်ကွင်း မောင်ပုတို့၊ ဇရပ်ရှေ့မှာ ဖျာခင်းပေးကြပါကွယ်၊ သူတို့ကို ထမင်းကျွေးလိုက် ကြပါ' ဟု ပြောလေ၏။

နောက် ၇ နာရီ ထိုးသောအခါ 'ဟေ့ ရန်ကွင်းတို့၊ မင်းတို့လူများ တီးကြပါစေကွယ်၊ သာသာယာယာ ရှိအောင်' ဟု ပြောသည့်အတိုင်း တီးကြစေ၏။ ၉ နာရီ ထိုးသောအခါ အမိန့်တော်ရက 'ဟေ့…မောင်ဘိုး သိန်း၊ မင်း ပန်းမြိုင်လယ်ကို တီးတတ်ရဲ့လား၊ တီးတတ်ရင် ငါ့ကို တီးပြစမ်း' ဆိုပြီးလျှင် အမိန့်တော်ရက စည်းကိုကိုင်၍ လိုက်လေ၏။ ပန်းမြိုင်လယ် ဆုံးသောအခါ 'မင်း တီးပုံ လိုသေးတယ်၊ မင်း ထွက်၊ စည်းကိုင်၊ ငါ တီးမယ်' ဆို၍ နဲ့ပါ လိုက်စေလျက် တီးပြလေသည်။ နောက် "တောမြိုင်ခြေလမ်း" "ခိုင်ပန်းစုံ" "မကြံနိုင်ဖော်ကွာဝေး" စသော ယိုးဒယားများကို အကုန် တီး၍ပြသည်။ နောက် ပတ်ပျိုးကြီးခေါ်သော "ကုန်းဘောင်ပရမေ" "အထူးထူးရယ်နှင့် မြူးပျော်ဖွယ်" "သာဆန်းရဂုံဇွေ" "ဂန္ဓမာတောင်" ပတ်ပျိုးတို့ကို တီးပြသည်။

နောက် "သီချင်းခံကြီး" "စုံနံ့သာမြိုင်လယ်" "ဇမ္ဗူကျွန်းလုံး" ကို တီး၍ ပြပြီးနောက် ကြေးဝိုင်းမှထွက်၍ 'ကိုင်း… ဆရာတို့ကိုယ်တိုင် အရိုင်ကလေး တီးကြစမ်း'ဟု ခိုင်းသည့်အတိုင်း တီးကြသောအခါ အမိန့်တော်ရက တိုက်သူကြီးကတော် တစ်ယောက်ကို 'ကိုင်း… ကစမ်း ပါဗျ'ဟု လက်ကိုဆွဲလေ၏။ တိုက်သူကြီးကတော်က 'အမယ်… ရက်ပါ တယ်၊ မကတတ်ပါဘူး အမိန့်တော်ရရယ်။ ရှိခိုးပါရဲ့၊ လွှတ်ပါ' ဟု တောင်းပန်လေသည်။

'ကတတ်၊ မကတတ် ဘာရှက်စရာ ရှိသလဲဗျ၊ အလှူကို ဝမ်းမြောက်၍၊ ရတနာသုံးပါးကို ချီးမြှောက်ပူဇော်၍ ကကြခုန်ကြတာ ငရဲကြီးတယ် မမှတ်ပါနဲ့။ ပုပ္ဖါရုံကျောင်းအမ ဝိသာခါတောင် မြတ်စွာဘုရားရှေ့တော် ဝမ်းဗိုက်ကြီးကို လက်ဝါးနဲ့ရိုက်ပြီးတော့ သူ့ကျောင်းကြီးကို သုံးပတ်လှည့်ပြီး က တာတောင် ဘုရား ချီးမွမ်းတော်မူသေးတယ်။ ခင်ဗျားတို့က ရှက်ရသေးသလား၊ ကသည်ဆိုတာ ပေါသည်လို ကရတယ်၊ ကြည့်နော်' ဆို၍ အဆိုနှင့် က ပြလေသည်။

'ဟဲ့ ရန်ကွင်း၊ ဉာဏ်ကြွယ်၊ မောင်ပုတို့။ ပျော်ကြ က ကြကွယ်၊ မသိုင်း မဆိုပါဘူးကွဲ့၊ ငါတောင် က သေးတာပဲ' ဆို၍ အားလုံး ကကြလေသည်။ ၁၂ နာရီ ရှိသောအခါ အတီးအမှုတ် အကအခုန်တို့ကို ရပ်စေ၍ 'ကိုင်း... အမောပြေ စားသောက်ကြပေတော့။ မသိုင်း ကျုပ် ပျော်တတ်မှန်း ကိုယ် အသိသားနော်၊ အပြစ်ပြောလိုက ယခုပရိသတ်ရှေ့မှာ ပြောနော်၊ ကွယ်ရာကျမှ မပြောနဲ့ဗျ'

'ဘာပြောစရာ ရှိသလဲ ကိုပုတ်နီ၊ ကိုယ့်အလှူကို ချီးမြှောက်တာ ကလား၊ လာသော ပရိသတ်များလဲ အားရမှာပေါ့တော့'

'အဲသလိုမှပေါ့၊ သာဓု... သာဓု... သာဓု။ ဤအပျော်မျိုးသည် ပုတ်နီတို့က မူးလို့ပျော်တာ မဟုတ်၍ ငရဲမကြီးဘူး ဟူ၍ အားလုံးသော ပရိသတ်တို့ မှတ်ကြကုန်လော့' ဟု ပြောလိုက်လျှင် ရယ်ကြလေ၏။

တစ်ခါသော် ကုက္ကိုင်းခြံ ဥယျာဉ်မှာနေသော အမိန့်တော်ရမင်း၏ အစ်ကို ဦးပုတ်ကြီးက စာတစ်စောင် ပို့လိုက်သည်မှာ– "ညီမောင်ပုတ်နီ၊ အစ်ကို၏ ဇနီးအိမ်သူ ဘဝတစ်ပါး ပြောင်းသွားသည်မှာ တစ်လကျော်တိုင် ရောက်ခဲ့သည်ကို ညီ အသိ ဖြစ်ခဲ့သည်။ သို့လို အိမ်သူဖြစ်သွားသည်ကို အစ်ကိုမှာ ဣန္ဒြေမရပ်မတည်၊ ကိုယ်စိတ်နှစ်ပါး မချမ်းသာ၊ မစားနိုင် မသောက်နိုင် ဖြစ်နေသည်။ တရားတော်မှာ ဇာတိရှိသောသူသည် မရဏ အဆုံးရှိသည်။ ဘုရားဟောတော်မူသည် ဖြစ်၍ အနိစ္စသဘော၊ သင်္ခါရသဘောကို မလွန်ဆန်နိုင်သည်ကို အစ်ကို သိ၏။ သို့သော် ပုထုဇဉ်တို့၏ သဘောဓမ္မတာ ဖြစ်သောကြောင့် မလွဲမကင်းနိုင် ဖြစ်ပေသည်။ ဤအရာမှာ ချစ်ခင်သော မိတ်ကောင်းဆွေကောင်းနှင့် တွေ့ကြုံရမှသာ ကိုယ်၏ပင်ပန်းခြင်း စသည်တို့ သက်သာခွင့် ရရာသည်ဟု





သူတော်ကောင်းတို့စကား ရှိချေသဖြင့် မိတ်ဆွေ သူတော်ကောင်းကို ရရန် စဉ်းစားဆင်ခြင်ကြည့်ရာ၊ ညီ မောင်ပုတ်နီ တစ်ယောက်သာ အစ်ကို၏ ပရိဒေဝကို ဖြေဖျောက်နိုင်သူ ဖြစ်ပေမည်။ သို့ကြောင့် အစ်ကို၏ အပူ ငြိမ်းအေးရန် ဤစာရောက်က အမြန် လာရောက်လိမ့်မည်ဟု မျှော်လင့်ကြောင်း။"

'မသိုင်းရေ၊ ဟော... နောင်တော့်ထံမှ စာဗျ' ဟု ဖတ်ပြလေ၏။

ဒေါ်သိုင်းက 'အားထားလို့ ခေါ်တာ၊ သွားမှပေါ့ ကိုနီ' လို့ ပြောရာ 'မသိုင်း မသိဘူးနော်၊ ပုတ်နီ သွားလို့ မြင်ရင် မင်းနယ်ကွယ် ခုမှပဲ လာတော့သည်ဟု ဆီး၍ငိုမယ်။ ဒီလိုငိုတာကို ပုတ်နီ မကြားချင် မမြင်ချင်ကြောင်းကို မသိုင်း အသိဖြစ်တယ်။ ဒါကြောင့် သံဝေဂယူရန် ကမ္ဗည်းကလေးတစ်ခု ပြန်၍ ရေးပေးလိုက်မယ်။ ရန်ကွင်း၊ မင်နီအိုးနှင့် ကလောင်တံ ယူခဲ့စမ်း' ဟု ဆို၍ ဦးပုတ်ကြီး ပေးစာအောက်က မင်နီနှင့် ရေးသား ပြန်ပို့လိုက်သည်ကား–

## ကမ္ဗည်းတေးထပ်

သေသူကြောင့် ပွေပူရတာဖြင့်၊ ယေဘူယျ မှန်တယ်။
ဖြေယူဆ ကြံရွယ်လျှင်၊ ကံငယ်သူ ရှေ့သွား။
ကံကောင်းက နောက်ကျန်တယ်၊ဖောက်မပြန် ယင်းရှိတရား။ ။
ကျုပ်တို့ဖြင့် မပူနိုင်၊ အမူလှိုင် ခုများ။
သူမဆိုင် ပစ်ခွာသွားမှဖြင့်၊ သစ်ညာထား ရှာမယ်။
င မယ်ခင် အသေနှောင်းသော်ကြောင့်၊ အတွေ့ကောင်း နောက်ကျရတော့ တယ်။
ရှေ့ အနောက် တောင် မြောက်လယ်မှာ၊ ခေါင်ကောက်မယ် ချက်ရွေးလို့။
မျက်နှာပေး အမူပါပါ၊ ထားရတော့သာ။
မယ်မင်းကြီး နတ်နန်းခွာရယ်၊ ဖြတ်တန်းစာ ထားခဲ့လို့လေး။ ။

[ဤတေးထပ်၌ သေသူ၊ ပွေပူ ဟူသော "အူ" ကာရန်ကို ငဲ့၍ (ယေဘူယျ) ဟု "အူ"နှင့် စပ်ဆိုထားသည်။ အမှန်မှာ (ယေဘုယျ) ဖြစ်၏။]

ဤဓားထပ်နှင့် ပြန်ပေးပြီးနောက် ဦးပုတ်ကြီးထံက နောက်ထပ် အကြောင်းမပြန် ရှိလေ၏။

တစ်ရံသော် တပို့တွဲလ ညနေခင်း အညောင်းပြေ မြင်းပြိုင်ကွင်းသို့ သွားရောက်လည်ပတ်ကြရာ အမိန့်တော်ရမင်းနှင့် သူငယ်ချင်းဖြစ်ကြသော ရုံးစာရေးများ၊ အင်စပိတ်တော်များတို့သည် ဘုရင်မပန်းခြံတွင်းမှ ထန်းရည် မူးယစ်ကာ ထွက်လာကြသည်ကိုမြင်လျှင် 'ဒီက အသာနေကြဦး၊ ဟိုက အကောင်တွေ မူးနေကြတယ်။ သူတို့နဲ့ ရင်ဆိုင်တွေ့သော် ကျွန်ုပ်တို့ကို ဆွဲလားယမ်းလား လုပ်ကြလျှင် ကိုယ်တို့ကျုပ်တို့ လူရုပ်ပျက်ကုန်ကြလိမ့်မယ်။ သင်းတို့က အရက်မူးလာလို့ ရှိမှ ကျုပ်က အစိမ်းမူးမူးပြရမှာပဲ။ ရော့... ကျုပ်အင်္ကျီကို ယူထားကြ။ ကွယ်ထောင့်ရာကနေ၍ ကြည့်ကြ' ဆိုပြီး ဒေါ့ချာင်ကို ရှုပ်ပွေအောင် ရစ်ပတ်၍ ပုဆိုးကို ခါးတောင်းမြောင်အောင် ကျိုက်၊ ပုဆိုးစ နောက်မြီးရှည်ရှည်ချလျက် က ခုန်မူးချင်ယောင်ပြပြီး သွားလေ၏။ မူးလာသော သူငယ်ချင်းတွေက–

'ဟော့ ပုတ်နီ၊ ခုမှ မင်းလာသလား'ဟု မေးကြရာ 'ဟဲ့ ခွေးမသားတွေ၊ နင်တို့ ငါ့ကို မခေါ်ဘဲ သွားကြတယ်၊ နင်တို့ ဘာကောင်းတဲ့ အကောင်တွေလဲ' ဆိုပြီး ခြေနှင့်ကန်၊ ဒေါ့ချာင်ဆွဲထိုး ထိုးဟန်ပြု၊ ကျောကို လက်သီးနှင့်ထိုး၊ အမျိုးမျိုး နှိပ်စက်သောအခါ မူးလာသောသူတို့က 'ဟော့... ဟော့... ပုတ်နီက တို့ထက် မူးလာတယ်၊ သူ့အနှိပ်အစက်ကို တို့ မခံနိုင်ဘူး။ တို့က ရှောင်ပြေးမှ တော်မယ်'ဟု ပြော၍ ပြေးကြရာ 'ခွေးမသားတွေ၊ နင်တို့ ဘယ်ပြေးကြမလဲ' ဟု နောက်က လိုက်ဟန်ပြုလေ၏။ မူးသောသူတို့ ဝေးမှ အဖော်များကို ခေါ်၍ ပုဆိုးခါးတောင်းကျိုက်ဖြုတ်၊ ဒေါ့ချာင်ကို ကောင်းစွာထုံး၍ အင်္ကျီဝတ်ပြီးသော် 'မြင်လိုက်ကဲ့လား၊ အရက်သမားတွေကို ပုတ်နီက အစိမ်းမူးနှင့် နှယ်လိုက်တယ်၊ မခံနိုင်လို့ ပြေးလိုက်ကြတာ။ အဲဒီလို သူတို့ထက် ကိုယ်က သာအောင် မူးနိုင်မှ ကိုယ်ချမ်းသာတယ်။ သူတို့ကို မောင်မောင်၊ ဘဘ ပြောနေလျှင် သူတို့က သာ၍ကဲတယ်။ သို့ကြောင့် သူတို့အနှိပ်အစက်ကို မခံရအောင် ပုတ်နီက သူတို့ထက်ကျော်အောင် မူးပြလိုက်ရတယ်'ဟု ပြောပြလေ၏။

အမိန့်တော်ရသည် ၁၂၃၇ ခုနှစ်က "ကုမ္မာရပြဇာတ်" ကို ရေးသည်။ နောက်တစ်ဖန် ထပ်ဖြည့်၍ "ကုမ္မာရပြဇာတ်" ကို ၁၂၄၇





ခုနှစ် ဒုတိယပြင်ဆင်၍ ပုံနှိပ်ပြန်သည်။ ၎င်းဇာတ်ထုပ်မှာ သူဌေးသမီး မကွန်မယ်ကို သူဌေးချင်း ကတိထားသော ကွန္တီနှင့် ပေးစားထိမ်းမြားမည့်အခါ၊ ကုမ္မာရမင်းသားက အောင်သွယ်မ မယ်အောင်ကိုခေါ်၍ အကြောင်းပြောရာ၊ မယ်အောင်က ကွန်မယ်ကို သွေးဆောင်၍ ကုမ္မာရမင်းသားထံသို့ ပို့လေ၏။ ဤအခါ ကွန်မယ် မရှိကြောင်း ကွန္တီက ငိုသည်မှာ–

"ပါလိုက်တဲ့ ဖဲငယ်။ ။ တင်ကြူးတီစုံနှင့် ပါတင်း
စုံ ယင်းစုံ ဖက်ထာမို့၊ သည်ချက်တွင် ပါစင်မှန်းတယ်၊ ဖမ်းမယ်
လို့ရှယ်။ ။ ဘွေဆော်မှာ ကြူးထင် ဆင်းလာလို့၊ ယင်းစုံချ
ထေကာလှယ်၊ ကျယ်မယ်လို့ ငံ့ပါတုန်း။ ရှောတိုးငဲ့ပြင်၊ မိုးကြိုးစုံ
တတန်ဆင်၍၊ စုံသည့် ပြင်လာပြီ ဘူးရယ်လို့၊ ထင်ကြူးကို
ကိုင်ကာချန်မိတယ်။ နောက်တစ်ဖန် စုံခုတင်ကြောင့်၊ ကုန်အစင်
ထေလို့ ပေးလိုက်ရတယ်ဗျာ။ (အမယ်မင်း) လေးဘက်နှင့်
ရှုံး။ ။"

၎င်းငိုချင်းကို အမိန့်တော်ရမင်းအစ်ကို ဦးပုတ်ကြီး မြင်သော်–

'မင်းတို့ဆရာ သုံးပုံဖဲကို နားမလည်ဘူး၊ သုံးပုံဖဲ တတ်သူကို မေးကြည့်။ ဘွေတွက်တဲ့အခါ ထင်ကြူးကို တွက်ရိုးထုံးစံ မရှိ၊ တီပါ စီယင်း သို့မဟုတ် ဖဲငယ်ထဲက စုတိုက်၊ မင်္ဂလာကို တွက်ရိုးထုံးစံ ရှိသည်။ ဒါကြောင့် သုံးပုံဖဲ မတတ်ဘူး ဟု ငါပြောသည်။ သုံးပုံဖဲ တတ်ကြောင်း သိအောင် ငါ ပြောမည်။ ရေးစမ်း' ဟု ဆို၍ သီကုံးပြသည်မှာ–

"ကဲသာလေ ဖဲပါချက်တွင်၊ လေးဘက်မှာ တီပါပိုး၊
မဲအိုးနှင့် သည်ဆင့်ဆန်။ ။ ခေါင်လူက ထွက်ပြန်တော့၊
မပျက် တီပါမို၊ မဲအိုးပါ ဆင့်ဆန်ထပ်၊ နှစ်ချပ် ထေလျှင်ဖြင့်၊
ငါ့အပြင် ဘယ်သူကျယ်ရ ကြွားမယ်လို့ ကြံ။ ။ ရှောတိုး
စုံတတန် ကျလာလို့၊ တီပါပ ထေရပြန်၊ လေးဘက်ကျန်
ငါမင်း။ ။ ထိုးလိုက်မယ်ပြင်၊ မိုးကြိုးစုံ တဖန်ဆင်၍၊ ရှမ်း
ဆိုလျှင် ကုန်သလောက်ပါပဲ၊ ထင်စံကိုင် ဂုဏ်လှိုင် မောက်ပါ
ဘိတယ်။ (အမယ်မင်း) ငါးပေါက်စီတင်း။ ။"

၎င်း ငိုချင်းကို အမိန့်တော်ရကို ပြသောအခါ အစ်ကိုရှိရာသို့

လှည့်၍ ရှိခိုးလေသည်။ ပုဆိုး၊ အဝတ်စုံ ကန်တော့လိုက်လေသည်။ ၎င်း ကုမ္ဗာရဇာတ်မှာ လက်စွဲတော် ရန်ကွင်းကြီးနှင့် ညာဏ်ကြွယ်တို့ကား အိမ်နေ တပည့်များကို ထည့်ထားလေသည်။

**စီကုံးသော သီချင်းများ**

ထပ်တွန့်ငိုချင်း။ ။ "ဓမ္မူနယ် ကျန်အနံ့ပါပဲ၊ တမူကြွယ် ကုံကမံ့ရယ်ကြောင့်၊ စုံတသန့်ငယ်နှင့် ဘုံအနံ့ ရှာလိုက်မယ်၊ မကြုံစတန့် ဗျာလှိုက်ကြွယ်။ ယုန်တနန့် ညာသိုက်ကယ်လေး" ဟု ချီသော ထပ်တွန့် ငိုချင်းမှာ လေ့တော်သံပါ ညှပ်၍ စီကုံးလေသည်။

၎င်းပြင် ၁၂၄၅ ခုနှစ် ရန်ကုန်မြို့ မြူနီစပါယ်လူကြီး ရွေးကောက်ပွဲမှာ ဖတ်ဆိုရန် မင်းသမီးလင်ပျောက် ငိုချင်းရှည်ကို စီကုံးသည်မှာ–

"အမယ်မင်း... ဒေဝကူမ္ဘန် ဇာတ်ခန်းမှာ၊ ပတ်ကြမ်းတိုက်
ညံ့သည့်နှယ်၊ မိုးကြိုးသံထစ် မရှင်တကကတဲ၊ သဇင်ခဲ လင်ကွဲ
ကြောင့် ဟစ်မိတယ်၊ နေမြစ်နွယ်လာ၊ ငိုအော်ကာမှ ကြုံတော်လာ
လှဲ့ငယ်ကို၊ ဆိုတဲ့စာနှင့် ရှာလိုက်အုံးမယ်– ဖေဖေ မောင်ဘုန်း၊
သပြေဘောင်မှာ၊ ရေမြေတောင် ဆုံးစေတော့ရှင့် ရှာအုံးမယ်။
တကယ်ပဲဟော့နော်... သူများ မင်းသမီးနုများလို မမှတ်ကြနှင့်၊
မြေတုန်အောင် ကဆုန်စိုင်းလို့မို့၊ နယ်ရှိတိုင်း ရှာလိုက်မယ်၊
ကျုပ်တို့လူ ကော်မတီလူကြီးရေ့။"

၎င်း ရှာပုံငိုချင်းရှည်ကို ဖတ်ဆိုပြရာ အားလုံး ရယ်မောကြလေသည်။ အထက်ဖော်ပြသော သီးချင်းများ မေ့နေ၍ အလွန်နှမြောခြင်း ရှိနေသည်။

၁၂၄၄ ခုနှစ် သင်္ဂဇာ ဆရာတော်ဘုရားကြီး မဇ္ဈိမဒေသ မြတ်စွာဘုရား ပွင့်တော်မူရာ မဟာဗောဓိပင်သို့ အဖူးအမြော် ကြွသွားတော်မူသောအခါ စကားပြန် အဖြစ်နှင့် ဆရာတော်ဘုရား နောက်တော်က လိုက်ပါသွားရသည်။ ဗောဓိပင်မှ ပြန်လာသောအခါ "မဟာဗောဓိမဂ္ဂဒီပနီကျမ်း"ကို စီရင်၍ ပုံနှိပ်စာအုပ် ထုတ်လေသည်။

အမိန့်တော်ရမင်းသည် ဗင်္ဂလားမြို့၌ ကိုယ်စားလှယ် ပွဲစားထား၍ ကျောက်ကုန် ကူးသန်းရောင်းဝယ်ခြင်း ပြုလုပ်နေရာ၊ ဗင်္ဂလား ကိုယ်စားလှယ်ထံမှ သံကြိုးစာအရ ကျောက်ကုန် တစ်သောင်းဖိုး သင်္ဘော၌





တင်ပို့လိုက်မည်ဖြစ်ရာ ဒေါ်သိုင်းက 'ကိုပုတ်နီ၊ ဒီတစ်ခါ ကျောက်တင်ပို့ရတာ ငွေများတယ်၊ ကိုပုတ်နီ လိုက်သွားလျှင် ကောင်းမယ် ထင်တယ်'ဟု ပြောရာ 'အို... မသိုင်းရယ်၊ စိုးရိမ်စရာ မဟုတ်ပါဘူး၊ အထက်ကလည်း ငါးထောင်ဖိုးမက ပို့နေတာမှ ချွတ်ယွင်းခြင်း မရှိပါဘဲ ပူစရာ မဟုတ်ပါဘူး' ဟု ပြော၍ ပို့လိုက်လေသည်။

နောက် ၅ ရက်လောက်မှာ "ကျောက်တင်လိုက်သောသင်္ဘော ပျက်သည်" ဟူ၍ သံကြိုးစာ ရောက်လာသောအခါ အမိန့်တော်ရသည် သံကြိုးစာကို ကိုင်၍ 'ရှေးကုသိုလ် ပေးသမျှနှင့် အေးကြမှ တော်မယ်။ ဘေးဘယ ပေါ်လွယ်အောင် မလော်လယ်ချင်ဘူး' ဆို၍ ထ က လေ၏။

ဤအခါ ဒေါ်သိုင်းက 'ဘာလဲ ကိုနီ'ဟု မေးရာ 'ကျောက်တင်လိုက်တဲ့သင်္ဘော ပျက်တယ်လို့ သံကြိုးစာ ရောက်လာတယ် မသိုင်းရေ' လို့ ပြောလိုက်လျှင် ဒေါ်သိုင်းက 'အကျိုးနည်းပါပြီ'လို့ ရင်ဘတ်ကို တီးလေသည်။ ဦးပုတ်နီက 'ဘာအကျိုးနည်းသလဲ မသိုင်း၊ ကိုပုတ်နီ တစ်ယောက်လုံး ရှိသေးတယ်၊ သင်္ဘောပျက်လို့ ကျောက်တစ်သောင်းဖိုးသာ ဆုံးသည်။ မသိုင်း စကား နားထောင်၍ သင်္ဘောနဲ့ ကျုပ်လိုက်သွားရင် သင်္ဘောပျက်၍ ပုတ်နီ သေရော၊ မသိုင်းလဲ မုဆိုးမ ဖြစ်ရော၊ မဟုတ်လား။ အခု ကိုယ့်စကားကို နားမထောင်၍ မလိုက်ဘဲနေတော့ ပုတ်နီ မဆုံးတော့ မသိုင်း အပူလုံးကြီး မတိုးဘဲ အေးချမ်းစွာ နေရသည်ကို အမြတ်ထားပါ' ဟု ပြောပြလေ၏။

**အမှာတေးထပ်**

ရှေးလူတို့ နည်းစနစ်၊ အဆစ်ကျ ထုတ်ဖော်။
မိုးကြဖို့ ညာဏ်မြော်သည်၊ အမှန်နော် ချင့်စား။
ဤခေတ်နှင့် နှိုင်းစာလျှင်၊ ရိုင်းရှာသည် ဖြစ်လိမ့်မလား။ ။
ဟိုတုန်းက ဟိုအခါ၊ နိသျာပိုပွား။
နည်းယူရန် အများပ၊ ထိုစကား တင်ပေ။
စိတ်တူရာ မိုးကာသုံးကြလျှင်၊ လုံးလုံးကြီး ကောင်းလိမ့်မသွေ။
ဟိုခေတ်နှင့် ဟိုစိတ်နေကို၊ ခုခေတ်နေ အများနှင့်။
စိတ်ထားချင်း ကွာခြားလေ၊ မိုးနှင့် အောက်မြေ။
သို့ကလောက်ခရီးသွေသည်။ ။ခြေအနေ ယုတ်ကြောင်းပလေး။ ။

## ၅။ အမိန့်တော်ရ ဦးကြင်ဥအကြောင်း

မြန်မာမင်းတို့ လက်ထက်တော်အခါက သန်လျင်မြို့၌ ခုံမင်းဘွဲ့ခံ ဦးကြင်ဥ ဆိုသူသည် အင်္ဂလိပ်မင်းတို့ လက်ထက်မှာ အမိန့်တော်ရ ရှေ့နေဖြစ်သည်။ ဦးကြင်ဥသည် မိမိအောက် ငယ်သူများ၏ နာမည်များကို ထုတ်ဖော်၍ မခေါ်။ "မောင်"ဟု ခေါ်လေ့ရှိသည်။ မိန်းမများကို "အမိကြီး၊ အမိကလေး" ဟု ခေါ်လေ့ရှိသည်။ သူတစ်ပါးတို့၏ ဆန္ဒကို လိုက်လျောပြောတတ်သည်။ ငြင်းဖို့၊ အတိုက်အခံ ပြောဖို့ကို အလျှင်း ဝါသနာ မထုံပေ။ မြန်မာတို့၏ အသုံးအနှုန်း ဓမ္မသတ်၊ ရာဇသတ်၊ ဖြတ်ထုံးဖြတ်ပုံ၊ ရှေးထုံး အစဉ်အလာ များကို သူတစ်ပါးတို့ နာယူအောင် ချိုချိုသာသာ ပြောပြတတ်ပေသည်။ ဤအခါက ဟံသာဝတီ အရေးပိုင်သည် ညောင်တုန်းမြို့ကိုပါ ပိုင်သော ကြောင့် နယ်လှည့်ထွက်ရာ အမိန့်တော်ရ ဦးကြင်ဥသည် အမှုအတွက် လျှောက်လဲရန် စာရေးများ စီးသော စက်လှေနှင့်အတူ လိုက်ပါရလေသည်။ ဖိုးတုတ်ရွာသို့ ရောက်သောအခါတွင်–

### စာရေးများနှင့် အမေးအဖြေ

အမိန့်တော်ရမင်း(မောင်)။ ။ 'ဖိုးတုတ်ကြံဟာ တယ်ပြီး ချိုတယ်လို့ ကျော်ပါတယ်၊ အဟုတ်လား ခင်ဗျာ'

'မောင် စာရေးတော်မင်း၊ ဖိုးတုတ်ကြံ ကျော်တာ ချိုလို့ ကျော်တာ ပေါ့ မောင်၊ ငှင်းကြံကို စုပ်လိုက်လျှင် သကာကျနေတယ် မောင်။ ဒါ့ကြောင့် ကျော်ပေတာပဲ စာရေးတော်မင်း'

'ဒါဖြင့် ကြံခင်းရှိသော ဆိပ်ကို လှေကပ်၍ ကြံဝယ်စုပ်ရအောင်'

'ကောင်းပမောင်၊ မောင် လိုသလောက် ဝယ်သွားတာပ' ဆို၍ ကြံဝယ်ပြီး လှေပေါ်တွင် ကြံစုပ်၍ သွားကြလေသည်။

တည်းခို ရုံးထိုင်ရန် ရွာစခန်းသို့ ရောက်ကြသော် ဘုန်းကြီးကျောင်း ဇရပ်မှာ အခွင့်ပန်၍ ရုံးပြုလုပ် တည်းခိုကြလေသည်။ အိပ်ခါနီးသော်–

'အမိန့်တော်ရမင်း'

'မောင် စာရေးတော်မင်း'

'ဖိုးတုတ်ကြံက ကျော်သာကျော်၊ စုပ်လိုက်တော့ ငန်ငြီငြီနဲ့ပါက လား ဗျ'





'အလကား ကျော်ချင်လို့ ကျော်နေတာပဲ မောင်၊ ရေငန်ထဲ ပေါက်နေတဲ့ ကြံကပဲ၊ ဘယ်ချိုနိုင်မလဲ မောင်ရဲ့'ဟု ပြောသောအခါ ရယ်ကြလေ၏။

### စာဇင်ကိုကျောက်လုံးနှင့် အမေးအဖြေ

အခါတစ်ပါးသော် သန်လျင်မြို့ စစ်ကဲတော်မင်း အိမ်၌ အမှုသည်များပါ စုရုံးကြသည့်အခါ–

'အမိန့်တော်ရမင်း ခင်ဗျ'

'မောင် စာဇင်မင်း'

'မန္တလေးမြို့မှာ ယင်းတော်မလေး... ယင်းတော်မလေးနှင့် တယ် ကျော်ပါကလား၊ ဇာတ်မင်းသမီးထဲမှာ သူ အကောင်းဆုံးပဲလားဗျ'

'ကျော်တယ်၊ ကောင်းတယ် ဆိုတာတော့ ပြောဖွယ် မလိုဘူးပ မောင်၊ ရှင်ဘုရင်ကတောင် ကောက်တော်မူ၍ ဇာတ်ကြီးမှာ သွင်းထားပြီး ရှေ့တော်၌ အသုံးတော်ခံနေရတယ် မောင်။ မိန်းမ သဘာဝနှံပ၊ ဇာတ်သဘင် သည် မှန်သမျှ သူ့ကို ဘုရား ထူးကြရတယ်မောင်။ ယဉ်လဲယဉ်၊ ချော လဲချော၊ အပြောအဆို၊ အနွဲ့အနှဲ့ ကောင်းတာကြောင့် ကျော်လဲ ကျော်ထိုက် ပါပေတယ် မောင်။ နန်းတော်မြို့အတွင်းက အပြင်ကို မထွက်ရဘူး။ အို... ကုန်ကုန် ပြောတော့မယ်၊ ဇာတ်သမမို့သာ မောင်ရေ၊ နို့မို့ရင် ရှင်ဘုရင်က သိမ်းပိုက်တော်မူရဲ့။ အတော် ကုသိုလ်ထူးပေတယ် မောင်'

နောက် ၃ ရက်လောက် ရှိသောအခါ–

'အမိန့်တော်ရမင်း ခင်ဗျ'

'မောင် စာဇင်မင်း'

'မယင်းတော်... မယင်းတော်နှင့် ကျော်လို့သာ ကျော်။ ကိုသာပြော၊ ကိုသာစံတို့လောက် မကောင်းဘူးလို့ ပြောကြပါသလားဗျာ'

'ဟာ... အလကား အကောင်မကပဲ မောင်၊ ဘာကောင်းလိမ့် မလဲ။ ရှင်ဘုရင် အမိန့်တော်နှင့် ကောက်ယူပြီး ဇာတ်ကြီးမှာ သွင်းထားခြင်း ခံရ၍ ရှေ့တော်မှာ အသုံးတော် ခံရသောကြောင့် ကျော်တာကလား မောင်၊ ရှင်ဘုရင်က ကောက်တော်မူတော့ မကောင်းဘူးလို့ ဘယ်သူက ပြောဝံ့မလဲ မောင်။ သာပြော၊ သာစံတို့က တကယ် ကောင်းပေတယ်။

သူတို့လဲ ရုပ်စုံစင်တော်ကြီး အဖြစ်နဲ့ ချီးမြှောက် ကောက်ယူတော်မူခြင်းကို ခံကြရတယ် မောင်။ သာပြောမှာ ရုပ်စုံသဘင်ဝန်၊ ဘုရားထူးခံ မောင်။ ကြဲစစ်သိုင်း ၄ လက် ရတယ် မောင်။ နိုင်ငံကျော်ပါပဲ။ ပြိုင်ယှဉ်ဘက် မရှိဘူးပ မောင်'ဟု ပြောသောအခါ ရယ်ကြလေ၏။

## ၆။ စစ်ကဲတော်မင်း ဦးဝိုက်နှင့် ဦးကြင်ဥ

သန်လျင်မြို့အပိုင် ပျဉ်ထောင်ကျောင်းရွာနေ မောင်ညို ဆိုသူက ငနီ ဆိုသူကို စပါးတစ်ရာလျှင် ငွေ ၅ဝိ ဈေးနှုန်းဖြင့် စပါးပေးငွေ ၅ဝိ ဈေးငှားလိုက်ရာ ပေးချိန်ကျရောက်၍ တောင်းရာ မရသောကြောင့် အမိန့်တော်ရ ဦးကြင်ဥကို ငှား၍ တရားစွဲဆိုလေသည်။ ဤအခါ ပျဉ်ထောင်ကျောင်းရွာမှ စပါးတစ်ရာလျှင် ၈ဝိ ဈေးနှုန်းဖြင့် ရောင်းဝယ် လျက် ရှိကြသည်။ အမိန့်တော်ရ ဦးကြင်ဥက တရားလိုမောင်ညို ပြောချက်အရ စပါးတစ်ရာကို ဖြစ်စေ၊ သို့မဟုတ် ပေါက်ဈေး ၈ဝိ ကို ဖြစ်စေ ရလို၍ စစ်ဆေး အမိန့်စီရင်ချက် "ဒီကရီ" ချပေးတော်မူရန် ရုံးတော်သို့ အဆိုတင်လွှာ တင်သွင်းလေ၏။

တရားခံ ငနီ ဆိုသူမှာ စစ်ကဲတော်မင်း ကြည့်ထားသူဖြစ်သော ကြောင့် မိန့်တော်မူသည်မှာ 'အမိန့်တော်ရမင်း၊ (ဘုရား)၊ ပျဉ်ထောင် ကျောင်းမှာ စပါး ၈ဝိ ဈေး ပေါက်မည် မထင်ဘူး။ မနေ့တစ်နေ့က ကျုပ် သတင်းရတော့ ၆ဝိ ဈေးလိုလို၊ ၅ဝိ ဈေးလိုလို ကြားရတယ်။ သို့ကြောင့် စွဲဆိုတဲ့အတိုင်း မဟုတ်လျှင် အလကား ခေါင်းဖိုးနှင့် စရိတ် ကုန်နေမယ်။ စဉ်းစားထောက်လှမ်း စုံစမ်း၍ အမှန်ကို သိရမှ အဆိုကို တင်သွင်းတာပေါ့'

'မှန်ပါ၊ ကျွန်တော်မျိုး တရားလိုက ပြောချက်အရ အဆိုရေးသွင်း ရပါကြောင်းပါ ဘုရား။ ရုံးမင်းက ကောက်ချက်ထုတ်ရန် တရားခံကို သမ္မန်စာချအပ်၍ အမှုချိန်းနေ့ တရားခံ၏ အချေသွင်းချက်ကို ရုံးမင်းက ကြည့်ရှု၍ အဆိုအချေနှစ်ပြင် ကွဲပြားမည်ရှိခဲ့သော် ကောက်ချက်ထုတ်လျှင် အမှုသည် နှစ်ဦးတို့က ကောက်ချက်အရ သက်သေပြပေးသည့်အတိုင်း စစ်ဆေးသောအခါ သက်သေတို့ ထွက်ချက်အရ တရားသူကြီး ရုံးမင်း





သိတော်မူပါသဖြင့် အဆိုအချေအရ မည်သည့်ဘက်က မှန်သည်ကိုသာ လိုက်၍ စီရင်ချက် ချပေးရမည် ဖြစ်ပါကြောင်း'

'ဟုတ်ပါတယ် အမိန့်တော်ရမင်းရဲ့၊ တယ် အရင်မလိုပါနှင့်လေ။ စားစရိတ် အကုန်အကျ များပြီး အမှုရှည်လျားမည် စိုး၍ ကျုပ်က ပြောတာပါ။ သေသေချာချာ စပါးဈေးကိုသိလျှင် သာ၍ကောင်းတယ်။ အမိန့်တော်ရမင်း ခေါင်းဖိုးကို အကုန်မခံပါနှင့်။ ၄င်းအဆိုကို ရုပ်ဆိုင်း လိုက်ပါ။ ရော့... အလွှာ'

'မှန်ပါ၊ ကျွန်တော်မျိုး အဆိုသွင်းသည်ကို ရုံးတော် တရားသူကြီး က ဆိုင်းထားရန် ပေးသော အမိန့်ကို မဝံ့ဖြစ်ပါကြောင်းပါ ဘုရား' ဆို၍ အလွှာကို ပြန်ယူလေ၏။

ဤအခါ အမှုသည်က 'ဘယ့်နှယ့်လဲ အမိန့်တော်ရမင်း၊ ကျွန်တော်တို့ အဆိုလွှာကို ဘာဖြစ်လို့ ပယ်လိုက်ပါသလဲ ခင်ဗျာ'

'မောင်၊ သူက တရားသူကြီး ရုံးမင်းဖြစ်ပေတယ် မောင်ရဲ့။ သို့သော် မောင့်အမှု စရိတ်မကုန်ဘဲ စပါးကို ဖြစ်စေ၊ ငွေကိုဖြစ်စေ ရပါလိမ့်မယ်။ မောင် ဘာမျှ မပူပါနှင့်။ မောင် ရှေ့နေခငွေကို ပြန်ယူသွား။ ရော့'

'ဟာ... ဘယ့်နှယ့် ရှေ့နေခကို ပြန်ပေးတာတုံး၊ ကျွန်တော် ပြန်မယူပါဘူး။ ရှိပါစေတော့၊ ဦးမင်းသာ သုံးပါ၊ ကျွန်တော် အနေရ ကျပ်ပါတယ် ခင်ဗျာ'

'မဟုတ်ဘူး.. မဟုတ်ဘူး၊ ပြန်ယူပါ မောင်၊ မောင်တို့မှာ ဆင်းရဲပင်ပန်းကြသူများ ဖြစ်တယ်။ အကျိုးမခံစားရဘဲနှင့် စရိတ်ပန်း၊ လူပန်း မဖြစ်ကြစေနဲ့။ ကြားလား... ပြန်ယူသွား။ နောက် အကျိုးခံစား ကြရတော့ မိလို ဖလို သဘောထား၍ ကန်တော့လိုက ကန်တော့ကြတာ ပေါ့ မောင်' ဆို၍ အမှုသည်ကို ပြန်လွှတ်လိုက်သည်။ အမှုသည်လည်း ကန်တော့ဦးချ၍ ပြန်သွားသည်။

**နောက်တစ်နေ့**

စစ်ကဲတော်မင်း ကြည့်ရှုထားသော ပျဉ်ထောင်ကျောင်းရွာနေ မစု ဆိုသူ မိန်းမက သာအေး ဆိုသူကို စပါး ၁ဝဝ လျှင် ငွေ ၅ဝိ ဈေးနှင့်

ဈေးရာ တောင်းခံမရ၍ စပါးကိုဖြစ်စေ၊ ပေါက်ဈေး ငွေ ၈ဝိ ကို ဖြစ်စေ ရလိုကြောင်း ရုံးတော်သို့ အဆိုလွှာ တင်သွင်းရာ စစ်ကဲတော်မင်းက ကောက်ချက်ထုတ်ရန် "သမ္မန်စာ ထုတ်စေ" ဟု အမိန့်ချမှတ်၍ အလွှာကို စာရေးသို့ ပေးလေ၏။

ဤအခါ အမိန့်တော်ရ ဦးကြင်ဥက 'မောင်... စာရေးကြီး၊ ဤအဆိုလွှာကို ကြည့်ပါရစေ' တောင်း၍ အမိန့်ချမှတ်ချက်ကို ကြည့်ပြီးလျှင် 'ဟင်း... ကမြင်းမ စပါးဈေး၊ သရမ်းလိုက်တာ။ မနေ့ကတော့ ကျတယ်၊ ကနေ့တော့ တက်တယ်၊ ကောင်းသေးရဲ့လား' ဟု ဆိုပြီးတော့ အလွှာကို စာရေးသို့ ပေးလိုက်လေ၏။

ထိုအခါ စစ်ကဲတော်မင်းက 'အမိန့်တော်ရမင်း' (ဘုရား)၊ 'မနေ့က အမိန့်တော်ရမင်း အဆိုလွှာကိုလည်း တင်ပေတော့လေ။ လက်ခံပြီး ကောက်ချက်ထုတ်ရန် သမ္မန်ထုတ်ပေးမည်' ဟု ပြောလေ၏။

'မှန်ပါ၊ မနေ့က အမိန့်တော်မြွက်အတိုင်း ခေါင်းဖိုးကုန်မည် စိုးပါ၍ ဦးလည်းမသုန် နာခံဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်းပါ ဘုရား။ အဆို တစ်ဖန်ပြန်၍ မသွင်းလိုပါ။ ကျွန်တော်မျိုး တရားလို၏ ကံအတိုင်းသာ ဖြစ်ရပါသည် ဘုရား' ဟု လျှောက်ထားပြီး ရုံးအောက်သို့ ဆင်းသွားလေသည်။

ရုံးအောက်ရောက်လျှင် အမှုသည်များက 'ဘယ့်နှယ့်လဲ အမိန့်တော်ရမင်း၊ အဆိုလွှာကို ပြန်၍တင်ရန် အမိန့်ပေးသည်။ ဘာဖြစ်လို့ မတင်ဘူးဟု ငြင်းရပါသလဲ'

'မောင်... ကျုပ်က စပါးဈေးတက်သည်ကို ဆဲပြီးပြီ မောင်ရဲ့။ အဆို ထပ်၍တင်ရန် မလိုပါဘူး မောင်'ဟု ပြောသောအခါ ရယ်ကြလေ၏။

နောက် မောင်ညိုမှာ ဈေးသူ ငနီက ပေါက်ဈေးအတိုင်း ငွေ ၈ဝိ ဆပ်ပေးရကြောင်း သိရသည်။ ညိုလည်း ဈေးငွေကို ပေါက်ဈေးအတိုင်း ရ၍ ဝမ်းမြောက်စွာ အမိန့်တော်ရထံ လာရောက်ပြီး ပေါက်ဈေးအတိုင်း ငွေရကြောင်း ပြောပြ၍ အထက်က ပြန်ပေးသော ရွှေနေခကို ကန်တော့သောအခါ အမိန့်တော်ရက–

'ဟဲ့ မောင်ညို၊ မင်းအတွက် ဘာကြီး ပင်ပန်းရသည် မဟုတ်။ တရားသူကြီး ရှေ့၌ စပါးဈေးကို ဆဲဆိုရခြင်းမျှသာ ဖြစ်သည်။ ဒါကြောင့် အားလုံး မယူပါဘူး၊ တစ်ဝက်သာ ဘာကြီး ယူမယ်။ သဒ္ဓါရင် ကန်တော့ခဲ့'





'မဟုတ်ပါဘူး ခင်ဗျား၊ ကျွန်တော် အကုန်ပဲ ကန်တော့ပါ့မယ်' ဆို၍ အကုန် ထားခဲ့၍ မောင်ညို ပြန်၍သွားလေသည်။

'သည်အမိန့်တော်ရမင်း သဘောထားပုံကိုလဲ တယ်ပြီး နည်းယူ မှတ်သားဖို့ ကောင်းပါပေတယ် အဘိုးရယ်'

## ၇။ ရှေ့နေထူး ဦးကွန်အကြောင်း

သက္ကရာဇ် ၁၂၄၈ ခုနှစ်က ပဲခူးမြို့သို့ ရောက်၍ သိရသည်မှာ ပဲခူး လိပ်ပြာကန်အရပ်၌ အမိန့်တော်ရ ဦးကွန်၊ အမိန့်တော်ရ ဦးအုံးတို့ကို သိကျွမ်းရသည်။ ဦးကွန်မှာ မြန်မာမင်းလက်ထက်က ခုံစာရေးလုပ်ဖူးသည် ဟု ပြောသည်။ ရှေးထုံး ရှေးနမူနာကို ပြောလေ့ရှိသည်။ စကားပြောသည်မှာ သွက်လက်သည် မဟုတ်၊ လေးလေးခန့်ခန့် ရှင်းရှင်းလင်းလင်း အပိုမပါ၊ တိတိကျကျ ပြောလေ့ရှိသည်။ ကြည်ညိုဖွယ် ကောင်းသည်။

ဦးအုံးမှာ စကားပြော သွက်လက်သည်။ လက်ဟန်ခြေဟန် ကောင်းသည်။ မြန်မာမင်းဧကရာဇ် လက်ထက်တော်တွင် အမှုမထမ်းခဲ့ရသော်လည်း အမှုထမ်းခဲ့ရလေဟန်၊ ဘွဲ့တံဆိပ်ကို ရခဲ့ရလေဟန် ဝါကြွား ပြောဆိုလေ့ ရှိသည်။ မိမိ မတတ်မကျွမ်းသော်လည်း တတ်ကျွမ်းလေဟန် ပြု၍ မိမိ ဂုဏ်ပကာသနကို ဖော်ပြ ပြောဆိုတတ်သည်။

ဤသို့ မဟုတ်မမှန် ပြောသည်ကို ဦးကွန်က အကြားပြင်းကတ်၍ 'ဟေ့ မောင်အုံး၊ မင်းက ရှေ့နေနှင့်ဆိုင်တဲ့ စကားကိုသာ ပြောပါ၊ မသိတဲ့သူတွေကို အဟုတ်မှတ်အောင် လိမ်လည်ဝါကြွားနေသည်မှာ မုသား အဆစ်ထည့်တာနှင့် တူတယ်၊ ဆင်ခြင်ပါကွယ်'ဟု ပြောရာ၊ ဦးအုံးက 'အို... ကိုကွန်၊ ကျုပ်အကြောင်းကို ကိုကွန်သာ သိပါတယ်၊ မိမိကို အလေးပြုကြရန် မသိတဲ့ လူတွေကို ဟန်လုပ်ပြီး ကြွားရတယ်'ဟု ပြန်ပြောသောအခါ ဦးကွန်က 'အင်း... ဝါသနာစရိုက် ဆိုတာ ရဟန္တာ တောင် မစွန့်နိုင်ဘူး'ဟု ဆိုပေသည်။ 'မင်းစရိုက်က အကုသိုလ်စရိုက် ဖြစ်ကြောင်းကို သိရပေသကွယ်'လို့ ပြောလေ၏။

တစ်ခါတစ်ရံ လူများနှင့် ဝိုင်းဖွဲ့ပြီး ပြောဆိုသည်မှာ 'ပါရမီခန်း၊ ဆုတောင်းခန်းပျို့၊ ကိုးခန်းပျို့များကဲ့သို့ ငါတို့ ရေးသားစီကုံးလျှင်လည်း

ဖြစ်နိုင်လောက်သည်။ ဆတိုင်မှတ် ဆရာဦးကူး ရေးသားသော "လူ့ဝံ မောင်နှမဇာတ်"၊ "ပဋ္ဌာစာရီဇာတ်"၊ "မယ်ထွေး ငွေဗျိုင်းဖြစ်ဇာတ်"များလို ငါတို့ ရေးရလျှင် သာ၍ ကောင်းလိမ့်မည်။ မခက်ပါဘူး။ တံဆိပ်တော် စာရေး ဆုသာ ရေးသော "စောသော စောမေ"နှင့် "တင်တင် ခင်ခင်" ဇာတ်များဟာ အလကားတွေပါ။ အဲ့းက ဒါမျိုးကို မရေးချင်ဘူး၊ မိမိ ဂုဏ်ပျက်မည်ကို စိုးသပေါ့။ တို့ဉာဏ်က စလေဦးပုည ဉာဏ်နှင့် ထပ်တယ်၊ သိရဲ့လား'

နားထောင်သော သူတို့က 'ဘယ်လိုများ ဦးပုည ဉာဏ်နဲ့ ထပ်ပါသလဲ အမိန့်တော်ရမင်း' ဟု မေးသောအခါ–

'မောင်တို့ ဦးပုည ရေးတဲ့ "ဝိဇယဇာတ်"ကို ဖတ်ဖူးကြရဲ့လား'

'ဖတ်ဖူးပါတယ် ခင်ဗျား'

'အေး၊ ဝိဇယဇာတ်၌ မိဖုရားက မင်းကြီးကို တင်သော စကားမှာ။ ။ မြပိတုန်းကော၊ ဂမုန်းခွေမှာ၊ သုံးရွှေကြော့ယဉ်၊ နဝရတ်ကုံး၊ အမြတ်ဆုံးမို့၊ ချစ်ရုံးဆင်၊ ထိပ်တင်နေမင့်ဆွေဘုရား တဲ့။ မယဉ်လားကွဲ့'

'ယဉ်ပါ ခင်ဗျား'

'ပြီးတော့ မင်းကြီးက မိဖုရားကိုခေါ်သော စကားမှာ။ ။ ဘမယာထိပ်၊ ညာတံဆိပ်မှာ ကြာရိပ်ကြီးလယ်၊ မဆုံးသရွေ့၊ မုန်းမမေ့တဲ့ ဘုန်းဟော့မယ်။ ။ မယဉ်လားကွယ်'

'ယဉ်ပါ ခင်ဗျား'

'ပြီးတော့ မင်းကြီးက သားတော်ကို ခေါ်သော စကားမှာ။ ။ ယုဂန်နန်းနှင့်၊ တာလမ်းချင့်၊ စန်းငွေပွင့်ယုန်၊ ပမာနှိုင်းဆ၊ ရှုတိုင်းလှတဲ့၊ ဘ ကြေးမုံ။ ။ ယဉ်တယ် မဟုတ်လား'

'ယဉ်ပါ ခင်ဗျား'

'နို့ပြီးတော့ ဝိဇယမင်းသား လင်္ကာဒီပကျွန်းကို ရောက်၍ ကျွန်းလား စကားမှာ။ ။ လက်စွဲတော် နေမျိုးရို့။ ။ သမုဒ္ဒရာ၊ ကမ်းယံ ကခွာခဲ့၊ ကန္တာကွန်းထောက်၊ မော်စွန်းကွယ်– ကျွန်းလယ်သို့ ရောက်ကပြီ ထင့်၊ နှင်းသောက်တဲ့မြိုင်၊ ညာသွယ်ဆင့်တန်း၊ နာမယ်ဖြင့် ဆန်းပေလိမ့်၊ ဘယ်ပန်းခိုင်လို့ သိနိုင်တတ်ပြီ၊ မင့်တချို့၊ ငုံတချို့နှင့်၊ မှုံလို့သာစီ ရာသီသင့်ဟန်ရှိကြတယ်၊ ယူသယ်ဝတ်ယက်၊ လေချိုသိမ်းဘွဲ့၊ စိမ်းလဲ့လဲ့





နှင့်၊ နွဲ့ပန်းဆက်မှာ၊ ငှက်ဖြင့်ငှက်ပဲ၊ သာရကာလား–တမာလား၊ ဘွဲ့ခြားလို့ ခွဲနိုင်ဘု၊ ယဉ်နဲကပို–ထုံဝတ်လွှာမွှေး၊ ဆွတ်ခါနွေး–ညာကြွေးကြော်လို့၊ ဖော်တကိုယ်–ခေါ်သလို ထင်လိုက်ပါဘိတယ်၊ ပယ်တကွင်းစာ၊ လယ်ခင်း သာမှာ၊ ဇာမရီလို့၊ ဇော်ဂီလိုနှင့်၊ ကိုယ်ခပ်ဖိုင့်ဖိုင့်၊ ခရာပိုပို၊ ဘာလိုလို ချိုဝိုင့်ဝိုင့်နှင့်၊ ဂနိုင့်ကျက်သရေ၊ မြက်ခင်းလဲ့လဲ့–နှင်းတွဲ့တွဲ့မှာ၊ သင်းဖွဲ့လို့ နေကြတယ်။ ရုံရွှေတညီ၊ နေရီရီမှာ၊ ပွေပလီ များတာမို့၊ သနားစဖွယ် ရှိလှတယ်။ ။ အဲဒီစကားများကော ယဉ်တယ်၊ ကောင်းတယ် မဟုတ်လား'

'ကောင်းပါတယ် ခင်ဗျား'

'အေး၊ ငါကလဲ ခု ဆိုပြတဲ့ ဟာမျိုးကိုပဲ ရေးချင်တယ်ကွဲ့။ ဒါကြောင့် ဦးပုညနဲ့ ငါနဲ့ ဉာဏ်ချင်းထပ်လို့ ငါပြောတာဟော့'လို့ ဆိုလိုက်လျှင် စုဝိုင်းနေကြသော သူများက ဟက်ဟက်ပက်ပက် ရယ်မောကြလေ၏။

တစ်ရံသော် သကြန်စာကို ကိုင်လျက် အမိန့်တော်ရ ဦးကွန် အိမ်ကို သွားရာ၊ ဦးကွန်က–

'ဘာစာများ ကိုင်လာတုံး မောင်အုံး' လို့ မေးရာ–

'ခက်နေပါပြီ ကိုကွန်ရယ်'

'ဘာ ခက်နေပြန်သလဲကွဲ့'

'ခက်ဆို ကိုကွန်တို့ ကိစ္စမရှိပါ၊ ကျုပ်သာ ခက်နေပါတယ်'

'မင်းခက်တာ ပြောပါဦးကွဲ့'

'သင်္ကြန်ရာဇ်ကူးမည့် သကြန်အဆိုက "ပညာရှိ ဒဏ်သင့်အံ့"ဟု အဟောပါလာ၍ အနေရ ခက်နေပကောလေ'

'ပညာရှိ ဒဏ်သင့်အံ့ဟု သကြန်စာက အဆိုရှိ၍ မင့်ကို ဒဏ်သင့်ခံ၍ ပညာရှိကြီး လုပ်နေချင်တာ။ ဘယ်သူကမှ မင်းကို တရား မစွဲဘူး၊ ပူမနေပါနဲ့'ဟု ပြောလိုက်ရာ၊ ရယ်မော၍ ထွက်သွားလေ၏။

## ၈။ ရွှေနေထူး ဦးသာကြွယ်အကြောင်း

ရှေးက လှိုင်မြို့ခေါ်သော လှိုင်မြို့အုပ်ရုံးမှာ တော်လတဲ့ရွာ၌ ရုံးစိုက်လေသည်။ ၎င်းတော်လတဲ့ရွာ ဆိပ်ကမ်းသည် လှိုင်မြစ်တို့၏ ဆုံရာဌာန

ဖြစ်လေသည်။ ထိုအခါက သဘော်ာမရှိသေး။ ကုလားရွက်လှေ၊ မြန်မာလက်လှော်လှေ၊ ခတ်လှေ၊ လောင်းခို၊ စပ်လှေ၊ နှောလှေများ စုန်ဆန်သွားလာလျက် ရှိကြလေသည်။

၄င်း လိုင်ရုံး၌ စစ်ကဲတော်မင်း ဦးမောင်ကလေး အုပ်စိုးလျက်ရှိနေခိုက်အခါ အမိန့်တော်ရမင်း ဦးသာကြွယ် ဆိုသူ ရှိသည်။၄င်းဦးသာကြွယ်သည် အမရပူရ ပုဂံရွှေနန်းရှင် လက်ထက်တော်အခါက စံယွေးမြို့ ပုံနှင်းစာရေး ဖြစ်ဖူးသည်ဟု ပြောသည်။ ဒုတိယစစ် ဖြစ်ပြီးနောက် လိုင်မြို့အုပ်ရုံး၌ အမှုသည်တို့၏ ရှေ့ဆောင်ရှေ့ရွက် ပြုလုပ်နေရာမှ ရှေ့နေလိုက်စားရန် အခွင့်အမိန့် ရ၍ အမိန့်တော်ရ ဦးသာကြွယ်ဟု ထင်ရှားလေသည်။

ဦးသာကြွယ်သည် စကားပြောကောင်းသည်။ လူကို သနားတတ်သည်။ ပျော်ပျော် နေတတ်လေသည်။ ဤအခါမှာ သားမယား မရှိ။ တပည့်တစ်ယောက် စာရေးအဖြစ်နှင့် ထား၍ ချက်ပြုတ် စားသောက်နေပေသည်။

**တစ်ခါတစ်ရံ အရပ်ကို လျှောက်၍ ထမင်းစားပုံ**

နံနက် ထမင်းစားချိန်တိုင် ရောက်လျှင် တော်လတဲ့ရွာ အရှေ့ပိုင်းသို့ သွားရာ၊ ထမင်းစားနေသော အိမ်က သူ လာတာကို မြင်၍–

'အမိန့်တော်ရမင်း ထမင်းသုံးဆောင်ရန် ကြွပါ' ခေါ်လျှင်–

'ဘာဟင်းတုံးဟဲ့'

'ဘာမှမရှိဘူး အမိန့်တော်ရမင်း၊ ကိုင်းချဉ်ပေါင်ဟင်းချို ချက်ပါတယ်'

'အမယ်မင်း... ကြည့်ပ၊ အခန့်သင့်လိုက်တာ၊ မနေ့ညက ငါ ကိုင်းချဉ်ပေါင်ဟင်း စားချင်ပါဘိတယ်လို့ ညည်းမိသေးတယ်၊ တော်လိုက်လေဟယ်' ဆိုပြီး ထမင်းပွဲသို့ ဝင်ထိုင်ကာ ထမင်းသုံးလုတ်နှင့် ချဉ်ပေါင်ဟင်း သုံးဇွန်းလောက် သောက်ကာ 'တော်ပြီ'ဟု ထ လေ၏။ အိမ်ရှင်က 'တော်ပြီလား အမိန့်တော်ရမင်း၊ ဝအောင် သုံးဆောင်ပါ'ဟု ပြောရာ–

'တော်ပြီ... တော်ပြီ၊ ချင်ခြင်းပြေပေါ့ကွယ်၊ သာဓု... သာဓု' ဆိုပြီးလျှင် ထွက်သွားလေ၏။





နောက်တစ်အိမ်က 'အမိန့်ရတော်မင်း၊ ထမင်း စားတော်ခေါ်ကြွပါ' ဟု ခေါ်ရာ–

'ဘာဟင်းလဲဟေ့'

'ပဲဟင်းချက်ပါတယ်'

'တော်လေဟယ်၊ ပဲဟင်း ဓာတ်စာကျနေတယ်' ဆို၍ ထမင်းပွဲဝင်ပြီး ထမင်းသုံးလုတ်၊ ပဲဟင်း သုံးဇွန်းသောက်ပြီး 'ဓာတ်စာဖြစ်သွားပြီ' ဆို၍ ထွက်သွားရာ၊ တစ်အိမ်က ထမင်းစားခေါ်ရာ ဝင်၍ ထမင်းသုံးလုတ်၊ ဟင်းသုံးဇွန်းလောက် သောက်ပြီး ထွက်သွားရာ အိမ် ၄ အိမ်လောက်ရှိလျှင် ထမင်းဝ၍ အိမ်သို့ပြန်လာသောအခါ လမ်းမှာရှိသော ဈေးဆိုင်ဝင်– 'ဟဲ့ လက်ဖက်ထည့်လိုက်စမ်း' နှစ်လုတ်လောက်စားပြီး 'ရော့ ... တော်ပြီ'၊ နောက်တစ်ဆိုင် 'ဟဲ့ ... ဆေးလိပ်တစ်လိပ် ပေးစမ်း' ဆို၍ ယူပြီးလျှင် သောက်လျက် စစ်ကဲတော်မင်းအိမ်သို့ သွားလေသည်။ စစ်ကဲတော်မင်းက 'အမိန့်တော်ရမင်းလား၊ ကြွပါ ... ကြွပါ၊ ဘယ့်နှယ် အမိန့်တော်ရမင်း၊ ယနေ့မနက် ဝမ်းရေးကိစ္စ ပြီးခဲ့ပါသလား'

'မှန်ပါ၊ ဘုန်းတော် ကံတော် အရိပ်တော်ကို ခိုလှုံရပါသဖြင့် အိမ် ၄ အိမ်နှင့် သာကြွယ် ချောမောခဲ့ပါကြောင်းပါ ဘုရား' ဟု လျှောက်သောအခါ စစ်ကဲတော်မင်း အပါး၌ ရှိသော သူတို့ပါ ရယ်ကြလေသည်။

ထမင်းစားပုံ အကြောင်းကိုလည်း ပြောပြရာ၊ စစ်ကဲတော်မင်းက–

'တစ်အိမ် သုံးလုတ် စားနေသလား၊ တစ်အိမ်တည်းမှာပဲ အဝ စားလိုက်လျှင် မပြီးဘူးလား'

'မှန်ပါ၊ အိမ်ရှင်က ယနေ့နံနက် သာကြွယ် လာစားလိမ့်မယ်ဟု မသိ ဖြစ်ပါ၍ မိမိတို့ အိမ်သားလောက်သာ တိုင်း၍ ချက်ပါသောကြောင့် သာကြွယ်က အဝ ဝင်၍ကြိတ်ပါလျှင် အိမ်ရှင်များမှာ ဝကြမည် မဟုတ်ပါ။ ထမင်းသုံးလုတ်နှင့် ဟင်းရည်သုံးဇွန်းကို သူတို့မှာ ဝန်မလေးပါ။ မလောက်မင ဟူ၍လည်း မရှိပါဘုရား။ တစ်အိမ်ထဲ ဝအောင် ဝင်ပြီးစားသော် အိမ်ရှင်များ ထမင်းမလောက်၍ စိတ်မကောင်းဖြစ်ပြီးလျှင် နောက်ကို သာကြွယ်အား ထမင်းစား ခေါ်ကြမည် မဟုတ်ပါ။

ကျွန်တော်မျိုးက တစ်အိမ်မှာ သုံးလုတ်ကျ စားလျှင် လေးအိမ်ရှိတော့ ထမင်းလုတ်ပေါင်း ၁၂ လုတ် စားရပါ၍ ဝမ်းဝ တောင့်တင်းကာ ချမ်းသာသဖြင့် ရှေ့တော်သို့ အခစား ရောက်ရပါကြောင်းပါ ဘုရား' လို့ လျှောက်သော် ဝမ်းမြောက်ဝမ်းသာ ရယ်မောကြလေသည်။

**ရှေ့နေခ ရ၍ ဝေခြမ်းပုံ**

အမှုသည်က ရှေ့နေလိုက်ရန် ပြော၍ ရှေ့နေခ ရလျှင် စာရေးကို ၅၊ အနားမှာ ဝိုင်း၍ထိုင်နေကြသော လူများကို ၃ စီ၊ ၂ စီ။ နေ့စဉ် ဈေးဆိုင်ကလေးများမှ ဆေးလိပ်၊ လက်ဖက် ယူ၍ စားသောက်ရသည့်အတွက် ၃ စီ၊ ၂ စီ။ အိမ်နီးချင်း ဆင်းရဲသောအိမ်များ ၂ စီ ပေးကမ်းလေသည်။ ငွေ ၃ ကို ချန်ထားသည်။ 'ဒီငွေ ၃ မည်သူနှင့်မျှ မဆိုင်၊ သာကြွယ်နှင့် ဆိုင်သည်။ ၎င်းငွေ ၃ ကို ဝီစကီပုလင်း ပူဇော်ရမည်' ဟု ပြောသောအခါ ရယ်ကြလေသည်။

**ပုဆိုး ပေးကမ်းပုံ**

စာရေးကြီး ဦးသာထွေးက ကြည်ညိုသဖြင့် ပိုးပုဆိုးတစ်ထည် ဝယ်၍ ကန်တော့ရာ 'အင်း... ကောင်းပေကွယ်၊ သာဓု... သာဓု... သာဓု၊ ချမ်းသာပါစေ။ ပုဆိုး မရှိတာနဲ့ အတော်ပဲ၊ မောင်သာထွေး ဝမ်းသာပါဘိကွယ်' ဟု ပြော၍ ရုံးတက်၊ အရပ်ထဲ လျှောက်၍ 'စာရေးကြီး မောင်သာထွေး ကန်တော့လို့ ဝတ်ရပေသည်'ဟု ပြောလေသည်။

နောက်မကြာမီ တောကလူတစ်ယောက် လာ၍ 'အမိန့်တော်ရမင်းခင်ဗျာ၊ ကျွန်တော်မှာ ဆင်းရဲလို့ ပုဆိုးဝတ်စရာ မရှိပါ။ ပုဆိုးနွမ်းကလေးများ တစ်ထည်လောက် ပေးပါ' ဟု တောင်းသောအခါ 'အင်း... ဆင်းရဲသကိုးကွဲ့၊ ပေးရမှာပ၊ ရော့... သည်ပုဆိုးတစ်ပိုင်းကို ဝတ်လိုက်စမ်း။ မင်းဝတ်လာသော နံ့ယော်ကို ငါ့ပေး'ဟု တောင်း၍ ဝတ်ပြီးလျှင်– 'ကိုင်း သည်ပုဆိုးကို မင်းဝတ်သွားပေတော့၊ မင်းနံ့ယော် ငါဝတ်တော့မည်။ မနေ့တစ်နေ့ကပဲ သည်ပုဆိုးကို စာရေးကြီး ဦးသာထွေးက လာပြီး ကန်တော့တာဟေ့' လို့ ပြောလိုက်လေသည်။

ပုဆိုး ပေးလိုက်သည်ကို စာရေးကြီး ဦးသာထွေးက လာ၍





'ဘယ့်နှယ့်လဲ ဆရာ၊ ကျွန်တော်က စေတနာနှင့် ဝတ်ရန် ပုဆိုးကန်တော့တာ တစ်ရက် နှစ်ရက်ပဲ ရှိသေးတယ်၊ သူတစ်ပါးကို ချွတ်ပေးတာ ကောင်းရဲ့လား' ဟု ပြောရာ 'မောင်သာထွေး၊ မင်း ငါ့ကို ကြည်ညိုလို့ လာပြီးကန်တော့တယ် မဟုတ်လား' ဟု ပြောရာ–

'ဟုတ်ပါတယ် ဆရာ'

'ဟုတ်ရင် သည်ပုဆိုးကို ဘယ်သူ ပိုင်သလဲ'

'ဆရာ ပိုင်ပါတယ်'

'ငါပိုင်လျှင် ငါ့ပစ္စည်းပဲ ဖြစ်ကပေါ့၊ ငါ ဘယ်လိုပဲလုပ်လုပ် မင်းနဲ့ ဘာဆိုင်သလဲကွဲ့'

'ကျွန်တော်က ဆရာ ဝတ်နေတာကို ကြည့်ချင်တယ် ဆရာ'

'မင်းကြည့်ချင်ပေတဲ့ ကိုယ့်အောက်က ဆင်းရဲတဲ့လူက ရလိမ့်မည်ဟု ခ ယ တောင်းသောအခါ မပေးလျှင် မကောင်းဘူးကွဲ့။ ခများ အားကိုးပြီးတော့ လာတာ။ အားငယ်၍ ဝမ်းနည်းသွားမှာကို သနားသောကြောင့် ရှိတဲ့ပုဆိုးပဲ ပေးလိုက်ရတာပေါ့ကွယ်'

'ဆရာ ပေးတာက ဟုတ်ပါရဲ့၊ ဆရာ့မှာ ဝတ်စရာ မရှိတော့ ဘယ့်နှယ့်လုပ်မလဲ'

'မရှိလို့ ငါ့မှာ ဂုဏ်မပျက်ပါဘူးကွဲ့။ သာကြွယ်မှန်း၊ ရှေ့နေမှန်း နယ်နှင့်တကွ သိပြီး ဖြစ်နေတာပါကွဲ့။ ငါ့မှာ မင်းအသိသား၊ ဝီစကီရှိလျှင် ကိစ္စချောမော၍ ချမ်းသာနေတာပါကွဲ့' ပြောသောအခါ စာရေးကြီး ဦးသာထွေးက ရယ်လျက် ပြန်သွားလေသည်။

**အရက်မူး၍ အော့အန်ပုံ**

လိုင်မြို့အပိုင် ဆင်ခြံရွာ ဘုန်းကြီးပျံပွဲသို့ ညအခါ အမိန့်တော်ရများ၊ စာရေးများ သွား၍ သောက်စားပျော်ပါးကာ ပွဲလမ်းသဘင် ကြည့်ကြရာ၊ အမိန့်တော်ရ ဦးသာကြွယ် အသောက်လွန်၍ အော့အန်မူးယစ်ကာ မထနိုင်သဖြင့် လှည်းပေါ်သို့ တင်ထားရလေသည်။

ဤသို့ ဖြစ်သည်ကို စစ်ကဲတော်မင်း သိလေသည်။ မိုးလင်း၍ ပြန်လာကြရာ ဦးသာကြွယ် မူးယစ်သည်ကို ပြောပြရယ်မောကာ လာကြ၍ အိမ်သို့ ရောက်သောအခါ ရေချိုး၊ အဝတ်လဲပြီး စစ်ကဲတော်မင်း အိမ်သို့

သွားလေသည်။ စစ်ကဲတော်မင်းက 'ဩော်... အမိန့်တော်ရမင်း ဦးသာကြွယ်၊ လာ... လာ၊ ညက ကျုပ် သတင်းကြားရတယ်။ အမိန့်တော်ရမင်း ဦးသာကြွယ် တယ်ပြီး ပျော်နေတယ်လို့ ကြားရတယ်။ ဟုတ်ပါသလား'

'မှန်ပါ၊ ဘုန်းရိပ်ကို ခိုလှုံသဖြင့် သာကြွယ်မှာ ဆေးမရှိ ပျော်ပါး ရကြောင်းပါ ဘုရား။ သို့သော် ယခုနှစ် စပါးဆန်ဈေး ကောင်း၍ မြို့နယ် စည်ပင်သာယာ ဝပြောကြမည့် အကြောင်းနိမိတ် ဖြစ်ပေါ်လာ ကြောင်းပါ ဘုရား'

'ဘယ်လို အကြောင်းနိမိတ်များ ပေါ်ပေါက်တုံးဗျ'

'မှန်ပါ၊ ကျွန်တော်မျိုး သာကြွယ်သည် အပျော်အပါး အားကြီး ပြီးတော့ တောင်ကျွန်းဘက်လှည့်၍ အန်ပါကြောင်းပါ ဘုရား' ဟု လျှောက်လျှင် ရယ်ကြလေသည်။

## လူကွအကြောင်း

စစ်ကဲတော်မင်း၏အစ်ကို စစ်ကဲတော်မင်းဦးခိုင် လာရောက်ရာ ယိုးဒယား ကြက်ကွကလေးတစ်ကောင် ပါလာသည်။ စစ်ကဲတော်မင်းဦးခိုင် ရောက် သည်ကိုကြား၍ အားလုံး စာရေး၊ ရှေ့နေများ သွား၍ နှုတ်ဆက်ကြရ သည်။ အမိန့်တော်ရမင်း ဦးသာကြွယ်သည် နောက်မှရောက်၍ စစ်ကဲ တော်မင်း ဦးခိုင်က 'ဩော် ... အမိန့်တော်ရမင်း ဦးသာကြွယ်လား၊ ကြွပါ ... ကြွပါ၊ ကျန်းမာရဲ့နော်'

'မှန်ပါ၊ မေတ္တာကြောင့် သာကြွယ်မှာ မထောင်းတာ ဖြစ်ပါ ကြောင်းပါ ဘုရား'

'အမိန့်ရတော်မင်းများ တွေ့ရတာ အင်မတန် ဝမ်းသာပါတယ်။ အားလပ်သည့်အခါ ဖြစ်၍ ညီကိုလဲ တွေ့ရန်၊ အမိန့်တော်ရမင်းများလဲ တွေ့ရန် လာခဲ့ပေတယ်။ ၎င်းအပြင် ယိုးဒယားကြက်ကလေး ထူးလွန်း လို့ ပြချင်တာလဲ ဖြစ်ပေတယ်။ ဟော ... ကြည့်စမ်း၊ အမိန့်တော်ရ မင်း၊ ယိုးဒယားကြက်ကလေး ဟိုမြောက်အမေရိကန် တရိကုမ္ဗတောင်မှာ ရှိကြောင်း သိရ၍ သံကြိုးရိုက်မှာလို့ ကျုပ်မို့ ရတယ်။ ဒီကြက်မျိုး နှစ်ကောင်သာ ပေါက်သတဲ့၊ ကြည့်စမ်းပါ။ ဘယ်လောက်များ ကွသလဲ လို့။ အပ်ကလေးကိုတောင် မကျော်နိုင်ဘူး အမိန့်တော်ရမင်း'





'မှန်ပါ၊ ယခု သာကြွယ် အသက်ခုနစ်ဆယ် နီးလာပါပြီ ဘုရား။ ယိုးဒယား ကြက်ပုကွကို ဘုန်းတော်ကြောင့် ဒီတစ်ခါ မြင်ဖူး ရတာ အလွန်မှ ကံထူးပါကြောင်းပါ ဘုရား။ သာကြွယ်က လူပု လူကွကိုတော့ မြင်ဖူးရပါ ဘုရား'

'လူပု လူကွ ဆိုတာ ဘယ်လောက်များ ကွပါသလဲ အမိန့် တော်ရမင်း'

'မှန်ပါ၊ ခါးတောင်းကျိုက်လိုပါလျှင် သဲသောင်ပြင်နှင့် ဖွဲပုံပေါ် သို့ သွားမှ ခါးတောင်းကျိုက်နိုင်ပါကြောင်း' လျှောက်သော် အနားရှိ လူများ ရယ်ကြလေသည်။ စစ်ကဲတော်မင်းဦးခိုင် မျက်နှာပျက်ယောင် ရှိသွားလေသည်။

နောက် ပြန်လာကြ၍ စာရေးနှင့် အမိန့်တော်ရမင်းများက မေးကြည့်ရာ 'ကြီးကြီးကျယ်ကျယ် လုပ်လို့၊ ဒီကြက်မျိုး အပုံပဲ ရှိတယ်။ မြောက်အမေရိကန် တရိကုမ္ဗတောင်က ရတယ်။ သူမို့ ရတယ်ဟု ဟိတ်ထုတ်အားကြီးသောကြောင့် ကြားပြင်းကတ်လို့ လူကွကို ပြောပြ လိုက်တယ်။ ကျုပ်လူကွက မြေပြင်မှာ ခါးတောင်းကျိုက်လျှင် လက်နှိပ် လို့၊ လက်သွင်းလို့ မရနိုင်ဘူး။ သောင်ပြင်နှင့် ဖွဲပုံမှာ လက်နှိပ်လို့ ရ တယ်။ အဲဒီလူကွလောက် ယိုးဒယားကြက် လိုက်ပြီး ကွနိုင်သေးရဲ့လား' ဟု ပြောပြရာ ရယ်ကြလေ၏။

'ရယ်လဲ ရယ်ရပါ၊ မှတ်စရာလဲ ကောင်းရဲ့ အဘိုးရယ်'

## ၄။ ရှေ့နေထူး ဦးတူအကြောင်း

ဟင်္သာတမြို့ အမိန့်တော်ရရှေ့နေ ဦးတူသည် လူများကို သနားလေ့ ရှိသည်။ မိမိအောက် ငယ်သားများကို "ငါ့ညီ၊ ငါ့တူ၊ ငါ့နှမ၊ ငါ့မြေး" ဟူ၍ ခေါ်ကာ ပြောဆိုလေ့ရှိသည်။ မိမိထက် ကြီးသူတို့ကို "အစ်ကို၊ အစ်မ၊ ဦးလေး၊ ဦးရီး၊ အရီး၊ ဒွေးတော်၊ ဘုရားဒကာ၊ ကျောင်းဒကာ" ဟူ၍ ခေါ်ကာ ပြောဆိုလေ့ ရှိသည်။ မိမိနှင့် တန်းတူများကို "ကိုရင်" ဟူ၍ ခေါ်ကာ ပြောလေ့ရှိ၏။ နာမည်ကို ထုတ်ဖော်၍ ခေါ်ငင်ခြင်းကို အလျှင်းမပြု ဖြစ်ပေသည်။ မိမိအိမ်သူ ဇနီးကိုလည်း နာမည်ကို မခေါ်၊ "ရှင်မ" လို့ ခေါ်လေ့ရှိသည်။

တစ်ရံတစ်ခါ ဇနီးဖြစ်သူက ‘အမိန့်တော်ရမင်း၊ ယနေ့ဖြင့် ဟင်းချိုဟင်းကလေးနဲ့ သောက်စားရအောင် ချက်ဖို့ စိတ်ကူးပါတယ်။ သောက်မလား’ ဟု မေးလျှင် –

‘အို … ရှင်မ၊ နေ့စဉ် အမဲ ဝက် ကြက်တို့ကို စားသောက်နေရတာ ညှီစော်နံလှပြီ၊ အီလှတယ်။ ထမင်း မဝင်နိုင်ဘူး။ ဟင်းချိုကလေးများ သောက်စားရလျှင် အလွန်ကောင်းမယ်၊ ထမင်းလဲ စားလို့မြိန်မှာပဲ’ ဟု ပြောလေသည်။

နောက် အတော်ကြာသောအခါ ဇနီးဖြစ်သူက ‘အမိန့်တော်ရမင်း၊ ယနေ့ဖြင့် ဝက်သားနီကလေး ချက်မည် စိတ်ကူးပါတယ်။ စားမလား’ ဟု မေးပြန်သော် ‘အို … ရှင်မ၊ နေ့တိုင်း ဟင်းချိုချည်း သောက်ရတာ အရသာ မပေါ်ဘူး၊ တစ်ခါတစ်ရံ အဆီအဆိမ့်ကို စားရမှ အားရှိတယ်။ ဝက်သားနီဆိုတော့ ကောင်းမှာပေါ့၊ ထမင်းလဲ စားလို့ ဝင်လိမ့်မယ်၊ အားလဲ ရှိမှာပဲ’ ဟု ပြောလေသည်။

ဇနီးဖြစ်သူက ဘာပဲချက်ချက် မစားချင်ဘူး၊ မကောင်းဘူးဟူ၍ မငြင်းမပယ်၊ နားချိုအောင် ပြောလေ့ရှိသည်။ နေ့စဉ် နံနက်တိုင်း ပိဋကတ်ဆွမ်းကို ရှိသေစွာ လောင်းလေ့ရှိသည်။ အိမ်ရှေ့၌ တည်ဆောက်ထားသော ရေအိုးစင်ကို နေ့စဉ် သုတ်သင်ရှင်းလင်းပြီးလျှင် ရေသန့် ရေကောင်းကို စစ်၍ တည်တတ်ခြင်းကို ကိုယ်တိုင် လုပ်လေ့ရှိသည်။

တစ်ရံသောအခါ တောက မိန်းမတစ်ယောက် ဆဲမှုဖြစ်၍ တရားလို အဖြစ်နှင့် တရားစွဲရန် အမိန့်တော်ရထံ လာ၍ဆည်းကပ်လေသည်။ အမိန့်တော်ရက အမှုကို စစ်ကြည့်ပြီးသော် ‘ငါ့တူမ၊ အမှုသက်သေက မှန်ကန်အောင်ထွက်ရင် နိုင်စရာ ရှိတယ်။ အမှုစွဲချက်အလွှာ ခေါင်းဖိုးနှင့် သက်သေစရိတ်ပါ ငွေငါးကျပ် ကုန်လိမ့်မယ်။ ငါ့တူမမှာ ငွေဘယ်မျှပါသလဲ’ ဟုမေးရာ၊ ‘ကျွန်မမှာ ဆင်းရဲသူ မုဆိုးမ ဖြစ်ပါတယ်။ ငွေကလေး နှစ်ကျပ်ခွဲပဲ ပါတယ် ဦးကြီး’ ဟု ပြောပြရာ ‘အို … သည်လိုလား တူမရယ်၊ ရှိစေတော့၊ ရှေ့နေခ နှစ်ကျပ်ခွဲ ကျတာပေါ့။ ကိုင်း … ရှိစေတော့၊ ရှင်မရေ … ရော့၊ ရှေ့နေခ နှစ်ကျပ်ခွဲ။ ဟောဒီတူမ အမှုသည်ကို ထမင်းကျွေးလိုက်ပါ’ နောက် စွဲချက်အလွှာ ရုံးသို့တင်၊





အမှုသည်မကို ကျမ်းတိုက် အစစ်ခံချက်ကို ရုံးမင်းက ယူပြီးလျှင် တရားခံကို သမ္မန်စာ ချအပ်ခေါ်သည်။ သက်သေများကိုလည်း သမ္မန်ချအပ်ခေါ်၍ ရက်ချိန်းစေ့လျှင် အမှုကို စစ်ဆေးရာ တရားလိုဘက်က သက်သေခိုင်လုံလေသည်။ ရုံးမင်းက ‘အမိန့်တော်ရမင်းရဲ့၊ တရားလိုဘက်က ဘာများ လဲလျှောက်လိုပါသလဲ’ ဟု မေးလေရာ –

အမိန့်တော်ရ ဦးတူက ‘မှန်ပါ၊ ကျွန်တော်မျိုး တရားလိုမသည် ဆင်းရဲသူ မုဆိုးမဖြစ်ပါ၍ မတရား စော်ကားနှိပ်စက်သည်ကို အရှက်ရအောင် ခံရပါသည်။ ဤလို အရှက်ရအောင် ပြုသည်ကို မခံနိုင်ပါသဖြင့် ရုံးမင်းအား ခိုကိုးရခြင်း ဖြစ်ပါသည်။ ရုံးတော်၌ အမှုကို စစ်ဆေးတော်မူရာတွင် အမှု၏ အဖြစ်အပျက်နှင့် သက်သေများ ထွက်ချက်ကို ရုံးမင်းကိုယ်တိုင် မှတ်သားပြီး ဖြစ်ပါ၍ ဥပဒေ ရှိသည်အတိုင်း စီရင်တော်မူပါရန် လျှောက်လဲရကြောင်းပါ ဘုရား’ ဤအခါ ရုံးမင်းက ‘နက်ဖြန် စီရင်ချက် ချမည်’ ဟု မိန့်လိုက်လေသည်နှင့် ရုံးပေါ်မှ အောက်သို့ ဆင်းလာရာ၊ အမှုသည်က –

‘ဘယ့်နှယ့်လဲ ဦးကြီး၊ အမှုလျှောက်လဲတာက တိုလှချည်ရဲ့လား’

‘ဟဲ့ တူမ၊ မင်း ရှေ့နေခက နှစ်ကျပ်ခွဲထဲကိုကွဲ့၊ ဦးကြီးက နှစ်ကျပ်ခွဲ တန်ရုံပဲ လျှောက်လဲရတယ်’ ဟု ပြောလေ၏။

နက်ဖြန် ရုံးချိန်းရောက်၍ စီရင်ချက်ကို နာခံရန် အမှုသည် သွားရောက်နားထောင်ရာ ရုံးမင်းက ‘ဤအမှုမှာ ဆင်းရဲသူ မုဆိုးမ တရားလိုမကို သက်သက် အရှက်ရအောင် ပြုကျင့်ကြောင်း သက်သေ ထွက်ချက် ထင်ရှားသောကြောင့် တရားခံအပေါ်၌ အပြစ်ထင်ရှား၍ ဒဏ်ငွေ ၃၀ိ ဆောင်စေ၊ တရားလိုမ ကုန်စရိတ် ခံစေ၊ ဒဏ်ငွေ ၃၀ိ အနက် တရားလိုမကို အရှက်ပြေ ငွေ ၂၀ိ ထုတ်ပေးစေ’ ဟု စီရင်ချက် ချလေသည်။

၎င်းစီရင်ချက် ချမှတ်သော ငွေများကို အမိန့်တော်ရက ရုံးမှ ထုတ်ယူခဲ့၍ တရားလိုမကို ‘ရော့ တူမ၊ ရုံးကုန်စရိတ် ရှေ့နေခပါ ခုနစ်ကျပ်ခွဲ၊ အရှက်ငွေ ၂၀ိ၊ ပေါင်း နှစ်ဆယ့်ခုနစ်ကျပ်ခွဲကို ယူသွားပေရော့’ တရားလိုမက ‘ခုလိုဖြင့် ကျွန်မကတော့ မြတ်နေပါသေး

တယ်။ ငွေ ၂ဝိ ထဲက ဦးကြီးက တစ်ဆယ်ယူလိုက်ပါ၊ ကန်တော့ခဲ့ပါ့မယ်'

'တူမ၊ တူမ ကံကောင်းလို့ ရပေတယ်။ ဦးကြီး မယူလို။ တူမသာ သုံးစွဲပေတော့' ဆို၍ ပြောလိုက်လေသည်။

၄င်း အမိန့်တော်ရသည် ရုံခါ အလုပ်အားလပ်သည့်အခါ မြို့ကို လျှောက်၍လည်ပတ်လေသည်။ 'ဟဲ့ ... ငါ့တူမ၊ ဘာချက်နေသလဲ'

'ဘာမျှ မရှိပါဘူး ဦးကြီး၊ ငါးပိရည်ကျိုနေပါတယ်'

'အို ... ဟင်းတောင် မချက်နိုင်ဘူးလားဟဲ့'

'ဝယ်စရာ ပိုက်ဆံမရှိလို့ ငါးပိနဲ့ စားနေရပါတယ်'

'ဆင်းရဲသကိုးကွဲ့၊ ရော့ ... ငွေတစ်ကျပ်' ပေးခဲ့လေသည်။

တစ်အိမ်မှ လူတစ်ယောက် စောင်ခြုံ၍ ကွေးနေသည်ကို တွေ့သဖြင့် ဝင်ပြီးမေးရာ ဖျားနေကြောင်း ပြောလေ၏။ 'ဆရာ မခေါ်ဘူးလား' မေးရာ 'ဆရာခေါ်ရန် ဆေးဖိုးဝါးခ မရှိလို့' ဟု ပြောလျှင်-'ဖြစ်မှ ဖြစ်ရလေဟယ်' ဆိုကာ ဆရာကို သူကိုယ်တိုင် သွား၍ 'သည်လူနာကို ကြည့်ရှုပါဆရာ၊ ရော့ ... ခေါ်ကြေး ငါးကျပ်၊ သူနာတည့်မည့် ဓာတ်စာဝယ်ရန် ရော့ ငါးကျပ်' ဆို၍ ပေးခဲ့လေသည်။

ညနေအခါ ဘုန်းကြီးကျောင်းက ကျောင်းသားကလေးများ အိမ်ကို အပြန် လမ်းမှာတွေ့လျှင် 'ကွဲ့ ငါ့မြေး၊ ဘယ်ကျောင်းကလဲ' မေးရာ ကျောင်းသားကလေးက မည်သည့်ကျောင်းကဟု ပြောပြသောအခါ 'ဘယ်စာ ရောက်ကြပြီလဲ' မင်္ဂလသုတ်၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ နမက္ကာရ ရောက်ကြောင်း ပြောပြလျှင် 'ကောင်းပေ့ ... ကောင်းပေ့၊ သာဓု ... သာဓု။ မမေ့ကြနှင့်နော်၊ ကြိုးစားသင်ကြ ငါ့မြေးများ။ ရော့ ... ငွေတစ်ကျပ်စီ၊ အလိုရှိရာ ဝယ်၍ သုံးကြပေတော့' ပြောလေသည်။

ဤဖော်ပြသော အကြောင်းများသည် ဆင်းရဲသူများကို လည်းကောင်း၊ သူနာများကို လည်းကောင်း ရှာဖွေစောင့်ရှောက် ထောက်ပံ့လေ့အစဉ်ရှိသည်။ ကျောင်းသား သူငယ်များကိုလည်း ပညာကို ကြိုးစားသင်ရန် ချီးမြှောက်လေ့ရှိသည်။

၁၂၄၄ ခုနှစ် ဟင်္သာတမြို့ သင်္ဂဇာ ဆရာတော်ဘုရား ရောက်တော်မူသည့်အခါ ဆွမ်းခဲဖွယ် ပို့ကပ်ကြသူ များလေသည်။





ထိုအခါ အမိန့်တော်ရ ကတော်က 'အမိန့်တော်ရမင်း၊ ဆရာတော်ဘုရား ကြွလာသည့်အခါ ဆွမ်းတစ်ပွဲလောက် ပို့ကပ်ရအောင်'

'ရှင်မ ... ကောင်းပါ၏။ ဆရာတော်က ဘုန်းကြီး ရှင်ဘုရင်၊ အလိုရှိရာ ရနိုင်တယ်။ ဆွမ်းဆိုတာမှာ ဆွမ်းအုပ်တွေကို နီရဲနေတယ်။ ပို့ကပ်ကြသော ဆွမ်းအုပ်တွေကို ဆရာတော် ဇွဲအောင်ယူ၍ မဘုဉ်းပေးနိုင်ဘူး။ ရှင်မ ပို့သော ဆွမ်းအုပ်ကို ဆရာတော်ကိုယ်တိုင် ဘုဉ်းပေးမှ ရှင်မ သဒ္ဓါတရား ထက်သန်ဝမ်းမြောက်ပေမယ်၊ ဝမ်းမြောက်ရမှ အကျိုးရှိပေမည်' ဟု ပြောရာ၊ ဇနီးက 'ဟုတ်ပါရဲ့၊ ဆရာတော်ကို ရည်စူးပြီးတော့ ပို့သည်ကို ဆရာတော် မဘုဉ်းပေးလျှင် စိတ်ကောင်းနိုင်မည်မထင်ဘူး' ဟု ပြောဆိုကာ နေလေသည်။

နောက် များမကြာမီ ကျောင်းအို ကျောင်းဆွေးနှင့် ဇရပ်အိုများ၌ ခိုကိုးနေရသော၊ ပစ္စည်းလေးပါး ဆင်းရဲသော သံဃာတော်အပါး ၅ဝ ကို ပင့်၍ နံနက်ဆွမ်း၊ နေ့ဆွမ်း ကပ်လှူကျွေးမွေးရာ 'ကြည့်စမ်းရှင်မ၊ ကိုယ်တော်တွေ ဘုဉ်းပေးလိုက်ကြတာ တယ် ... ကြည်ညိုရန်ကောင်းတယ်၊ ဒီလို ခဲဖွယ်ဘောဇဉ် အစဉ်မပြတ် ဘုဉ်းပေးကြရသည်မဟုတ်သောကြောင့် အားရပါးရ ဘုဉ်းပေးရှာကြသကိုး။ အဲဒီလို မိမိတို့ကပ်လှူသော ဆွမ်းကို ဘုဉ်းပေးသည် မြင်ရမှ သာ၍ သဒ္ဓါတရားဖြစ်ပြီး ဝမ်းမြောက်ရတာဟာ အင်မတန် အကျိုးရှိတယ် ရှင်မ' ဟု ပြောလေသည်။

သံဃာတော်များ ဆွမ်းကပ်ပြီးသည့်နောက် သင်္ကန်းဒွိစုံ ကပ်လှူ၍ တရားအနုမောဒနာပြုပြီး ရေစက်ချ အမျှဝေလေသည်။

## ၁၀။ ရွှေနေထူး ဦးရေးအကြောင်း

ဟင်္သာတစီရင်စု အုတ်ဖိုမြို့၌ နေထိုင်သော အမိန့်တော်ရရွှေနေ ဦးရေးသည် ပညာဗဟုသုတ ပြည့်စုံသူ ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။

၁။ စွယ်စုံကျော်ထင်သတ်ပုံ၊

၂။ ကဝိလက္ခဏာသတ်ပုံ၊

၃။ ရာဇောဝါဒကျမ်း၊

၄။ မဏိရတနာပုံကျမ်း၊

၅။ မဏိကုဏ္ဍလကျမ်း၊

၆။ ကိုးခန်းပျို့၊

၇။ သံဝရပျို့၊

၈။ ဘူရိဒတ်လင်္ကာကြီး၊

၉။ ဘူရိဒတ်ဇာတ်ပေါင်းပျို့၊

၁၀။ ပါရမီခန်း၊

၁၁။ ဆုတောင်းခန်း၊

၁၂။ တောင်တွင်းလာပျို့၊

၁၃။ ဝိနိစ္ဆယပကာသနီဓမ္မသတ်၊

၁၄။ အဋ္ဌသံခိပ်၊

၁၅။ အဋ္ဌရာသီ၊

၁၆။ မနုကျယ် ဓမ္မသတ်

များကို အလုံးစုံ ရသည်။ ထို့ပြင် ညောင်တုန်းမြို့ အမိန့်တော်ရမင်းဦးကျော်ရ ရေးသော "ဇောတ္တကုမ္မာပြဇာတ်"၊ ဆတိုင်မှူးတ်ဦးကူး ရေးသော "လှုဝံမောင်နှမ"၊ "ပဋ္ဌာစာရီ" ဇာတ်များကို အကုန်ရသည်။ စလေဆရာကြီး ဦးပုည ရေးသားသော ဇာတ်များကို အကုန် ရသည်။

၄င်း ဦးရေး၌ ရှေ့နေစာရေးသည် သတ္တိ ဗျတ္တိ ကောင်းသည်။ ရဲရင့်သောစိတ် ရှိသည်။ ၄င်းကို သိမ်းပိုက်ထားလျှင် သင့်မည်ထင်၍ ဇနီးဖြစ်သူ ဒေါ်အေးဖြူကို တိုင်ပင်ပြီးလျှင် သမီးအကြီးဆုံး မရွှေခင်ကို ခေါ်၍ ပြောပြရာ၊ သမီးက 'မိဘတို့ ဩဇာကို မငြင်းပယ်ပါ၊ နာခံပါမည်' ဝန်ခံချက်အရ စာရေးမောင်အောင်ပွင့်ကို ခေါ်၍ 'ငါ သည်လို အကြံရှိသည်။ မင်းမိဘများကို သွားခေါ်။ ကုန်စရာ ရှိတာကို ငါ့တာဝန်ထား' ပြောသည့်အတိုင်း ကိုအောင်ပွင့်လည်း မိဘကို သွားခေါ်ပြီးလျှင် နေ့ရက်ရွေး၍ စုံရာ လူကြီးတွေရှေ့ ပေးစားထိမ်းမြားသည်။ ထိုအခါ ဦးရေးက 'မောင်အောင်ပွင့်၊ မင်း၏ စိတ်ထားကို ငါသိပြီ၊ ရိုးသားဖြောင့်မတ်သည့်အတွက် ငါ သမက်ဖမ်းသည်။ မင်းတို့ စီးပွားရေးကို မကြောက်ကြနှင့်။ ဟိုမြောက်ပိုင်းက အိမ်ကို ရွှေ့ပြောင်းနေကြ။ ရင်းနှီးရန် ငွေငါးရာယူ၊ စပါးငါးရာ ပါသော လောင်းကိုယ် တစ်စင်းကို ဝယ်၊





လှေသူကြီးလုပ်၍ စပါးကုန်ကူးစား၊ မင်းတို့လင်မယား ရန်မဖြစ်ကြနှင့်၊ ငါ မကြားချင်ဘူး။ အေးအေးနေကြ၊ နှစ်စဉ်ထမ်းဆောင်ရန် လူခွန်ငွေငါးကျပ်ကို ငါက ဆောင်မည်။ ကဲ.....နက်ဖြန် အိမ်ရှင်း၊ ပရိတ်များနာ၍ ပြောင်းကြပေတော့'

နောက် ရှေ့နေစာရေး ကိုသက်ရှည်ကို ခိုင်းထားရာ ကိုသက်ရှည်သည် ရိုးသားသည်။ လူပျော့လူယဉ် ဖြစ်သည်။ ခြင်းခတ်ကောင်းသည်။ ပတ္တလားတီး ကောင်းသည်။ အဆို နားလည်သည်။ အရည်အချင်းကို သိ၍ ဇနီး ဒေါ်အေးဖြူကို ခေါ်၍ တိုင်ပင်သည်မှာ စာရေးသက်ရှည်သည် စိတ်ထားဖြောင့်မတ်သည်။ လူပျော့လူယဉ် ဖြစ်သည်။ ပျော်ပျော်ပါးပါး နေတတ်သည်။ ဒီလိုလူမျိုးလဲ ငါတို့မှာ ရှိမှ တော်မည်။ ဒါကြောင့် သမီး ရွှေဇင်နှင့် ပေးမြားမည်ဟု ပြောရာ၊ ဒေါ်အေးဖြူက သမီးကိုခေါ်ရာ ရှေ့သို့ရောက်၍ 'ရွှေဇင်....နင့်အစ်မ မရွှေခင်ကိုလည်း နေရာချထားပြီးပြီ။ နင့်ကိုလည်း နေရာချထားရန် ငါ သည်လို အကြံရှိသည်။ နင့်စိတ်က ဘယ်လိုရှိသလဲ' မေးရာ၊ မရွှေဇင်က မိဘများ ဩဇာကို မပယ်ပါ။ နာခံပါမည် ဝန်ခံပြီး ကိုသက်ရှည်ကို ခေါ်ပြီးလျှင် အကျိုးအကြောင်း ပြောပြ၍၊ မိဘများကို ခေါ်စေ၍ နေ့ရက်ကောင်းသည့်အခါ ထိမ်းမြား လက်ထပ်ပေးသည်။ ထိုအခါ ဦးရေးက 'သက်ရှည်၊ မင်းသည် ဖြောင့်မတ်သောစိတ် ရှိသည်ကိုသိ၍ ငါ သမက်ဖမ်းသည်။ ငါ့အိမ်ပေါ်၌ ချမ်းသာစွာ နေထိုင်စားသောက်ကြ၊ မင်းတို့ ရင်းနှီးဖို့ ငွေငါးရာ ထုတ်ပေးမည်။ အထည်ဆိုင်တည်၍ ဈေး၌ ရောင်းချစားကြလေ။ ရန်မဖြစ်ကြနှင့်၊ ငါ မကြားချင်ဘူး၊ နှစ်စဉ် ထမ်းဆောင်ရမည့် လူခွန်တော် ငွေငါးကျပ်ကို ငါက ထမ်းဆောင်မည်။ အေးအေးနေကြ'

နောက် မရွှေဇင်သည် ပဋိသန္ဓေ နေ့လစေ့၍ ဖွားမြင်ရမည့်အခါ မီးနေခန်း၌ အမိဆွေမျိုးနှင့် ဝိုင်းအုံကြည့်ရှုနေကြရာ မရွှေဇင်က 'အမယ်လေး....အမယ်လေး' ဟု အော်သံကြား၍ ဦးရေးက 'ရှင်အေးဖြူ၊ အော်လှချေကလားအေ'

'ဘယ့်နှယ်တုံး၊ အော်မှာပေါ့၊ တော် အသာနေပါ'

'ဟဲ့ ရွှေဇင်၊ တယ် နာသလားဟဲ့ သမီးရဲ့'

'နာတယ် အမေရဲ့'

'ဟဲ့...သက်ရှည်၊ ဟို....အရှေ့ပိုင်းကလက်သည် သွားခေါ်'

ကိုသက်ရှည်ကြီးသည် သွားခေါ်၍ ရောက်သောအခါ ဦးရေးက 'ကိုင်း...ခင်ဗျားတို့ ထုံးစံအတိုင်း သွားကြည့်စမ်းပါဗျာ'

နောက် မရွှေဇင်က နာလို့ အော်ပြန်ရာ –

'ရှင်အေးဖြူ၊ အော်လှချေကလား'

'အော်မှာပေါ့၊ တော် အသာနေပါ'

'ဟဲ့ သမီးရွှေဇင်၊ တယ် နာသလားဟဲ့'

'နာတယ် အဖေရဲ့'

'သက်ရှည်၊ ဟို....မြောက်ပိုင်းက လက်သည် သွားခေါ်ချေ' သက်ရှည်လဲ လက်သည်ခေါ်၍ ပြန်လာရာ၊ ဦးရေးက လက်သည်ကို 'ကဲ... ခင်ဗျားတို့ ထုံးစံအတိုင်း ကြည့်စမ်းပါ'

ဤကဲ့သို့ သမီး အော်တိုင်း အနောက်ပိုင်းက လက်သည်၊ တောင်ပိုင်းက လက်သည် ခေါ်စေပြီးနောက် မကြာမီ ကလေးဖွား၍ ငိုသံကြားသောအခါ –

'ရှင်အေးဖြူ၊ ဘာကလေးတုံးအေ့'

'ယောကျ်ားကလေးတော့'

'ကောင်းတယ်၊ မြေးဦး ယောကျ်ားရှိတာ ရတနာတိုးတယ်၊ ရှင်ဒကာ၊ ပဥ္စင်းဒကာ ခံနိုင်တယ်' ဟု ဝမ်းမြောက်စွာ ပြောဆိုလေသည်။

နံနက် မိုးလင်းသောအခါ အဘိုးဦးရေး၏ အိမ်သို့ သွား၍ လက်ဖက်ရည်သောက်ရာ 'သြော်...မောင်ဖိုးသိန်းလား ဟေ့၊ တော်လိုက်လေကွယ်၊ ညက မင်းအစ်မ မရွှေဇင် သားကောင်းရတနာ ဖွားသကွဲ့'

'ကျွန်တော် သိပါရဲ့၊ ညက အမိန့်တော်ရမင်း ခါးတောင်းကျိုက်ကြီး တကားကားနဲ့ ဆောင့်ကြောင့်ထိုင်ပြီးတော့ "ရှင်အေးဖြူ အော်လှချည်ကလား၊ သမီးရွှေဇင် တယ်နာသလား၊ သက်ရှည်....လက်သည် သွားခေါ်ချေ" ခိုင်းစေနေတာ တော်သလား။ သူ့မိခင်နှင့် ဆွေမျိုးများ ဝိုင်းရံနေကြသည်။ ကိုသက်ရှည်လဲ ရှိနေပြီ။ စိုးရိမ်စရာ ဘာရှိသတုံး။ ခင်ဗျားက ဒုက္ခပိုနေတာ မတော်ပါဘူး' ဟု ပြောရာ၊ ဦးရေးက 'အင်း.... မင်းက ငါ မတော်တာကို မြင်သည်။ ငါ အဖေလုပ်သူက ဝီရိယစိုက်မှ သက်ရှည် လှုပ်ရှားသာ လှုပ်သည်။ သက်ရှည်မှာ "ချွေး" နှင့် တူသည်။





သုတ်ပစ်လိုက်လျှင် စင်သည်။ ငါ့သမီးမှာ "သွေး" ကွဲ့။ မတော်တဆ ဖြစ်ခဲ့သော ငါ့မှာ နှလုံးကြေကွဲရခြင်း ဖြစ်ရမည်။ သက်ရှည်မှာ နောက် မယားတစ်ယောက်ပင် ယူနိုင်သည်။ မင်း အထင်မလွဲနှင့်၊ မှတ်ထား' ဟု ပြောပြလေသည်။

နောက် ညတစ်ည၊ ဦးရေးနှင့်အတူ ရွှေမုဋ္ဌောဘုရားကို သွား၍ ဖူးမြော်ကြပြီးလျှင် ရှစ်နာရီခွဲလောက် ပြန်လာကြရာ လမ်း၌ ထန်းရည်မူးလာသော အောင်ညွှန့်ဆိုသူက – 'ငရေးလား၊ နင့်အမေ' ဆဲသွားသည်ကို ကြားလျှင်၊ ဦးရေးက 'မောင်ဖိုးသိန်း၊ ဒီအကောင်ဟာ ငါ့ကို အလွန်ကြောက်တယ်။ သင်း မူးလို့ ဖြစ်ဟန်တူတယ်။ မင်း ဘယ်လိုမှ မပြောလေနဲ့။ ငါ့မှာ အမိုက်ကလေးတွေ ရှိတယ်။ ဒင်းတို့သိရင် လူကြား မကောင်း ဖြစ်မယ်' နှုတ်ပိတ်ထား၍ ကိုယ့်အိမ်သို့ ကိုယ်ဝင်ကြလေ၏။

နံနက် မိုးလင်းသောအခါ ဦးရေးသည် အောင်ညွှန့်မိဘများထံ သွား၍ 'ဟဲ့..နင့်သားဟာ ထန်းရည်မူး၍ ညက ငါ ဘုရားကအပြန် ငါ့ကို ဆဲသွားသည်။ ငါနှင့်အတူ ဖိုးသိန်းလဲ ကြားသည်။ ဒါကို ငါ့ဆီက ကလေးတွေ သိရင် ခက်ကြမယ်။ ရော့....ငွေတစ်ကျပ် ယူ၊ ကန်တော့ပွဲနှင့် လက်ဖက်ကလေးများ ပြင်ပြီး ည ၇ နာရီလောက် လာ၍ ငါ့ကို တောင်းပန်ကြ' ပြောပြီး– 'မောင်ဖိုးသိန်းရေ၊ ည ၇ နာရီ အိမ်ရောက်အောင် လာကွယ်' မှာထားလေသည်။ မှာထားသည့်အတိုင်း သွား၍ ဦးရေး အိမ်၌ သားသမီး ဆွေမျိုးများနှင့် ဝိုင်းဖွဲ့ စကားပြောနေကြရာ အောင်ညွှန့်နှင့် မိဘနှစ်ဦး ကန်တော့ပွဲ၊ လက်ဖက်အုပ်နှင့် လာကြရာ ဦးရေးက 'ဘာတုံးကွဲ့' မေးရာ၊ အောင်ညွှန့်အဖက 'သြော်...အခြားမဟုတ်ပါဘူး အမိန့်တော်ရမင်းရယ်။ ယောသည် ခွေးမသားဟာ မနေ့ညက ထန်းရည်မူးလို့ အမိန့်တော်ရမင်းကို လမ်း၌ဆဲသည်လို့ ကြားရပါတယ်။ ကြားရခြင်းကြောင့် စိတ်မချမ်းသာပါ။ အမိန့်တော်ရမင်းကို ကျွန်တော်တို့က ခိုကိုးနေရသော ကျေးဇူးရှင် ဖြစ်ပါတယ်။ ဟုတ်သည် ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ သင်းကို ဆုံးမရန် လာရောက် ကန်တော့ပါသည်' ပြောသောအခါ ဦးရေး၏ သားနှစ်ယောက်က 'ဟဲ့...အောင်ညွှန့်၊ နင် ဘာဖြစ်လို့ တို့အဖေကို ဆဲရသလဲ' အော်ငေါက်မေးရာ– 'နင်တို့ အသာနေပါ ဟဲ့၊ မနေ့ညက မောင်ဖိုးသိန်းနဲ့ အတူပဲ တို့ ဘုရားက ပြန်လာ

တယ်။ အောင်ညွှန့်မှန်းလည်း မသိဘူး၊ ဆဲသံလည်း မကြားမိပါဘူး။ မောင်ဖိုးသိန်းကော ကြားသလားကွဲ့' 'ကျွန်တော်လဲပဲ စကားအတူ ပြောလာတာနဲ့ သတိမထားမိပါဘူး'

'အဲ...တို့က သတိမထားမိသည်ကို သူတို့က ကြောက်ရွံ့သဖြင့် လာရောက်ကန်တော့ဝန်ချရာ ရန်သူမှတ်၍ မနေကြနှင့်။ အကယ်၍ ဆဲသည်မှန်စေ၊ နင်တို့အမေကို မဆဲ၊ ငါ့အမေကိုသာ ဆဲသည်။ နင်တို့ ဘာနာစရာ ရှိသလဲ။ အသာသာ နေကြ၊ နင်တို့ ကန်တော့ပွဲကို နင်တို့ ဘာသာ ပြန်ယူ၊ လက်ဖက်သာ ထားခဲ့' အမိန့်ပေးလိုက်သည်။ 'ကြားလား'

'ဒီ အမိန့်တော်ရမင်းအကြောင်း အဘိုး ပြောပြသည်မှာ အလွန်ပဲ မှတ်သားစရာ ကောင်းပါသည် ခင်ဗျာ'

## ရွှေနေထူးအကြောင်းများ နိဂုံးတံ။

*

## တေးထပ်

ရွှေနေထူး ကြုံအတွေ့ကို၊ ဘုံလေ့ လူ့ရွာ၊ ခိုလှုံ၍ သဘာကို၊ အမှုပါ မှတ်သား။ မြူမှုန်မျှ မကြွင်းကျန်အောင်၊ လင်းပြန်ကာ–ထုတ်ဖော်လို့ ကြား။ သူ့စရိုက်–သူ့ဉာဉ်၊ ဝသီလျှင် မမှား၊ ပါရမီ ပါငြား၍ အစားစား အဖုံဖုံ၊ ကောင်းရာကို နည်းယူမှတ်ကြတော့၊ ဆည်းပူးတတ်မြတ်လိမ့် ဉသုံ။ စရိုက်နှင့် အခိုက်ကြုံလျှင်၊ အမြိုက်စုံ ယူမှီးဖို့၊ အဖြီးဖြီး သိန်းဆရာ၊ ကိန်းထုတ်သေချာ။ ကိုယ်တွေ့မို့ မမြုံ့ပါတယ်၊ မနုညာ မှတ်ကြောင်းပလေး။ ။

## အမှာ လေးချိုး

ရွှေနေတို့ မူစရိုက်၊ သူ့အကြိုက် သူ့ကိုယ်၊ အပြောအဆိုနှင့်– နဂိုမူ တယ်မပြောင်း၊ ကောင်းကြ ထိုထို။ ။နည်းယူကာ မှတ်စေကြောင်းကိုလ၊ နောက်နှောင်းသူ သုံးရန်ဖို့ ထုံးပြုလို့ "ဟင်းလေး





ကျို။ လိုသူတို့ မှတ်ရန်ကောင်း။ အချက်ချက်ကိုလ၊ နှစ်သက်ဖွယ် ရွေးယူနုတ်စေဖို့ ထုတ်ပြပါကြောင်း။ ။

## အမှာ ၂ ချိုး

ရွှေနေထူး ကြောင်းအရာ၊ ဖော်ပါရ အံ့ချီး။ ။ လိုရှိသူ ကောက်ကာသုံးကြတော့၊ ဆုံးပေါ့ အပြီး။ ။

## ၁၁။ ဘုန်းကြီးကြွားနှင့် အဝိစကား

၁၂၃၃ ခုနှစ်က စစ်ကဲတော်မင်း ဦးမောင်ကလေးသည် ဟံသာဝတီ စီရင်စု လိုင်မြို့နယ်ကို အုပ်ချုပ်သည့်အခါ တော်လတဲ့ရွာ၌ ရုံးစိုက်နေထိုင် စီရင်ရလေသည်။

တစ်ရံသောအခါ ရုံးဆင်း၍ ညနေ အိမ်ဦး လေဝင်ခန်း၌ စာရေးကြီးများ၊ ရှေ့နေကြီးများနှင့် ရှေးဟောင်းနှောင်းဖြစ် စကားများကို ပြောဆိုနေကြစဉ် ဘုန်းကြီးတစ်ပါး တက်လာရာ ပြာတာများက ကုလား ထိုင် ထိုး၍ ပေးသောအခါ ဘုန်းကြီး ထိုင်လေ၏။

'ဘာအကြောင်းများ ရှိလို့ ကြွတော်မူလာပါသလဲ၊ အကြောင်းရှိသည်ကို မိန့်တော်မူပါ ဘုရား' ဟု စစ်ကဲတော်မင်းက လျှောက်လေ၏။

'အကြောင်းတော့ တယ်ပြီး မထူးပါဘူး ဒကာတော် စစ်ကဲတော်မင်းရဲ့၊ ဝတ်ရုံရန်သင်္ကန်း နွမ်းနေပါ၍ သင်္ကန်းတစ်စုံလောက် လှူဒါန်းရန် အလှူခံပါတယ် ဒကာတော် စစ်ကဲတော်မင်း'

'တော်လိုက်လေ ဘုရား၊ သည်လို မရှိနွမ်းပါးသော ပုဂ္ဂိုလ်များကို လှူရမှ အကျိုးကြီးပေတယ် ဘုရား။ တစ်စုံ မဟုတ်ပါ၊ ပိုပိုမိုမို နှစ်စုံပဲ လှူလိုပါသည်။ နက်ဖြန် မနက်တော့ ဆွမ်းလဲ ကပ်ပါမည်။ သင်္ကန်းကို လည်း ရေစက်ချ၍ လှူဒါန်းပါမည်။ ဘယ်အရပ်က ကြွလာပါသလဲ ဘုရား'





'ပြည်မြို့ကပါပဲ ဒကာတော် စစ်ကဲတော်မင်း'

'ပြည်မြို့ ဘယ်တိုက်မှာ သီတင်းသုံးပါသလဲ ဘုရား'

'ပဥ္စာလ ငါးစိုတိုက်မှာ သီတင်းသုံးပါသည်။ ပဥ္စာလဆရာတော်ကြီး တပည့်ပါပဲ ဒကာတော် စစ်ကဲတော်မင်း'

'သြော်... ပဥ္စာလ ဆရာတော်ကြီးဆိုတာ အဘိဓမ္မာကောင်း၊ ဝိနည်းကောင်းလို့ သတင်းကြားရပေ ဘုရား။ တော်လိုက်လေ၊ ဆရာတော်ကောင်း တပည့်ကိုး ဘုရား။ ဝမ်းမြောက်လိုက်ပါဘိ။ အရှင်ဘုရား သိက္ခာတော်များ မည်မျှရှိပါသလဲ ဘုရား'

'သိက္ခာမှာတော့ ဆယ့်ငါးဝါ ရပါသေးတယ် ဒကာတော် စစ်ကဲ တော်မင်း'

'သြော် ... အနုထေရ် ရှိသေးသကိုး ဘုရား၊ နို့ ဘယ်စာများ ဟောလျက် ရှိပါတုံး ဘုရား'

'စာကိုတော့ မဟောရဘူး၊ တရားကိုသာ ဟောရတယ် စစ်ကဲ တော်မင်း'

'တပည့်တော်က အရှင်ဘုရား သင်ကြားဆောင်ရွက်တော်မူသော ကျမ်းဂန်ကို လျှောက်တာပါ ဘုရား'

'စာမှာတော့ သည်လိုလား ဒကာတော် စစ်ကဲတော်မင်းရဲ့။ ပထမ ဗျည်းသုံးဆယ့်သုံးလုံး၊ ကကြီး ခခွေးက စပြီး သင်လို့တတ်ပြီ ဆိုလျှင် နမောဗုဒ္ဓါ ယ သိဒ္ဓံ တက်ရရော့။ ကမချ- ကကြီးရေကာ၊ ကကြီးရေးချကာ။ အချုပ်မှာ က-ကာ-ကိ-ကီ-ကု-ကူ-ကေ-ကဲ-ကော့-ကော်-ကံ-ကား။ အဲဒီလို အစဉ်လိုက် အကိုက်ကျအောင် တက်ရသည်။ ယပင်း-ယရစ်-ဝဆွဲ-ဟထိုး။ ကက်-ကိုက်-ကုတ်-ကုပ်-ကုမ်း-ကယ်-ကောက်-ကောင်-ကို-ကျူ-ကျုံ-ကြုံ။ အမယ်... သင်ပုန်းကြီးပေတဲ့ အတော်များတယ် ဒကာတော်၊ များတယ်။ ဒကာတော် စစ်ကဲတော်မင်း သိလား'

'အရှင်ဘုရား ဟောတော်မူတဲ့ စာကို မိန့်တော်မူပါ ဘုရား'

'ဟုတ်တယ် ဒကာကြီး၊ ငှင်းသင်ပုန်းကြီး သင်ရိုးကုန်တော့လေ မင်္ဂလသုတ်၊ ရတနာရွှေချိုင့်၊ နမက္ကာရ၊ အတွင်းအောင်ခြင်း၊ အပြင်အောင် ခြင်း၊ လောကနီတိ၊ ငှင်းကျမ်းများကို တက်ရတယ်။ ဤကျမ်းများက

လူတို့ကျင့်ဝတ်တရား၊ လိမ္မာစရာတွေ၊ ဘုရားရှိခိုးတွေပေါ့လေ ဒကာတော် စစ်ကဲတော်မင်း'

'မှန်ပါ၊ အရှင်ဘုရား ဟောတော်မူသော စာကို အမိန့်ရှိတော်မူပါ ဘုရား'

'နို့... ပြီးတော့ မဟာပရိတ်ကြီး ၁၁ သုတ် တက်ရတယ်။ ပြီးတော့ သဒ္ဒါ၊ အဲ... သဒ္ဒါကလဲ ရှစ်စောင်၊ ပြီးတော့ သင်္ဂြိုဟ်ကလဲ ၉ ပိုင်းကိုး။ အတော် များတယ်နော်။ အတော်ခက်တဲ့ ကျမ်းကြီးတွေပဲ ဒကာတော် စစ်ကဲတော်မင်းရဲ့'

'ဒါတွေ လျှောက်ပြောလို့ ဘယ်ကုန်နိုင်လိမ့်မတုံး၊ အရှင်ဘုရား ဟောတော်မူသော စာကိုသာ မိန့်တော်မူပါ ဘုရား'

'ပိဋကတ်သုံးပုံမှာ ပါရာဇိကံ၊ ပါစိတ်၊ မဟာဝါ၊ စူဠဝါ၊ ပရိဝါ၊ အဲဒါက ဝိနည်းငါးကျမ်း တဲ့။ သုတ်သုံးကျမ်း တဲ့။ ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်း၊ အဲဒါက အဘိဓမ္မာ ခုနစ်ကျမ်းတဲ့။ နောက် ဇာတ်အဋ္ဌကထာနိသျ၊ ငါးရာ့ငါးဆယ်ဝတ္ထု၊ ယောဇနာ၊ ကစ္စည်း၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ်၊ ဆန်း အလင်္ကာ၊ အဘိဓာန်၊ အဲဒီကျမ်းတွေကို သင်ရတာကိုး ဒကာတော် စစ်ကဲတော်မင်း'

'ဟုတ်ပါတယ် ဘုရား၊ အရှင် သင်ကြားရသော စာကို မိန့်တော်မူပါ'

'ကျုပ်ရောက်တဲ့ ကျမ်းစာမှာတော့ ပရိတ်ကြီးပါတဲ့ ဒကာတော် စစ်ကဲမင်းရဲ့' ဆို၍ ဘုန်းကြီး ဆင်းသွားလေ၏။

## ၁၂။ ကြာလင်ပန်းကိုယ်တော် အကြောင်း

ရေးက မြို့နယ် ကျေးရွာတိုင်းတို့၌ ဘုန်းကြီးကျောင်း မရှိချေ။ ရွာကြီးမှ တစ်ကျောင်းသာ ရှိတတ်သည်။ ၎င်းရွာရှိ ကျောင်းကို ခရီးတစ်မိုင်ကွာ ရွာနီးချုပ်စပ်ကပါ ၎င်းကျောင်းသို့ သွားရောက်လှူဒါန်း၊ ဥပုသ်စောင့်၊ သားများကို စာသင်ရန် ကျောင်းအပ်ကြရသည်။

လက်ပံတန်းမြို့ မင်းတန်းရပ် ခေါ်သော ဌာန၌ ကရင်လူမျိုး ကိုသာမွေးက ကျောင်းဆောက်၍ ဘုန်းကြီးတစ်ပါးကို တင်ထားကိုးကွယ်လေသည်။ ၎င်းဘုန်းကြီးကို "ကြာလင်ပန်း" ကိုယ်တော်ဟု ခေါ်ကြလေသည်။ ကြာလင်ပန်းကိုယ်တော်သည် အမြဲ မိုးဦးကျလျှင် ကရင်မတွေနှင့် ကညွတ်ချိုး တောသို့ လိုက်လေ့ရှိသည်။

ဤအကြောင်းကို အရပ်က ကိုသာမွေးကို ပြောသည်မှာ 'မင့်ဘုန်းကြီး မကောင်းဘူး။ မိန်းမတွေနှင့် တောထဲ ကညွတ်ချိုး လိုက်တာ ဘာကောင်းသလဲ။ မိန်းမတွေနှင့် တောထဲကိုသွားခြင်းသည် ဘုန်းကြီး အလုပ် မဟုတ်ဘူး။ မင့်ဘုန်းကြီးကို လျှောက်ပါ' ဟု ပြောကြရာ၊ ကိုသာမွေးက ဘုန်းကြီးကို ကြောက်ရွံ့၍ မလျှောက်ဝံ့ ဖြစ်နေသည်။

နောက် များမကြာမီ ကိုတေ ဆိုသူကို တွေ့၍ ကိုသာမွေးက ဘုန်းကြီးအကြောင်းကို ပြောရာ 'မင်း မလျှောက်ဝံ့လျှင် ငါ လိုက်လို့ လျှောက်မည်။ လာ သွားစို့' ဆို၍ ကျောင်းကိုသွား၍ ဘုန်းကြီးကို

ဦးချပြီးနောက် 'ဘာများ လျှောက်ထားရန် ရှိသလဲ' မေးရာ၊ ကိုတေက 'ကိုယ်တော်၊ ဒကာမတွေနှင့် တောထဲကို နေ့စဉ် ကညွတ်ချိုး လိုက်တာကို တပည့်တော်တို့ မကြိုက်ဘူး ဘုရား' ဟု လျှောက်သောအခါ "ကြာလင်ပန်း" ဘုန်းကြီးက 'ဒကာတွေ မကြိုက်လျှင် ကွာရုံပေါ့' ဟု မိန့်လိုက်လေသည်။

## ၁၃။ သိုးကျရွာ ဘုန်းကြီးထူး အကြောင်း

မုတ္တမတောင်တန်း သိုးကျရွာသို့ ၁၂၅၈ ခုနှစ်က ရောက်၍ ဘုန်းကြီးကျောင်းသို့ ဝင်ပြီး တည်းခိုရာ ကျောင်းမှာ ဝါးဇလီသတ် ကျောင်းတစ်ဆောင်တည်း ဖြစ်သည်။ ကျောင်းဥယျာဉ် အတော်ကျယ်သည်။ ကျောင်းနေဘုန်းကြီးသည် အင်္ဂရိတ်ကို ဝါသနာပါသည်။ ကျန်းမာချမ်းသာကြောင်း လျှောက်ထားသည်ကစ၍ ဗဟုသုတ အကျိုးအကြောင်းများကို လျှောက်ထားပြောဆိုရာ ဘုန်းကြီးက 'ငါ စကားဆိတ်နေသည်မှာ အတော်ကြာပြီ၊ ဒကာကြီး ရောက်မှ ငါ့ပါးစပ် ကျယ်လာပေသည်။ ငါ့မှာ နေ့စဉ် အင်္ဂရိတ်ဖိုနှင့်သာ စကားပြော၍ ပျော်ပိုက်နေသည်။ ဒကာကြီး ကျောင်းမှာ တစ်ညအိပ်စေလိုသည်' ဟု အမိန့်ရှိတော်မူသည်ကို ဝန်ခံ၍ တစ်ညဉ့်တည်းခိုရလေသည်။

ညအခါ လျှောက်ထားပြောဆိုကြရာ ဇာတိမှာ ဒီပဲယင်းမြို့ဖြစ်ကြောင်း၊ ရဟန်းဖြစ်ပြီးနောက် ဤ သိုးကျရွာ ကျောင်း၌ သီတင်းသုံးနေသည်မှာ အနှစ် ၂၀ ကျော် ၃၀ ခန့် ရှိကြောင်း၊ ရှေးက နေရသောကျောင်းသည် သုံးထပ်ကျောင်းကြီး၊ ကျောင်းဦးပြာသာဒ်နှင့် အတွင်းကျောင်းတိုင် မျက်နှာကြက်တို့မှာ ရွှေများ မွမ်းမံလျက် ရှိကြောင်း၊

သံဃာ ၃၀ နှင့် စာသင်ကျောင်း ဖွင့်ထားကြောင်း၊ နောက် ၎င်းကျောင်းကြီး မီးလောင်ကျွမ်းသဖြင့် ကျောင်းတိုက် ပျက်စီးသောကြောင့် ဤကျောင်းငယ်နှင့်ပင် နေထိုင်ရသည်။ အရိပ်အာဝါသ ကျဉ်းမြောင်းသဖြင့် စာသင်ပုဂ္ဂိုလ်များ မခိုနိုင်ကြ၍ သင့်ရာသို့ သွားရောက်နေထိုင်ကြကြောင်း၊ ဘုန်းကြီးမှာ အခြားဒေသသို့ သွားသော် သင့်လျော်သော ကျောင်းကန် နေထိုင်ရမည် ရှိသော်လည်း ဤဒေသမှ မခွဲဘဲ နေခြင်းကား ကျောင်းမကောင်း၍ ဘုန်းကြီး ပစ်သွားပြီဟု ဤလိုသတင်းမျိုး မဖြစ်စေလိုသောကြောင့် ဆွမ်းဝ လျှင် ကိစ္စတုံးသဖြင့် မိမိကိုယ်ကို စောင့်ထိန်းလျက် နေကြောင်း မိန့်တော်မူလေသည်။

'ယခု သီတင်းသုံးနေသော ကျောင်းထက် ကောင်းသောကျောင်း ပေါ်ပေါက်ရန် ဒါယကာများ မရှိပေဘူးလား' ဟု လျှောက်ရာ 'ဒါမှာတော့ နင်တို့ကျောင်း မကောင်းဘူး၊ ငါ့ကို ကျောင်းကောင်းကောင်း ဆောက်၍ ပေးကြ။ မပေးလျှင် ငါမနေဘူး ဆိုက ဘုန်းကြီးကို ကြည်ညိုသဖြင့် တတ်အားသမျှ ဆောက်ကြပေလိမ့်မည်။ ဤလို ဘုန်းကြီးပယောဂနှင့် ဖြစ်သော ကျောင်းကို အလိုမရှိ၊ ဒါယကာ ဒါယိကာမတို့ အလိုအလျောက် သဒ္ဓါတရားနှင့် ဖြစ်ပေါ်လာသော ကျောင်းကိုသာ ဘုန်းကြီး သီတင်းသုံးလိုကြောင်း၊ ယခုဘုန်းကြီး အလွန်အေးသည်၊ ဦးပဥ္စင်းကလေးများကို စာပို့ချပြီးလျှင် ဆွမ်းခံကျွေးသည်။ ငါကတော့ ဘုန်းကြီးပီပီ နေ့စဉ် ဖိုဝင်နေတာပဲ' ဟု မိန့်တော်မူသည်။

'အရှင်ဘုရား ဖိုဝင်သည်မှာ ဓာန်၏အခြေများ ထမြောက်ပါမလား' ဟု လျှောက်ရာ 'ဒကာကြီး၊ ငါဖိုဝင်သည်ကား လက်ဝဲလမ်း လက်ယာလမ်း၊ ရွှေဖြစ် ငွေဖြစ်၊ ကာယသိဒ္ဓိ အဖြစ်ကို အလိုရှိ၍ မဟုတ်။ ဖြစ်လိမ့်မည် ဟူ၍လည်း ငါမထင်။ လုပ်ရတ်အကြောင်းကိုလည်း ကောင်းစွာ နားမလည်။ လုပ်ရတ်ဆရာတွေ လာ၍ လုပ်ရတ်အကြောင်းကို ဘယ်ဓာတ် ဘယ်ဓာတ်နှင့်စပ်၍ ခုနစ်မီးထိုးလျှင် လက်လွတ်ရွှေဖြစ်သည် ဟု ပြောကြ၏။ "ဖြစ်တာကို ပြစမ်း" ဟု ဘုန်းကြီးက ပြောသော် သူတို့ မပြနိုင်။ ဘုန်းကြီးကို လိမ်ပြီး ကျောင်းမှာကပ်၍ ထမင်းစားရအောင် ဉာဏ်ဆင်သည်ကို ဘုန်းကြီး ရိပ်မိသောကြောင့် ၎င်းတို့ကို ဘုန်းကြီး လက်မခံပါ။





'ဘုန်းကြီးမှာ ရှေးကဆရာများ ရေးမှတ်ထားသော ပေတိုင်ယံ စာစောင်ကလေးမှာ ဘယ်ဆေးမြစ် ဘယ်ဆေးကို အမှုန့်ပြု၍ တောင်ပေါ် ကွမ်းရွက်ရည်နှင့် နယ်၍ အသုံးပြုရမည်။ ၎င်းအမှုန့်ကို ပုံးရည်နှင့်နယ်၍ နေလှန်းရမည်။ ခြောက်သည့်အခါ လဲမှို့နှင့် စုပေါင်းထောင်းရမည်။ ထောင်း၍ညက်လျှင် တောရှောက်ရွက်အရည်နှင့် နယ်၍ ဖယောင်းကဲ့သို့ စေးလာလျှင် လုံးလုပ်၍ နေမှာ သုံးရက်လှန်းပြီးသော် ပြဒါးတစ်ကျပ်သားကို ယခင်က ကွမ်းရွက်ရည်နှင့် လုံးထားသောဆေးကို အခေါင်းလုပ်၍ ပြဒါးကိုထည့်ပြီး ၎င်းအလုံးကို လုံမှာထည့်၍ အဖုံးအုပ်ပြီးလျှင် လဲမှို့နှင့် မြေနီနှင့် နယ်၍ ဇော်ဂျီသုံးထပ် မံပြီးမှ တစ်နေလှန်း၊ နောက် ဖွဲဆယ်တင်းနှင့် တစ်လမီးဆိုက်ပြီးမှ လုံကိုဖောက်ယူပြီး ဖိုနှင့် မီးပြင်းတစ်ကြိမ် ထိုးပြီး လုံကိုယူ။ အလိုလို အေးစေရမည်။ နောက်နေ့ လုံကိုခွဲကြည့်ရာ ပြာနု နှမ်းတစ်လုံးခန့် ရမည်။ ၎င်းပြာကို သံပရာရည်နှင့် ရောစပ်သော အခါ သံပရာရည် အချဉ်အရသာ ပျောက်သွားသည်။ ၎င်းသံပရာနှင့် ဖျော်သော ပြာရည်ကို ဘုန်းကြီး လျက်သည် အခါကစ၍ ဆံမဖြူ၊ သွားမနာ၊ သွားမကိုက်၊ သွားမကျိုး၊ မျက်စိမမှုန်၊ အသားအရေ ပြည့်ဖြိုး၊ အကြောမထ၊ သွားလာ၍ကောင်း၊ မောပန်းခြင်း၊ ညောင်းခြင်း၊ ညာခြင်း မရှိသော ဓာန်ကို ဘုန်းကြီး ရပေ၏။ ၎င်းကို ဘုန်းကြီး အားထုတ်နေသည်မှာ ငါးနှစ်ကျော်ပြီ ဒကာကြီး။ လုံပေါက်၊ ပြဒါးထွက်တာနှင့်သာ ကိစ္စတုံးနေသည်။ ရမ်းဆ၍ လုပ်သည့်အခါက ပြာနှမ်းလုံးခန့် သုံးရသေးသည်။ တကယ် အားထုတ်၍ လုပ်ဆောင်ခါမှ အပျက်သာ များသည်' ဟု မိန့်တော်မူလေသည်။

'နို့... သီတင်းသုံးနေရသည်မှာ ဘောဇနသပ္ပါယများ ပြည့်စုံပါ၏လား' ဟု လျှောက်ရာ- 'အင်း... ဘောဇနသပ္ပါယ ဆိုတာမတော့ ငါတို့ ပစ္စည်းလေးပါး ဒါယကာကြီး ရောက်တဲ့အခါမှာ ဖောဖောသီသီ ပြည့်စုံပါပေသည်။ သူ မရောက်တဲ့အခါ ရှားပါးခြင်း ရှိနေတာပဲ' ဟု မိန့်တော်မူသည်။

'ဒီ ပစ္စည်းလေးပါး ဒါယကာကြီးက ဘယ်အရပ်မှာ နေပါသလဲ' ဟု လျှောက်ရာ- 'ငါတို့ ပစ္စည်းလေးပါး ဒါယကာကြီးက လူမဟုတ်ဘူး၊ ကာလရောဂါ ဖြစ်တယ်။ သူ တစ်ခါတစ်ခါလာလျှင် ဘုန်းကြီး အငြိမ် မနေရဘူး။

'အသုဘရှု မနေမနား လိုက်ရတယ်။ နေ့ရောညပါ မအားဘူး ဒကာကြီး။ အသုဘရှု သွားသည့်အခါ နေ့နေ့ညည ဘုန်းကြီးတစ်ပါးတည်းသာ သွားသည်။ တပည့်ကျောင်းသားကို မခေါ်၊ ကိစ္စပြီးလျှင် သူတို့ဒါယကာမများ လှူဖွယ်ဝတ္ထုများကို ကျောင်းသို့ လိုက်ပို့ကြတာပဲ။ ဤအခါမှာ ဘုန်းကြီး နားတစွင့်စွင့်နှင့် နေရသည်။ ငိုသံကြားလျှင် "အင်း… ငါ့ကို ပင့်ပြန်ပေါ့ကိုး" ဟု အမှတ်ပြု၍ သင်္ကန်းကိုရုံကာ ယပ်တောင်ကိုင်လျက် အသင့် စောင့်နေရတယ်။ တော်တော်ကြာ ဘုန်းကြီးကို အပင့် ရောက်လာပေတာပဲ ဒကာကြီး' ဟု မိန့်တော်မူလေ၏။

## အမှာ လေးဆစ်ချိုး

စီးပွား ဆုတ်လျှင်ဖြင့်၊ လူရုပ်ပ–ပျက်တတ်တယ်။ ။ ပျော်အပါး မော်ကြွားရန်စိတ်ကို ချိုးကြတော့၊ ကျိုးမနပ်ဖွယ်။ ။ ဝင်ငွေကို အခရ ကြံ့နိုင်မှ အားလုံးလုံး ရှိကြမယ်၊ ချင့်ရှယ်လို့ စစ်စီသုံး။ သက်သက်ငွေ အထွက်များလျှင်၊ ပျက်ပြားကာ–ကျွန်စာရင်းမှာ သွင်းရမည့်ထုံး။ ။

## ၁၄။ စေးနှဲသော ဘုန်းကြီးအကြောင်း

မင်းတို့ နားထောင်ကြ။

အမရပူရမြို့ ကောင်းစားစဉ်အခါက ပျဉ်းမနားမြို့နယ် ကျေးရွာတစ်ရွာက လူသုံးယောက်တို့သည် လိုရာကုန်စည်များ ဝယ်ရန်နှင့် ဆွေမျိုးများကို တွေ့ရန် တံတားဦးနယ် သင်ပန်းရွာသို့ လာကြရာ၊ ပင်လယ်မြို့အနီး ရောက်သောအခါ အချိန်ကုန်၍ ကျောင်းတစ်ကျောင်းသို့ ဝင်ပြီးလျှင် ဘုန်းကြီးထံ၌ ကျောင်းအောက်မှာ တစ်ညအိပ်ရန် ခွင့်တောင်းသည်။ အခွင့်ရလျှင် တပည့်တော်များမှာ အချိန်ကုန်၍ ညစာထမင်း မစားရသေးပါ။ အရှင်ဘုရားကျောင်းမှာ ငှက်ပျောသီး၊ သစ်သီးများ စွန့်တော်မူပါမည့်အကြောင်း လျှောက်ထားရာ–

ဘုန်းကြီးက 'ဟယ်… နင်တို့ ကျောင်းအောက်မှာအိပ်ရန် ငါ အခွင့်ပေးပြီ။ စားစရာ တောင်းရသေးသလား၊ ငါ့မှာ ပေးစရာ မရှိဘူး၊ နင်တို့ အခု ဆင်းသွား၊ ငါ မကြည့်ချင်ဘူး' ဟု နှင်ချလိုက်လေသည်။

ဘုန်းကြီး နှင်လိုက်လေလျှင် ၎င်းတို့သုံးယောက် ကျောင်းပေါ်က ဆင်းလာရာ ဆွမ်းစားကျောင်းမှ ဦးပဥ္စင်းက မြင်၍ ခေါ်ပြီးလျှင် အကျိုး

အကြောင်းကို မေးရာ ‘ဒကာကြီးတို့ ကျုပ်တို့ဘုန်းကြီး အကြောင်းကို မသိလို့ ဖြစ်တယ်။ ကျုပ်တို့ဘုန်းကြီးက အင်မတန် နှမြောတယ်၊ တောင်းရင်လဲ မကြိုက်ဘူး၊ ရပြီးပစ္စည်းကို မပြောနဲ့၊ မရသေးတဲ့ ပစ္စည်းကိုတောင် နှမြောတယ်။ ဒကာကြီးတို့ သိအောင် နက်ဖြန်နံနက်တော့ ငါပြောပြမယ်။ ဟောဟို တလဖုတ်ထဲမှာ ရှိတာတွေ ကြည့်ပြီး ချက်ပြုတ်စားကြ၊ ငါ့ကျောင်းမှာပဲ အိပ်ကြပေတော့’

နံနက် မိုးလင်းသောအခါ ဆွမ်းစားပြီးချိန်တွင် ဒကာသုံးယောက်ကို ခေါ်၍ ဘုန်းကြီးထံ ချဉ်းကပ်ကြသည်။ ဘုန်းကြီးက ‘ကိုပဥ္စင်း၊ ခါတိုင်းနဲ့ မတူပါဘူး၊ ဒီတစ်ခါ တယ်ပြီး မျက်နှာရွှင်ပြုံးလာပါကလား’ လို့ မေးတယ်။

‘ရွှင်ပြုံးဆို ဝမ်းမြောက်လွန်းလို့ လျှောက်ထားရန် ရှိပါတယ် ဘုရား’

‘ဘာကိုများ လျှောက်ထားရန် ရှိသလဲ၊ လျှောက်ပါ ကိုပဥ္စင်း’

‘တင်ပါ၊ ညက တပည့်တော် အိပ်မက်မက်ရာ အရှင်ဘုရားသည် ရှင်ဘုရင်ဖြစ်တယ်လို့ အိပ်မက်ပါတယ် ဘုရား’

‘အင်း… ကိုပဥ္စင်းအိပ်မက် မှန်ပေလိမ့်မယ်။ ငါ့ကိုလဲ ပုဏ္ဏားဖြူ ပုဏ္ဏားညိုတို့က ဇာတာစန်းလဂ် ကောင်းသည်။ ရှင်ဘုရင် မုချဖြစ်မည်လို့ ဟောကြတယ် ကိုပဥ္စင်း’

‘တင်ပါ၊ အရှင်ဘုရား ရှင်ဘုရင်ဖြစ်ခဲ့သော် ရေနံချောင်းဝန်ကြီး ခန့်တော်မူပါ ဘုရား’

‘ဟာ… ရေနံချောင်းဝန်ကြီးကို ငါ့ဘကြီးကို ခန့်ရန် ရည်ရွယ်ထားသည်’

‘နို့… ဒါဖြင့်ဘုရား မြစ်ကွေ့ဝန်ကြီး အဖြစ်ကို သနားတော်မူပါ ဘုရား’

‘ဒါကိုလဲ ဦးပဥ္စင်းရဲ့၊ ငါ့ဦးရီးကို ခန့်ထားရန် ရည်ရွယ်ထားသည်’

‘ဒါဖြင့် လယ်ကိုင်းဝန်ကြီး အဖြစ်ကို ပေးသနားတော်မူပါ ဘုရား’

‘အင်း… ဒါလဲ ငါ့ညီကိုပေးရန် ရည်ရွယ်ထားသည်’

‘ဒါဖြင့်ဘုရား ရှင်မတောင်ကို အစား သနားတော်မူပါ ဘုရား’





‘ဒါကိုပေးလို့ ဖြစ်ရိုးလား၊ ရှင်မတောင်မှာ သနပ်ခါးပင် ပေါ၍ သနပ်ခါးကြိုက်တဲ့ မိဖုရားက တောင်းလျှင် ပေးရလိမ့်မယ်’

‘နို့… ကျောက်ပန်းတောင်းမြို့ကို ပေးတော်မူပါ ဘုရား’

‘ဟာ… ဒါ ပေးလို့ ဘယ်ဖြစ်နိုင်မလဲ၊ ကျောက်ပန်းတောင်းနယ်က မြေပဲ အလွန်ထွက်တယ်၊ မြေပဲကြိုက်တဲ့ မိဖုရားက တောင်းလျှင် မြို့စားပေးရလိမ့်မယ်။ ကိုင်း… တော်တော်၊ မောင်ပဥ္စင်း တယ်ပြီး အတောင်းများတယ်။ ဆင်းသွားကြ’ဟု နှင်၍ ဆင်းလာကြရာ၊ ကျောင်းအောက်ကျလျှင် ‘ဘယ့်နှယ့်လဲ ဒကာကြီးတို့၊ ဘုန်းကြီးအကြောင်း သိပလား’ မေးရာ ဒကာသုံးယောက်က ရယ်ကြလေသည်။

‘အဲ… မှတ်သွားကြလေတော့။

‘ဒကာကြီးတို့ နေမဝင်မီ သင်ပန်းရွာကို ရောက်လိမ့်မည်။ နောက် ခရီးကြုံရင်လဲ ငါ့ကျောင်း ဝင်ကြ၊ တည်းခိုနိုင်သည်။ သွားကြပေတော့’

‘စေးနှဲတဲ့ ဘုန်းကြီးအကြောင်း ကြားရတာ အံ့ဩစရာနဲ့ ရယ်စရာကြီး ဖြစ်တယ် အဘိုးရယ်’

## ဘုန်းကြီးဘွဲ့ လေးချိုး

သုတနှင့်ဒိဋ္ဌ၊ ကြုံခဲ့ရ အကြောင်းမှန်။ ။ စရိုက် သူမပြန်ပေဘာ၊
မှတ်ကြရန် ဘုန်းမြတ်ကြီးတို့၊ မှီးကြရှေ့ညာဏ်။ ။ ကြိုက်ရာကို လိုက်
လျောတော့၊ မကိုက်သော မာယာဟန်၊ စေးနှဲပြန် တမုံ့။ ။ ဟိုးရှေးနှင့်
နှိုင်းကြတော့ ခုတိုင်း ပိုလို့မောက်တယ်၊ ကြောက်ရန်နုမ့်နုမ့်။ ။

‘အေး… နားထောင်ဦးကွဲ့၊ ရှေးက ထူးတဲ့ လူကြီးများနဲ့ စည်းစနစ်ကောင်းတဲ့ သူများရဲ့အကြောင်း’

‘ဟုတ်ကဲ့၊ အမိန့်ရှိပါ အဘိုး၊ မှတ်ပါရစေ’

## ၁၅။ ဦးခင်တို၏ ထူးသောတူအကြောင်း

အတော်ကြာက ဝန်ဖိုမြို့၌ ကုန်သည်ကြီး ဦးခင်တို၏ တူတော်သူတစ်ယောက်သည် မိဘတို့ ပေးမြားသောဇနီးနှင့် ပေါင်းသင်းလျက် အသက်မွေးရာမွေးကြောင်းဖြင့် ရောင်းဝယ်စားသောက် နေကြရာ၊ ၎င်းဇနီးသည် ပွဲစားကြီးတစ်ဦးနှင့် ယှဉ်ပါး၍ လင်ကြီးမရှိမီ တိတ်တဆိတ် ပွဲစားနောက်သို့ လိုက်ပါသွားရာ၊ လင်ကြီးဖြစ်သူက မယားခိုးမှုနှင့် တရားစွဲဆိုမည့်အကြောင်း ဦးခင်တိုကို တိုင်ကြားရာ၊ ဦးခင်တိုက 'ရုံးကို မသွားနှင့်၊ ငွေကုန်ကြေးကျ များနေမည်။ မင့်းကိုမချစ်လို့ မင်းမယား စိတ်ပြောင်းလိုက်ပါသွားသည်ကို ဒေါသမဖြစ်နှင့်၊ ဝမ်းမနည်းနှင့်။ ငါစီမံပေးမည်'ဟု ပြောရာ တူဖြစ်သူက 'ဦးကြီးစကားကို နားထောင်ပါမည်'ဟု ဝန်ခံပေသည့်အတိုင်း ဦးခင်တိုက မြို့ရှိ လူကြီးများနှင့် တိုင်ပင်ပြီးလျှင် မယားခိုးယူသွားသော ပွဲစားလင်မယားကို ခေါ်၍ 'မင်းတို့ ကံအလျောက် ဖြစ်ကြပြီ၊ ရုံးကိုရောက်လျှင် စရိတ်ကြေးငွေ ကုန်ကျလိမ့်မည်။ သို့အတွက် ငါတို့လိုလူကြီးများ ဆုံးဖြတ်ရာ နားထောင်ကြရမည်။ သူ့မယားကို ခေါ်ယူသည့်အတွက် လင်ကြီးကို ကန်တော့လေ။ ၎င်းမိန်းမကိုလည်း ငါတို့က





လက်ထပ်ပေးလိုက်မည်'ပြောရာ၊ ဝန်ခံကာ လင်ကြီးကို ငွေကြေးဖြင့် ကန်တော့ကြလေသည်။ လင်ကြီးက လက်ထပ်ပေးစားလိုက်သည်။ ဦးခင်တိုက ၎င်းမိန်းမကို 'မင်း အလွန်ချစ်ခင်၍ ခေါ်ယူသွားခြင်းဖြစ်သောကြောင့် ဘယ်တော့မှ မပစ်ရ၊ ကျိုးကျိုးကန်းကန်း အမြဲပေါင်းရမည်။ ကံကုန်မှ ခွဲကြရမည်'ဟု ပြောရာ၊ ပွဲစားက ဝန်ခံသောကြောင့် လူကြီးများက သာဓုခေါ်ကြလေသည်။ ဤကား လူကြီးများ စီမံဆောင်ရွက်ပုံနှင့် လင်ကြီးဖြစ်သူကလည်း သည်းခံပုံ ကောင်းသည့်အတွက် ထူးပါပေသည်။

နောက် ဦးခင်တိုက တူကို ပြောပြသည်မှာ 'မင့်းမိန်းမအတွက် စိတ်အနှောင့်အယှက် ဖြစ်မနေနှင့်၊ ငါ့မှာ သမီးတစ်ယောက်သာ ရှိသည်။ ငါ့သမီးနှင့် လက်ထပ်မည်။ ငါ့အလုပ်ကို ဦးစီးလုပ်ပေတော့' ဟု ဆို၍ လ ရက် နေ့ ကောင်းသည့်အခါ လူကြီးစုံရာတို့ရှေ့တွင် လက်ထပ်ထိမ်းမြားလိုက်ပေသည်။

၎င်းပြင် ကသာမြို့ ဓာတ်ဆီရထားမောင်းသော သူ၏ မယားသည် လင်ကြီးမရှိခိုက် ဝတ်လုံတော်ရ၏ သားဖြစ်သူ ရှေ့နေတစ်ယောက်နောက်သို့ လိုက်ပါသွားသည်ကို လင်ကြီးက မယားခိုးမှုနှင့် တရားစွဲမည်ပြောရာ၊ မြို့ပေါ်ရှိလူကြီးများက 'မင်း တရားမစွဲနှင့်၊ ငွေကုန်ကြေးကျများမည်။ ငါတို့ စီမံပေးမည်'ပြောရာ၊ လင်ကြီးက 'ဘကြီး၊ ဦးမင်းတို့သြဇာကို မပယ်ပါ။ နာခံပါမည်။ ဘကြီး၊ ဦးမင်းတို့ရှေ့၌ ကျွန်တော်လက်ထပ်ပေးစားပါမည်' ဟု ဝန်ခံသည့်အတိုင်း လူကြီးများကို တိုင်ပင်၍ ဝတ်လုံတော်ရကို အကျိုးအကြောင်း ပြောပြရာ ဝတ်လုံတော်ရက 'လူကြီးမင်းများ သြဇာ နာခံမည်'ဟု ဝန်ခံပေးချက်အရ လူကြီးများက ရက်ချိန်းပေး၍ တရားပွဲပြုလုပ်ရာ ဝတ်လုံတော်ရသည် သားရှေ့နေကိုခေါ်၍ ချွေးမပါ လာကြလေသည်။ ဓာတ်ဆီရထားမောင်းသူ လင်ကြီးလည်း လာရောက်သည့်အခါ လူကြီးများက 'အမှုဖြစ်ပွားပုံကို ပြောကြရန် မလို။ အသိအမြင်ဖြစ်ပြီး ဖြစ်သည်။ သို့ကြောင့် ဤအမှုကို ဝတ်လုံတော်ရမင်းကသာ စီရင်ဆုံးဖြတ်ပါ'ဟု လွှဲအပ်လိုက်သည့်အတိုင်း ဝတ်လုံတော်ရက ကာမဂုဏ်ကို လိုက်စားသည့်အတွက် မှားယွင်းသောအမှုကို သည်းခံပါဟု လင်ကြီးကို တောင်းပန်၍ ငွေသုံးရာ ကန်တော့စေရာ လင်ကြီးဖြစ်သူက 'ကျွန်တော်

## ၁၅။ ဦးခင်တိုး၏ ထူးသောတူအကြောင်း

အတော်ကြာက ဝန်ဖိုမြို့၌ ကုန်သည်ကြီး ဦးခင်တိုး၏ တူတော်သူတစ်ယောက်သည် မိဘတို့ ပေးမြားသောဇနီးနှင့် ပေါင်းသင်းလျက် အသက်မွေးရာမွေးကြောင်းဖြင့် ရောင်းဝယ်စားသောက် နေကြရာ၊ ၎င်းဇနီးသည် ပွဲစားကြီးတစ်ဦးနှင့် ယှဉ်ပါး၍ လင်ကြီးမရှိမီ တိတ်တဆိတ် ပွဲစားနောက်သို့ လိုက်ပါသွားရာ၊ လင်ကြီးဖြစ်သူက မယားခိုးမှုနှင့် တရားစွဲဆိုမည့်အကြောင်း ဦးခင်တိုးကို တိုင်ကြားရာ၊ ဦးခင်တိုးက 'ရုံးကို မသွားနှင့်၊ ငွေကုန်ကြေးကျ များနေမည်။ မင့်းကိုမချစ်လို့ မင်းမယား စိတ်ပြောင်းလိုက်ပါသွားသည်ကို ဒေါသမဖြစ်နှင့်၊ ဝမ်းမနည်းနှင့်။ ငါစီမံပေးမည်'ဟု ပြောရာ တူဖြစ်သူက 'ဦးကြီးစကားကို နားထောင်ပါမည်'ဟု ဝန်ခံပေးသည့်အတိုင်း ဦးခင်တိုးက မြို့ရှိ လူကြီးများနှင့် တိုင်ပင်ပြီးလျှင် မယားခိုးယူသွားသော ပွဲစားလင်မယားကို ခေါ်၍ 'မင်းတို့ ကံအလျောက် ဖြစ်ကြပြီ၊ ရုံးကိုရောက်လျှင် စရိတ်ကြေးငွေ ကုန်ကျလိမ့်မည်။ သို့အတွက် ငါတို့လိုလူကြီးများ ဆုံးဖြတ်ရာ နားထောင်ကြရမည်။ သူ့မယားကို ခေါ်ယူသည့်အတွက် လင်ကြီးကို ကန်တော့လေ။ ၎င်းမိန်းမကိုလည်း ငါတို့က





လက်ထပ်ပေးလိုက်မည်'ပြောရာ၊ ဝန်ခံကာ လင်ကြီးကို ငွေကြေးဖြင့် ကန်တော့ကြလေသည်။ လင်ကြီးက လက်ထပ်ပေးစားလိုက်သည်။ ဦးခင်တိုးက ၎င်းမိန်းမကို 'မင်း အလွန်ချစ်ခင်၍ ခေါ်ယူသွားခြင်းဖြစ်သောကြောင့် ဘယ်တော့မှ မပစ်ရ၊ ကျိုးကျိုးကန်းကန်း အမြဲပေါင်းရမည်။ ကံကုန်မှ ခွဲကြရမည်'ဟု ပြောရာ၊ ပွဲစားက ဝန်ခံသောကြောင့် လူကြီးများက သာဓုခေါ်ကြလေသည်။ ဤကား လူကြီးများ စီမံဆောင်ရွက်ပုံနှင့် လင်ကြီးဖြစ်သူကလည်း သည်းခံပုံ ကောင်းသည့်အတွက် ထူးပါပေသည်။

နောက် ဦးခင်တိုးက တူကို ပြောပြသည်မှာ 'မင့်းမိန်းမအတွက် စိတ်အနှောင့်အယှက် ဖြစ်မနေနှင့်၊ ငါ့မှာ သမီးတစ်ယောက်သာ ရှိသည်။ ငါ့သမီးနှင့် လက်ထပ်မည်။ ငါ့အလုပ်ကို ဦးစီးလုပ်ပေတော့' ဟု ဆို၍ လ ရက် နေ့ ကောင်းသည့်အခါ လူကြီးစုံရာတို့ရှေ့တွင် လက်ထပ်ထိမ်းမြားလိုက်ပေသည်။

၎င်းပြင် ကသာမြို့ ဓာတ်ဆီရထားမောင်းသော သူ၏ မယားသည် လင်ကြီးမရှိခိုက် ဝတ်လုံတော်ရ၏ သားဖြစ်သူ ရှေ့နေတစ်ယောက်နောက်သို့ လိုက်ပါသွားသည်ကို လင်ကြီးက မယားခိုးမှုနှင့် တရားစွဲမည်ပြောရာ၊ မြို့ပေါ်ရှိလူကြီးများက 'မင်း တရားမစွဲနှင့်၊ ငွေကုန်ကြေးကျများမည်။ ငါတို့ စီမံပေးမည်'ပြောရာ၊ လင်ကြီးက 'ဘကြီး၊ ဦးမင်းတို့ သြဇာကို မပယ်ပါ။ နာခံပါမည်။ ဘကြီး၊ ဦးမင်းတို့ရှေ့၌ ကျွန်တော်လက်ထပ်ပေးစားပါမည်' ဟု ဝန်ခံသည့်အတိုင်း လူကြီးများကို တိုင်ပင်၍ ဝတ်လုံတော်ရကို အကျိုးအကြောင်း ပြောပြရာ ဝတ်လုံတော်ရက 'လူကြီးမင်းများ သြဇာ နာခံမည်'ဟု ဝန်ခံပေးချက်အရ လူကြီးများက ရက်ချိန်းပေး၍ တရားပွဲပြုလုပ်ရာ ဝတ်လုံတော်ရသည် သားရှေ့နေကိုခေါ်၍ ချွေးမပါ လာကြလေသည်။ ဓာတ်ဆီရထားမောင်းသူ လင်ကြီးလည်း လာရောက်သည့်အခါ လူကြီးများက 'အမှုဖြစ်ပွားပုံကို ပြောကြရန် မလို။ အသိအမြင်ဖြစ်ပြီး ဖြစ်သည်။ သို့ကြောင့် ဤအမှုကို ဝတ်လုံတော်ရမင်းကသာ စီရင်ဆုံးဖြတ်ပါ'ဟု လွှဲအပ်လိုက်သည့်အတိုင်း ဝတ်လုံတော်ရက ကာမဂုဏ်ကို လိုက်စားသည့်အတွက် မှားယွင်းသောအမှုကို သည်းခံပါဟု လင်ကြီးကို တောင်းပန်၍ ငွေသုံးရာ ကန်တော့စေရာ လင်ကြီးဖြစ်သူက 'ကျွန်တော်

သည်းခံနိုင်ပါတယ်။ သို့သော် လူကြီးမင်းတို့ရေ့ ပိုင်ပိုင်နိုင်နိုင် ဖြစ်စေရန် ကျွန်တော် လက်ထပ်ထိမ်းမြား ပေးစားလိုက်ပါမည်' ဟု ဆို၍ ကြည်ကြည်သာသာ အသက်ထက်ဆုံးတိုင် ကောင်းမွန်စွာ သဘောထားပြီးလျှင် ခေါင်းကြပါဟု ထိမ်းမြားလက်ထပ် ပေးလိုက်လေသည်။ လူကြီးများလည်း သာဓုခေါ်ကြလေသည်။ ဤဒြ မြို့ရှိ လူကြီးများလည်း စိမ်ဆောင်ရွက်ပုံကောင်းလှပေသည်။ ဓာတ်ဆီရထားမောင်းသူ လင်ကြီးဖြစ်သူလည်း သည်းခံသောစိတ် ခိုင်ခံ့လျက် လက်ထပ်ထိမ်းမြား ပေးစားခြင်းသည် ထူးလှပါပေသည်။

## ၁၆။ ကြေးထမ်းကြီး ဦးထူးအကြောင်း

ကောဇာသက္ကရာဇ် ၁၂၃၄ ခုနှစ် ဒုတိယ ကုလားကြီး ဤမြန်မာပြည်သို့ တက်ပြီးသည့်နောက် မြို့နယ် ကျေးရွာများကို စီရင်အုပ်ချုပ်ရန် ကျေးရွာကြေးထမ်းကြီးများကို ခန့်ထားလေသည်။ ထိုအခါ ကြေးထမ်းကြီးများသည် အာဏာတန်ခိုး ရှိသဖြင့် ကျေးရွာသားတို့ ရိုသေလေးမြတ်ကြရသောကြောင့် အချို့ ခစား ဘုရားထူးခြင်းကို ပြုကြရပေသည်။

ယခု တိုက်ကြီးမြို့အပိုင် ခုနှစ်ကျိုက်ရွာ၌ အင်္ဂလိပ်အစိုးရတို့က "ဦးထူး"ဆိုသူအား ကြေးထမ်းကြီးအဖြစ်ကို ခန့်ထားပေသည်။ ၎င်းဦးထူးသည် မြန်မာမင်း လက်ထက်တော်အခါက ပဲ့နင်းစာရေး လုပ်ခဲ့ဖူးသူဖြစ်၍ အပြောအဆို ကောင်းသည်။ မင်းသံပါအောင် စကားကို သုံးစွဲတတ်သူ ဖြစ်ပေသည်။

၎င်းကြေးထမ်းကြီး ဦးထူးသည် တစ်နေ့သောအခါ၌ နံနက်အချိန်တွင် မိမိအိမ်ရှေ့ မန်ကျည်းပင်အောက် ခုတင်ပေါ်မှာ ထိုင်လျက် ကျေးရွာသားများကို ခေါ်၍ စကားပြောဆိုနေရာ၊ ကျေးရွာလူကြီးများလည်း ခုတင်အောက်က ဝပ်လျက် နေကြပေသည်။ သို့လို စကားပြောဆိုနေခိုက်အခါ ဖောင်းလင်းမြို့အရပ်က ဦးထူး၏သူငယ်ချင်းတစ်ယောက် "ကိုလှိုင်" ဆိုသူသည် ဦးထူးကိုတွေ့ရန် လာရာ လူပရိသတ်များ ခစားနေသည်ကို တွေ့၍ "အလို... ငါ့သူငယ်ချင်း ဘယ်အရာရှိများ ဖြစ်ပါလိမ့်၊ လူများ

ခစားလျက် နေပါကလား၊ ငါလဲ ထိုသူများလို ခစားလျက် အကြောင်းကို မေးဦးမှ"ဟု ဝင်လျက် ခစားလေသည်။

ဦးထူးက သူ၏သူငယ်ချင်း ဝင်ခစားနေသည်ကို မြင်သော်လည်း မသိယောင်ပြု၍ နေလေ၏။ ထိုအခါ ကိုလှိုင်က ခုတင်နား ကပ်လျက် 'ဟေ့သူငယ်ချင်း၊ မင်း ဘယ်အမှုထမ်းလဲ' မေးရာ-

ဦးထူးက 'ဘုရားဒကာ ကျောင်းဒကာတို့၊ အင်္ဂလိပ်မင်းက မြို့နယ်များကို အုပ်ချုပ်ခန့်ထားသည်မှာ မဟာမင်းကြီး တဲ့၊ ၎င်းအောက် တိုင်းပိုင် ခရိုင်မင်းကြီး တဲ့၊ ၎င်းအောက် အရေးပိုင် တဲ့။ ကြားလား'

'အေးလကွယ်၊ မင်းက ဘယ်ရာထူးပေလဲ'

'နို့ပြီးတော့လေ အရေးပိုင်လက်အောက် နယ်ပိုင် ဝန်ထောက်၊ စစ်ကဲ၊ မြို့အုပ် တဲ့၊ တိုက်သူကြီးတဲ့။ ကြားလား၊ မှတ်ထားနော်'

'အေးလေ၊ မင်းက ဘာရာထူးလဲကွဲ့'

'အခုပြောတာက မြို့နယ်အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ အခွန်ကောက်ခံရေးများနဲ့ ဆိုင်သော အမှုထမ်းများ ဖြစ်တယ်နော်၊ ကြားလား။ ရာဇဝတ်ရေးဌာနက ရာဇဝတ်မင်းကြီး တဲ့၊ ၎င်းအောက် ရာဇဝတ်ဝန်ထောက်တဲ့ နော်။ မှတ်ထားကြ'

'ဟုတ်ပါပြီကွဲ့၊ မင်းက ဘာရာထူးပေလဲ'

'အဲဒီ ရာဇဝတ်ဝန်ထောက် အောက်က အင်စပိတ်တော် တဲ့၊ ရဲဗိုလ် တဲ့၊ အဟောဒန် တဲ့၊ ဟိုက်ခံစတောဘီ တဲ့၊ နာရစ် တဲ့၊ ရဲသား တဲ့၊ ကြားလား။ မှတ်ထားနော်'

'မင်း လုပ်ရတဲ့ရာထူးကို ပြောပါကွဲ့'

'နို့ပြီးတော့လေ အရေးပိုင်မင်း ရုံးမှာလဲ ရှေ့ဖတ်စာရေး၊ တရားစာရေး၊ အခွန်စာရေးတဲ့ ရှိတယ်။ ဝန်ထောက်ရုံးမှာလဲ တရားစာရေး၊ အခွန်စာရေး ရှိတယ်။ စစ်ကဲရုံး၊ မြို့အုပ်ရုံးမှာလဲ ထိုနည်းအတူ စာရေးများ ရှိကြတယ်နော်။ မှတ်ထားကြ'

'မဟုတ်ဘူးကွဲ့၊ မင်းအလုပ်ကို ပြောစမ်းပါ'

'ဒီလို ဆိုင်ရာဆိုင်ရာ ရုံးများတွင် စာရေးစာချီများ လုပ်ကိုင်ကြရတယ်ကွဲ့၊ အေး... ငါကတော့ ကြေးထမ်းကြီးပါပဲကွဲ့'

'အဲဒါ မိမိဂုဏ်ကို ကြီးလေးဟန် အထက်လူကြီးတွေ ဂုဏ်ကို ပြောပြခြင်း ဖြစ်သည်။ မှတ်ပေတော့'

## ၁၇။ ပဋ္ဌာစာရိတ္တ၊ နားထောင်ချင်သော ဗိုလ်တစ်ယောက်အကြောင်း

စိတ်ထင်အားဖြင့် လွန်ခဲ့သော ၁၀ နှစ်လောက်က ဟံသာဝတီလယ်ဝန် ဗိုလ်တစ်ယောက်သည် မိမိဆိုင်ရာ မြေပိုင် အမှား အမှန်များကို စစ်ဆေးရန် ကွမ်းခြံကုန်းမြို့နယ် မုတ်ကျွန်းတိုက်သို့ သွားရောက်၊ ကွင်းများကို စစ်ဆေးရာ အမှားများစွာ တွေ့သောကြောင့် 'တိုက်စာရေးသည် ကွင်းကို စစ်ဆေး၍ စာရင်းကောင်းစွာ မလုပ်ကြောင်း ထင်ရှားသဖြင့် ရာထူးမှ နုတ်ပစ်မည်'ဟု များစွာ စိတ်ဆိုးလျက် အမိန့်ပေးလေ၏။

စာရေးသည် အလွန် ကြောက်သောကြောင့် ညအခါ အရက်မူးစွာ သောက်လျက် ဗိုလ်နေသော ဇရပ်သို့ သွားလေ၏။

'ကျွန်တော်မျိုး တိုက်စာရေးပါ ဘုရား'

'မင်း ငါ့ဆီကို မလာနဲ့၊ အလွန်မိုက်တဲ့ စာရေးဖြစ်တယ်။ အခု ဆင်းသွား။ မင်းကို ငါ မကြည့်ချင်ဘူး။ သွားပါ'

'ကျွန်တော်မျိုးကို ခြေနှင့်ကန်လျှင် ခြေကို ဖက်ရပါမယ်၊ သတ်ပစ်ရင် အသေခံရပါမည် အရှင်ဘုရား။ ရာထူးကို ချပစ်ရင် ကျွန်တော်မျိုးနှင့် မယား၊ သားသမီး ကလေးသုံးယောက်ပါ ထမင်းငတ်ပြီး သေကြရ

ပါလိမ့်မယ်။ သည်တစ်ကြိမ် ပေါ့လျော့သည့်အတွက် ချမ်းသာပေးတော်မူပါ ဘုရား'

'မောင်မင်း နောက်ကို ကောင်းကောင်း လုပ်မလား'

'လုပ်ပါ့မယ် ဘုရား၊ နောက်ကို ကျွန်တော်မျိုး အလုပ်မကောင်းရင် အရှင်ဘုရား ပေးလိုသော အပြစ်ဒဏ်ကို ခံပါမည် ဘုရား'

'ကောင်းပြီ၊ မောင်မင်း ပဋာစာရီ ဝတ္ထုကို ပြောတတ်ကဲ့လား'

'ပြောတတ်ပါသည် ဘုရား'

'ကောင်းကောင်း ပြောတတ်ကဲ့လား'

'ကျွန်တော် ကောင်းကောင်းကြီး ပြောတတ်ပါတယ်၊ ကောင်းကောင်းကြီး နားလည်ပါတယ် ဘုရား'

'မောင်မင်း ပြောပြပါ။ ကောင်းကောင်း ပြောနိုင်ရင် မောင်မင်းကို ကျွန်ုပ် အပြစ်ချမ်းသာပေးမယ်၊ ပြောပါ'

'ရှေးက တိုင်းပြည်တစ်ပြည်မှာ သူဌေးတစ်ဦး ရှိသည်။ ၎င်းသူဌေးမှာ သမီးတစ်ယောက် ပဋာ ဆိုတာ ရှိတယ်။ ၎င်းတို့မှာ ကျွန်တစ်ယောက် ရှိတယ်'

'ကျွန်ဆိုတာ ဘာလဲ'

'အစေခံပါ ဘုရား၊ အရှင်ဘုရားများ ဘွိုင် ခေါ်တာမျိုးပေါ့။ အဲဒီကျွန်နဲ့ ပဋာနဲ့ ကြိုက်ကြရာ မိဘများ မသိအောင် ပဋာက ပစ္စည်းဥစ္စာ ခိုးယူ၍ တိတ်တဆိတ် ထွက်ပြေးကြပါသည်။ တောထဲရောက်၍ လုပ်ကိုင်စားကြရာ မကြာမီ သားတစ်ယောက် မွေးဖွားပါသည်။ ၎င်းသားကလေး သုံးနှစ်ရှိသောအခါ နောက်သားတစ်ယောက် ဖွားရာ ညအခါ လေကြီးတိုက်၊ မိုးကြီး ရွာသောကြောင့် ခိုက်ခိုက်တုန်အောင် ချမ်းသဖြင့် ပဋာက မီးလှုံချင်သည်၊ မီးမွေးပေးပါ ကျွန်ကို ခိုင်းတယ်။ ကျွန်က မီးမွေးရန် မိုးမှောင်မိုက်၍ ကောင်းစွာ မမြင်ရ။ ထင်းရှာသွားရာ ကောင်းကင်က လျှပ်စီးရောင်လက်မှ မြင်ရသောအခါ မြွေကြီးတစ်ကောင်ကို ထင်းမှတ်လို့ လက်နှင့်ဆွဲယူရာ မြွေကိုက်၍ ကျွန် သေသွားပါသည်။

'ပဋာသည် လင်ဖြစ်သူ မရောက်လာ၍ မိုးလင်းလျှင် သားကြီးကို လက်ကဆွဲ၊ သားငယ်ကို ရင်၌ပိုက်ပြီးတော့ လိုက်ရှာရာ လင်သေနေသည်ကို တွေ့၍ များစွာ ငိုပါသည်။ နောက် လင်၏ အသေကောင်ကို





သစ်ခက်ချိုး၍ ဖုံးခဲ့ပြီးလျှင် သားနှစ်ယောက်နဲ့ သူတို့တိုင်းပြည်ကို ပြန်လာရာ လမ်း၌ မြစ်ကြီးတွေ့၍ မကူးနိုင်ဘဲ ရှိနေပါသည်။ နောက် သင်္ဘောတစ်စင်း ခုတ်လာသည်ကို မြင်၍ ပဋာက အလံပြရာ သင်္ဘောဝင်ဆိုက်၍ ပဋာတို့ သားအမိ သင်္ဘောပေါ်တက်၍ လိုက်သွားပါသည်။

'သင်္ဘော ပင်လယ်ကို ရောက်သွားရာ လေမုန်တိုင်းကြီးမိ၍ သင်္ဘောပျက်ပါသည်။ ပဋာသည် ပင်လယ်၌ ရေကူးရာ ကျွန်းတစ်ကျွန်း ရောက်၍ ၎င်းကျွန်းပေါ်သို့ တက်သွားရာ၊ ဥယျာဉ်ကြီးတစ်ခု တွေ့၍ ဥယျာဉ်ထဲဝင်ရာ ကျောက်ဖျာကြီးတစ်ခုကို တွေ့သောကြောင့် ၎င်းကျောက်ဖျာပေါ်ကို ပဋာ တက်၍ ရေကူးရတာ မောတာနဲ့ အိပ်ပျော်နေပါသည်။

'နောက် တိုင်းပြည်တစ်ပြည်မှာ ရှင်ဘုရင် မရှိလို့ ဖုတ်သွင်းရထားလာဆိုက်တော့ ပဋာ အိပ်ရာမှနိုး၍ ကြည့်ရာ ဖုတ်သွင်းရထားကို မြင်၍ တက်စီးပါသည်။ ရထားလဲ တိုင်းပြည်ကို ဆောင်ယူသွားပါသည်။ တိုင်းပြည်ကို ရောက်တော့ မှူးမတ်များနဲ့ ပြည်သူပြည်သားတို့က မင်းမြှောက်ကြ၍ ပဋာ ရှင်ဘုရင် ဖြစ်နေပါသည် ဘုရား'

'အခု မင်းပြောတာ အမှန်ပဲလား'

'အို... ကျွန်တော်မျိုး ကောင်းကောင်းကြီး တတ်ပါတယ်၊ အခု ပြောတာ အမှန်ချည်းပါပဲ ဘုရား'

'ကောင်းပြီ၊ မောင်မင်းကို အပြစ်မပေးဘူး၊ ချမ်းသာပေးမည်။ မောင်မင်း မှားသောအလုပ်ကို ပြင်၍ နက်ဖြန် ကျွန်ုပ်ကို ပြပါ။ မင်းပဋာဝတ္ထုကို ကောင်းကောင်းပြောတတ်သူ ဖြစ်၍ အပြစ်ကို ချမ်းသာပေးလိုက်သည်။ သွားတော့'

နောက်နေ့ နံနက်အချိန်တွင် မြေစာရင်းအင်စပိတ်တော်သည် လယ်ဝန်ထံသို့ လာ၍ ရှိခိုးလေ၏။

ထိုအခါ လယ်ဝန်က 'အင်စပိတ်တော်၊ ပဋာစာရီ ဝတ္ထုကို ပြောတတ်ကဲ့လား' ဟု မေးလေ၏။

'မှန်ပါ၊ ငယ်စဉ်က မိဘများ ပြော၍ မှတ်သားထားဖူးပါသည် ဘုရား'

'မင်း မှတ်သားထားဖူးသည်ကို ကျွန်ုပ်ကို ပြောပြစမ်းပါ'

'သာဝတ္ထိတိုင်းပြည်၌ ကုဋေလေးဆယ် ကြွယ်ဝသော သူဌေးကြီး

မှာ လှပချောမွေ့သော ပဋ္ဌာစာရီ အမည်ရှိသော သမီးတစ်ယောက် ရှိပါသည် ဘုရား'

'မောင်မင်း ပြောတာ သာဝတ္ထိတိုင်းပြည် ဆိုသည်။ ကုဋေ လေးဆယ် ကြွယ်ဝသောသူဌေး ဆိုသည်။ ညက စာရေး ပြောတာ တိုင်းပြည်တစ်ပြည်မှာ သူဌေးတစ်ဦး ရှိတယ်လို့ ပြောသွားတယ်။ ကောင်း ပြီ၊ မင်းပြောတာကို ကျွန်ုပ် ရေးမှတ်ထားမယ်။ ရှေ့ကို လျှောက်ပြော ပါ'

'ပဋ္ဌာစာရီသည် မိမိတို့ အလုပ်အကျွေးဖြစ်သော ဒါသ ဆိုသူနှင့် ချစ်ကြိုက်နေပါသည်'

'စာရေးပြောတာက ကျွန်လို့ ပြောတယ်၊ မင်းပြောတာက ဒါသ ပြောတယ်။ ဒါသ ဆိုတာ ဘာလဲ'

'မှန်ပါ၊ ဒါသ ဆိုတာက ပါဠိစကားပါ ဘုရား၊ မြန်မာလိုတော့ ကျွန်လို့ ခေါ်ပါတယ်'

'အို... ကောင်းပြီ၊ ကျွန်ုပ် မှတ်ထားလိုက်မယ်။ ရှေ့ကို ပြောပါ'

'ပဋ္ဌာ မိဘများက အမျိုးဇာတ်တူသော တစ်ဦးသော သူဌေးသား နှင့် ပဋ္ဌာကို လက်ထပ်ရန် ရက်ချိန်းပေးကြပါသည်'

'ဟိုစာရေး ပြောတာက သည်အကြောင်း မပါဘူး။ ဟုတ်ကဲ့လား၊ ဟုတ်လျှင် ရှေ့ကို ပြောပါ'

'မိဘတို့ သူဌေးသားနဲ့ ပေးစားမည့်အကြောင်းကို ပဋ္ဌာက ဒါသကိုပြော၍ အချစ်ကို မခွဲကြရန် တိတ်တဆိတ် ထွက်ပြေးကြရာ ဝေးစွာသော ရွာတစ်ရွာ၌ နေကြပါသည်'

'နေဦး... ဟိုစာရေးက တောကြီးထဲမှာ နေသည် ဆိုသည်။ မင်းပြောတာ ရွာတစ်ရွာမှာ နေသည်ဆိုရာ ယုတ္တိရှိသည်။ တောထဲမှာ သူတို့နေရန် အတော် ခက်ပေလိမ့်မည်။ ရှေ့ကို ပြောပါ'

'သူတို့ ၎င်းတောရွာကိုမှီ၍ တောင်ယာလယ်များကို လုပ်ကိုင် စားသောက်နေကြရာ သားတစ်ယောက် ဖွားမြင်ပါသည်။ ၎င်းသားကလေး သုံးခါလည်အရွယ် ရှိပြန်သောအခါ'

'သုံးခါလည် ဆိုတာ ဘာလဲ'

'သုံးခါလည် ဆိုတာ သုံးနှစ်ရှိသည် ဆိုပါသည်။ သည်ခု





သည်လမှာ မွေးရင် ရှေ့နှစ် သည်လကို တိုင်ရောက်လျှင် တစ်ခါလည် ခေါ်ပါသည်။ ၎င်းတစ်ခါလည်ကို တစ်နှစ် ခေါ်ပါသည်'

'အို... မင်းပြောတဲ့စကား ထူးတယ်၊ ကျွန်ုပ် ကောင်းကောင်း မှတ်ထားမယ်။ ဟိုစာရေးဟာ သည်လို မပြောဘူး၊ ရှေ့ကို ပြောပါ'

'နောက် ပဋ္ဌာမှာ ကိုယ်ဝန် အရင့်အမာ ရှိလာပြန်ရော'

'ကိုယ်ဝန် အရင့်အမာဆိုတာ ဘာလဲ'

'ဗိုက်ကြီးတယ်၊ ဝမ်းကြီးတယ်လို့ ခေါ်ပါသည်။ ကိုယ်ဝန်ရှိသည် ဆိုတာက မွေးဖွားခါနီးတယ်လို့ ခေါ်ပါသည် ဘုရား'

'အို... မင်းပြောတာ အင်မတန် ကောင်းတယ်၊ ကျွန်ုပ် မှတ်ထား တယ်။ ပြောပါ'

'အဲဒီ ကိုယ်ဝန်ရှိကာ မွေးခါနီးဖြစ်၍ ပဋ္ဌာသည် သူ့လင် မရှိခိုက် အိမ်နီးချင်းများကို မှာထား၍ မိဘရပ်ထံ ပြန်သွားရာ၊ မကြာမီ လင်ဖြစ်သူ ဒါသ အိမ်သို့ပြန်လာရာ၊ မယားနှင့် သားကို မတွေ့၍ အိမ်နီးချင်းလူများကို မေးရာ၊ မိဘရပ်ထံ ပြန်သွားကြောင်း ပြောသည်ကို ကြားရသောကြောင့် ဒါသသည် အလွန် ပူဆွေးပြီးလျှင် ပဋ္ဌာနောက်ကို အမီလိုက်ရာ၊ တွေ့၍ အကျိုးအကြောင်းကို ပြောပြ၍ ခေါ်ရာ ပဋ္ဌာက ပြန်မလိုက်ဘူးဟု ငြင်းပါသည်။ တောခရီးတွင် တစ်ယောက် တစ်ယောက် အကျိုးအပြစ်ကို ပြောဆိုနေကြရာတွင် အခါမဲ့ဖြစ်သော မိုးကြီးသည် လေပြင်းတိုက်ခတ်ပြီး သည်းထန်စွာ ရွာသွန်းလာပါသည်'

'အခါမဲ့ဖြစ်သော မိုးကြီးဆိုတာ ဘာလဲ'

'နွေအခါကို ရွာသောမိုးကို ခေါ်ပါသည်။ မိုးတွင်း ရွာတဲ့မိုးကို သူ့အခါ ရွာသည်လို့ ခေါ်ပါသည်။ အခါမဟုတ်ဘဲ ရွာတဲ့မိုးကို အခါမဲ့မိုး လို့ ခေါ်ပါသည်'

'အင်မတန် မှတ်ဖို့ ကောင်းတယ်၊ ပြောပါ'

'မိုးကြီးလေကြီး မိနေတဲ့ အတွင်းမှာ ကလေးမွေးချင်လာပါရော'

'အို... မိုးမိနေတုန်း ကလေးမွေးချင်တယ်၊ သူတို့မှာ ခိုစရာ မရှိဘူး၊ သစ်ပင်အောက်မှာ နေရတယ်။ အင်မတန် မကောင်းဘူး ဖြစ်တယ်။ ဘယ့်နှယ့်လုပ် မွေးမလဲ၊ သနားစရာကောင်းတယ်၊ ပြောပါဦး'

'ပဋ္ဌာက ကျွန်မ ကလေးဖွားမြင်ခြင်း၌ ဆီးတန့်လို့ မရပါ၊

နေရာတစ်ခုကို ပြုလုပ်ပေးပါဟု ဒါသကို ပြောပါသည်။ ဒါသလည်း ဓားကိုကိုင်လျက် မှောင်မိုက်ထဲမှာ ရမ်းဆ၍ ရှာဖွေရာ၊ တောင်ပို့၌ ဖုံးအုပ်နေသော ချုံကိုတွေ့၍ ဓားနှင့်ဖြတ်ရာ မြွေကိုက်သောကြောင့် ဒါသ သေပါသည်'

'ဒါသ ထင်းခွေသွားတယ် မဟုတ်လား၊ ဟိုစာရေးက ထင်းခွေသွားတယ်။ ပဋ္ဌာ ချမ်းလို့ မီးဖိုပေးရန် ပြောတယ်၊ မင်းပြောတာက ကလေးမွေးရန် နေရာရှာသွားတယ်လို့ ဆိုတယ်'

'မီးဖိုပေးရန် ထင်ရှာသွား၍ ထင်းရသော်လည်း မိုးကြီးရွာလို့ စိုစွတ်နေတာ ဘယ့်နှယ့်လုပ် မီးဖိုမလဲ၊ မီးကို ဘယ်က ရမလဲ'

'အို ... ဟုတ်တယ်၊ တောကြီးထဲမှာ မိုးရွာနေတာ ဘယ့်နှယ့်မှ မီးမရနိုင်ဘူး။ မှန်တယ် ... မှန်တယ်၊ ပြောပါ'

'နောက် ပဋ္ဌာလဲ ကလေးကို ဖွားမြင်ပါတယ်။ ကလေးဖွားပြီး မိုး လေ စဲသွားပါသည်။ မိုးလင်းသောအခါ ပဋ္ဌာသည် သူ့လင် မပြန်လာ၍ သားငယ်ကို ရင်ခွင်ပိုက်ပြီး သားကြီးကို လက်ဆွဲလျက် လင်ကို ရှာဖွေရာ တောင်ပို့ထိပ်၌ ညိုမည်းနေသော ကိုယ်ဖြင့် သေနေသည်ကို တွေ့ပါသည်။

'ထိုအခါ ပဋ္ဌာသည် များစွာ ငိုကြွေးပူပင်သော ဆင်းရဲခြင်း ဖြစ်လေသည်။ ငါ့ကြောင့် ငါ့ချစ်လင် သေဆုံးရသည်ဟု ယူကျုံးမရ ပူဆွေးခြင်း၊ ပင်ပန်းခြင်း ဖြစ်ပါသည်'

'အို ဒီမိန်းမဟာ အပုံကြီး သနားစရာ ကောင်းတယ်။ သူ့ကို များများကြီး ဒုက္ခပေးတယ်၊ အပုံကြီး စိတ်မကောင်းဘဲ ဖြစ်နေတယ်နော်။ ပြောပါဦး'

'ပဋ္ဌာသည် လင်၏အလောင်းကို ပစ်ထားခဲ့၍ သားငယ်ကို ပိုက်လျက် သားကြီးကို လက်ဆွဲထွက်ပြီးတော့ မိမိနေသော တိုင်းပြည်ကို လာရာ လမ်းခရီး၌ ညက ရွာသွန်းချသော၊ မိုးရေများစွာ စီးဆင်းနေသော မြစ်ငယ်တစ်ခုကို တွေ့ပါသည်။ ဤအခါ ပဋ္ဌာသည် မြစ်တစ်ဖက်ကို ကူးနိုင်ခြင်းငှာ မတတ်နိုင်၍ သားအကြီးကို ဤဘက်ကမ်း၌ ထား၍ တစ်ဖက်ကမ်းသို့ ကူးပါသည်'

'ဒီအခါ သဘော် မလာဘူးလား'





'ဒီမြစ်ကို သဘော် မလာနိုင်ပါ။ မိုးရွာတဲ့အခါသာ မြစ်မှာ ရေစီးဆင်းပါသည်။ မိုးပြတ်သွားလျှင် မြစ်မှာ ရေမရှိပါ ဘုရား။ အထက် အညာရပ်များမှာ "ယမားချောင်း" လို့ ခေါ်ကြပါသည်'

'အို ... ဟုတ်တယ်၊ ပြောပါ'

'ပဋ္ဌာသည် တစ်ဖက်ကမ်းရောက်၍ သားကလေးကို သစ်ခက် ချိုးခင်းထားသော အပေါ်မှာ ထားခဲ့ပြီးသော် သားကြီးကို ပြန်ခေါ်ရန် မြစ်ကိုကူးရာ ရေလယ်သို့ ကျသောအခါ၊ သိန်းစွန်ငှက်တစ်ကောင်သည် ထားခဲ့သော သားငယ်ကို သားတစ် ထင်မှတ်၍ ...'

'သားတစ်ဆိုတာ ဘာလဲ'

'အမဲသား၊ ကျွဲသား၊ နွားသားများကို ဓားနှင့်ခုတ်ဖြတ်၊ အတုံးအတစ် ပြုလုပ်ထားသည်ကို သားတစ်ခေါ်ပါသည်'

'ဩော် ... ဟုတ်ကဲ့လား၊ ကောင်းတယ်၊ ပြောပါ'

'ဒါနဲ့ ထားခဲ့တဲ့သားငယ်ကို သိန်းစွန်ငှက်က ထိုးသုတ်သွားတော့ ပဋ္ဌာက လက်နှစ်ဖက်နှင့် တီးခတ်အော်၍ ခြောက်ပါသည်။ ထိုအခါ သားအကြီးက သူ့ကိုခေါ်တယ် မှတ်၍ မြစ်ထဲ ဆင်းလာရာ၊ ရေစီးထဲ ပါသွား၍ ရေနစ်သေဆုံးပါသည်'

'အို ... တယ်ခက်ပါကလား၊ သားအကြီး ရေစီးရာကိုပါ၍ သေတယ်၊ သားအငယ် စွန်ချီသွားတယ်။ ဒီမိန်းမ လင်သေတာထက် အခု အပုံကြီး၊ များများကြီး ဆင်းရဲကြီး ဖြစ်သွားပြီ။ အင်မတန် ဆိုးတယ်၊ မကောင်းဘူး။ သိပ်ပြီးတော့ ပင်ပန်းသွားပြီနော်။ အင်း ... ပြောပါဦး'

'နောက် ပဋ္ဌာသည် လင်မှာ မြွေကိုက်လို့ ဆုံး၊ သားကြီးမှာ ရေနစ်လို့ ဆုံး၊ သားငယ်မှာ သိန်းစွန်ချီလို့ ဆုံး၊ ပဋ္ဌာ ရူးမတတ် ဖြစ်ပါသည်'

'ဆုံး ဆိုတာ၊ ရူးတယ် ဆိုတာ ဘာလဲ'

'ဆုံး ဆိုတာ သေသည်လို့ ပြောပါသည်။ ရူးမတတ် ဆိုတာ စိတ်ဖောက်ပြန်၍ စိတ်မကောင်းဘဲ ရူးတော့မလိုလို ဖြစ်သည်ဟု ပြောပါသည်'

'အို ... ဟုတ်တယ်၊ ဒီမိန်းမ ဒီလောက် စိတ်မကောင်းပေးနေ

တာ ရူးစရာ ရှိလိမ့်မယ်။ နို့ ... ပဋာစာရီ သူ သဘော်မစီးရဘူးလား။ သဘော် ပင်လယ်မှာ လေမုန်တိုင်းတိုက်ခတ် ပျက်စီးတော့ ရေကူးသွားရာ၊ ကျွန်းတစ်ကျွန်းကို ရောက်တော့ ဥယျာဉ်ထဲမှာရှိသော ကျောက်ဖျာကြီးပေါ် တက်ပြီး အိပ်နေရာ ဖုတ်သွင်းရထား ဆိုက်တယ်။ ၎င်းရထားကို သူ စီးလိုက်တယ်။ သူ ရှင်ဘုရင်ဖြစ်တယ် မဟုတ်လား။ ဟိုစာရေးက ဒီလို ပြောသွားတယ်'

'အခု အရှင်ပြောပြတာ မဟုတ်ပါ။ ကျွန်တော်မျိုး သိတာ ပြောပြပါမည်။ ပဋာစာရီသည် ပူဆွေးငိုယိုကာ ရင်တီးလက်ခတ်ပြုလျက် သွားရာ၊ သာဝတ္ထိပြည်မှ လာသော လူတစ်ယောက်နဲ့ လမ်းမှာတွေ့၍ မိဘများကို မေးရာ ထိုသူက "ချစ်သမီး၊ တစ်နေ့ညက မိုးကြီး သည်းထန်စွာရွာ၍ လေပြင်းတိုက်ခတ်သောကြောင့် သူဌေးလင်မယား၊ သူဌေးသားပါ သုံးယောက်လုံး တိုက်ပြိုကျ၍ တိုက်ပိပြီး သေဆုံးကြသောကြောင့် မီးဖြင့် သဂြိုဟ်ကြပြီ။ ဟောဟိုက အခိုးတလူလူ ထ နေသော မီးခိုးသည် သူတို့ကို သဂြိုဟ်တဲ့ မီးခိုးပါပဲ" ဟု ပြောလေ၏'

'အခုပြောတဲ့ တိုက်ပြိုပြီး သေသော သူဌေးတို့သည် ပဋာစာရီ၏ အဖ၊ အမိ၊ မောင်များ ဖြစ်ကြသလား'

'ဟုတ်ပါတယ် ဘုရား၊ ပဋာ တောကြီးထဲမှာ အချမ်းအတုန်ဖြစ်တဲ့ ရွာသောမိုးကြီး ဖြစ်ပါတယ်'

'အို ... ဒီမိန်းမ ဘာမှ မကောင်းတော့ဘူး။ တစ်ညတည်း လေကြီး တိုက်တယ်၊ မိုးကြီး ရွာတယ်၊ မိုးရွာတုန်းကို ကလေးဖွားတယ်၊ သူ့လင် ဒါသ မြွေကိုက်သေတယ်၊ သားနှစ်ယောက် သေတယ်။ အဖေ၊ အမေနှင့် မောင်တို့ အားလုံး တိုက်ပိသေကြတယ်။ သူတစ်ယောက်တည်း ကျန်တယ်။ ဒီမိန်းမ ဘာဖြစ်လို့ ဒီလောက်များများကြီး မကောင်းခြင်း၊ ပင်ပန်းခြင်း ဖြစ်ရသလဲ။ သနားစရာ ကောင်းတယ်။ ရှေ့ကို သူ ကောင်းနိုင်ဦးမလား'

'ရှေ့ကို ကောင်းပါတယ်။ ပဋာစာရီ မိဘနှင့်မောင်တို့ သေကြောင်းသိတော့ ကိုယ်၌ အဝတ်မရှိဘဲ အရူးဖြစ်၍၊ အမှိုက်မြေမှုန့်များကို ယူ၍ ခေါင်းပေါ်တင်လျက် အရပ်ရပ်ကို လှည့်ပတ်ငိုကြွေး၍ ပြေးသွားပါတယ်'





'ပဋာ ရူးတယ်၊ ကိုယ်မှာ အဝတ်မရှိဘူးလား'

'အဝတ်မရှိပါ။ ရူးပြီးနေတော့ ရှက်ရမှန်း မသိပါ ဘုရား'

'အို ... တယ်ခက်ပါလား၊ အဝတ်မရှိဘဲနဲ့ အရပ်ထဲကို လျှောက်ပြေးတာ လူတွေ ဘယ့်နှယ့်လုပ်ပြီး ကြည့်ကြမလဲ၊ အပုံကြီး ခက်တယ်။ ပြောပါဦး'

'ပဋာစာရီသည် အဝတ်မရှိ ပြေးလျှောက်သွားရာ ဂေါတမ မြတ်စွာဘုရားသခင်သည် ဇေတဝန်ကျောင်းတော်၌ ပရိသတ်များကို တရားဟောနေရာ၊ ပဋာ ရောက်၍ ဝင်သွားရာ ပရိသတ်က နှင်ထုတ်ကြသည်ကို ဘုရားသခင် မြင်သော် မနှင်ရန် တားမြစ်တော်မူ၏။ ပဋာစာရီသည် ဘုရားသခင် ရှိရာ မနီးမဝေးသို့ ရောက်သောအခါ ဘုရားက တရားဟောပါသည်။ ထိုခဏ၌ ပဋာ သတိရ၍ ရှက်ကြောက်နေသည်ကို တစ်ယောက်သော သူက အဝတ်ကို ပေးသည်။ ပဋာစာရီသည် အဝတ်ကို ကောက်ယူဝတ်ဆင်ပြီးသော် ဘုရားကို လှပသောအဆင်းဖြင့် ချဉ်းကပ်ရှိခိုးလျက် တရားနာနေပါသည်။

'ဘုရားရှင်လည်း တရားဟောပြ ဆုံးမရာ အကျွတ်တရားကို ရ၍ ရဟန်းပြုရပါမည့်အကြောင်း လျှောက်တောင်းပန်ချက်အရ မြတ်စွာဘုရားက ရဟန်းမိန်းမများထံ စေလွှတ်၍ ရဟန်းပြုစေပါသည်။ နောက် ဝိနည်းအရာ လိမ္မာကျွမ်းကျင် ဆောင်စွမ်းနိုင်၍ ဝိနယဓရ ပဋာစာရီ ဘိက္ခုနီမဟု အမည်ထင်ရှားလေသည်'

'ဘိက္ခုနီမ ဆိုတာ ခုကာလ မယ်သီလများနဲ့ အတူတူပဲလား'

'မဟုတ်ပါ၊ ဘုရားလက်ထက်က ဘိက္ခုနီမများက တန်ခိုးရှိပါသည်။ ယောကျ်ား ရဟန်းများလို ဖြစ်ပါသည်။ သူတို့ကိုလည်း မိန်းမရဟန္တာ ခေါ်ပါသည်။ ၎င်း ရဟန္တာမိန်းမများသည် သူတစ်ပါးတို့စိတ်ကို သိပါသည်။ ဆင်းရဲသောစိတ်၊ ပူသောစိတ် အနည်းငယ်မျှ မရှိကြပါ။ အလွန် စိတ်နှလုံး အေးချမ်းပါသည်။ သူတစ်ပါးတို့ကို သနားခြင်း၊ မေတ္တာစိတ်ထားခြင်းများ ရှိပါသည်။ တရားကို ကောင်းစွာ အားထုတ်လျက် သေသည့်အခါ နတ်ပြည်နိဗ္ဗာန်ကိုရောက်၍ အိုခြင်း၊ နာခြင်း၊ သေခြင်း ကင်းလျက် ချမ်းသာစွာ နေရပါသည် ဘုရား'

'ဒိဝတ္ထုဟာ ဘယ်မှာ ရှိသလဲ'

'ဓမ္မပဒဝတ္ထုမှာ ရှိတယ်လို့ အဖက ပြောပါသည်'

'အခု မင်းပြောပြတာ အကုန်လုံး ကျွန်ုပ် မှတ်ထားတယ်။ အစီအစဉ် အပုံကြီး ကောင်းတယ်။ မှတ်စရာ များများကြီး ကောင်းတယ်။ အင်မတန် အဖိုးတန်တယ်။ သို့သော်လည်း မနေ့ညက ပြောတဲ့ စာရေးက ပဋ္ဌာစာရီဝတ္ထုကို သူကောင်းကောင်းကြီး နားလည်တယ်၊ ကောင်းကောင်းကြီး တတ်တယ်လို့ ပြောထားတဲ့စကားက ရှိနေတယ်။ အဲဒါတစ်ခုပဲ ခက်နေတယ်' ဟု ပြောလိုက်လေ၏။

နောက် လယ်ဝန် ပြန်သွားပြီးနောက် အင်စပိတ်တော်သည် မိမိအိမ်၌ တိုက်စာရေးများ လာရောက်ဆုံသည့်အခါ အပြစ်ချမ်းသာရသော စာရေးကို 'မင်း လယ်ဝန်ကို ပဋ္ဌာစာရီဝတ္ထု ပြောရာ ဘာတွေ လျှောက်ပြီး ပြောသလဲ၊ တချို့ ဘယ်မှာ မင်းဟာ မှန်သလဲ၊ ပဋ္ဌာစာရီ မြစ်ကို တွေ့တော့ သဘော်လာရာ အလံပြ၍ သဘော်ဆိုက်တော့ စီးလိုက်သွားရာ ပင်လယ်မှာ သဘော်ပျက်၊ ပဋ္ဌာရေကူး၍ ကျွန်းကိုရောက်၊ ဥယျာဉ် ကျောက်ဖျာပေါ်မှာ အိပ်၊ ဖုတ်သွင်းရထား ဆိုက်၊ စီးလိုက်သွားပြီးနောက် မင်းမြှောက်ကြတော့ ပဋ္ဌာ ရှင်ဘုရင်ဖြစ်တယ် ဆိုတာ ဘယ်မှာ ဆိုသလဲ၊ ဘယ်သူက ပြောသလဲ' (ဤအခါ စာရေးများက ရယ်ကြလေသည်)

'ဘယ်ကျမ်း ဘယ်ဝတ္ထုမှ မရှိဘူး၊ ဘယ်သူမှ မပြောပါဘူး။ ကျွန်တော့်ကို အလုပ်မှ ချထားတော့ စိတ်ညစ်ညစ်နဲ့ အရက်ကိုသောက်ပြီး ဗိုလ်ဆီ သွားရာ ဗိုလ်ရှေ့ကျတော့ မူးလာတယ် ဆရာ၊ ဗိုလ်က ပဋ္ဌာစာရီဝတ္ထု ပြောရမယ်ဆို၍ ကျွန်တော် မူးပြီးတော့ ထင်မိထင်ရာကို လျှောက်ပြီးပြောရာ ဗိုလ်က သဘောကျလို့ အလုပ်မှ မနုတ်ဘဲ ချမ်းသာပေးခဲ့တယ် ဆရာရဲ့'

'ဒါဖြင့် မင်း ပဋ္ဌာစာရီဝတ္ထု အပြောကောင်းလို့ အလုပ်ပြန်ပြီးတော့ ဗိုလ်က ပေးတာ ကျေးဇူးတင်ရပေမယ်။ ပဋ္ဌာစာရီ ဝတ္ထုကြောင့် အလုပ်ပြန်ရသောကြောင့် မင်းကို ယနေ့က စပြီး "ပဋ္ဌာစာရီစာရေး" ခေါ်ထိုက်ပေတယ်' ဟု ပြောရာ၊ စာရေးများက ရယ်ကြလေသည်။ ၎င်းနေ့က စ၍ "ပဋ္ဌာစာရီစာရေး" ဟု အများက ခေါ်ကြလေသည်။

(ဤနေရာမှာ လယ်ဝန် စွဲလမ်းပုံက တစ်မျိုးဖြစ်နေသည်။ စာရေးမှာ နာမည်တိုးသည်။)

## ၁၈။ စည်းကမ်းရှိသော ပုဂ္ဂိုလ်များ

### ဦးသာအောင်၏ စည်းကမ်း

၁၂၄၀ ပြည့်နှစ် အခါက ကြေးတိုင်အင်စပိတ်တော် ဦးသာအောင်သည် ဆေးပြင်းလိပ်သောက်သူ ဖြစ်သည်။ ဆေးလိပ်တိုများကို လွှင့်၍ အခြားသို့ မပစ်၊ သံပုံးတစ်ခုနှင့် စု၍ထားသည်။ သူ၏ ဆေးလိပ်တိုများကို မည်သူမျှ မကိုင်ရ၊ မသောက်ရ၊ တားမြစ်သည်။ တောကိုသွား၍ ဆေးလိပ်ပြတ်သည့်အခါ စုထားသော ဆေးလိပ်များကို ဓားနှင့် ရိတ်ရိတ်လှီးပြီး လျှင် နေလှန်း၍ခြောက်သည့်အခါ ၎င်းဓားလှီးဆေးမှုန့်ကို ဆေးတံတွင် ထည့်၍ သောက်လေသည်။

### ဦးကြာညွန့်၏ စည်းကမ်း

ရှေးက သန်လျင်မြို့အပိုင် ကျောက်တိုင်ပြင် တိုက်သူကြီး ဦးကြာညွန့်သည် ပဲခူးမြို့ ငွေတိုက်ရုံးအနီး၌ မီးခြစ်က လက်တစ်ဖက်၊ ဆေးလိပ်ကို လက်တစ်ဖက်ညှပ်လျက် ထိုင်နေသည်ကို တွေ့၍ 'ထိုင်ပြီး ဘယ်သူ့ကို မျှော်နေသလဲ' ဟု မေးရာ –

'ဆေးလိပ်သောက်လာသူများကို တွေ့မလားလို့ မျှော်နေသည်' ဟု ပြောသည်။

'လက်ထဲမှာ မီးခြစ်ကိုင်နေလျက်နှင့် ဆေးလိပ်သောက်လာသူကို မျှော်နေရသလား' ဟု ပြောရာ –

'ဟုတ်ပါရဲ့၊ လေတိုက်နေသောကြောင့် မီးခြစ်တစ်ချောင်းနှင့် ကိစ္စမတုံးဘူး၊ လေတိုက်၍ မီးမရတိုင်း ခြစ်နေရလျှင် မီးခြစ်ဆံတွေ မကုန်သင့်ဘဲနှင့် ကုန်မည်စိုး၍ မခြစ်ဘဲ နေသည်' ဟု ပြောလေသည်။

**ဦးစံလှ၏ စည်းကမ်း**

မြေတိုင်းစာရေးကြီး ဦးစံလှ ဆိုသူသည် အသိမိတ်ဆွေများအိမ်သို့ သွားရောက် လည်ပတ်သည့်အခါ လမ်း၌ ဝါးခြမ်းစိတ်များကို တွေ့လျှင် ကောက်ယူသွားလေသည်။ မိတ်ဆွေ အိမ်သို့ ရောက်လျှင် ၎င်း ဝါးခြမ်းစိတ်များကို တစ်ထွာခန့် ချိုး၍ ကလေးတစ်ယောက်ကို ခေါ်ပြီး 'ရော့ ... နောက်ဖေးအိမ်သာ၌ ထားချေ' ဟု စေခိုင်းလေသည်။

**ဦးသာဘော၏ စည်းကမ်း**

မြေတိုင်းစာရေးကြီး ဦးဘာဘော ဆိုသူသည် ရေချိုးသောအခါ စည်ပိုင်းထဲ၌ ထိုင်၍ ရေချိုးလေသည်။ ပြီးသောအခါ ၎င်းချိုးရေများကို ခပ်၍ သစ်ပင်တို့ကို လောင်းလေသည်။ မြေကြီးပေါ်မှာ ရေချိုးလျှင် ၎င်းရေများ အကျိုးမရှိ ဖြစ်သွားသည်။ ယခုလို စည်ပိုင်းခံ၍ ချိုးလျှင် ချိုးပြီးသော ရေများကို သစ်ပင်၌ လောင်းရသည့်အတွက် အကျိုးရှိသည်ဟု ပြောလေသည်။

**ဦးမိုး၏ စည်းကမ်း**

ကျောက်တန်း တိုက်သူကြီး ဦးမိုးသည် တိုက်နယ်ကို လှည့်၍ အခွန်တော်ခံရန် တပည့်များကို ခေါ်သွားရာ လူငယ်တပည့်များကို ဈေးသုံးရန် ပိုက်ဆံတစ်မတ်စီ ပေးသည်။ 'မင်းတို့ စားချင်တာကို ဝယ်စား၊ အခွန်တော်ငွေထဲက ပိုက်ဆံတစ်ပြားမှ မယူ မသုံးနှင့်။ ခေတ္တလဲ မယူနဲ့၊ အစိုးရ ဘဏ္ဍာတော်ကို ရိုသေရတယ်၊ မှတ်ထားကြ။ မင်းတို့ ဈေးသုံးလို့ ကုန်ရင် ငါ့ကိုတောင်း၊ ငါ ပေးမည်' ဟု ပြောလေသည်။ အခွန်တော် ကောက်၍ ပြန်လာသည့်အခါ ဆင်ကန်ကို ရောက်လျှင် နားနေ၍





တပည့်များကို ဆင်ကန်ရေထဲသို့ ခါး တစ်ဝက်ခန့် ရှိအောင် ဆင်းစေသည်။ 'ရော့ ... သေနတ်ကိုင်၍ ရေကူးစမ်း' ဟု ခိုင်းစေသည်။ သေနတ်ကိုကိုင်၍ ရေကူးကျင်လည်လျှင် ငွေဒင်္ဂါး ငါးဆယ်၊ ၎င်းထက် တစ်ရာ စသည်ကို ကျောမှာ တင်၍ ရေကူးစေသည်။ ကျင်လည်သော အခါကျမှ 'တော်ပြီ၊ နောက် လှေတက်နှင့် သွားရသောအခါ အကြောင်းရှိခဲ့သော် ငွေကို လည်းကောင်း၊ သေနတ်တစ်လက်ကို လည်းကောင်း၊ ပစ္စည်းကို လည်းကောင်း ယူဆောင်ရေကူးနိုင်ရန် ကျင့်၍ ထားရသည်။ မှတ်ထားကြ' ဟု ပြောပြလေသည်။

အိမ်သို့ တောကျေးရွာက အခွန်တော်ငွေကို လာ၍ ဆောင်ကြသော ကြေးထမ်းကြီးနှင့် အရပ်သားများကို ထမင်းစားချိန်အခါ ရောက်လျှင် ထမင်းဟင်း ချက်၍ကျွေးရန် အထူး ဂရုစိုက်သည်။ တပည့်များကို 'မင်းတို့ ထမင်းချက်၍ ကျွေးရသည်ကို မညည်းကြနှင့်၊ ကုသိုလ်ရသည်။ အလှူဟူ၍ မှတ်လေ။ ငါ့မှာ ဒါပဲ ဒါနပြုနိုင်တယ်။ တို့ တောကို သွားကြတဲ့ အခါမှာလည်း သူတို့ထံ ရောက်လျှင် ကောင်းစွာ ကျွေးကြသည်ကို မင်းတို့ စားကြရသည်။ သို့ကြောင့် အိမ်ကို ဧည့်သည်ရောက်လျှင် ထမင်းကျွေးရန် ဂရုစိုက်ကြပါ' ဟု ဆုံးမလေ့ရှိသည်။

## ၁၉။ ကြေးတိုင်ဝန်ထောက် ဦးငြိမ်းကြီး အကြောင်း

ဝန်ထောက်ဦးငြိမ်းသည် မြို့အုပ်၊ အခွန်ဝန်၊ သစ်တောဝန်ထောက်၊ ဂရန်ဝန်ထောက်၊ ပတ္တာဝန်ထောက်၊ ကြေးတိုင်ဝန်ထောက် အလုပ်များကို ထမ်းရွက်ပြီးမှ ပင်စင်ယူ အငြိမ်းစားနေလေသည်။

ကြေးတိုင်ဝန်ထောက် ဖြစ်စဉ်က စာရေးအဖြစ်နှင့် အတူပါရသည်။ အလုပ်စခန်း ရောက်လျှင် ဝါးတို ဝါးစများကို ရှာဖွေပေးရသည်။ ၎င်း ဝါးတိုဝါးစများကို သူကိုယ်တိုင် ခွဲစိတ်၍ လက်ရှစ်သစ်ခန့် အရှည်ထားပြီး တစ်လက်မခန့် အပြားပြုလုပ် အချောသပ်ပြီးလျှင် ငါးချောင်း၊ ခြောက်ချောင်းလောက်ကို ကြိုးနှင့် ရစ်ပတ်ချည်၍ အိတ်ထဲသို့ ထည့်ထား၊ ယူဆောင်သွားလေသည်။ 'ဘာလုပ်ဖို့လဲ' ဟု မေးရာ 'မင်း ဒီဟာ နားမလည်ပဲကိုး၊ နေ့လယ် ကွင်းထဲလျှောက်ပြီး ကွင်းစစ်တဲ့အခါ အခွင့်ကိစ္စရှိလို့ သွားလျှင် ကွင်းထဲမှာ ကောက်ရိုးပင်နုတ်၍ ကုန်းရ၊ ပွတ်ရ၊ သုတ်သင်ရတာ စိတ်မချမ်းသာဘူးကွဲ့ သိလား။ ဟောဒီ တုတ်ခနောင်းအခန့်သင့် ယူဆောင်သွားတော့ ခဲခက်ခြင်း မရှိ၊ ချမ်းသာစွာ ရှင်းလင်းသုတ်သင်နိုင်တယ်။ မင်း တစ်သက်လုံး မှတ်ထား'လို့ အဘိုးကို ပြောပြသကွဲ့။

နောက် စခန်းချရာ အရပ်တို့မှာ မုန့်ပဲသရေစာသည်များ လာ





ရောင်းကြတာကို တစ်ပြား၊ နှစ်ပြား စသည်မျိုး ဝယ်မစားရ။ ဘယ်သရေစာကို မဆို အကုန်ခြုံပြီး ပုတ်ပြတ် ဝယ်ယူလေ့ရှိတယ်။ 'အဲဒီမုန့်များကို သူလဲစား၊ စာရေးများလဲ အကုန်ကျွေးရတယ်။ အဲသလိုလုပ်တာဟာ ဈေးသည်တစ်ဦးတည်း မဟုတ်။ လာသမျှ ဈေးသည်တို့ကို အကုန်ခြုံ၍ ပုတ်ပြတ်ဝယ်ရတယ်။ စာရေးများ စားလို့မကုန်ရင် ခရီးသွားများ ခေါ်ကျွေးရတယ်'

သို့လို ဝယ်ယူခြင်းကား 'တို့အားလုံး ဝဝစားရတယ်။ ပိုလျှံပြန်တော့ ခရီးသွားများကို ကျွေးရတယ်။ ဈေးသည်များလဲ အားရဝမ်းသာ ရှိကြတယ်။ သလိုမှ မဝယ်ရင် ခများများ လည်ပတ်ရောင်းချရတာ ဘယ်လောက် ပင်ပန်းကြမလဲ။ မရှိဆင်းရဲလို့ ရောင်းချစားရသည်ကို ချမ်းသာအောင် ကြည့်ရှုနေတယ်။ သည်လို ချမ်းသာစွာ ရောင်းရတော့ သူတို့ ဝမ်းမြောက်ဝမ်းသာနဲ့ နေ့စဉ် လာရောက် ရောင်းလေ့ရှိတတ်တယ်။ မင်းတို့ ငါတို့လဲ ဝဝစားသောက်ကြရတယ်။ သို့မဟုတ် ဆာဆာ လောင်လောင် ရှိလို့ စားသောက်ချင်သော်လဲ ဘယ်မှာမှ ရှာဖွေဝယ်နိုင်ကြတာ မဟုတ်။ သူတို့လာ၍ အစားအသောက်နှင့် ငွေတောင်းကြသည်ကို တို့က ငွေပေး၍ သူတို့ အစားအသောက်ကို သိမ်းယူ စားသောက်ရသည်ကား များစွာ ချမ်းသာကြသည် မဟုတ်လား။ လူကြီးလုပ်သော သူသည် မိမိ တစ်ကိုယ်ကောင်း မကြံ မကျင့်လေနှင့်။ ကိုယ်နှင့် လိုက်ပါသော တပည့်သားမြေးတို့သည် ချမ်းချမ်းသာသာ ဝဝဖြိုးဖြိုး စားသောက်နေထိုင် လုပ်ကိုင်နိုင်ကြရန်ကို သဘောထားရမည်။ မှတ်ထားလေ' ဟု ပြောပြလေသည်။

ယင်းသည့် ဝန်ထောက်ကြီးသည် ပျော်ပျော်နေတတ်သည်။ ရယ်ရွှင်ဖွယ်များကို ပြောပြလေ့ရှိသည်။ ပတ်ပျိုး၊ ဘောလယ်၊ ယိုးဒယားသီချင်းကြီးများကို ဆို၍ပြတတ်သည်။ တေးထပ်၊ သဖြန်၊ ခွန်းထောက်များကို ရေးသားသီကုံးလေ့ရှိသည်။

'ရှေးက ဟံသာဝတီ စီရင်စု၊ ယခု ပဲခူးစီရင်စု၌ ညောင်ပင်တိုက် အတွင်းရှိ မြေလွတ်မြေလပ်များကို လယ်လုပ်ရန် ပတ္တာဂရန် ရဖို့ လျှောက်ထားကြသည်မှာ အမှုပေါင်း ငါးရာကျော်သည်။ ဤအခါ ပတ္တာတိုင်း စာရေးများနှင့် ညောင်ပင်ရွာ၌ ရုံးစိုက်၍ ၎င်းပတ္တာမြေများ

ကို ချင်းနင်းကြည့်ရှု တိုင်းတာ စစ်ဆေးရသည်မှာ အလွန်ပင်ပန်းကြောင်း နှုတ်ဖြင့်ဖွဲ့ဆိုသော ခွန်းထောက် သဖြန်ကလေးကို ငါ့မြေးများ မှတ်ကြ။ ဗဟုသုတဆိုတာ စုံမှကွဲ့.'

## ခွန်းထောက်သဖြန်

ပတ္တာမြေ ထပ်ခါပွေလို့ လျှောက်တာမို့၊ ဆူနောက်
ရန်ကော။ ။ မပြောချင် တောတခွင် ရှာတထွေ၌၊ တနေကုန်
လိုက်ပါရ၊ သည်နှစ်တွင် ညောင်ပင်တိုက်မှာကွယ်၊ ခေါင်းဆိုက်
လို့ မော။ ။

'တေးထပ်ကိုလဲ ဆိုပြပါသေးရဲ့။ အဘိုးက မေ့နေပြီ၊ မမှတ်မိတော့ဘူး။ အဲဒီ သဖြန်ဟာ ၁၂၄၀ ပြည့် တပေါင်းလက ဆိုပြသော သီချင်းဖြစ်တယ်'

'ဟုတ်ကဲ့ အဘိုးရယ်၊ အခုလောက် ကြားရ၊ မှတ်ရတာကိုပဲ ကျွန်တော်များ အလွန်မှ ကုသိုလ်ထူးလှပါတယ်။ ဝမ်းမြောက်လှပါပြီ အဘိုးရယ်။ ရှေးပုဂ္ဂိုလ်ကြီးများ စည်းကမ်းစနစ် သဘောထားပုံ၊ နေထိုင်စားသောက် ပေါင်းသင်းဆက်ဆံပုံတွေ အင်မတန် နည်းယူမှတ်သားဖို့ကောင်းပါတယ်'

'အေး ... ကောင်းမှန်းသိ၊ အဖိုးတန်မှန်း သိလို့ နာယူမယ်ဆိုရင် စိတ်ချမ်းသာလို့ အပါယ်နဲ့ ဝေးကြမှာပဲ။

'ကဲ ... ရှေ့ကို ပြောရသေးတာပေါ့၊ လုပ်ရတ်ကိစ္စကြောင့် စိတ်ဖောက်ပြန်သွားတဲ့ သူနှစ်ယောက် အကြောင်းကွဲ့။ မှတ်ထားကြရယ်စရာပဲ'

'အမိန့်ရှိပါ အဘိုးရယ်'

## ၂၀။ သံဝိဇ္ဇာ အဂ္ဂိရတ်ရူးအကြောင်း

ရှေးက လှိုင်မြို့အပိုင် ပျဉ်းမကုန်းရွာနေ စပါးလှေသူကြီး ဦးရိုးသည် လုပ်ရတ်ဆရာတစ်ယောက်ထံမှ နည်းကိုရရှိ၍ သံကိုစီရင်ရာ သံလုံးသည် တစ်ကျပ်သားခန့် အရောင်ဖြာလျက် ရှိသည့်အခါ ဆီ၊ ထောပတ်၊ ပျားရည်တို့တွင် လောင်းရာ သံလုံးသည် ကြိုးပေါ်လျက် ၎င်းကို ကျိုသောလုံကို ကြေးထည့်၍ကျိုလျှင် ရွှေကဲ့သို့ ဖြစ်လာသည်။ ခဲထည့်၍ ကျိုလျှင် ငွေကဲ့သို့ ဖြစ်လာသည်ကို စပ်တူရ၍ ၎င်းများကို သမီးတို့၌ ဆင်ပေးလေ၏။ နောက် ၎င်းသံလုံးကို လုံနှင့်ထည့်၍ ကြိမ်ဖန်များစွာ ကျိုရာ သံလုံးသည် အော်လျက် ကောင်းကင်သို့ တက်ပျံသွားလေသည်။ ထိုအခါ ဦးရိုးသည် စကားမပြော၊ တွေမှိုင်လျက် တစ်နှစ်ခန့် ကြာသောအခါ မိမိဝတ်သော အဝတ်များကို ထုံးနှင့်နွှင်းဆိုး၍ ဝတ်ဆင်ပြီးလျှင်၊ ဝါးကို သန်လျက်နှစ်ခု လုပ်၍ ကိုင်ပြီး ငါ သံဝိဇ္ဇာဖြစ်ပြီ ဆိုပြီး အိမ်မှ ထွက်လေသည်။ သုံးရက်လောက်ကြာလျှင် ဥတိုရွာအနီး ကရင်မကလေးတစ်ယောက် သမဲ့ပင်ပေါ်၌ ကြိုးဆွဲချ သေနေသည်ကို မြင်သောအခါ သူယောင်မကို တွေ့ပြီဆို၍ အပင်ပေါ်သို့ တက်ပြီးလျှင် ကြည့်၍ စကားပြောနေရာ၊ တစ်ညအိပ်ပြီးနောက် ကရင်မကလေး မိဘတို့ ရှာဖွေကြရာ သမဲ့ပင်၌ ဦးရိုးပါ တွေ့၍ 'ဘယ့်နှယ်လုပ်တာလဲ'

ဟု မေးကြရာ ဦးရိုးက 'ကျွန်ုပ် သံဝိဇ္ဇာပိုင်သော သူယောင်မ ဖြစ်သည်။ သင်တို့ ပြဒါးဝိဇ္ဇာ အနားမကပ်ကြနှင့်၊ ဆင်းသွားကြ' လို့ နှင်လေသည်။

ထိုအခါ မိဘများက ကြေးထမ်းကြီးကို တိုင်သည့်အပြင် ဥက္ကံဂါတ်ကို သွား၍တိုင်ကြရာ၊ ဂါတ်က ရဲပိုလ်များ လာရောက်ကြည့်ရှုမေးမြန်းရာ ဦးရိုးက 'ကျွန်ုပ် သံဝိဇ္ဇာပိုင်သော သူယောင်မ ဖြစ်သည်။ သင်တို့ ပြဒါးဝိဇ္ဇာများ အနားမကပ်ကြနှင့်' ဟု နှင်လေသည်။ ရဲပိုလ်များလည်း ရယ်ကြလျက် လှိုင်မြို့အုပ်မင်း ဦးစိုထံ အစီရင်ခံကြရာ၊ မြို့အုပ်မင်းကိုယ်တိုင် လာ၍ ကြည့်ရှုသောအခါ ရှေးနည်းအတိုင်း ဦးရိုးက ပြောလေ၏။

မြို့အုပ်မင်းက 'သည်အကောင် အရူးပဲလို့' ပြောပြီးလျှင် ကရင်မကလေးကို ကြိုးဖြေ၍ အောက်ကိုချပြီးလျှင် 'မင်းတို့ ယူဆောင်သကြပြဟ်ကြလေ။ ငရိုးကို အောက်သို့ဆွဲချ၍ ကြေးထမ်းကြီးအိမ်၌ ခြေထိတ်သုံးရက်ခတ်၍ ကျွေးမွေးထားလေ။ သင်းသည် ပျဉ်းမကုန်းရွာသား လေ့သူကြီး ဖြစ်သည်။ သူ့သားမယားကို ခေါ်၍ အပ်လိုက်။ ဆီးသီးရှိလျှင် ဆီးယိုများ ကျို၍ ကျွေးကြပါကွယ်' အမိန့်ပေးပြီး ပြန်သွားလေသည်။

ဦးရိုး သားမယားတို့ လာရောက်ကြသောအခါ 'နင်တို့ ငါ့ကို မြင်လို့ ကောင်းရဲ့လား၊ ခြေထိတ်ကြီး ခတ်ထားတယ်' ဆို၍ ငိုလေသည်။ ကြေးထမ်းကြီးလည်း ခြေထိတ်ကိုဖြုတ်၍ 'မင်း သားမယားနှင့် လိုက်သွားလေတော့' လို့ အပ်လိုက်သည်။ စိတ်ကောင်းသွားသဖြင့် ရွာသို့ ရောက်သောအခါ မိမိ စပါးလှေကို ပြင်ဆင်လျက် လှေတစ်စင်းဖြင့် စပါးတင် ရောင်းချလျက် နေလေသည်။

## ၂၁။ လုပ်ရတ်ရှူး

မြေထဲမြို့ အနီးတွင် နေထိုင်သော ဝါဂွမ်းကုန်သည်တစ်ဦး ရှိသည်။ ၎င်းမှာ ဝါခင်းများစွာ ရှိသည်။ ဝါပေါ်သည့်အခါ ရောင်းချရာ ဝါဖိုးငါးရာမှ ငါးရာအထက် ရရှိသည်။ တစ်ရံရောအခါ အင်္ဂရိတ် ဆရာတစ်ယောက် လာ၍ လိမ်သည်မှာ ရွှေဖြစ်ကြောင်း ပြောပြီးလျှင် 'ဟောဒီဆေးစာအရ ကြေးကိုလုံပိတ်၊ သုံးမီးလောက်ထိုးလျှင် ရွှေခဲအမှန် ဖြစ်ပါသည်။ မယုံလျှင် အခု စမ်းကြည့်ပါ၊ ကျွန်တော့်မှာ လုံပါတယ်။ ကဲ ... ဆေးကို စုပေတော့။ ကျွန်တော့်မှာ ပါတဲ့ဟာ အတိုင်းကို လုံထဲမှာ ထည့်၊ ကြေးထည့်၊ ရွှေတစ်မတ်သားလောက် ထည့်၊ တစ်ကျပ်သားလောက်တော့ တင်လိမ့်မယ်။ ကဲ ... စလောင်းဖုံး၍ ဇော်ဂျီ သုံးထပ်လောက်ကိုင်၊ မီးထဲမှာပဲ မီးပြင်းပြင်းထည့်ဗျာ၊ မီးသွေးမရှိလျှင် ထင်းမီးပြင်းထည့်တာပေါ့' မီးပြင်းထည့်၍ ဖုတ်ရာ၊ နောက်တစ်နေ့ နံနက်ကျလျှင် လုံကိုဖော်၍ ကြည့်ရာ ချော်လုံးကြီး ဖြစ်၍နေလေ၏။ ၎င်းချော်လုံးကြီးကို အအေးထားပြီးလျှင် နံနက်စာ ထမင်းစားကြပြီးနောက် ချော်လုံးကို ခွဲကြည့်သော် ဝင်းဝင်းထိန်ထိန်နှင့် ရွှေလုံးကြီးကို တွေ့လေ၏။ ထိုအခါ ဝါကုန်သည်က အလွန် ဝမ်းမြောက်လေသည်။ အင်္ဂရိတ်ဆရာက 'ဒီရွှေ တစ်ကျပ်သားလောက် ရှိလိမ့်မယ်။ ခင်ဗျားပဲ ယူပေတော့'

ဝါကုန်သည်က 'နည်းကို လိုချင်ပါတယ် ဆရာရယ်'

'နည်းကို လိုချင်ရင် ငွေတစ်ထောင် ပေးရမယ်' လို့ ပြောသည်။

'ပေးပါမည်' ဆို၍ ငွေတစ်ထောင် ပေးလေသော် ဆရာလည်း နည်း ရေး၍ ပေးခဲ့သည်။

၎င်းနည်းအတိုင်း လုပ်ကိုင်ရာ မဖြစ်။ တစ်နှစ်ကျော်ကာလ စီးပွားပျက်လျက် ညှိုးမှိုင်နေရာ မယားဖြစ်သူက ကိုးကွယ်သော ဆရာဘုန်းကြီးထံ သွားရောက်လျှောက်ထားရာ၊ ၎င်းဘုန်းကြီးက ခေါ်စေပြီးလျှင် 'ဒကာကြီး လုပ်ရတ်စာကို ငါ့ပြစမ်းပါ' အမိန့်ရှိသည့်အတိုင်း ပြရာ ဘုန်းကြီးက ကြည့်ရှုပြီးလျှင် 'ဟာ ... ဒကာကြီးကို လိမ်သွားတာ၊ ဆေးတစ်မည်ကို ချန်ထားတယ်'

'ဘာဆေးဖြစ်ပါသလဲ ဘုရား'

'ဝါနီစေ့အဆန် ငါးကျပ်သား လိုနေသေးတယ်။ အဲဒီ ဝါနီစေ့အဆန် ရအောင် ဝါခင်းထပ်လုပ်ဦး၊ ဝါနီပင်လဲစိုက်' ဟု အမိန့်ပေးလေသည့်အတိုင်း လုပ်ကိုင်စိုက်ပျိုးရာ သုံးနှစ်ရှိသောအခါ ဘုန်းကြီးထံ သွား၍ လျှောက်သည်မှာ -

'ဝါနီစေ့အဆန် ငါးကျပ်သား ရဖို့ဟာ အတော်ခက်ပါတယ် ဘုရား၊ ဝါနီခင်းကြီးကို ငါးနှစ်လောက်လုပ်မှ ရလိမ့်မည် ထင်ပါတယ်'

'ဒကာကြီး အခု ဝါနီဖြူစိုက်တာ ရောင်းချလို့ ငွေဘယ်မျှ ရပါသလဲ'

'တပည့်တော် အင်္ဂရတ်ဆရာကို ပေးလိုက်ရသော ငွေတစ်ထောင် အပြင် အခု တစ်ထောင်လောက် မြတ်နေပါ ဘုရား'

'မြတ်နေရင်လဲ တော်ရောပေါ့၊ အဲဒီ ဝါခင်းအလုပ်သည် ရွှေဖြစ် ငွေဖြစ်သော အင်္ဂရတ်အလုပ် ဖြစ်တယ်လို့ တစ်သက်လုံး မှတ်ထားလေ' ဟု အမိန့်ပေးလိုက်၍ ဝါးခင်းအလုပ်နှင့်ပင် သူဌေးခေါ်ခံရသည်။

'ဘုန်းကြီး ပရိယာယ်နှင့် ခိုင်းပုံ တယ်ပြီး အဖိုးတန်ပေတယ် အဘိုးရယ်'





## လူထူးများကို ဖွဲ့ ၄ ချိုး

သူ့စည်းကမ်း သူ့အကျင့်နှင့် သင့်တင့်အောင် နေပေ။
နည်းရသူ ဆရာတို့ အကြောင်းကို ကောင်းလှမသွေ။ တစ်မျိုးစိ
နှစ်သက်ကြတာမို့ ဟာဒယ ရွှင်ကြပေ၊ သိသေသတို့ စံမူသင့်။
ကိုယ်တွေ့ ကိုယ်ကြုံမို့၊ အလုံးစုံ မှတ်ရန်ရေးကို မြေးတို့
ယူကျင့်။ ။

## နံနက်ခင်းအချိန်

'အင်း ... ငါ့မြေးများ၊ ဘယ်ဆီ ဘယ်နေရာများ ရောက်ခဲ့ကြသလဲကွဲ့'

'ကျွန်တော်များ မြို့တောင်ဘက် ရွှေမှော်တင် စေတီတော်ကြီး ဖူးခဲ့ရပါ ခင်ဗျား၊ အလွန်မှ ကြည်ညိုဖွယ် ကောင်းပါ၊ ရှေးမင်းများ၏ ကောင်းမှုတော်များ မပျက်မစီး တည်နေခြင်းဟာ ရပ်ရွာ၏ ကျက်သရေဆောင် ဖြစ်ပါ။ ဒါနဲ့ အဘိုးရယ်၊ ရှေးမင်းအဆက်ဆက်က ဆင်းသက်ပြီး ယခုတိုင် ဖြစ်နေသလို မီးလောင်တိုက်သွင်းတယ် ဆိုတာ ဟုတ်ပါသလား ခင်ဗျာ။ ကျွန်တော်များရဲ့ ဖခင်များ မေးကြည့်တော့လဲ သေသေချာချာ မသိပေါင်ကွယ်၊ မင်းတို့အဘိုးထံ ရောက်မှ မေးတော့၊ သေသေချာချာ ပြောပြတဲ့အတိုင်း မှတ်သားခဲ့လို့ မှာလိုက်ပါတယ်။ တကယ်ပဲ ဟုတ်ပါသလား ခင်ဗျာ'

'အေး ... အေး ... နားထောင်ကွဲ့။ အဘိုး ရှင်းလင်းပြောပြမယ်။ နားထောင်ကြ။ အဲဒီ စကားစဉ်မျိုးဟာ သည်လိုကလား ဟဲ့။

'မြတ်စွာဘုရား စကားစပ်လျှင် ဓာတ်တော်ကို ဟောမြဲ။ ပညာရှိ ယောကျ်ား စကားတတ်လျှင် ပုံကပ်၍ ပြောမြဲ။ စကားမတတ် ပုံမကပ်။ စကားပုံထုံး နှလုံးနှုတ်သာ လိုတိုင်းပါသည်။ ရွှေ၏အကြောင်းကို ဖယောင်း သက်သေ။ ပညာရှိအကြောင်း စကားကောင်း သက်သေ။ ပန်းထိမ်တတ် မတတ် ဂဟေစပ် သက်သေ။ ရက်ကန်းတတ် မတတ် ကလနား သက်သေ။ လယ်ထွန်တတ် မတတ် ကလနား သက်သေ။ လက်သမား

တတ် မတတ် ဆောက်လွင်း စရွေး သက်သေ။ သမားတတ် မတတ် လူနာဆေးပေး သက်သေ။ အရပ်ကောင်း မကောင်း နေထိုင်သောသူတို့ အကျင့်သက်သေ။ အရိုးကို အရွက်မဖုံးသာ။ ကိုယ့်ထက်သာလျှင် ဥစ္စာမမြတ်ရာ။ ကိုယ်ကြွင်းလျှင် အရင်းရ၏။ ရေကြောင့် နွံဖြစ်သည်။ နွံကြောင့် ရေ ဖြစ်သည်။ မပုပ်ဘဲနှင့်ပေါ် လက်ပံတုံး။ မဟုတ်ဘဲနှင့်ကျော် လူတို့ထုံး။ အပြောကြီးရင် အယုံခက်သည်။ ဘူးပင်ခြံစ ပျိုးတတ်မှ။ မျောက်သားစားချင် မျောက်မျက်နှာ မကြည့်နှင့်။ တောစပါးစားချင် အိမ်စပါးလဲ ထုတ်ဦးမှ။ ထင်းခွေမဟုတ် ချုံပျက်သည်။ လင်နေမဟုတ် ဂုဏ်ပျက်သည်။ ပြောစရာတွင် စကားခက်။ ထားစရာတွင် မယားခက်သည်။ အပျိုတော်ကောက်ရာ မျက်ခမ်းစပ် ပုန်းသလို။ ထန်းသမားသမီး ရပ်တန်းတွင် ရပ်။ ပန်းပဲတန်းကျလျှင် သံစရူးတတ်သည်။ ထန်းပင်တက် သမား ပေ့ါပါး၏ဆိုသော် ထန်းပင်ထက်တိုး၍ ကောင်းကင် မတက်နိုင်။ အခြေအနေ မရှိလျှင် ကိုယ်ကိုနှိမ့်ချ။ စိတ်ထားမတတ်လျှင် ကိုယ်ကြေသည်။ အရမရှိက အသုံးကိုဆင်ခြင်။ လူစဉ်ကိုကြည့်၍ မြှောက်စား။ စကားတတ်၏ မတည်ကြည်။ ငွေရတိုင်း မဖြုန်းနှင့်။ ဩဇာရှိတိုင်း မသုံးနှင့်။ ပေးတိုင်း မယူနှင့်။ လူတိုင်း မတောင်းနှင့်။ စကားတတ်တိုင်း မပြောနှင့်။ သဘောကောင်းတိုင်း နှုတ်မဆုံစေနှင့်။ ဒေါသရှိတိုင်း ပြင်မထုတ်နှင့်။ ဟုတ်တိုင်းကိုလည်း လူမသိစေနှင့်။ စားနိုင်တိုင်း မစားနှင့်။ သွားနိုင်တိုင်း မသွားနှင့်။ အိပ်ခိုင်းတိုင်း မအိပ်နှင့်။ မြင်တိုင်း မကြည့်နှင့်။ သိတိုင်း မပြောနှင့်။ ပြောတိုင်း မယုံနှင့်။ မုန်းတိုင်း မဆိုနှင့်။ လိုတိုင်း မတောင်းနှင့်။ ရောင်းတိုင်း မဝယ်နှင့်။ တွယ်တိုင်း မကပ်စေနှင့်။ ဝယ်တိုင်း မစားချင်နှင့်။ မြင်တိုင်း မလိုနှင့်။ အခွင့်ရတိုင်း မလျှောက်နှင့်။ မြှောက်တိုင်း မမြှောက်နှင့်။ ကြောက်တိုင်း မခြောက်နှင့်။ အကျိုးမရှိလျှင် မကြံနှင့်။ တန်ခိုးမရှိလျှင် မထန်နှင့်။ ပစ္စည်းဂုဏ်ကြောင့် မာန်ပေါက်သည်။ ဝိဒေဟရာဇ်ပုတ်သင်ကို ထောက်ရမည်။ ပညာမရှိဘဲနှင့် မော်ကြွားပြောဆိုတတ်သည်။ ယောက်ျားဖျင်းက ထမင်းချက်သည်။ မိန်းမဖျင်းက အတင်းမြွက်သည်။ ရဟန်းဖျင်းက သီချင်းကျက်သည်။ အနှိပ်ဖျင်းက အနင်းဖက်သည်။ ယောက်ျားပျင်းက ကျောခင်းသည်။ မိန်းမပျင်းက ခြေဆင်းသည်။ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့သည် သေခြင်းသည် နောက်ဆုံးစခန်း ဖြစ်သည်ဟု မှတ်ကြလေ ငါ့မြေးတို့'





'ကောင်းပါ့ ခင်ဗျာ၊ မှတ်သားပါရစေ အဘိုးရယ်'

'အဘိုး ပြောမယ်၊ ငါ့မြေးများ တစ်သက်လုံး မှတ်ထားကြလေ'

လောက၌ လူအများတို့သည် တစ်ဦး၏ဂုဏ်ကို အမြင်လွယ်နိုင်သည်ကား ပစ္စည်းဥစ္စာဓနနှင့် ပြည့်စုံသည်ကို လည်းကောင်း၊ ရာထူး ဌာနန္တရနှင့် ဘုရားထူး ခံနေရသည်ကို လည်းကောင်း မြင်ကြလျှင် ရှိသေခြင်း၊ ဆည်းကပ်ခြင်းကို ပြုတတ်ကြလေသည်။ ပညာရှိဂုဏ်ကို မြင်နိုင်ကြသည် မဟုတ်ပေ။ ပညာမရှိသော မင်းမှသာ မြင်နိုင်သည်ဖြစ်၍ ထို ပညာရှိကို ဆရာအဖြစ် ချီးမြှောက်ကိုးကွယ်ထားတတ်သည်။ အရေးအကြောင်းရှိက ပညာရှိကို တိုင်ပင်၍ စီမံလုပ်ကိုင်သော် အကျိုးများသည်သာ ဖြစ်ပေသည်။ မဟောသဓာ ဝတ္ထုကို ကြည့်။ ပညာရှိတို့မည်သည် ရှေ့ရေးနောက်ရေး အကျိုး ရှိ မရှိကို မြင်နိုင်သော ဉာဏ်စွမ်းရှိ၍ စီမံဆောင်ရွက်သော် မင်းနှင့်တကွ တိုင်းသူပြည်သားတို့ ချမ်းသာသည်သာ များကြသည်။

ယခုအခါမှာ ပညာရှိ အခေါ်ခံသူတို့သည် ရှာဖွေစုဆောင်းထားသော အရပ်ရပ်မှတ်သားရန် လောကီ လောကုတ္တရာနှင့်ဆိုင်သည့် ပေစာ၊ ပုရပိုက်စာ၊ ပုံနှိပ်စာအုပ်များသာ ပြည့်စုံလျက် ရှိလေသည်။ ပစ္စည်းဥစ္စာ မရှိ နွမ်းပါးသောကြောင့် လူများတို့သည် အမြင်မသန်နိုင်ကြချေသည်။ သာဓကကို ဆိုရလျှင် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီး စံတော်မူသော နန်းတော်တိုင်သည် ပျက်စီးရှိနေသဖြင့် မင်္ဂလာရှိသော သစ်ကိုခုတ်၍ ထူထောင်ရန် မှူးမတ်များကို အမိန့်ပေးလေ၏။ မှူးမတ်များလည်း အမိန့်အတိုင်း သစ်ကို သွားရောက်ရှာဖွေရာ မင်္ဂလာရှိသော သစ်ပင်ကို မတွေ့။ မင်းကြီး၏ ဥယျာဉ်တော်၌ မင်္ဂလာကျက်သရေရှိသော မင်းထိုင်ကျောက်ဖျာအနီး၌ ပေါက်ရောက်သော အင်ကြင်းပင်ကြီးသည် မင်္ဂလာရှိကြောင်း သိရ၍ မင်းကြီးအား လျှောက်ထားရာ၊ မင်းကြီးက ငါ၏ အရိပ်ခိုရာ မင်္ဂလာရှိသော အင်ကြင်းပင် ဖြစ်လင့်ကစား အခြားတော၌ မရရှိသော် ခုတ်ယူ၍ နန်းတိုင် အစားသွင်းရန် အမိန့်ပေးလေ၏။ အမိန့်အတိုင်း မှူးမတ်တို့လည်း ပုဆိန်၊ ဓားမ၊ လွှ စသည်များကို ယူ၍ ဥယျာဉ်တော်သို့ လာပြီးလျှင် ၎င်းအင်ကြင်းပင်၌ ရှိကြသော ရုက္ခစိုးနတ်တို့သည် ရှားလေ ဖယ်လေ၊ နက်ဖြန်ကျရင် ခုတ်လှဲမည်ဟု အမိန့်ပေး၍ ပြန်သွားကြလေ၏။

ထိုအခါ အင်ကြင်းပင်စောင့်နတ်သည် မယား၊ သားသမီးနှင့်တကွ အခြေအဆောက်အအုံပျက်၍ နေစရာ မရရှိမည်ကြောင့် ပူဆွေးငိုကြွေးလေသည်။ မိတ်ဆွေဖြစ်သော နတ်အပေါင်းများလည်း ငိုကြွေးသံကို ကြား၍ လာရောက်မေးမြန်းကြရာ အင်ကြင်းပင်စောင့်နတ်က အကျိုးအကြောင်းကို ပြောပြသော် လာရောက်ကြသော နတ်တို့က 'မင်းကြီးအမိန့် ဖြစ်ပေသည်။ ငါတို့ ကာကွယ်ခြင်းငှာ မတတ်နိုင်' ဟု ညှိုးနွမ်းလျက် ပြောဆိုပြီးလျှင် ထွက်သွားကြလေ၏။

နောက် ကုသနာဋ္ဌိ မည်သော သမန်းပင်စောင့်နတ်က ပူဆွေးနေသည်ကိုမြင်၍ သွားရောက်မေးမြန်းရာ၊ အင်ကြင်းပင်စောင့်နတ်က 'သင့်ကို ပြောသော်လည်း ကောင်းကျိုးရောက်မည် မထင်။ သင့်ထက် အခြေအနေခိုင်သော အဆွေခင်ပွန်း နတ်တို့သည် ခွာသွားကြလေပြီ'

သမန်းချုံနတ်က ဘုံဗိမာန်ကြီးသည်ကို သင် မစွဲလင့်။ ပညာကြီးသည်ကို စွဲသင့်ပေသည်။ ထို့ကြောင့် သင့်ဗိမာန် မပျက်စီးအောင် နက်ဖြန် ငါ စီမံပေးမည်။ ချမ်းသာအောင်သာ နေပါလေ။ နက်ဖြန်နံနက် ရောက်သောအခါ မင်္ဂလာသစ်ပင် လှဲ့ရန် မှူးမတ်တို့ ရောက်ကြသောအခါ သမန်းပင်စောင့်နတ်သည် ဖွတ်ယောင်ဆောင်၍ အင်ကြင်းပင်မြစ်အရင်း ကိုယ်တစ်ပိုင်းနှင့် အမြီးကိုဖော်လျက် လက်နှင့်ခေါင်းပိုင်းကို အင်ကြင်းပင်ထဲသို့ ဝင်ဟန်ပြုပြီးလျှင် ပျောက်သွား၍၊ အင်ကြင်းပင်အထက်ခွက ဦးခေါင်းဖော်၍ ခေါင်းညိတ်ပြလေ၏။ မှူးမတ်တို့ မြင်လျှင် အပင်ကို ခေါက်ကြည့်လျက် အစက ခေါက်၍ မကြည့်မိပေ။ ဖွတ်ကောင်ကြီး ဖြစ်၍နေသဖြင့် မလှဲ့ရကြောင်း မင်းကြီးထံသို့ သံတော်ဦးတင်ရန် ပြန်သွားကြလေ၏။

အင်ကြင်းပင်စောင့်နတ်လည်း များစွာ ဝမ်းမြောက်ခြင်း ဖြစ်သည့်အပြင် အဝေးအနီး ရှိသော မိတ်ဆွေခင်ပွန်းတို့သည်လည်း လာရောက် မေးမြန်းကြသောအခါ 'သမန်းချုံစောင့် နတ်မင်း ကယ်ဆယ်၍ ဤဗိမာန် မပျက်မစီး ချမ်းသာစွာ နေရကြောင်း။ ကျွန်ုပ်ဗိမာန် ကြီးကျယ်၏။ ပညာမရှိ၍ ကိုယ်၌ ထိရောက်သောဘေးကို မကာကွယ်နိုင်ပေ။ ဘုံဗိမာန် မကြီး၊ သမန်းမြက်ကို ခိုလှုံနေရသော နတ်မင်းသည် အမြော်အမြင် ဉာဏ်ပညာကြီးသောကြောင့် သူ့ကို မှီခိုရသဖြင့် ကျွန်ုပ်





ချမ်းသာစွာ နေရပေသည်' ဟု ပြောပြလျှင် လာရောက်သော နတ်အပေါင်းတို့သည် သမန်းပင်စောင့်နတ်ကို ကောင်းချီးသြဘာ ပြုကြလျက် ပညာဂုဏ်ကို ပူဇော်ကြသည်။ အင်ကြင်းပင်စောင့် နတ်ကလည်း အဆွေခင်ပွန်းကောင်း ဆရာဖြစ်ပေသည်ဟု လေးမြတ်စွာ ပူဇော်ခြင်းကို ပြုပေသည်။

'အဲ ... ဤအင်ကြင်းပင်စောင့်နတ်နဲ့ သမန်းပင်စောင့်နတ်တို့ အကြောင်းကို ငါ့မြေးများ တစ်သက်လုံး မှတ်ကြလေ။ အခြေအနေ၊ ဥစ္စာဂုဏ်၊ ရာထူးဂုဏ် မရှိဆင်းရဲသော်လဲ ပညာရှိကို မှီဝဲဆည်းကပ်ကြမှသာလျှင် မိမိတို့၌ ဘေးအန္တရာယ်နှင့် တွေ့ကြုံသော် ပညာရှိမှသာ ဘေးပျောက်အောင် ကယ်နိုင်သည်ဟု သုတသောမဇာတ် နန္ဒပုဏ္ဏား တစ်ဂါထာလျှင် အသပြာတစ်ရာနှင့် ရောင်းသော လေးဂါထာကို သုတသောမမင်းက တစ်ဂါထာကို အသပြာတစ်ထောင် ပူဇော်သောကြောင့် သတာသဟဂါထာ အမည်မှ သတာသဟဿဂါထာ အမည်ဘွဲ့ကြီးကို ပေးတော်မူသော လေးဂါထာများကို ကြည့်ရှုရန်သာတည်း။

'ငါ့မြေးများ သိချင်တဲ့ မီးလောင်တိုက်သွင်း ဆိုတာက သလိုဟော့။

## မီးလောင်တိုက်သွင်းသည် ဆိုသော ကောလာဟလ

မြန်မာမင်းတို့သည် တစ်ယောက်မကောင်းလျှင် ဆွေမျိုးခုနစ်ဆက် မီးလောင်တိုက်သွင်းသည်ဟု ပြောဆိုနေကြသော ကောလာဟလ စကားသည် အလျှင်းမဟုတ် မမှန်ကြောင်း။

၎င်းစကား အကယ်တန္တိ ဟုတ်မှန်ခဲ့ပါလျှင် ရာဇဝင်များတွင် ဖော်ပြရန် သင့်ချေသည်ဟု စဉ်းစားရန် တစ်ချက်ဖြစ်သည်။ ရာဇဝင် မဖော်မပြသော် သက်ကြီးစကား သက်ငယ်ကြား ဖြစ်သောကြောင့် မဟုတ်ဘဲကို မကျော်ရာဟု ဆင်ခြေပေးငြားသော်လည်း ပြောကြားသော သက်ကြီးတို့သည် မိမိတို့ကိုယ်တိုင် မည်သည့်မင်းလက်ထက်တော်က မီးလောင်တိုက်သွင်းသည် ဟူ၍ သေချာစွာ ပြောပြနိုင်ကြသည် မဟုတ်ပေကြောင်း။

မြန်မာမင်း ဧကရာဇ်တို့သည် အမိန့်အာဏာတော်ကိုသာ ပြင်း

ထန်စွာလုတ်၍ အုပ်ချုပ်တော်မူခြင်း ဖြစ်ချေသည်။ နိုင်ငံတော်အတွင်းရှိ မှီတင်းနေထိုင် နိုလှုံကြသော ကျွန်တော်မျိုး အပေါင်းတို့သည် ဆိုးခိုး တိုက်ခိုက် လုယက်ယူငင်မှုကို ကျူးလွန်သူတို့ ပေါ်ရှိခဲ့သော် ... ဆွေမျိုး ခုနစ်ဆက် မီးလောင်တိုက်သွင်းမည် ဟူသော အမိန့်အာဏာတော်ကြီး ကို တွေ့မြင် သိကြရသောအခါ ဆွေမျိုးအပေါင်းတို့က မိမိတို့ သားချင်း ဆွေမျိုး အပေါင်းတို့အား မင်းတို့သည် အမိန့်တော်ကြီးကို ကြည့်၍ ကောင်းစွာ နေထိုင်ကြပါ။ မင်းတို့ မကောင်းလျှင် ငါတို့ပါ မီးလောင် တိုက် သွင်းခံကြရမည် ဖြစ်သည်ဟု လူကြီးမိဘတို့က ကြပ်မတ်ကြည့် ရှု ဆုံးမကြရသည် ဖြစ်သောကြောင့် ရာဇဝတ်မှု နည်းပါးခြင်း ဖြစ် သဖြင့် ထိုလူကြီးမိဘတို့ ပြောပြချက်သည် ကောလာဟလစကား ထင် ရှား ယခုတိုင် တွင်လျက် ရှိနေပေကြောင်း။

မြန်မာမင်း ဧကရာဇ်တို့ လက်ထက်တော်က ရာဇဝတ်ရေးဌာန ၌ အုပ်ချုပ်ရန် အမှုထမ်း၊ အရာထမ်း မရှိချေ။ ခရိုင်ဝန်၊ မြို့သူကြီး၊ ရွာသူကြီးများ ရှိသည်။ ခရိုင်ဝန်ကြီးမှာ မိမိကြီးစိုးသော ခရိုင်နယ်ကို လက်အောက် မြို့သူကြီးများနှင့် စီမံခန့်ခွဲ အုပ်ချုပ်ရသည်။ မြို့သူကြီး မှာ မိမိအုပ်ချုပ်ရသော မြို့နယ်ကို လက်အောက်ခံ ကျေးရွာသူကြီးများ နှင့် စီမံခန့်ခွဲ အုပ်ချုပ်ရသည်။ ကျေးရွာသူကြီးမှာ မိမိ သူကြီးစုပါ ကျေးရွာနေ အရပ်လူကြီးများနှင့် စီမံခန့်ခွဲ အုပ်ချုပ်ရသည် ဖြစ်သော ကြောင့် ဘုရင်မင်းမြတ်၏ အမိန့်အာဏာတော် ပြင်းထန်တော်မူသည့် အတွက် ရာဇဝတ်မှု ခိုးသေး မီးဖွား မထ မကြွ၊ စရိတ်ကြေးငွေ အကုန်အကျနည်းလျက် အေးချမ်းစွာ နေထိုင်ကြရသည် ဖြစ်ပေကြောင်း။

မြန်မာမင်း ဧကရာဇ်တို့သည် နိုင်ငံတော်ကို အေးချမ်းသာယာ စေရန် ပြင်းထန်သော အမိန့်တော်ကို ထုတ်ပြန်တော်မူသည်။ အမိန့် အာဏာအတိုင်း စီမံဆောင်ရွက် နှိပ်ကွပ်ခြင်းကို အလျှင်း ပြုတော် မမူ ချေ။ တိုင်းသူပြည်သားတို့ ကြောက်ရွံ့ကြရန် လက်နက်ငါးပါးကို ကျေးရွာ တိုင်းတို့သို့ ပေးအပ်တော်မူသည်။ လက်နက်ငါးပါး ဟူသည်ကား ... ဂရုမွေတရားတည်းဟူသော ငါးပါးသီလကို အမြဲ ဆောက်တည်ကြရန် ပေးအပ်တော်မူ၍ ယင်းသည် လက်နက်ငါးပါးနှင့် အုပ်ချုပ်တော်မူသဖြင့် လောက၌ အေးချမ်းမှုရှိသောကြောင့် သေသည်၏ အခြားမဲ့ အပါယ်





လေးပါးသို့ မကျမရောက်ဘဲ နတ်ရွာ သုဂတိချမ်းသာကို တိုင်းသူပြည်သား တို့ ခံစားကြရန်ကိုသာ အာရုံပြုတော်မူလျက် နိုင်ငံတော်ကို အုပ်ချုပ်တော်မူ ပေကြောင်း။

ရာဇဝတ်မှုပြစ် ထင်ရှားသူတို့ကို စစ်ဆေးရာ၌ ဓားသွားသင့်သူ ကို ဓားနှောင့်၊ ဓားနှောင့်သင့်သူကို ဓားရှက် ဓားပြား၊ ဓားရှက် ဓားပြား သင့်သူကို ကြိုးကြိမ်၊ ကြိုးကြိမ်သင့်သူကို ခေတ္တမျှ အကျဉ်းအချုပ် ချ ထား ဆုံးမခြင်းကို စီရင်သည်။ အသက်ဆုံးရှုံးစေရန် မစီမရင် ဖြစ်ပေ ကြောင်း။

ပုန်စားပုန်ကန် ပြုလုပ်သော သူများပင် ဖြစ်လင့်ကစား ကြံရာ ပါသူတို့ကို လွှတ်တော်ကြီးက အနုအရင့် စစ်ဆေး၍ အလွန်ရင့်သူများ ကိုသာလျှင် အဆုံးစီရင်ရသည်။ အဆုံးစီရင်သည် ဆိုသော်လည်း များ သောအားဖြင့် သစ်တောလေးရပ်သို့ ပို့စေ ဟူသော စီရင်ခြင်းသာ များ ချေသည်။ နသော အဖျား အမြိတ် အစွန်းများကို ရာဇဝတ်ပြစ်ဒဏ် မရှိ ချမ်းသာပေးတော်မူလေ့ရှိသည်။ မီးလောင်တိုက်သွင်းသည် ဟူ၍ မရှိကြပေကြောင်း။

## ရာဇဝတ်ပြစ်ဒဏ် ထိုက်သင့်သော အမှုငါးမျိုး

ဆင်မြီးဖြတ်သော်၊ မြို့ကျော် ပုန်းစား၊ တံခါး မင်းတုပ်၊ ကိုယ်လုပ် ပြစ်မှား၊ ဤငါးပါးကို အဆုံးစီရင်ရသည် ဟူ၍ ရှိချေသည်။

(က) ဆင်မြီးဖြတ် ဟူသည် ရွှေနန်းကျက်သရေ ဖြစ်အံ့သော ဆင်တော်၊ မြင်းတော်တို့ အမြီးကို ဖြတ်ခြင်း၊ အစွယ်ကို ချိုးဖြတ်ခြင်း၊ နားရွက်ကို ဖြတ်ခြင်း စသော အ မင်္ဂလာ ဖြစ်အောင် ပြုလုပ်သူကို အဆုံးစီရင်ရသည်။

(ခ) မြို့ကျော် ဟူသည် မြို့ရိုးမြို့တာကို ကျော်နင်း ကျူးလွန် ဝင်ရောက်သူကို အဆုံးစီရင်ရသည်။

(ဂ) ပုန်စား ဟူသည် ပုန်စား ပုန်ကန် ပြုလုပ်သူကို အဆုံး စီရင်ရသည်။

(ဃ) တံခါးမင်းတုပ် ဟူသည် မင်းဧကရာဇ် စက်တော်ခေါ်ရာ၊ စံတော်ရာ အဆောင်တော်ကို ပိတ်ထားသော တံခါးကျည်၊ တံခါးမင်းတုပ်များကို ဖြုတ်ဖျက် ဝင်ရောက်သူကို အဆုံးစီရင်ရသည်။

(င) ကိုယ်လုပ်ပြစ်မှား ဟူသည် နန်းတွင်းသူ မောင်းမ ကိုယ်လုပ် မင်းသမီးများနှင့် နန်းတွင်းမှာ မှားယွင်းကျူးလွန်သူကို အဆုံးစီရင်ရသည်။

ဤကား လက်ညှိုးမကောင်း လက်ညှိုး၊ လက်မ မကောင်း လက်မ ဟူ၍ ပြစ်မှုကျူးလွန်သူကိုသာလျှင် အဆုံးစီရင်လေသည်။ ဆွေမျိုးခုနစ်ဆက် မီးလောင်တိုက်သွင်းသည် ဟူ၍ ဆုံးဖြတ်စီရင်ခြင်း အလျှင်းမရှိ ဖြစ်ပေကြောင်း။

## ရာဇဝတ်ပြစ်ဒဏ် ရှစ်မျိုး

သတ်၊ ဖြတ်၊ ကွက်၊ မှတ်၊ ပို့၊ ဖြည့်၊ ထမ်း၊ အပ် ဟူ၍ ရှိသည်။

(က) သတ်မှာ အဆုံးစီရင်သည်။

(ခ) ဖြတ်မှာ ခြေလက်ဖြတ်ခြင်းကို စီရင်သည်။

(ဂ) ကွက်မှာ ပါး၌ ဆေးနက်ကွက်ထိုးပြီးလျှင် အာဏာသူသတ်အဖြစ် ချထား၍ အသက်ချမ်းသာပေးသည်။

(ဃ) မှတ်မှာ မကောင်းသောအကျင့်ကို ပြုကျင့်သူဟု ဖော်ပြလျက် နဖူး၌ဖြစ်စေ အများသူတို့ မြင်နိုင်အောင် ဆေးနက်စာတန်း ထိုးမှတ်ထားခြင်းကို စီရင်ရသည်။

(င) ပို့မှာ ငှက်တော၊ ခွေးတော၊ ရောဂါထူပြောသော သစ်တောလေးရပ်သို့ ပို့စေ စီရင်ရသည်။

(စ) ဖြည့်မှာ ဘုရားကျွန် ကျောင်းကျွန်မှာ ဖြစ်စေ၊ စဏ္ဍာလ ငါးစုံ့မှာ ဖြစ်စေ ဖြည့်သွင်းရန် စီရင်ရသည်။

(ဆ) ထမ်းမှာ ယုံကြည်ရသော သားတော် မှူးတော် မတ်တော်တို့၏ စစ်တပ်ရှိရာသို့ လိုက်ပါထမ်းရွက်စေရန် စီရင်ရသည်။

(ဇ) အပ်မှာ မှူးကြီးမတ်ကြီးများတို့၏ အိမ်မှာ အပ်ထားစေသည်ကို စီရင်ရသည်။





ယင်းသည် အထက်အဆိုပါ အရပ်ရပ် ရာဇဝတ်မှုများကို အမိန့်တော်နှင့် ဖြစ်စေ၊ လွှတ်တော်ကြီးက ဖြစ်စေ စီရင်ပြီး ရာဇဝတ်ပြစ်ဒဏ်ခံရသော ရာဇဝတ်ကောင်ကို ဘုရင်မင်းဧကရာဇ်က အထူးဆုပေးထားခြင်းကို ရရှိသော မယ်တော်ဘုရားကသော် လည်းကောင်း၊ နန်းမတော်ဘုရားကသော် လည်းကောင်း၊ ဘုရင်မင်းဧကရာဇ် ငယ်ဆရာ ရဟန်းတော်ကသော် လည်းကောင်း၊ ဆရာတော် ရဟန်းတစ်ပါးကသော် လည်းကောင်း ချမ်းသာခွင့်ပေး၍ နုတ်ယူနိုင်သည်။ ထို့ပြင် သုဓမ္မာဆရာတော်၊ အခြား တံဆိပ်တော်ရ ဆရာတော်တစ်ပါးက မေတ္တာရပ်ခံ၍ လွတ်ငြိမ်းချမ်းသာခွင့် ရရှိနိုင်သည်။ အဝေးမြို့ရွာ ဂိုဏ်းထောက်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းချုပ် ဆရာတော်များကလည်း မေတ္တာရပ်ခံလျှင် လွတ်ငြိမ်းချမ်းသာခွင့်ကို ပေးလေသည်။

ဤအထက်ပါ စီရင်ထုံးတမ်းအတိုင်း မြန်မာဘုရင် ဧကရာဇ်မင်းမြတ်တို့ စီရင်ရိုးအမြဲ အစဉ်ရှိလေသည်။ ဆွေမျိုးခုနစ်ဆက် မီးလောင်တိုက်သွင်းသည် ဆိုသော ကောလာဟလ စကားသည်ကား ပြင်းထန်သော အာဏာမျှဖြင့် နိုင်ငံတော်အတွင်း ရာဇဝတ်မှု ခိုးသေးမီးဖွားမထ မကြွစေရန် အခွန့်ရှည်စွာ မြော်ထောက်တော်မူ၍ ကြောက်ရွံ့ကျိုးနွံကြရန် ထုတ်ပြန်သော အမိန့်တော်မျှသာ ဖြစ်ချေသည်။ စီရင်ထုံးမှာ အထက်က ဖော်ပြသည်က လွဲ၍ ပြုပြင်စီရင်ခြင်း မရှိပေကြောင်း။

“ရေမှာ ဖျောက်ဖျက်သည်” ဟူ၍ ရာဇဝင်၌ ပါရှိရကား ရန်သူးရန်ခြောင့်ဖြစ်သော နိုင်ငံတော်ကို ပုန်းစားမည့်သူတို့ကို အမြစ်အပင်၊ အကိုင်းအခက်၊ အရွက် မစည်ကားစေရန် တစ်ပါတည်း မျိုးဇော့ကို ဖျက်ဆီး၊ ကင်းပျောက်စေရန်သာ စီရင်တော်မူလေသည်။

ကားတိုင်၊ ကားစင်၌ တင်၍ သတ်ပြီးလျှင် သူသေကောင်ကို ထားခြင်းသည်ကား လူအများ မြင်က ကြောက်ရွံ့တုန်လှုပ်လျက် ရာဇဝတ်မှုများကို မကျူးမလွန်ဝံ့အောင် ပြုလုပ်စီရင်ခြင်း ဖြစ်သည်။ ဤသို့စီရင်ကွပ်မျက်ခြင်းသည်လည်း တစ်လ တစ်ယောက်၊ တစ်နှစ် တစ်ယောက် ပြုလုပ်စီရင်ရသည် မရှိဖြစ်ပေကြောင်း။

ရှေးထုံး၊ ရှေးစံ မြန်မာဘုရင်မင်းမြတ်တို့ စီရင်အုပ်ချုပ်နည်းကို သိလိုပါက ဘိုးတော်မင်းတရားကြီးအကြောင်း ဖော်ပြသော “ပါးစပ်ရာဇဝင်”

ပထမတွဲနှင့် "ဗျိုင်းနားမင်္ဂလာစာတမ်း" ကို ဖတ်ရှုကြပါလျှင် အချို့အဝက် ထင်ရှားသိနိုင်ကြပေလိမ့်မည်။

ငှင်းပြင် အထက်က ထည့်သွင်းဖော်ပြခဲ့ဖူးသော ပဋ္ဌမသင်္ဂါယနာတင် မင်းတုန်းဘုရား ရွှေလက်ထက်တော်၌ ထင်ပေါ်ကျော်စောသော ပခန်းကြီးမြို့စား လွှတ်တော်ဝန်ကြီး ဦးရန်ဝေး၊ ကိုးခရိုင်ဝန် သူရဲကြီး ဦးရွှေလုံးတို့ အတ္ထုပ္ပတ္တိ အကြောင်းအရာ ပါရှိသော သူရိယမဂ္ဂဇင်းကို ကြည့်ရှုပါက ထင်ရှားသိနိုင်ပေလိမ့်မည် ဖြစ်ပေကြောင်း။

မြန်မာမင်း ဧကရာဇ်တို့သည် အမိန့်အာဏာတော်သာ ပြင်းထန်လေသည်။ တိုင်းနေပြည်သူ ဆင်းရဲသားတို့ကို နှိပ်စက်ညှဉ်းပန်းတော်မမူ၊ ချမ်းသာစွာ နေထိုင်စေသည်ကိုသာ အမြဲအစဉ် ရှိတော်မူချေသည်။ သူခိုး လူဆိုး လူမိုက်များကို ခြံနှင့်လှောင်၍ မမွေး၊ မကျွေး၊ အလွန်စက်ဆုပ်တော်မူချေသည်။

ပညာရှိ သူတော်ကောင်းများကို မြတ်နိုးတော်မူခြင်း အမြဲ ရှိသည်။ ပညာရှိ သူတော်ကောင်းတို့အား ရာထူးပေးခြင်း၊ မြို့စား ရွာစားပေးခြင်း ဆိုသော လာဘ်တော် ပေးသနားတော်မူခြင်းတို့ကို အမြဲ ဂရုပြုလေ့ ရှိပေကြောင်း။

တိုင်းနေ ပြည်သူအပေါင်းတို့ကို ဆင်းရဲပင်ပန်း ညှိုးနွမ်းစေအောင် ပရိယာယ်မာယာ ပြုကျင့်စေခြင်း မရှိ၊ ရတနာသုံးပါးနှင့် ဂရုဓမ္မတရားတော်မြတ်ကို စောင့်ထိန်းကြရန် ကျပ်တည်းစွာ အမိန့်တော် ထုတ်ပြန်၍ အုပ်ချုပ်တော် မူခြင်းမျှသာ ရှိတော်မူပေကြောင်း။

နိုင်ငံတော်အတွင်း ပြည်သူ ဆင်းရဲသား ကျွန်တော်မျိုး အပေါင်းတို့သည် ဆင်းရဲသား တောင်သူတို့မှာ မိမိတို့ လုပ်ကိုင်စားသောက်ရသည့်အလျောက် တောင်သူပီပီ ဝတ်ဆင်စားသောက် နေကြလေသည်။ ကုန်သည်မှာ ကုန်သည်အလျောက်၊ သူကြွယ်မှာ သူကြွယ်အလျောက်၊ သူဌေးမှာ သူဌေးအလျောက် ဝတ်ဆင်စားသောက် ဂုဏ်အရည်အချင်းအလိုက် နေထိုင်ကြလေသည်။ အမှုထမ်း၊ အရာထမ်းတို့မှာလည်း ဂုဏ်ထူးချီးမြှင့်သည့်အတိုင်း ဝတ်ဆင်စားသောက် နေထိုင် ခစားကြရပေကြောင်း။

မိမိတို့ လုပ်ကိုင်စားသောက်ကြရသော အခြေအနေအလိုက် ဝတ်ဆင်စားသောက် နေထိုင်ကြရလေရကား မိမိတို့ထက် ဂုဏ်ရည်





ရာထူး ကြီးမြင့်သူတို့ကို တုပ၍ ဝတ်ဆင်စားသောက် နေထိုင်ခြင်းကို မပြု မလုပ်ကြရပေ။ တောင်သူ လယ်ယာလုပ်ကိုင်သူတို့သည် ပစ္စည်းအင်အား ပြည့်စုံကြွယ်ဝသော်လည်း ကုန်သည်၊ သူကြွယ်၊ သူဌေးများကို တုပ၍ ဝတ်ဆင်နေထိုင်ခြင်းကို မပြုမလုပ်ရ ဖြစ်ချေသည်။

ဤကဲ့သို့ အမျိုးအရိုးအလိုက် ဝတ်ဆင်နေထိုင် စားသောက်စေခြင်းသည်ကား ပြည်သူဆင်းရဲသားတို့ကို သနားတော်မူသဖြင့် လောဘ၊ ဒေါသ၊ မာန တရားတို့ ကင်းဝေးစေရန်ကိုသာ ရည်သန်တော်မူခြင်း ဖြစ်ပေသည်။

ကုသိုလ်ကောင်းမှု ပြုသော အရာတို့၌ အထူးချီးမြှောက် အားပေးတော် မူခြင်းကိုသာလျှင် ဘုရင်မင်းမြတ်တို့ နှလုံးသွင်းတော်မူခြင်း အစဉ်အမြဲ ရှိတော်မူချေသည်။

သို့လို မိမိတို့ အမျိုး အရိုးအလိုက် ထိုက်သည့်အားလျော်စွာ အရာဌာန ပိုင်းခြားလျက် နေထိုင်စားသောက် ဝတ်ဆင်ရခြင်းတို့သည်ကား လောဘ၊ ဒေါသ၊ မောဟ၊ မာန ကင်းဝေးကြသဖြင့် အပါယ်ဘေးမှ လွတ်ကင်းနိုင်ခြင်း၊ ပစ္စည်းဥစ္စာ အကုန်အကျ နည်းပါးခြင်း ဖြစ်သောကြောင့် လောကီအကျိုး တိုးပွားလျက် အခြေမပျက် အေးချမ်းစွာ နေထိုင်ကြရပေသည်။

ထိုတိုင်းနိုင်ငံကို အုပ်ချုပ်သော မင်းတို့မည်သည် မင်းကောင်းမှ ပြည်သူဆင်းရဲသားတို့ ကောင်းပေမည်။ မင်းက လောဘနိုင်ငံ၊ ဒေါသနိုင်ငံ၊ မာနနိုင်ငံကို မတရား လိုက်စားခဲ့သော် ပြည်သူဆင်းရဲသားတို့ ဤနည်းတူ လိုက်စားကြရပေမည်။ သို့ ပြည်သူဆင်းရဲသားတို့ လောဘနိုင်ငံ၊ ဒေါသနိုင်ငံ၊ မာနနိုင်ငံသို့ လိုက်စားကြသော် မောဟနိုင်ငံကြီး လုံးလုံးဖြစ်လျက်၊ ရာဇဝတ်မှု ခိုးသေးမီးဖွား ထကြွလျက် နိုင်ငံပြည်ရွာ မအေး မချမ်းသာ ဖြစ်တတ်ချေသည်။

မြန်မာမင်း ဧကရာဇ်တို့သည် ရာဇဝတ်သင့်သူတို့ကို အစဉ်အမြဲ သတ်ခြင်း၊ မီးလောင်တိုက်သွင်းခြင်းကို စီရင်လေ့ မရှိကြောင်း ထင်ရှားလေသည်။

ကလိယုဂ်အခါ၊ ဝိပတ္တိစက်၊ အမြဲတ္တာခေတ် ဆန်းသောခေတ်ဖြစ်သောကြောင့် ပညာရှိ ပုဂ္ဂိုလ်တို့ကို နိုင်ငံကို အုပ်ချုပ်သောမင်းတို့

မမြင်နိုင်ပေ။ ပညာမဲ့သူ၊ ရာထူးဂုဏ်ရှိသူ၊ ဥစ္စာဓန ဂုဏ်ရှိသူများသာ မြင်စွမ်းနိုင်ပေသည်။

ဤလို လူများကို အုပ်စိုးသော မင်းတို့ အလေးမူ၍ အသုံးပြုသောကြောင့် ထိုသူတို့သည် လောက၌ ထင်ရှားပေကုန်၏။

**သတိချပ်ရန်** ။ ။ သိက္ခာတော် (၁) ဝါရသော ဆရာတော်များသည် အထက်က ရဟန်းဘဝ ခံယူကြပြီးလျှင် ပရိယတ္တိ ကျမ်းဂန်များကို ချောက်ချားသွားလာနိုင်သော ပုဂ္ဂိုလ်များ ဖြစ်ရာမှ တစ်ဖန် ကျလာ လူပြန်တော်ဖြစ်ကြရာ၊ ဘုရင်မင်းမြတ်က မှူးမတ်တို့ ရာထူးဖြင့် ချီးမြှောက် သူကောင်းပြုတော်မူသည့်အတိုင်း အမှုတော်ကို ထမ်းရွက်ကြရာ ပိဋကတ် ကျမ်းဂန်များကို ပေါက်မြောက်ခဲ့ကြသော ဂုဏ်ကြီးသည် မတိမ်မကောစေရန် သာသနာတော် ဝန်ကို ထမ်းရွက်စေလိုသော ဘုရင်မင်းမြတ် အလိုတော် နာခံရသည့်အတိုင်း တစ်ဖန် ဆက်ကာ မြင့်မြတ်သော ရဟန်းဘဝကို တက်ရောက်ကြသဖြင့် ဝမ်းမြောက်တော်မူသောကြောင့် တံဆိပ်တော် ကပ်လှူတော်မူသည်ကို ခံရလေသည်။

## (၉) ရှင်မဟာသီလဝံသ၊ ရှင်ဥတ္တမကျော် အကြောင်း

ပဗ္ဗတေ အန္တောနဂရေ သီလဝန္တာသ ဥတ္တမသသ ဇာတိပေါတိ-ဟူသော ဂါထာအရကား ပဗ္ဗတေ-တောင် ဟူသတည်း။ အန္တော-အတွင်း ဟူသတည်း။ နဂရေ-မြို့ ဟူသတည်း။ ဤသုံးချက်ကို ပေါင်းလျှင် တောင်တွင်း မြို့ဟု ဆို၏။

ထိုတောင်တွင်းမြို့၌ သီလဝန္တာသ-သီလဝန်ပုဂ္ဂိုလ်၏ လည်းကောင်း၊ ဥတ္တမသသ-ဥတ္တမကျော် ပုဂ္ဂိုလ်၏ လည်းကောင်း၊ ဒွေ-(၂) ပါးသော ပုဂ္ဂိုလ်တို့သည်၊ နဂရေ-တောင်တွင်းမြို့၌၊ ဇာတိ-မွေးဖွားခြင်း ဖြစ်၏။ တေ-ထိုပုဂ္ဂိုလ်တို့သည်၊ ကောဝရောခံ-ငိုသော အမျက်ထွက်၍ ငိုသော အရွယ်မှ လွတ်သဖြင့် အရွယ်ဖြစ်သော ကာလ၌လည်း၊ ပရေသံ-သူတစ်ပါးတို့၏၊ တေတျာ-အဲ အန် ရကန် အစရှိသော နှုတ်မှုပညာ ရတုလင်္ကာ တို့ကို၊ သုတွာ-ကြားသိမြင်သော၊ ခဏေန-တစ်ခဏချင်း ထိုးထွင်းသော စိတ်ဖြင့် မှတ်လေ့ဆောင်ရွက်ခြင်း၊ ဝါစုဂ္ဂတပြုခြင်း လျင်သော ဉာဏ်အား ထွန်းလင်းပြည့်စုံသော သဘောအား ရှိသည်၏ အကြောင်း ကြောင့်၊ မာတ ရော-မိဘ(၂) ပါးစုံတို့သည်၊ အမှာကံ-ငါတို့၏၊ ပုတ္တာ-သားတို့သည်၊ ဗျတ္တာ-လိမ္မာခြင်း ရှိကုန်၏။ ဗုဒ္ဓါ-သိမှတ်ခြင်း ရှိကုန်၏။ လဟူ-လျှင်သော ဉာဏ် ရှိကုန်၏။ ဣတိ-ဤသို့အားဖြင့်၊ ဒီသာပါမောက္ခ





သဿ-ပါသာဒိကဟု ကျော်စောထင်ရှားသော၊ အာစရိယသဿ-အရပ်ရှစ်မျက်နှာ တို့မှ ခိုဝင် အလာခံသော ဆရာတော်၏၊ သန္တိကံ-အထံသို့၊ နိယျာတေမာ တိ-တပည့်ဖြစ်စေခြင်းငှာ အပ်နှံအံ့ဟု၊ ဝဒေ-ဆိုကုန်၏။ တဿ-ထိုဆို သော၊ ဒိဝါသဿ-နေ့၏၊ ရတ္တိံ-ညဉ့်၌၊ အာစရိယော-ထိုပါသာဒိက ဆရာတော်သည်၊ မေ-ငါ၏၊ သုပိနော-အိပ်မက်ထင်ခြင်းသည်၊ ဟောတိ-ဖြစ်၏။ သော-ထိုအိပ်မက်သည်၊ ဟိ-အဘယ်သို့နည်းဟူမူကား၊ ဒိက္ခိဏေ-လက်ယာဘက်၌၊ ထည့်-ငါ့ရင်နို့ ကို၊ သိပေါ စုမ္ဗတိ-ခြင်္သေ့စို့သည်တည်း။ ဝါမေ-လက်ဝဲဘက်၌၊ ထည့်-ငါ့ရင်နို့ကို၊ သုနက္ခော စုမ္ဗတိ-ခွေးစို့သည် တည်း၊ ဣတိ - ဤသို့ မိန့်၏။ တံ-မြင်သော အိပ်မက်ကို၊ ဗဟုသဃံမဇ္ဈေ- များစွာသော သံဃာအပေါင်း၏ အလယ်၌၊ တံဝစနံ သုပိန္နံ-ထိုသို့သော အိပ်မက်ကို၊ ဝုတ္တော-မိန့်ဆိုသော်၊ တုဏှိဘာဝါ-တိတ်တဆိတ်နေကြ ကုန်လျှင်ကတည်း။ ဣတိ-ဤသို့ နေကြကုန်သော်၊ ဝုစ္စတိ-မိန့်ဆိုသတည်း။ တေ-ထိုသံဃာအပေါင်းတို့သည်၊ သုပိန္နဿ-အိပ်မက်၏၊ အနာဂတံဖလံ- ဖြစ်အံ့သော အနာဂတ် အကျိုးကို မဆိုမလျှောက်နိုင်ကုန်၊ တုဏှိဘာဝါ- တိတ်ဆိတ်နေကြကုန်လျှင်၊ ဣတိ-ဤသို့ နေကြကုန်သည်ရှိသော်၊ အာစိရ ယော-ပါသာဒိက ဆရာတော်သည်၊ ဧဝံ-ဤသို့၊ ဝုစ္စတိ-မိန့်တော်မူ၏။ ကိံ-အဘယ်ကဲ့သို့နည်းဟူ မူကား၊ အာဝုသော-များစွာသော သံဃာတော်တို့၊ မေ-ငါ၏၊ ဝစနံ-စကားကို၊ သုဏာထ-နာကြကုန်လော့၊ မမ-ငါ၏၊ မေ-ငါ၏၊ သုပိနေ-အိပ်မက်၌၊ စုမ္ဗိတေ-စို့သောက်သည်ရှိသော်၊ ဒက္ခိဏံ-လက်ယာနို့ကို၊ စုမ္ဗိတော-စို့သော၊ သိပေါ-ခြင်္သေ့ကဲ့သို့သော တပည့်သည်၊ သဘာယမဇ္ဈေ- ကြီးကျယ်သော တရားသဘင်၏ အလယ်၌၊ သိပေါ-ခြင်္သေ့နှင့်တူသော သဘော ရဲရင့်သဖြင့်၊ ပုစ္ဆိတံ-ခပ်သိမ်းသော အမေးပုစ္ဆာပြဿနာကို လည်း ကောင်း၊ ပိဋ္ဌ ကတ္တာယံ-သုံးပုံသော ပိဋကတ်ကိုလည်းကောင်း၊ ဝေဒင်္ဂါနိ- ဗေဒင်အရပ်ရပ်တို့ကို လည်းကောင်း၊ ပစ္စက္ခာ-မျက်မှောက်ဖြစ်အံ့သော တိတ်နိမိတ်တို့ကိုလည်းကောင်း၊ ခဏေန-ခဏချင်းဖြင့်၊ ဝဒိဿတိ-ဖြေစွမ်း နိုင်အံ့သတည်း၊ သော-ထိုတပည့်သည်၊ အာစရံ-သိမ်မွေ့နူးညံ့သော အကျင့် အာစာရ သီလနှင့်လည်း၊ သမ္ပန္နံ-ပြည့်စုံခြင်းသည်၊ ဟောတိ-ဖြစ်၏။

ခွေးသည် ခပ်သိမ်းသော ကိစ္စတို့တွင် မာန၊ ဒေါသ၊ ခက်ထန်ခြင်း၊ နိုးကြားခြင်းရှိ၏။ နေ့ညဉ့်မပြတ် မြင်တတ်သော သဘောနှင့် ဟောင်တတ်

၏။ အစားကြူး၏။ အိပ်နေခြင်းကို လုံ့လထားတတ်၏။ မြူးထူးရွှင်ပျ ခြင်း လွန်၏။ ဒေါသခက်ထန်သတည်း။ အစားစားခြင်း၌ ဆိုးကောင်းမဆို ကြမ်းတမ်းသဖြင့် ညစ်ညမ်းသော အစာတို့ကို စားကြူးတတ်၏။ ထို့အတူ လက်ဝဲနို့စို့သော တပည့်သည်ကား ထက်မြက်လျင်ထန်သော ပညာရှိ၏။ ပိဋကတ်တတ်၏။ ဆန်းကြယ်သော ပုစ္ဆာပြဿနာ၊ ခက်ထန်သော အမေးတို့ကို နှိုက်နှဲဖွေရှာထိုးထွင်း၍ ဖြေစွမ်းနိုင်၏။ ဆိုသောစကားကို မနူးညံ့ ဆိုတတ်၏။ အာစာရ အကျင့်ပျက်သောအမှုကို ပြုလတ္တံ့သတည်း။ ဤသို့ ပါသာဒိက ဆရာတော်သည် အိပ်မက်သော အကြောင်းတို့ကို ပြန်ပြော မိန့်ဆိုသောအဖြစ်ကို တပည့်သံဃာတော် အပေါင်းတို့သည် နှလုံးထား၍ နေလေကုန်၏။

ထိုနေ့နံနက် မိဘ (၂) ပါးစုံတို့သည် သူငယ်နှစ်ယောက်ကို လှူဒါန်းပူဇော်ရန်များနှင့် အပ်နှံအံ့ဟု ကျောင်းသို့လာရောက်ကုန်၏။ လှူဒါန်း ပူဇော်၍ သူငယ်နှစ်ယောက်ကို ဆရာတော်ထံအပ်ပြီးလျှင် တရားနာ၍ အိမ်သို့ ပြန်ကြလေ၏။ ထိုအခါ ဆရာတော်လည်း သူငယ် (၂) ယောက်၏ အခြင်းအရာကို သိရအောင် ပထမ နမောဗုဒ္ဓါယ–က စ၍ သင်တော်မူ၏။ တစ်ပြိုင်နက် တစ်ချက်တည်း ကြည့်ကာဖြင့် ရကြကုန်၏။ ထိုအတူ ကကြီး ခခွေး သင်ပုန်းကြီး အစရှိသဖြင့် အဆင့်ဆင့် မင်္ဂလသုတ်၊ ပရာဘဝ သုတ်၊ ပရိတ်အစရှိသဖြင့် (၅၅၀ ဇာတ်၊ တေမိ ဇနက သုဝဏ္ဏသျှံ နေမိ မဟော်) အထူးထူး အပြားပြားအားဖြင့် သင်ကြားတော်မူ၏။

တစ်ရံရောအခါ၌ ဆရာတော်သည် ကျောင်း၏ မဟာရံအတွင်း၌ စင်္ကြံ၏သွားကာလ ဥယျာဉ်သစ်ပင်ထက်က ဝန်ပိုငှက်သိုက်ထဲတွင် ဝန်ပို ငှက်မြည်သည့်အသံကို ကြားရလျှင် ဤသို့ ဆိုတော်မူ၏။ "အသံငယ် သွေး၊ ယနေ့ဗွေးသည်၊ ယဉ်ကျေးနုနယ်၊ သနားဘွယ်သည်၊ ငှက်ငယ်ကလေး၊ ချစ်ရည်ကျွေးအောင်၊ အကြောင်းဆောင်၏" ဟု ဆိုတော်မူသော စာသွား အရမှာ ဝါကျမညီ ရှိအံ့သောအကြောင်း တပည့်ထင်ပါသည် ဘုရားဟု ရှင်သီလဝံသ သူငယ်က လျှောက်၏။ ထိုအခါ ဆရာတော်သည် အကြောင်း ဘယ်သို့ ဆိုအံ့နည်းဟု မေးတော်မူ၏။ "သာချက်ဥယျာဉ်၊ အသိုက်စဉ်က၊ ဝိညာဉ်ထွန်းထောက်၊ ဥကပေါက်သား၊ တောင်ရောက်နုနယ်၊ သနားဘွယ် တည့်၊ တင့်တယ်ရွှင်ရွှင်၊ ချစ်ခင်မာတာ၊ အစာပေးပါ၊ ဘာသာခလေ့၊





မရွေ့နိုင်ဘဲ၊ အသိုက်ထဲက၊ တောင်းမြဲတုံရာ၊ မြည်သံသာ" ဟုစပ်မှ စာသွား ဝါကျ ညီပါမည် ဘုရားဟု လျှောက်၏။ ထိုအခါ ဆရာတော်လည်း ကောင်း၏ ငါ့တပည့်ဟု လက်ယာနို့စို့သော ခြင်္သေ့သဆောနှင့် တူအံ့သတည်း ဟူ၍ အားရချီးမွမ်းတော်မူ၏။

## ရှင်သီလဝံ၊ ရှင်ဥတ္တမကျော်တို့ ပိဋကတ်စာပေ သင်ကြားခြင်း၊ သာမဏေ ရဟန်းပြုခြင်း အကြောင်း

ထိုသို့ ကာလကြာမြင့်စွာဖြင့် သင်အံလေ့ကျက်ရွက်ဆောင်သဖြင့် အရွယ် ရောက်လျှင် သာမဏေပြု၏။ ထိုသို့ သာမဏေဖြစ်လျှင် (၂) ပါးလုံးကိုပင် သဒ္ဒါ ပရမတ်၊ သင်္ဂြိုဟ် နေ့ဝါ၊ ညဝါ သုတ် အစရှိသည်ကို သင်ကြား၍ တတ်ကြကုန်၏။ အသက် (၂၀) ပြည့်လျှင် ရဟန်းပြုကြလေ၏။ ဝါနေ အတူတူပင်။ သိက္ခာကံဆောင်မှာ ရှင်သီလဝံသက ကြီးမြင့်သည်။

ထိုရဟန်း (၂) ပါးကို မူလသိက္ခာ ပါတိမောက် ဝိနည်းငါးကျမ်း၊ အဘိဓမ္မာ (၇) ကျမ်း၊ သုတ် (၃) ကျမ်းများကို ပို့သ သင်ကြားတော်မူ၍ အာဂုံဆောင်ကြကုန်၏။ အသက် (၃၀) ကျော်၊ (၄၀) အတွင်း ရှိကြ၍ စာသင်ကြားရန် မရှိကုန်သော် ပိဋကတ် စာပေကိုသာ အားထုတ် ရွက် ဆောင်ကြသည်အတိုင်း မပြတ်လုံ့လ ပြုကြကုန်၏။

## ရှင်ဥတ္တမကျော် ပြည်မြို့ ပုံတောင်နိုင် ဆရာတော်ထံသို့ ရောက်ကြောင်း

တစ်ရံရောအခါ ရှင်သီလဝံသ၊ ရှင်ဥတ္တမကျော် (၂) ပါးတို့သည် တိုင်ပင် ပြောဆိုကြသည်မှာ ပြည်မြို့အတွင်း ပုံတောင်နိုင်ဆရာတော်သည် ထူးမြတ် ဆန်းကြယ်သော ပညာတတ်သည်၊ ဆည်းကပ်အံ့ဟု ရှင်ဥတ္တမကျော်က ဆို၏။ ရှင်သီလဝံသလည်း ပေါက္ကန်မြို့တွင် ငှက်ပစ်တောင်ဆရာတော်သည် အလွန်တရာ ကျော်စောသည်၊ ဆည်းကပ်အံ့ဟု ဆို၏။ ထိုသို့ တိုင်ပင် ပြောဆိုသောစကားအရ ပါသာဒိက ဆရာတော်ထံ ချဉ်းကပ်၍ နှစ်ပါးလုံးပင် လျှောက်ကြကုန်၏။ သီလ၊ သံဝရကို မိန့်တော်မူပြီးလျှင် ရှင်ဥတ္တမကျော် လည်း ပြည်မြို့သို့သွား၍ ပုံတောင်နိုင်ဆရာတော်ထံ ရောက်သဖြင့်မေးလျှင်

တောင်တွင်းမြို့ အရပ်က ဖြစ်ကြောင်းကို လျှောက်၏။ အဘယ်ကြောင့် လာရောက်သနည်းဟု မေးပြန်လျှင် ကျေးဇူးရှင်၏ ရင်နို့ကို သောက်စို့လို၍ ရောက်ပါသည်ဟု လျှောက်၏။ ထိုအခါ ဆရာတော်လည်း သင့်တင့်သော နေရာ၌ထား၍ သီတင်းသုံးစေ၏။ ရှင်ဥတ္တမကျော်လည်း နေ့နံနက် ဝတ်ကြီးဝတ်ငယ်တို့ကို မပြတ်စေရ လုံ့လအားထုတ်၍ ရွက်ဆောင်ခြင်းကို ပြု၏။ ဆရာတော်လည်း ရှင်ဥတ္တမကျော်၏ အမူအရာ လက္ခဏာကို နေ့ညဥ့်မပြတ်ရအောင် ကြည့်ရှုဆင်ခြင်တော်မူသည်နှင့် တစ်ရံရောအခါ ရှင်ဥတ္တမကျော်၏ မူလလက္ခဏာသည် ကျောက်ပေါက်မာနှင့် အရပ်အဝါ မျက်နှာစောင်းငဲ့ ကိုယ်နေမလှ မတင့်တယ်ရှိသည်အဖြစ်ကြောင့် အမောင်မှာ ပေါက်ဖော်အတီမျှ ရှိသနည်းဟု မေးတော်မူလျှင် ရှင်ဥတ္တမကျော်လည်း ငါ့အသွင် ငါအနည်းတူ နှမရှိလျှင် အိမ်ထောင်ဘက်ရှိရာသောအကြောင်း မရှိဟု နှလုံးစွဲ၍ မေးသော လက္ခဏာ ဖြစ်အံ့ဟု သိ၍ လျင်မြန်သော ပညာနှင့် လျှောက်သည်ကား ဘုရားတပည့်တော်မှာ တူငယ်ရှင်သာမဏေ ကျောင်းမှာ ရှိပါသည်။ ယောကျ်ား (၂) ယောက် ရှိပါသည်ဟု လျှောက်၏။ ထိုအခါ ဆရာတော်လည်း လျင်ထန်သော ဇဝနရှိလှပေသည်ဟု ဆိုတော်မူပြီးလျှင် တစ်ဖန်မေးပြန်၏။ စာပေသင်အံ့ဆိုသည်မှာ နေရင်းအရပ်က ဘယ်စာကို သင်ခဲ့သနည်းဟု မေး၏။ ဝိနည်း (၅) ကျမ်း၊ သုတ် (၃) ကျမ်း၊ အဘိဓမ္မာ (၇) ကျမ်းကို သင်ဖူးပါသဖြင့် ဝါစုဂ္ဂတ ဆောင်ရွက်ပါ၏။ ထိုအခါ ဆရာတော်လည်း နောက်သင်ရန်မရှိပြီ၊ ပိဋကတ်ကိုပင် အလုံးငုံနိုင်ပေသည်ဟု ဆိုတော်မူ၏။ ဤသို့ဆိုပြီးလျှင် အမြဲ ဘဝမကွာ ဆည်းကပ်၍ နေလောဟု ဆရာတော် ဆို၏။

(ထိုသို့ ဆိုသောစကားအတိုင်း နေသောကာလ စာသင်ရန် မရှိပြီဖြစ်၍ တစ်ရံသောအခါ ထန်းတောရှိရာသို့ သွား၍ ထန်းတက်သမားကို ဆို၏။ ထန်းသမားလည်း ထန်းရည်ချို လှူလေ၏။ ထိုအခါ သောက်ပြီးလျှင် ထန်းသမားကို တရားပြကာ ဘူရာပါဏော သေရော သက္ကောဘဝိသတီဟု ပါဠိတော်ရှိသည်။ ထန်းရည်လှူသောအကျိုး၊ သုံးဆောင်သောက်သော အကျိုးသည် အလွန်မြတ်သည်။ ဘူရာပါဏော၊ သေရော-ဘူရာ သောက်ရခြင်း လှူရခြင်းကြောင့်၊ သက္ကော-သိကြားမင်းသည်၊ ဘဝိသတိ-ဖြစ်လတ္တံ့ ဟု အဓိပ္ပာယ်လာသည်ကို ထောက်၍ သင်





ထန်းသမားလည်း သိကြားဖြစ်အံ့၊ ငါလည်း သိကြားဖြစ်အံ့သတည်းဟု ဆိုလျှင် ဒကာသည် တစ်နေ့မပြတ် ရှင်ဥတ္တမကျော်ကို ထန်းရည်လှူဒါန်း၏။)

## ရှင်သီလဝံသ ပေါက္ကန်မြို့ ငှက်ပစ်တောင်ဆရာတော်ထံ ရောက်ကြောင်း

ရှင်သီလဝံသသည် ပေါက္ကန်မြို့ ငှက်ပစ်တောင်ဆရာတော် ဘုန်းတော်ကြီးထံ ရောက်လျှင် ရိုသေစွာ ဦးချ၍ လျှောက်၏။ ဆရာတော်လည်း အမောင် ဘယ်အရပ်က လာသနည်းဟု မေး၏။ ရှင်သီလဝံသလည်း ဘုရား တပည့်တော် တောင်တွင်းမြို့က ဖြစ်ပါသည်ဟု လျှောက်၏။ အဘယ် ကြောင့် လာရောက်သနည်းဟု မေးမြန်းလျှင် ကျေးဇူးရှင်ဆရာတော် ရင်နို့ကို သောက်စို့လိုသောကြောင့် ရောက်ပါသည်ဟု လျှောက်၏။ ထိုအခါ ဆရာ တော်လည်း ရှင်သီလဝံသကို သင့်သောနေရာ ထားပြီးလျှင် မူလ လက္ခဏာ ကို ဆင်ခြင်တော်မူသဖြင့် ဆယ်ရက် လခွဲရှိမှ မေး၏။

အဘယ်သို့ မေးသနည်းဟူမူကား တောင်တွင်းသီလဝံသ၊ အမောင် စာသင်လိုသော် အဘယ်စာကို သင်ဖူးလေသနည်းဟု မေး၏။ ရှင်သီလဝံသလည်း ဤသို့ လျှောက်၏။ ဘုရားတပည့်တော် သင်သောစာသည် ဝိနည်း (၅) ကျမ်း၊ သုတ် (၃) ကျမ်း၊ အဘိဓမ္မာ (၇) ကျမ်းများကို သင်၍ ဝါစုဂ္ဂတ ဆောင်စွမ်းနိုင်ပါ၏ ဘုရားဟု လျှောက်လေသော် ဆရာ တော်လည်း ဤသို့ဆို၏။ အမောင် ဆောင်စွမ်း သင်ကြားသော စာသည် ပိဋကတ် (၃) ပုံ တကား။ ဘုရားသခင် ဟောတော်မူသော ပိဋကတ် (၃) ပုံကို တတ်ပြီးသောသူ ဖြစ်သည်။ အခြား ပိဋကတ်သင်ရန် မရှိပြီဟု မိန့်တော်မူ၏။

ဤသို့ မိန့်ပြီးလျှင် အခွင့်အရာရှိသော် ဆရာတော်လည်း ရှင်သီလ ဝံသကို တိုင်ပင်မေးမြန်းခြင်းကို ပြု၏။ ဤသို့ သီတင်းသုံးနေ၍ ရှင်သီလ ဝံသသည် ကာလမနည်းကြာလျှင် ငြီးငွေ့စနိုးသဖြင့် နေရင်းကုသိုလ် ဖြစ်အောင် မြတ်စွာဘုရား ဟောကြားတော်မူသည့် ပိဋကတ်အထွက်အရကို ခပ်သိမ်းသော သူတို့ သိစေခြင်းငှာ မြတ်စွာဘုရားသည် ပါရမီ (၁၀) ပါးကို ဖြည့်ကျင့်တော်မူ၍ (၄) သင်္ချေနှင့် ကမ္ဘာတစ်သိန်းထက် ဘုရား

အဖြစ်သို့ ရောက်ကြောင်းကို နည်းနာနယ အထူးထူးအပြားပြားသော ကျမ်းဂန်မှ ထုတ်နုတ်၍ ပါရမီခန်းလင်္ကာဟု စီရင်လေသတည်း။

ထိုအခါ ကျောင်းနေသံဃာအပေါင်းတို့သည် ရှင်သီလဝံသကို မရွှေဝန့်တိုခြင်းဖြစ်သော စိတ်ထား၍ သံဃာတို့ စည်းဝေးတိုင်ပင်ပြီးလျှင် ဆရာတော်ကို လျှောက်ကြကုန်၏။ လျှောက်ဟန်ကား အရှင်ဘုရား၊ ရှင်သီလဝံသသည် တစ်နေ့မပြတ် မိမိနေရာ အခန်းတွင်းသို့ရောက်လျှင် ရွှင်ပျသော နှလုံးထားနှင့် သာယာသဖြင့် ရတု၊ ရကန်၊ ချေင်း၊ မော်ကွန်း ရွှင်ပျသော စာကိုလုပ်၍ ဆိုပါသည်။ ဤရဟန်းသည် မကောင်းသော အယူဝါဒနှင့် ရွှင်ပျသော အမှုကို ပြုပါသည်ဟူ၍ လျှောက်ထားကုန်၏။ ထိုအခါ ဆရာတော်လည်း သံဃာတော်တို့ စကားကို နာယူ၍ ရတ်တရက် ရှောင်တခင် ရှင်သီလဝံသကို ခေါ်ပြီးလျှင် အမောင်သည် ငါ့ကျောင်းနှင့် မတန်၊ သွားလေဟု ဆို၏။ ရှင်သီလဝံသလည်း ပါရမီ (၁၀) ပါးတွင် ဥပေက္ခာခန်းကို မထုတ်မဆိုရ၊ ရေး၍ မပြီးခြင်းကြောင့် တစ်လခန့် သည်းခံတော်မူပါဟု လျှောက်၏။ အခွင့်မပေး။ (၁၅) ရက်ခန့် သည်းခံတော်မူပါဟု လျှောက်၏။ အခွင့်မပေး။ (၇) ရက်ခန့် သည်းခံတော်မူပါဟု လျှောက်မှ ခွင့်ပေး၏။ ထိုသို့ အခွင့်ရသော (၇) ရက်အတွင်း ဥပေက္ခာ ပါရမီခန်းကို ပြီးအောင် စီရင်ပြီးလျှင် (၇) ရက် လည်သောကာလ စာကို ကမ္ဗလွေ[1] ဖြင့် ထုပ်၍ သင်္ကန်း၊ သပိတ်ကိုယူပြီးလျှင် သွားအံ့ဟု အခန်းက ထွက်လာ၍ ဆရာတော်ထံ လျှောက်၏။ ထိုကာလ ဆရာတော်လည်း အမောင်ပြုသော စာကို ပြစမ်းပါဟု ဆိုလျှင် ကမ္ဗလွေက ထုတ်၍ ပြ၏။ ဆရာတော်လည်း စာကို ကိုင်ပြီးလျှင် "ဗောဓိမဏ္ဍိုင်၊ ခန်းဝါပိုင်က၊ ချက်ရှိုင်ပြည့်စုံ၊ နဝဂုဏ် တည့်၊ ဆန်စုံအောက်ထက်၊ ကျော်ဝှန်းတက်၍၊ ဘဝဂ်ရပ်သူ၊ သယမ္ဘူဟု၊ ခြောက်ဆူဘုန်းထွတ်၊ အနတ်နတ်တို့၊ ရှိညွတ်ကြိုးနွံ၊ ဆုံးမခံလျက်" ဟု ဆိုသော စကားသို့ရောက်လျှင် ရပ်နေပြီးကာလ ပညာရှိကို မတွေ့စဖူး တွေ့ရပါလျက် မှားသောစကားကို ဆိုမိချေသည်ဟု နှလုံးသွင်းပြီးလျှင် အမောင်သီလဝံသ၊ မသွားပါနှင့်ဦးလောဟု ဆိုပြန်၏။ ထိုသို့ ဆရာတော် ဆိုသောစကားကို ရှင်သီလဝံသက အရှင်ဘုရား၊ ရဟန်းတို့စကားသည် လိပ်ကဲ့သို့ ထွက်တုံဝင်တုံ မဟုတ်။ ဆင်စွယ်မိုးကြိုးကဲ့သို့ ထွက်ပြီးသော

၁။ ကမ္ဗလွေ – ဝါးခြမ်း၊ ဖျင်ပုဆိုးတို့ဖြင့် လုပ်ထားသော ပေစာထုပ်ရသည့် ကိရိယာ။





ကိစ္စကို မဝင်ပြန်ဟုဆို၏။ ထိုသို့ဆိုသောစကားကို ဆရာတော် သည်းခံ တိတ်တိတ်နေလေ၏။ ထိုသို့နေပြီးမှ အမောင် သည်ကသွားလျှင် အဘယ်သို့ သွားမည်နည်းဟု မေး၏။ တပည့်တော် သည်ကသွားလျှင် ရတနာပူရ အင်းဝမြို့သို့ သွားပါမည်ဟု လျှောက်၏။ အင်းဝသို့ သွားလျှင် တရုတ်ပြည်မှာ အပ်ရောင်းသွားသော သူကဲ့သို့ ဖြစ်အံ့သတည်းဟု ဆရာတော်က ဆိုပြန်၏။ အပ်ပေါရာမှာပင် အပ်ရောင်းလိုပါသည်ဟု ရှင်သီလဝံသက လျှောက်ပြန်၏။

ထိုအခါ တား၍ မရနိုင်သဖြင့် သွားအားကြီးချေသည်တကားဟု ကျောင်းတွင် သံဃာအပေါင်းတို့ကို ဆရာတော်ခေါ်ပြီးလျှင် ရှင်သီလဝံသကို လိုက်၍ ပို့ကြပေဟု အမိန့်ရှိသဖြင့် သံဃာတော်တို့လည်း ပရိက္ခရာနှင့် သပိတ်ကို ယူ၍ ပို့ကြကုန်၏။ ရှင်သီလဝံသလည်း ဆရာတော်ကို ရှိခိုးပြီးလျှင် ကျောင်းကဆင်း၍ သွားလေသော် ကျောင်းမှမနီးမဝေးသော ပညောင်ပင်ဦး တဘက်ပြင်[1] သို့ ထွက်မိလျှင် သံဃာတော်တို့ကို ပြန်ကြတော့ ဆို၍ သပိတ်သင်္ကန်းထုပ်များကို ယူ၍ သွားလေ၏။ အတန်ငယ် ရောက်လျှင် ညီတော်တို့ ကြည့်ကြဆို၍ မြေဖုတ်နှင့် မြက်ခြောက်မှိုက်ကို ကောက်၍ လေလာလာမှ လွှင့်ကာပြ၏။ ထိုသို့ ပြပြီးကာလ ခရီးရှိရာ ရှင်သီလဝံသ သွားလေ၏။ သံဃာတော်တို့လည်း ကျောင်းသို့ ပြန်ကြလေ၏။ ထိုအခါ ဆရာတော်လည်း ရှင်သီလဝံသ သွားလေသည်ကို အောက်မေ့၏။ ပညာရှိ ဖြစ်ပေသည်ဟု ဆို၏။ သံဃာတော်တို့အား ဘယ်သို့ ရှင်သီလဝံသ ဆိုသွားသနည်းဟု ဆရာတော်က မေးပြန်ရာ သံဃာတော်တို့လည်း တပည့်တော်တို့ကို အထူးအခြား ရှင်သီလဝံသ မဆိုပါ။ လမ်းတွင် မြေမှုန့်၊ မြက်မှိုက်ခြောက်ကို ကောက်ယူပြီးလျှင် ညီတော်တို့ ကြည့်ကြလေဆို၍ လေလာလာမှာ မြှောက်၍လွှင့်ကာ ပြလိုက်ပါသည်ဟု လျှောက်ကြ၏။ ဆရာတော်လည်း ဤအကြောင်းကို သံဃာတော်တို့ သိ၏လောမေးလျှင်၊ မသိပါကြောင်းကို လျှောက်ကြ၏။ ဆရာတော်က မင်းတို့တစ်ကျောင်းလုံးပင် နွားတွေဟု ဆို၍သွားသည်။ သည်စကားကို ဆရာတော်က ပြောဆို၍ မှတ်သိကြရသည်။

၁။ တဘက်ပြင် – ရွှေဦးစွာ တွေ့ရသော ပညောင်ပင်၏ တဘက်အပြင်။

## ရှင်သီလဝံသ အင်းဝသို့ ရောက်ကြောင်း

ရှင်သီလဝံသလည်း အစဉ်အတိုင်း တစ်ရွာထွက်ဝင် ဆွမ်းဘောဇဉ်ကို အမှီပြု၍ လာခဲ့သည်နှင့် နေပြည်တော်သို့ ရောက်လေ၏။ ထိုအခါ အရှေ့တံခါးပြင် ညောင်စဉ်အရပ် အနောက်ဘက် ခါးပန်းနီကျောင်းတိုက် ဆရာတော်ထံ အကြောင်းပန်၍ နေလေ၏။ ဆရာတော်လည်း သင့်တင့်ရာ ကျောင်းဦးစကြံတွင် နေရာချထား၏။

ရှင်သီလဝံသလည်း နေ့ညနံနက်မပြတ် ဝတ်ကြီးဝတ်ငယ်ကို ဆောင်ရွက်ကုန်လျက် နေသော်လည်း အာဂန္တုကဖြစ်၍ သိကျွမ်းသူလည်း မရှိကုန်။ တုဏှိဘာဝအားဖြင့် နေ၏။ တစ်လကျော် နှစ်လခန့်ရှိလျှင် ညောင်စဉ်အရပ်က ဒကာထွန်းဦးသည် သဒ္ဓါကြည်ညိုသော သဘောစိတ်ရှိ၍ အာဂန္တုကကို လှူဒါန်းရသော အကျိုးသည် အလွန်ကြီးမြတ်သည်ဟု နှလုံးထားသဖြင့် ကျွဲနို့တစ်မြူ မုန့်ခဲဖွယ် စားဖွယ် ဆွမ်းတစ်ပြည်ချက်နှင့် လှူလာ၏။ ထိုကာလ ရှင်သီလဝံသ ဆရာတော်လည်း အောက်သို့ဆင်း၍ လှေကားတွင်တွေ့လျှင် ဘုရားတပည့်တော် ဆွမ်းလှူလာပါသည်။ ကိုယ်တော် ဘယ်သို့ ကြွမည်နည်းဟု ဒကာထွန်းဦးက လျှောက်သည်။ ရှင်သီလဝံသလည်း အခြားမဆို၊ ငါကား မခါးမကြောက်ဆိုပြီးလျှင် ခရီးရှိရာ သွားလေ၏။ ထို ဒကာထွန်းဦးလည်း ကျောင်းသို့တက်၍ ငံ့နေလင့်၏။ ရှင်သီလဝံသ တက်လာ၍ နေရာတွင် နေပြီးမှ ဆွမ်းကပ်၏။ ရှင်သီလဝံသလည်း ဆွမ်းဘုဉ်းပေးပြီးကာလ အန္တေဝါသိက တပည့်ဖြစ်ခြင်းငှာ ဒကာထွန်းဦးကို တရားဟောသည်မှာ ဒကာ၊ ထွန်းသည် စနေမြွေနဂါး၊ ဦးသည် ၎ကဂဇူနံ တကား။ ဂဇူနံ၏အစာ မြွေနဂါး ဖြစ်သည်။ ကောင်းကြွယ်စိမ့်ရည်၍ ဣစ္ဆိတံပတ္ထိတံ၊ တုယှံ ခိပ္ပမေဝ သမိဇ္ဈတုဟူသော ဂါထာကို ဟောတော်မူ၏။ ထိုသို့ ဟောတော်မူပြီးလျှင် (၇) ရက်တွင်း၌ အိမ်မှာ လုံ့လပြု၍ နေ့ည နံနက် ကြည့်ရှုစောင့်နေလေ၊ အဆိပ်ထန်သောမြွေ တက်လာလိမ့်မည်။ အန္တရာယ် မပြုလေနှင့်။ ၎င်းသည် တိတ်အတိုင်း မြွေတက်၍ မီးဖိုမှာ နေလိမ့်မည်။ အတန်ကြာလျှင် ဆင်းသွားလိမ့်မည် မှာထားလိုက်၏။ ဒကာထွန်းဦး လင်မယားတို့လည်း ရှင်သီလဝံသဆရာ မှာသည့်အတိုင်း ကြည့်လျက် အိမ်မှာနေလေ၏။ ရက်လည်သော နေ့ရက်တိုင်သောအခါ ထန်းတုံးမျှလောက်သော မြွေပွေးတက်လာ၍ မီးဖိုမှာ





နေလေ၏။ အတန်ကြာလျှင် ဆင်းသွား၏။ ထိုနေ့မှစ၍ ဒကာထွန်းဦး လင်မယားတို့သည် စည်းစိမ်ချမ်းသာ များစွာဖြစ်၍ ကောင်းကြွယ်ပြန့်ပြောသော အဖြစ်သို့ ရောက်လေသတည်း။ ထိုဒကာထွန်းဦး လင်မယားတို့လည်း ရှင်သီလဝံသကို အသက်နှင့်အမျှ အလုပ်အကျွေး ပြုလေ၏။

ထိုအခါ ဒကာထွန်းဦးလည်း ဆွမ်းပို့သော ကာလ လှေကားအဆင်းတွင် ဆိုသောစကားသည် အလွန် ကြီးကျယ်အံ့သော အကြောင်းရှိ၏ တကားဟု နှလုံးထား၍ ရှင်သီလဝံသကို လျှောက်မေးပြန်သော် အခြားပညာရှိတို့ကို မေးလေတော့ဟု ရှင်သီလဝံသဆရာ မိန့်ဆိုလိုက်လေသော် ဒကာထွန်းဦးလည်း ပညာရှိ တွေ့မြင်တိုင်း မေးမြန်းလေ၏။ ထိုစကားအဓိပ္ပာယ် မထွက်မရနိုင်။ ဆရာကြီးများကို မေးမြန်းလျှောက်ထားသော်လည်း မသိ မရနိုင်ရှိ၍ အလွန်ခက်ခဲသောစကား ဖြစ်ချေသည်တကားဟု နေပြည်တော်၌ ဤစကားကို သိနိုင်အံ့သောသူ မရှိမရ ဖြစ်သည်။ စစ်ကိုင်းဘက်မှာ ရှင်ရဋ္ဌသာရလည်း မင်းကျောင်း ဆရာတော် ကျော်စောကိတ္တိ ထွန်းပသော ပညာနှင့် ပြည့်စုံသည်ဟု နေလကဲ့သို့ပင် ထင်ရှားစွာရှိ၏။ ဤစကားကို ရှင်ရဋ္ဌသာရ တစ်ပါးသာ သိနိုင်ရာသည်။ ဒကာထွန်းဦးလည်း ကျွဲနို့တစ်မြူ ဆွမ်းဘောဇဉ် လှူဖွယ်တို့နှင့် ရှင်ရဋ္ဌသာရရှိရာ စစ်ကိုင်းမြို့သို့ လှေစီး၍ ကူးလာလေလျှင် ရောက်၏။ ရှင်ရဋ္ဌသာရဆရာလည်း ဆွမ်းဘုဉ်းပေးနေစဉ် အခိုက်ကြုံ၍ ဒကာထွန်းဦးလည်း ချက်ချင်းဝင်၍ ဆွမ်းကို ကပ်လေ၏။ ထိုသို့ ကပ်ပြီးလျှင် ရှင်ရဋ္ဌသာရ ဆရာတော်လည်း ထွန်းဦးကို အဘယ်အရပ်ကနည်းဟု မေး၏။ ဘုရားတပည့်တော် ရွှေမြစ်ငယ်နားညောင်စဉ် အရပ်က ဖြစ်ပါသည်။ ဆရာတော်ကို ဆွမ်းလှူချင်သည်လည်း တစ်ကြောင်း၊ ဆရာတော်၏ တရားတော်ကို နာချင်သည်လည်း တစ်ကြောင်း၊ ပုစ္ဆာတစ်ခု မေးလျှောက်ချင်သည်လည်း တစ်ကြောင်းဖြစ်၍ ခြေတော်ရင်းသို့ ရောက်ပါသည်ဘုရားဟု လျှောက်၏။

ထိုအခါ ရှင်ရဋ္ဌသာရဆရာလည်း ဆွမ်းလှူသောအကျိုး ကြီးမြတ်သော တရားဟော၏။ မေးလိုသော ပုစ္ဆာစကားကိုလည်း မေးလျှောက်ထားတော့ဟု မိန့်ဆို၏။ ထိုသို့ အမိန့်ရှိလျှင် ဒကာထွန်းဦးလည်း ဤသို့ လျှောက်၏။ တောင်တွင်းမြို့ဇာတိ၊ ယခုပေါက္ကန်မြို့က လာရောက်သော ရဟန်းတစ်ပါး ခါးပန်းနီဆရာတော်ကျောင်းတွင် အရှေ့စကြံမှာ သီတင်းသုံး

နေပါသည်။ ဤရဟန်းကို တပည့်တော် ဆွမ်းလှူသွားသည်တွင် လှေကားမှာ တွေ့ရာ အရှင်ဘုရားအား ဆွမ်းလှူမည် တပည့်တော် ရောက်ပါသည်ဟု လျှောက်ထားပါသည်။ ထိုအခါ အသာနောက်ဆုတ်နေပြီးကာလ ရပ်လျက် ဒကာ ငါကား၊ "မခါး၊ မကြောက်" ဆို၍ သွားပါသည်။ တပည့်တော်လည်း ကျောင်းသို့တက်၍ ငုံ့လင့်နေပါသည်။ တက်လာလျှင် ဆွမ်းကို ကပ်ပြီးကာလ ဆွမ်းဘုဉ်းပေးပြီးလျှင် အဘယ်စကားနည်းဟု တပည့်တော် လျှောက်ပါသည်ကို ပညာရှိတို့ကို မေးလေတော့သာ ဆို၍ တုဏှိဘာဝ တိတ်တဆိတ်နေသည်နှင့် တပည့်တော်လည်း အိမ်သို့ ရောက်လျှင် အခြားသူတို့ကို လည်းကောင်း၊ ဆရာတော်ကြီးတို့ကို လည်းကောင်း မေးလျှောက်ရာ မထင်မပြ မပြောမဆိုနိုင်ရှိကြပါသည်။ ကိုယ်တော်တစ်ပါးသာလျှင် သိနိုင်ရာကြောင်း ဖြစ်သည်ဟု နှလုံးထား၍ ခြေရင်းတော်သို့ ရောက်ပါကြောင်းနှင့် လျှောက်ထား၏။ ထိုအခါ ရှင်ရဋ္ဌသာရ ဆရာတော်လည်း ထွေန်းဦး လျှောက်သောစကားအရ အဓိပ္ပာယ်ကို သိနိုင်၍ ပြုံးရယ်ကာနေလေ၏။ အတော်ကြာမှ ဤသို့ မိန့်ဆို၏။ ဒကာ၊ မခါးလျှင်လည်း ချိုသည်၊ မကြောက်လျှင်လည်း ရဲသည်။ ချိုနှင့်ရဲကို ပေါင်းလျှင် ချိုရဲဖြစ်သည်။ ထိုစကားကို အပြန်ယူလျှင် ငါချိုရှိသွားမည်ဆိုသော စကားဖြစ်သည်ဟု ရှင်ရဋ္ဌသာရ ဆရာတော် ဖြေဆိုရာတွင်မှ ဒကာထွန်းဦးသည် သက်သာပြေငြိမ်း၍ အိမ်သို့ ပြန်ရောက်လျှင် အားရဝမ်းသာ မယားကို အကြောင်းပြောဆို၍ ရှင်သီလဝံသဆရာကို အလွန်လေးမြတ်ကိုးကွယ် ဆည်းကပ်လုပ်ကျွေးခြင်း သဒ္ဒါပွားကုန်၏။

## ဒုတိယမင်းခေါင် ဆရာတော် ရှင်မဟာရဋ္ဌသာရသည် ရှင်သီလဝံသနှင့် တွေ့ကြောင်း

ထိုအခါ ရှင်ရဋ္ဌသာရဆရာတော်လည်း တစ်ရံတစ်ခါ၌ ဤသို့နှလုံးထား၏။ ဒကာထွေန်းဦး လျှောက်ထားသော စကားအရ ဆိုသောဆရာသည် အလွန်ထွန်းတောက်ပသော ပညာနှင့် ပြည့်စုံအံ့လော။ ငါကဲ့သို့သာမဟုတ်၊ သာ၍တက်အံ့လော။ ငါ့အောက် လျော့အံ့လော။ အကြောင်းအရာကိုလည်း သိရစေတော့၊ သွား၍ စကားမေးမြန်းအံ့သတည်းဟု ပြင်ဆင်ပြီးလျှင် စစ်ကိုင်းမြို့က နေပြည်တော် အဝဘက်သို့ ကူးရောက်လာ၍ လှေဆိုက်ပြီးလျှင် ရွှေနန်းတော် ဒုတိယမင်းခေါင်ထံ ဝင်လေ၏။ ဒုတိယမင်းခေါင်လည်း စားအံ့သော စားပွဲတော်ကို ရှင်ရဋ္ဌသာရ ဆရာတော်အား နေ့ဆွမ်းကပ်၏။ ဆွမ်းဘုဉ်းပေးပြီးလျှင် ဒုတိယမင်းခေါင်က အဘယ်သို့ ကြွမည်နည်း မေးလျှောက်သည်တွင် ရဟန်းတစ်ပါး ပေါက္ကန်မြို့က ရောက်လာ၍ ခါးပန်းနီဆရာတော်ကျောင်းတွင် တည်းနေသည်၊ ပညာရှိ ဖြစ်ဟန်ရှိသည်။ မေးမြန်းပြောဆိုလို၍ သွားမည်ဟုဆို၏။ ဒုတိယမင်းခေါင်လည်း ပြန်သည်ကာလ နန်းတော်သို့ ဝင်လာပါဦးဟု ဆို၏။ ကောင်းပြီ ရေမြေ့ရှင်ဟု ဝန်ခံ၍ ရှင်ရဋ္ဌသာရဆရာတော် ရှင်သီလဝံသ ဆရာတော်ရှိရာ ခါးပန်းနီ ဆရာတော်ကျောင်းသို့ သွားလေ၏။ ရောက်လျှင် ရှင်သီလဝံသဆရာ ရှိရာ ကျောင်းဦးစကြံသို့ ဝင်လေ၏။

ထိုအခါ ရှင်ရဋ္ဌသာရဆရာတော် လာသည်ဖြစ်၍ ရှင်သီလဝံသဆရာက အာဂန္တုဝတ်ကုန်အောင် ကိုယ်၌ရှိသော သားရေနယ်ကို ခင်း၏။ ရှင်ရဋ္ဌသာရဆရာမှာ ရှင်ဘုရင်ဆရာဖြစ်၍ ကော်ဇော၊ ခင်းနှီးသင်ဖြူး၊ နေရာထိုင် အစုံပါသည်နှင့် နောက်ပါတပည့်တို့ ခင်းကုန်၏။ ခါးပန်းနီဆရာတော်လည်း ရှင်ဘုရင့်ဆရာတော် လာရောက်ပေသည်ဟု များစွာသော တပည့် သံဃာတော်တို့နှင့်တကွ တိုက်တွင်းရှိ အသီးသီး ကျောင်းတို့က သံဃာကြီးငယ်တို့သည်လည်း စည်းဝေးလာကြကုန်၏။

ထိုသို့ စည်းဝေးနေသည့်အတွင်း ရှင်ရဋ္ဌသာရ ဆရာတော်နှင့် ရှင်သီလဝံသ (၂) ပါး သိက္ခာကြီးငယ်ကို မေးမြန်းကြလျှင် ရှင်သီလဝံသက သိက္ခာဝါကြီးနေကြောင်းကို သိရ၏။ နေရပ်ဇာတိ၊ နည်းခံဆရာမှ စ၍ မေးမြန်းပြောဆိုကြသည်။ မတွန့်မတို၊ ပကတိ ပညာရှိ တင့်တယ်ခြင်းဖြစ်၏။ ထိုအခါ ရှင်ရဋ္ဌသာရ ဆရာတော်လည်း ဂုဏာဝုမ္မိအားဖြင့် လူဂုဏ်မင်းဂုဏ်ရှိဆရာဖြစ်၍ ဤသို့ ဆို၏။ "တောင်တွင်းသမင်လည်း အလွန်ဦးချိုရှည်စွတကား" ဟု ဆို၏။ ထိုစကားကို ရှင်သီလဝံသက ပြန်၍ဆိုသည်ကား "တောမှာ ချုံရှုပ်၍ လွင်မှာပင် သာယာဝင်မည်" ဟု ဆို၏။ ထိုသို့ဆိုပြီးလျှင် တစ်ဖန် ထပ်မံ၍ ရှင်သီလဝံသက ဆိုပြန်၏။ "ကာက၊ ကာက၊ ကျီးတကား၊ ကျီးကားပမာ ဦးခေါင်းသာ။ ဟတ္ထိ ဟတ္ထိ ဆင်တကား၊ ဆင်ကားပမာ သကာနိုးသာ" ဟူ၍ အစွယ်သာ။ ဉာဏ ဉာဏ ရှင်တကား၊ ရှင်ကားပမာ သက်နိုးသာ" ဟူ၍ ဤသုံးချက်ကို ရှင်သီလဝံသကဆိုလျှင် ရှင်ရဋ္ဌသာရက ဤသုံးချက်ကို

ကောက်ယူသည်ကား "ကာက ကာက ကျီးတကား၊ ကျီးကားပမာ ဦးခေါင်းသာ" ဆိုရာ၌ ပေါက်ပွင့်တို့သဘောသည် ပွင့်တန်အငုံကင်းစကတည်းကပင် အညှာမဲ့ ဘဲဥခွံလွှာရှိ၏။ "ဟတ္ထိ ဟတ္ထိဆင်တကား၊ ဆင်ကားပမာ အစွယ်သာ" ဆိုခြင်းသည် ထိုပေါက်ပွင့်၌ ဆင်စွယ်ကဲ့သို့ အညောက်ပါသည်ကို ဆင်စွယ်ဟူ၍ ဆိုလိုသည်။ "ဉာဏ ဉာဏ ရှင်တကား၊ ရှင်ကားပမာ သင်္ကန်းသာ" ဆိုရာ၌ ပေါက်ပွင့်တွင် ဝါဝါသင်္ကန်းကဲ့သို့ပါသည့် အလွှာပွင့်ချပ်ကို သင်္ကန်းဆိုလိုသည်။ ထိုစကား သုံးချက်ကို ပညာဖြင့် ဆင်ခြင်လျှင် ပေါက်ပွင့်ဟူသတည်း။ ထိုပေါက်ပွင့်နှင့် အတူတူ ငါ၌ အဆောင်အရွက် တပည့်များစွာ သိုင်းဝိုင်းလာသည်။ အဆောင်အရွက် အသုံးအဆောင်များကို ခင်းကျင်းနေသည် အဖြစ်ကြောင့် ရှင်ပေါက်ပန်းဟု ဆိုလိုချေသည်ဟု စိတ်က ဆင်ခြင်ယူမိ၍ ရှင်ရဋ္ဌသာရသည် ရုတ်တရက် နေရာမှ ထသွားလေ၏။

ထိုအခါ ခါးပန်းနီဆရာတော်လည်း ရှင်သီလဝံသကို နက်နဲသော ပညာနှင့် ပြည့်စုံပေသည်ဟု နှလုံးသွင်းမိ၍ အလွန်ကြည်ညိုသော သဘောရှိတော်မူ၏။ အဘယ်နည်းဟူမူကား ရှင်ရဋ္ဌသာရဆရာတော်သည် နေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း အလွန်ထွန်းပသော ပညာရှိ၏ဟု ကျော်စောသတင်းရှိ၏။ ကေရာဇ်မင်းမြတ် ဆရာတော်လည်း ဖြစ်၏။ ထိုသို့သော ပုဂ္ဂိုလ်ကိုပင် တရားအင်နှင့် ဆင်ခြင်၍ ဆိုသော စကားသုံးချက်ကြောင့် ဆရာတော်လည်း ရုတ်တရက် ထ၍ သွားလေသည်ဟု ဆိုတော်မူ၏။ ဒုတိယမင်းခေါင်လည်း ညနေတိုင်လျှင် လျောင်းတော်ဦးသို့ ထွက်ကာလ၊ ရှင်ရဋ္ဌသာရဆရာတော် မှာလိုက်သည့်အတိုင်း မရောက်သောကြောင့် မှူးမတ်တို့ကို ရှင်ရဋ္ဌသာရ မလာမရောက်ဟု မေးတော်မူရာ မှူးမတ်တို့က နေသုံးချက်တီးကပင် စစ်ကိုင်းမြို့သို့ ကူးသွားပါကြောင်းကို လျှောက်ကုန်၏။ ထိုအခါ ဒုတိယမင်းခေါင်သည် ရှင်ရဋ္ဌသာရမှာ စကားထိခိုက်သောကြောင့် နန်းတော်သို့ မဝင်လာဘဲ သွားခြင်းနှင့်တူ၏ဟု ဆို၏။ ထိုသို့ ဆိုတော်မူပြီးလျှင် တစေ့စေ့ အောက်မေ့နေလေသတည်း။

**ရှင်သီလဝံသ မင်း၏ဆရာတော် ဖြစ်ခြင်း**

တစ်ရံရောအခါ ဒုတိယမင်းခေါင်သည် ဤသို့ နှလုံးထား၏။ ခါးပန်းနီ





ဆရာတော်ထံ ရောက်သော အာဂန္တုကဘုန်းကြီးသည် တရားကျမ်းဂန်တတ်သည်၊ ပညာရှိလက္ခဏာ ဖြစ်သည်၊ မဖြစ်သည်ကို သိလို၍ ခါးပန်းနီဆရာတော်၊ အာဂန္တုကဘုန်းကြီး၊ ရှင်ရဋ္ဌသာရ ဆရာတော်ပါ ပေါင်း (၃) ပါးလုံးကို နန်းတော်သို့ပင့်၍ ဆွမ်းကပ်လုပ်ကျွေး၏။ ထိုအခါ ရှင်ရဋ္ဌသာရ ဆိုသည်ကား တောင်တွင်းရှင်သီလဝံသအား ငှက်ပျောမုန့် အချိုကို တောင်းပေ၏။ ထိုအလိုမှာ ရှင်သီလဝံသ၏ အမိသည် နတ်ဝင်ဟု ချုပ်ချယ်စကားဖြစ်၏။ ထိုစကားကို ရှင်သီလဝံသက ပြန်၍ ချေသည်ကား "ငယ်စဉ်ကာလက ငှက်ပျော အုန်း အစရှိသည်ကို ဝစွာ သုံးဆောင်ရပေသည်။ ယခု ကြီးမှ မစားမသုံးရ။ အဘယ့်ကြောင့်နည်းဟူမူကား ငှက်ပျောတော၊ ချုံတော၊ ဥယျာဉ်များကို ဆင်ထိန်းတို့ ဆင်ကို မထိန်းမသိမ်း မကောက်လွှတ်ထားသောကြောင့် ငှက်ပျောဥယျာဉ်၊ ငှက်ပျောတောများ ပျက်စီးပြုန်းတီးသည် ဖြစ်၍ ငှက်ပျောမရှိနိုင်" ဟု ဆိုတော်မူသည်။ ၎င်းစကားအရမှာ ရှင်ရဋ္ဌသာရ အမျိုးအနွယ်တို့မှ စ၍ ဆင်ခေါင်း တလိုင်းဟု ဆိုလိုသတည်း။ ဤသို့ ဆိုသော စကား (၂) ခုကို ဒုတိယမင်းခေါင် ကြားလျှင် ပညာရှိပေ၏ဟု နှလုံး ဖြစ်ဘိ၏။

ထိုအခါ ဒုတိယမင်းခေါင် ရှင်သီလဝံသဆရာကို တရားဟောတော်မူပါဟု လျှောက်၏။ ဟောသောတရားကား မြတ်စွာဘုရား ဟောတော်မူသော ပိဋကတ်သုံးပါး၊ ရတနာသုံးပါး၊ မင်းလည်း သုံးပါး၊ အပရိဟာနိယတရား (၇) ပါး၊ ဤတရားများကို တိုတို မရှည်အောင်ဟော၏။ ဒုတိယမင်းခေါင်လည်း ရှင်သီလဝံသ ဟောသော တရားကို နာပြီးလျှင် မသက်မသာ ရှိ၏။ အဘယ်ကြောင့် မသက်မသာ ရှိသနည်းဟူမူကား မင်းသုံးပါး ရှိသည် တရားဟောပါသည်။ ငါကား ကေရာဇ်ပြု၍ ထီးနန်းနှင့် နေသည်။ ငါက ကေရာဇ်မင်းတစ်ပါးသာ တကား။ မင်း (၃) ပါး ဆိုသော် (၂) ပါးသော မင်းကား အဘယ်မှာ ရှိအံ့နည်းဟု နှလုံးထား၍ အောက်မေ့၏။ ခါးပန်းနီဆရာတော်၊ ရှင်သီလဝံသဆရာတော်တို့ နန်းတော်မှ ကျောင်းသို့ ပြန်ကြသောကာလ ရှင်ရဋ္ဌသာရ နန်းထက်တွင် ဆွမ်းဘုဉ်းပေးနေသည်ကို လျှောက်၏။ ထိုရှင်မဟာသီလဝံသ ဟောသောတရားကား အမှန်ပေဟု ရှင်ရဋ္ဌသာရဆို၏။ ဟောသောတရားမှန်၏ ဆိုခြင်းသည် အဘယ်နည်းဟူမူကား မြတ်စွာဘုရား ဟောတော်မူသည်မှာ ဝိနည်းငါးကျမ်း၊ သုတ်သုံးကျမ်း၊

အဘိဓမ္မာ (၇) ကျမ်း တည်းဟူသော ပိဋကတ်သုံးပုံကို ပိဋကတ်သုံးပါး ဆိုသည်။ ရတနာ (၃) ပါး ဆိုရာ၌ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ၊ ဤသုံးပါးကို ရတနာ (၃) ပါး ဆိုသည်။ တစ်နည်းလည်း ဗုဒ္ဓံသရဏံ၊ ဓမ္မံသရဏံ၊ သံဃံသရဏံသည်ပင်လျှင် ရတနာသုံးပါး ဆိုသည်။ မင်း (၃) ပါး ဆိုသည်ကား လူမင်းလည်း တစ်ပါး၊ နတ်မင်းလည်း တစ်ပါး၊ ဗြဟ္မာမင်းလည်း တစ်ပါး၊ ဤသုံးပါး ကိုပင် မင်းသုံးပါးဟု ဆိုသည်။ ထိုစကားတွင် အပရိဟာနိယတရား (၇) ပါးကို လူမင်းတို့မှာ မပြတ်စေလင့်၊ နှလုံးသွင်းတော်မူ ဟူလိုသတည်း။ ဒကာတော်ပြင် လူမင်းရှိသေးသည် နှလုံးမထားသင့်ဟု ရှင်ရဋ္ဌသာရ အမိန့်ရှိလျှင် ဒုတိယမင်းခေါင်ကား အလွန် အားရနှစ်သက်၍ သုံးပါးသော လောကတွင် လူတို့ပြည်၌ ငါသာ မင်းတကားဟု အောက်မေ့၏။

ထိုသို့ အောက်မေ့ပြီးလျှင် ဆရာနှစ်ပါးကို ကျောင်းချင်းအနီးအပါး ထားမှ သင့်တော့မည်ဟု ကြံပြီးလျှင် စစ်ကိုင်းမြို့ ထူပါရုံဘုရား အရှေ့တွင် ကျောင်းဆောက်စေ၍ ရှင်သီလဝံသဆရာကို ရှင်ရဋ္ဌသာရနှင့် တောင်ကျောင်း၊ မြောက်ကျောင်း သီတင်းသုံးနေစေ၏။

### ရှင်ရဋ္ဌသာရ၊ ရှင်သီလဝံသတို့ ပညာစမ်းခန်း

ရှင်သီလဝံသဆရာလည်း ပါရမီခန်းကို နန်းတော်သို့ သွင်းလေ၏။ သီတင်းလပြည့်လကွယ်ကိုလည်း ဆရာ (၂) ပါး နန်းတော်သို့ဝင်၍ ဆွမ်းဘုဉ်းပေးရ၏။

တစ်ရံခါ ရှင်မဟာရဋ္ဌသာရ ဆိုသည်ကား "ပါရမီခန်းကို နန်းတော်သို့ သွင်းသည်မှာ ဆုမတောင်းဘဲကို ပါရမီ ပြည့်သလော" ဟုဆိုလျှင်၊ ရှင်သီလဝံသဆရာလည်း နေ့ည မပြတ်မလပ်ရအောင် ဆုတောင်းခန်းကို စီရင်ပြန်၏။ ထိုသို့ စီရင်သောကာလ စာစပ်ဥပမာ ပုံသွင်းရာရှိသော် ရုတ်တရက် မရတည့်ဖြစ်သောကြောင့် တောင်ပြတင်းဝကို ဖွင့်ပြီးလျှင် မြစ်လယ်ရိုးကို ကြည့်လိုက်သော် အမှိုက်မော်သိုက် မျော၍လာသည်မှာ ကျီးတို့သည် ပိုးရှုအစရှိသည်ကို စား၍ ပါလာသည်ကို မြင်လျှင် စာစပ်နိုသရည်းရ၏။ အဘယ်သို့ရသနည်းဟူမူကား "ကျီးမည်းကံဆိုး၊ ရေယဉ်ရိုးဝယ်၊ ပုပ်သိုးဆင်ကောင်၊ စားသောယောင်သို့၊ တတောင်လည်လည်၊





အောက် လေးမည်တွင်၊ ကျွတ်သည်မရှိ၊ ကျကုန်ဘိသည်၊ သီးမှည့်အလား" စကား စပ်ဆို နိုသရည်းရသည်ကို ဆင်ခြင်၍ နေသည်အတွင်း ရှင်ရဋ္ဌသာရ ဆိုသည်ကား အဘယ်နည်း။ "တောင်ပြတင်းမှာ နေညှင်းခုဒ္ဒ" ဟူ၍ ဆိုသော စကားကို ရှင်သီလဝံသက ပြန်ဆိုလိုက်သည်ကား "မြတ်ကသိုဏ်းကို နေ့တိုင်းသည်က ရှုသည်ပ" ဟူ၍ ဆိုလိုက်လေ၏။

ထို့နောင် မနည်းကြာသော ရက်ရှိပြန်လျှင် ရဟန်းတို့မှာ မအပ်သော အသားကို ကပ်လှူရာ နှလုံးရှိစေခြင်းငှာရည်၍ ရှင်ရဋ္ဌသာရက ရှင်သီလဝံသထံ လှူရန် အုပ်ဖြင့်ပြင်ဆင်ပြီးလျှင် ထည့်၍စေလိုက်၏။ မေးလျှင် "ပူး၊ ကျား၊ ဆင်သား ဖြစ်ပါသည် လျှောက်လေ" ဟု မှာလိုက်၏။ ထိုအခါ လူငယ်တပည့်တို့လည်း ရှင်သီလဝံသ ကျောင်းသို့တက်၍ လှူသည်ကား မြောက်ကျောင်းဆရာက ဆွမ်းဟင်းလျာလှူချေစေ၍ လှူပါသည် ဘုရားဟု လျှောက်သော် အဘယ်ဟင်းလျာနည်းဟု မေး၏။ "ပူး၊ ကျား၊ ဆင်သားပါ ဘုရား" ဟု လျှောက်၏။ ထိုစကား အရကို ရှင်သီလဝံသ နှလုံးထားသည်မှာ ပူးကား သောကြာ၊ ကျားက တနင်္လာ၊ ဆင်က ဗုဒ္ဓဟူး၊ ဤသုံးချက်ကို ကောက်လျှင် ပူး သောကြာအရ (သု)၊ ကျား တနင်္လာ အရ (က)၊ ဆင် ဗုဒ္ဓဟူးအရ (ရ)၊ ဤသုံးချက်ကို ကောက်လျှင် သုကရ ဟု ဆိုလိုသည်။ သုကရလည်း ဝက်ဖြစ်သည်။ "ဝက်ဆူကိုသာ သုံးလျှင် အရသာရှိ၏ ဟူ၍ ဆိုထိုက်သည်" ဟု ဖြေ၏။

ထိုနောက် များမကြာ လခွဲရှိလျှင် တပည့်လူငယ်တို့ကို စေ၍ ရှင်သီလဝံသ ကျောင်းအောက်မှာ ဆို က ကစားစေသည့် အချက်စကားမှာ "ငဝိုင်ရဝိုင်ဝ နတ်ပြည်ဆို" လေသည်ကဲ့သို့ဆို၍ လူငယ်တို့ ကခုန်မြူးထူး ကြသည့်အသံကို ရှင်သီလဝံသကြားလျှင် (ငဝိုင်ရဝိုင်ဝ) ဆိုသည် ပလွေကျော် တွင် လက်ခပ်သည့် အပေါက်ကို ဆိုလိုသည်။ (နတ်ပြည်ဆို) ဟူသည် ကား ထိုပလွေတွင် လျားလျားအပေါက်ကား ဖယောင်း အလယ်တွင် ထည့်ပြီးလျှင် ထန်းရွက်နှင့် အပေါက်ကိုပိတ်၍ ကြိုးနှင့် စည်းထားလျက်ကို ပလွေကျော်မှုတ်လျှင် အခင်တပ်သော အဖြစ်ဖြင့် သာယာစွာ နတ်ပြည်လိုရာ သီချင်းကောက်၍ ရသည်။ အခင်ကို ထန်းရွက်တပ်၍ စည်းသောအခါ ငနည်းတူသည် ဆိုလိုက်သည်ဟု နှလုံးထား၍ "တရောကို လူလေ၊ ပလွေကို နွားကျောင်း၊ စောင်းကိုမင်း၊ ငြင်းကို သူဖုန်းစား" ဆိုသော စကားအရကို

ထောက်သဖြင့် ယခု သူငယ်တို့ ကျောင်းအောက်က ဆိုသော စကားသည် ပလွေကျော်အရ ဖြစ်သည်ဆို၍ ဘယ်ကန္တားကျောင်းလူလဲဟု သွားကြလေ ဆိုလိုက်၏။ ထိုအခါ သူငယ်တို့လည်း ရှင်ရဋ္ဌသာရထံ ရောက်လျှင် အကြောင်းကို လျှောက်၏။ ရှင်ရဋ္ဌသာရလည်း သိပေ၏ဟု ဆိုပြီးလျှင် တိတ်တိတ်နေလေ၏။ နောက်များမကြာမီ တစ်ဖန်စာနှင့် သူတော်ကြီးကို စေပြန်၏။ စာအရကား "တကျောက်အိတ် ပေးတော်မူပါ" ဟူသောစကားကို ရေး၍ ပေးလိုက်သည်။ ရှင်သီလဝံသဆရာ ထိုစာကို ကြည့်၏။ စာအရကား တကျောက်အိတ် ပေးတော်မူလိုက်ပါ ဆိုသော စကားအရကို အပြန်ယူလျှင် တကျိပ်အောက် ဖြစ်၏။ တကျိပ်အောက်ဖြစ်လျှင် (၉) ယောက် ဖြစ်သည်။ (၉) ယောက်ကို အပြန်ယူလျှင် ကောက်ရိုးဖြစ်သည်။ သပိတ်ဖုံးရန် ကောက်ရိုး စင်မှ ယူသွားလေတော့ ဆိုလိုက်၏။

နောက် ရှင်သီလဝံသဆရာက သူတော်ကြီးတို့ဆရာ အဘယ်သို့ သွားသနည်းဟု မေး၏။ သူတော်ကြီးက လျှောက်သည်မှာ တပည့်တော်တို့ ဆရာ ဘောဂဝတီတိုင်းပြည်ကို ကြွသွားပါသည်ဟု လျှောက်၏။ ထိုသို့ လျှောက်သောစကားကို ရှင်သီလဝံသဆရာက ရှင်ရဋ္ဌသာရဆရာသည် ဘူရိဒတ်လင်္ကာပျို့ကို စီရင်ကြောင်း သိလေ၍၊ ဤအခါ သူတော်ကြီးကို သင်တို့ဆရာ နဂါးပြည်က ပြန်ရောက်လျှင် ဒတ္တရဋ္ဌနတ်မင်းကြီး၏ သားတော်ငယ် ကာဏာရိဋ္ဌမှာ မျက်စိတစ်ဖက်ကန်းသည်ကား လက်ဝဲလော၊ လက်ယာလော လျှောက်မေးလေ ဆိုလိုက်သည့်အတိုင်း သူတော်ကြီး ပြန်သွား၍ လျှောက်ထားရာ ရှင်ရဋ္ဌသာရ ဆရာသည်လည်း တိတ်တဆိတ် နေ၏။

နောက်များမကြာ နန်းတော်သို့ ဆရာ (၂) ပါးကြွကြ၍ ရောက်လျှင် ဒုတိယမင်းခေါင်လည်း နေ့ဆွမ်းကပ်၏။ ဆွမ်းဘုဉ်းပေးပြီးလျှင် ရှင်ရဋ္ဌသာရက ဘူရိဒတ်ဇာတ်ပေါင်း စီရင်ပြီးလျှင် ဒုတိယမင်းခေါင်သို့ သွင်းလေ၏။ ရှင်သီလဝံသဆရာသည် ဆုတောင်းခန်း စီရင်ပြီးကို သွင်းလေ၏။ ထိုစာ (၂) စောင်ကို ဖတ်လျှင် အလွန် ဝမ်းမြောက်ဝမ်းသာ ရှိတော်မူ၏။ အလွန် ချီးမွမ်းလေ၏။ တစ်ဖန် ဆိုပြန်သည်မှာ ဟတ္ထိပါလတို့၏ အကြောင်းအရာများကို သိချင်ပါ၏ဟု ဒုတိယမင်းခေါင်ဆိုလျှင် ရှင်ရဋ္ဌသာရလည်း ကောင်းပြီဟု ဝန်ခံ၍ ကျောင်းသို့ရောက်လျှင် ဟတ္ထိပါလတို့





တောထွက်ကြောင်း စတုဓမ္မသာရကိုးခန်းကို စီရင်လေ၏။ ထိုသို့ စီရင်သောကာလ ရှင်သီလဝံသ၊ ရှင်ရဋ္ဌသာရတို့သည် ပညာထက်မြက်လျင်မြန်၏။ အရွယ်ပျိုမျစ်၏။ ကျမ်းဂန်သိမြင်ခြင်း၊ ထိုးထွင်းခြင်းရှိ၏ဟူ၍ ဝါဆိုကာလရောက်ချိန်လည်း သင့်ပြီး ဖြစ်သည်။ သုဓမ္မာဇရပ်တွင် စာမေးသဘင်၌ ပိဋကတ်ကို စာထောက်စာမေး အရာ၌ ထားပါရမည်အကြောင်းနှင့် ဒုတိယမင်းခေါင်ထံ မေတ္တာစာသွင်းလျှင် ဒုတိယမင်းခေါင်လည်း အလွန် နှစ်သက်အားရရှိသောကြောင့် အမိန့်တော်ပြန်လေ၏။ ထိုအခါ ဆရာတော် (၂) ပါးတို့သည် သဘင်လယ်နေ၍ စာပြန်ပထမတို့ကို မေးရ၏။ ဆရာတော်ကြီးတို့ကား ဘုရားလိုဏ်ဦး ရုပ်တုတော်ရှေ့ လက်ဝဲ၊ လက်ယာ စဉ်လျက် ပိဋကတ် စာထောက်မေးသောအသံ၊ ပထမ စာပြန်သော အသံတို့ကို နာလျက်နေ၏။ ထိုကဲ့သို့ တစ်နေ့မပြတ် စာမေးစာပြန် သဘင်ကြီးစွာနှင့် သုဓမ္မာဇရပ်တွင် ပွဲအစုံပြု၏။

တစ်ရံခါ၌ သဘင်ပွဲလယ်တွင် ရှင်ရဋ္ဌသာရ ဆိုသည်မှာကား "အရှင်တို့ နိုင်ငံတွင် ငါကဲ့သို့ ပညာရှိသူ မရှိ" ဟု ဆို၏။ ထိုစကားကို ရှင်သီလဝံသက ပြန်လှန်၍ ဆိုလိုက်သည်မှာ "စာမေးသဘင် သုဓမ္မာဇရပ်ထဲတွင် ငါကဲ့သို့ ပညာကျယ်သူ မရှိ" ဟု ဆို၏။ ဆရာတော်ကြီးတို့ ကြားလျှင် ရဟန်းပျို (၂) ပါး ပညာတတ်ကြပေသည်ဟု မိန့်ကုန်၏။

## ရှင်ရဋ္ဌသာရ ငယ်စဉ် အတ္ထုပ္ပတ္တိ

ကျောင်းသို့ရောက်လျှင် ရှင်ရဋ္ဌသာရမှာ ငယ်စဉ်က ရည်ငံသည့် မိန်းမငယ် မိဘတို့က ကြွေအန်လောင်းတမ်းကစားမှုနှင့် နေသည့်သူဖြစ်သည်။ လက်မခံရှိသည်။ ယခုမှာ ကျော်စောသော သတင်းနှင့် ဖြစ်ပြန်သည်။ အိမ်သို့ လာပါတော့ဆိုချေဟု မိဘတို့က သမီးကို ဆိုပြန်လျှင် ထိုသမီးငယ်ကလည်း ချစ်စိတ်မပြေ အတန်တန်စာနှင့် သူငယ်စေလွှတ်သည်ကို မလာမရောက်သောကြောင့် မိန်းမငယ်ကိုယ်တိုင် လှူဒါန်းရန်များနှင့် သွား၍ ရှင်ရဋ္ဌသာရထံ ပြောဆို၏။

ထိုအခါ ရှင်ရဋ္ဌသာရလည်း မည်သို့ အထူးအထွေ မဆို၊ တိတ်တဆိတ် နေပြီးမှ ပုရပိုက်လွှာတွင် ရေးတုရေး၍ မိန်းမငယ် ဆွမ်းအုပ်တွင် ထည့်၍ ပေးလိုက်သည်စကား –

(၁) ကြံတွက်ဆ၍ (၂) လျှံလက်ပ၍ (၃) သံမြွတ်ဟ၍၊ ၄င်း ပိုဒ်စုံ (၃)။

(၁) ပုဗ္ဗေနိုသင် (၂) လူမြေတိတွင် (၃) ရှုစေတီချင်၊ ၄င်း ပိုဒ်စုံ (၃)။

၄င်းပိုဒ်စုံ ရတု (၆) ပုဒ်ကို အိမ်သို့ရောက်လျှင် ဖတ်လေသော် အလွန် တောင့်တခြင်းနှင့် အောက်မေ့၍ နောင်တနှလုံး ရှိကုန်၏။

တစ်ရံအခါ ရှင်သီလဝံသ၊ ရှင်ရဋ္ဌသာရတို့ နှစ်ပါးသည် ပြည်မြို့ ရွှေဆံတော်ဘုရားကို ဖူးမြော်ရန် ရေကြောင်းစုန်သွား၍ ရောက်လျှင် ဘုရားစေတီတော်မြတ်ကို ဖူးမြင်ကြ၏။ ဤအခါ ဘုရားရှင်သည် လူနတ်တို့ကို မဟောသော တရားကို ဟောအံ့ဟု ရှင်ရဋ္ဌသာရဆိုသည် ခဏကို ပြည်မြို့ ဆရာတော်တို့က ပိဋကတ်သုံးပုံတွင် လူနတ်တို့ကို မဟောသော တရား မရှိ၊ ဟောတော်မူသော တရားချည်းပင် ဖြစ်သည်ဆိုသော စကားကို ပြည်မြို့ မင်းတို့ သိကြလေလျှင် ပြည်မြို့ ဆရာတော်ကြီးတို့တစ်စု ရှင်သီလဝံသ၊ ရှင်ရဋ္ဌသာရတို့ နှစ်ပါးကိုပင့်၍ မဏ္ဍပ်တွင် ရှင်ရဋ္ဌသာရကို တရားဟောပါဟု လျှောက်၏။ ရှင်ရဋ္ဌသာရ ဆရာလည်း တရားပလ္လင်သို့ တက်၍ လူ၊ နတ်တို့ကို ဘုရားမဟောသော တရားသည်ကား ဒုက္ကရစရိယာ ကျင့်ဆောက် တည်သည့် ကာလ၊ ဆောက်တည်သော တရားကို မဟော၊ ဒုက္ကရစရိယာ ကျင့်ကြောင်းကိုသာ လူ၊ နတ်တို့ကို ဟော၏။ ထိုအခါ ပြည်မြို့ ဆရာတော်များလည်း ဟုတ်မှန်ပေ၏၊ ဟုတ်မှန်ပေ၏ဟု အမိန့်ရှိကြလေ၏။ နောက်မှ ကျော်စောကိတ္တိနှင့် နေပြည်တော် မင်းဧကရာဇ်ဆရာတော် ဖြစ်ကြောင်းကို သိ၍၊ ပြည်မြို့မင်းတို့က သီတင်းသုံးတော်မူပါဟုပင့်၍ ရွှေဆံတော်ဘုရား အရှေ့မြောက်တွင် ကျောင်းဆောက်၍ ကိုးကွယ်လေ၏။ ရှင်သီလဝံသ ဆရာလည်း မြို့တော်သို့ ဆန်တက်ကြွလာ၍ ကျောင်းသို့ ရောက်လေ၏။ ရှင်ရဋ္ဌသာရဆရာ တပည့်သူငယ်တို့ မိဘများက တပည့်တော်တို့ဆရာ ရှင်ရဋ္ဌသာရကား အဘယ်ကြောင့် နေရစ်သနည်းဟု မေးလျှောက်ကြကုန်၏။ ရှင်သီလဝံသကလည်း တေမိဇာတ်မှာ ထီးချက်စောင့် နတ်သမီးက တေမိမင်းသားကို အရိပ်အမြွက် မဆိုနှင့်၊ သို့မှ တောသို့ ရောက်မည် ဆိုသော စကားကို နာယူ၍ နေလေသောကြောင့် တေမိမင်းသား တောထွက်ပါရမီတော်မှာ ပြည့်ရသည် ဖြစ်၍ ဘုရားအဖြစ်သို့ ရောက်သည်။





ထိုကဲ့သို့ မဟုတ်၊ စကားအတတ်ပြချေသောကြောင့် ဒကာတို့ဆရာ ရှင်ရဋ္ဌသာရမှာ တေမိဇာတ်ကို မတတ်၍ ပြည်မြို့မှာ ကျန်ရစ်သည်ဟု မိန့်တော်မူ၏။ ကာလရှည်သဖြင့် ရှင်ရဋ္ဌသာရသည် ပြည်မြို့၌ကြာလျက်ရှိ၍ ရှင်သီလဝံသကို အောက်မေ့သည်နှင့် ပေးလိုက်သော ရတုသုံးပိုဒ်မှာ ရွှေဆံတော်ဘုရားကို တိုင်တည်၍ ဆိုသည့်ရတု –

(၁) အောင်ချာနန်းမြေ (၂) ပြောင်ဝါရွှန်းဝေ (၃) ရောင်ဝါထွန်းနေ၊ ပိုဒ်စုံ –၃။ ၄င်းပိုဒ်စုံသုံးပိုဒ်ကို ရှင်သီလဝံသ ရရှိသောကြောင့် ၄င်းအလိုက် ဆိုပြန်သည်ကား အင်းဝမြို့ အနောက်တောင်ထောင့်တွင် မင်းကြီးစွာစော်ကဲ တည်ထားကိုးကွယ်သည့် ရွှေစည်းခုံဘုရားကို တိုင်တည်၍ဆိုသော စာပိုဒ် (၃)။

(၁) နန်းမြေအောင်ချာ (၂) ရွှန်းဝေပြောင်ဝါ (၃) ထွန်းနေ ရောင်ဝါ၊ ၄င်းရတုပိုဒ်စုံ (၃) ကို ပြည်မြို့ ရှင်ရဋ္ဌသာရထံသို့ ရှင်သီလဝံသက ပို့လိုက်လေ၏။

နောက်ဒုတိယမင်းခေါင်လည်း ကာလကြာသဖြင့် ရှင်ရဋ္ဌသာရသည် နန်းတော်သို့ မလာမရောက်နေသည်ကို သတိရ၍ ရှင်ရဋ္ဌသာရ နန်းတော်သို့ မလာနေတော်မူသည်။ အဘယ်ကြောင်းရှိ၍နည်းဟု မေးတော်မူလျှင် အမတ်ကြီး သီရိဇေယျအနော်ရထာ တင်လျှောက်သည်ကား ပြည်မြို့မှာ သီတင်းသုံးလျက်ရှိကြောင်း၊ ပြည်မြို့မင်းတို့က ကျောင်းဆောက်၍ ကိုးကွယ်ကြောင်းနှင့် လျှောက်ထား၏။ ထိုအခါ သွား၍ ပင့်ရလေ၏။ နေပြည်တော်သို့ ရောက်လျှင် အထက်ကကဲ့သို့ နေမြဲသွားမြဲ၊ နေ့တိုင်းမပြတ် နန်းတော်သို့ ဝင်၍ ရှင်သီလဝံသ၊ ရှင်ရဋ္ဌသာရတို့နှစ်ပါး နေ့ဆွမ်း ဘုဉ်းပေးရသည်။

တစ်ခါတစ်ရံ တံတားဦးဝန်သည် ရှင်သီလဝံသ၊ ရှင်ရဋ္ဌသာရ၊ ရှင်ဥတ္တမကျော်၊ ရှင်အဂ္ဂသမာဓိ၊ ထိုဆရာတော် (၄) ပါးစုံမှ စာရေးတံ ဆွမ်းလှူမည်ဟု နှလုံးထား၍နေသည်နှင့် ဆရာတော် (၄) ပါး စုံလင်ပြီးဟူ၍ အသီးအသီး လိုက်၍ပင့်၏။ ဆရာတော် (၄) ပါးသည် တံတားဦးဝန်က ပင့်သည့်အတိုင်း ကြွကြကုန်၏။ လမ်းခရီးသို့ ရောက်လျှင် မိုးရွာသောကြောင့် ရှင်သီလဝံသ၊ ရှင်ရဋ္ဌသာရတို့နှစ်ပါး တံတားဦးအလယ် ဇရပ်တွင် ခိုကိုး၍ နေကြကုန်၏။ များမကြာခင် ရှင်အဂ္ဂသမာဓိဆရာတော် ရောက်၏။ နောက် ရှင်ဥတ္တမကျော် လာရောက်၏။ ထိုဇရပ်တွင် ဆရာတော် (၄)ပါး

စုံမိကြ၍ ရဟန်းတို့ဘာဝအားဖြင့် မေးမြန်းပြောဆိုကြကုန်၏။ ထိုအခါ ရှင်ရဋ္ဌသာရက မကြုံတောင်းရေပ်တွင် ကြုံကြသည်ဖြစ်တော့သည်။ ကျွန်ုပ်တို့ (၄) ပါး (၁၉) လုံးသော ရတုတစ်ပိုဒ်ဖြစ်အောင် ဆိုလိုပါသည်။ ဤသို့ ဆိုသော စကားကို ရှင်သီလဝံသဆရာက ရှင်ရဋ္ဌသာရ စကားအတိုင်း အစကိုသာ ဆိုပါတော့ဟု ဆိုလျှင် ရှင်ရဋ္ဌသာရ အစ ဆိုသည်။

'တဖွဲဖွဲလျှင်' အစဆိုသည်။ ရှင်သီလဝံသက 'မစဲတို့ကို'၊ ရှင်အဂ္ဂသမာဓိက 'သည်မိုးညိုသည်'၊ ရှင်ဥတ္တမကျော်က 'တို့ကို ဆွမ်းငတ်ရှာသလော' ဟု ဆရာတော် (၄) ပါး စပ်ဆိုတော်မူကြသည်။

လင်္ကာအတိုင်း ။ ။ တဖွဲဖွဲလျှင်၊ မစဲတို့ကို၊ သည်းမိုးညိုသည်၊ တို့ကို ဆွမ်းငတ်ရှာသလော။ ။ (၁၉) လုံး ဧကပိုဒ်ရတု ဖြစ်သည်။

တစ်ရံရောအခါ၌ ဒုတိယမင်းခေါင်သည် ရှင်သီလဝံသသည် ရှင်ရဋ္ဌသာရထက် ဉာဏ်ပညာ ထက်မြက်ကြီးကျယ်သော ဉာဏ်ရှိသည်ကို သည်းမခံနိုင်၍ ရှင်သီလဝံသကို ဥပါယ်တံမျဉ်ဖြင့် နှိပ်စက်လိုသော နှလုံးထား စွဲမှတ်၍ အမျက်ထားပြီးလျှင် ယခုနံနက် အလျင်အမြန် ရှင်သီလဝံသကို ပင့်ခေါ်ချေဟု မင်းစေတို့ကို လွှတ်၏။ မင်းစေတို့လည်း စစ်ကိုင်းဘက် ရှင်သီလဝံကျောင်းသို့ ရောက်၍ တက်ပြီးလျှင် မင်းဧကရာဇ်က ပင့်ကြောင်းကို လျှောက်ထားလေ၏။ နေ့ဆွမ်းဘုဉ်းပေးမည်ဟု သပိတ်နားတွင် ထိုင်လျက် အကပ်ခံတုန်းရှိနေ၍ ဆွမ်းဘုဉ်းပေးဦးမည် အမိန့်ရှိရာ "မင်းဧကရာဇ်က ပင့်ခေါ်သည်ကို ဆွမ်းစားဦးမည်၊ ရေသောက်ဦးမည် ဆိုရသလော။ ထ တော်မူ" ဟု မင်းစေတို့ကလျှောက်လျှင် ရှင်သီလဝံသ ဆွမ်းမစားဘဲ ထ၍ ဘုရားကိုဦးချပြီးလျှင် ဆင်းသွား၏။ လှေကားသို့ရောက်လျှင် တိရစ္ဆာန် ပင့်ကူကြီးတစ်ကောင် ပြေးလာ၍ ရှင်သီလဝံသ နင်းသော လှေကားထစ်နှင့် ခြေအောက်သို့ရောက်လျှင် ပျောက်လေ၏။ ထိုအခါ ရှင်သီလဝံသသည် ဤပင့်ကူကား အတိတ်နိမိတ် ဖြစ်သည်။ ဤပင့်ကူကို သဒ္ဒါရေးဖြင့် ရုပ်ပြုသွားပါလျှင် ထိုပင့်ကူအဆုံး၌ ပုလဲဖြစ်လေ၏။ ထိုအခါ ဧကရာဇ် မင်းမြတ်သည် ပုလဲဟူသော အမေးပုစ္ဆာဖြစ်အံ့ဟူသော အကြောင်းထင်လျက် ဆင်ခြင်မိလေ၏။ အတိတ်ကို သိသော်လည်း နိမိတ်လိုသေးသည်ဟု သတိပြုလျက် ကြွလာလျှင် တံခါးဝတွင် မိန်းမ (၅) ယောက် ထွက်လာသည်ကို တွေ့ရသည်။ ၎င်းမိန်းမများသည် ဘုန်းကြီးလာသည်ဟု လမ်းတွင်





လက်ဝဲလက်ယာရှိုးလျက် နေ၏။ ရှင်သီလဝံသည် ရပ်ပြီးလျှင် ဒကာမတို့ ဘယ်ကို သွားသနည်းဟုမေးရာ တပည့်တော်မတို့ ရေဆိပ်သို့ သွားပါမည်ဟု လျှောက်၏။ တစ်ဖန် မေးပြန်သည်ကား ဒကာမတို့ ခင်ပွန်းများကား အဘယ်ကို သွားသနည်းဟု မေး၏။ လက်ဝဲဘက်က မိန်းမ (၃) ယောက်က အရောင်းအဝယ်သွားကြောင်း လျှောက်၏။ လက်ယာဘက် မိန်းမ (၂) ယောက်က တပည့်တော်မတို့က ခင်ပွန်းမရှိ၊ အပျိုပါဟု လျှောက်၏။ ထိုအခါ ရှင်သီလဝံသဆရာလည်း သာဓု သာဓု၊ ရတနာသုံးပါးကို ရှိသေကြဟု အမိန့်ရှိ၍ နန်းတော်သို့ တက်လေ၏။ ဇေတဝန်ပြာသာဒ်တော်ကြီး အတွင်း ခင်းထားသောနေရာ၌ သီတင်းသုံးနေလေ၏။ ရှင်ရဋ္ဌသာရလည်း ပြောဆိုသမျှ စကားကို ကြားရအောင် ၎င်းအဆောင် ပျဉ်ထောင်အတွင်း ပင့်ခေါ်ထားလေ၏။ ထိုအခါ ဒုတိယမင်းခေါင်သည် လက်ဝဲက ပုလဲ (၃) လုံး၊ လက်ယာက ပုလဲ (၂) လုံး ဆုပ်လျက် အခန်းမှ ထွက်လာပြီး ရှင်သီလဝံသ နေသောနေရာနှင့် မနီးမဝေး ခင်းထားသည့် နေရာ၌ နေလျက် မေးလျှောက်၏။ မေးဟန်ကား "ရှင်သီလဝံသ၊ ယခု ကျွန်ုပ်လက်၌ ဆုပ်ထားသည့် ဝတ္ထုပစ္စည်းကား အဘယ်ဝတ္ထုပစ္စည်းနည်း" ဟု မေး၏။ ရှင်သီလဝံသလည်း မဆိုင်းမလင့် ခဏချင်း "ပုလဲဝတ္ထု" ဟု မိန့်ဆို၏။ မင်းကြီးလည်း အံ့အားသင့်လျက်ရှိ၏။ နောက်တစ်ဖန် "ပုလဲဆိုသော် မှန်ချေတော့၊ လက်ဝဲက ဘယ်မျှ၊ လက်ယာက ဘယ်မျှ" ဟု မေးပြန်၏။ ရှင်သီလဝံသက "လက်ဝဲ (၃) လုံး၊ လက်ယာက (၂) လုံး" ဟု မိန့်လေ၏။ မင်းလည်း အံ့အားသင့်လျက် ရှိ၏။ တစ်ဖန် "လက်ဝဲ (၃) လုံး၊ လက်ယာ (၂) လုံး ဆိုသော် မှန်ချေတော့။ ထို လက်ဝဲလက်ယာ ပုလဲတွင် အပေါက်ရှိသောပုလဲ ဘယ်မျှနည်း" ဟု မေးပြန်၏။ ရှင်သီလဝံသလည်း "လက်ဝဲက ပုလဲ (၃) လုံး အပေါက်ရှိသည်။ လက်ယာက ပုလဲ (၂) လုံး အပေါက်မရှိ" ဟု မိန့်ဆိုလျှင် မင်းကြီးလည်း မေးသော (၃) ချက်တိုင် အမှန်ဖြေဆိုနိုင်သည်ကို အလွန်တရာ အားရသောကြောင့် ပုလဲ (၅) လုံးကို လက်ဆုပ်ကဖြေ၍ ရွှေကလပ်ပေါ်မှာ တင်ပြီးလျှင် ဖဲ၊ သက္ကလတ်၊ ပိုးသင်္ကန်း၊ ပရိက္ခရာ (၈) ပါး၊ သံသပိတ်၊ ပိုးခြင်ထောင်၊ အိပ်ရာခင်း၊ ကော်ဇော၊ နေရာထိုင်၊ ခြေသုတ်၊ ခေါင်းအုံး၊ သင်ဖြူး၊ သပေါ့မြက်ဖျာ၊ မျက်နှာသုတ်ပဝါ၊ တံပူ၊ ရေတကောင်း၊ ထွေးအင်၊ ဖိနပ်၊ ပိတ်သာခါ၊ ဓာတ်ပွိုလ်၊ လေးညှင်း၊

ဘာယဆေးစု၊ ဆီထောပတ်၊ ပျားရည်၊ တင်လဲ၊ ထန်းလျက်၊ သကာ၊ အုန်း၊ ကြံ၊ ငှက်ပျော၊ ဆေး၊ ကွမ်း၊ လက်ဖက်၊ ဆွမ်းဆန်၊ ငါး၊ ငပိ၊ ငရုတ်၊ ကြက်သွန်၊ ဟင်းလျာအစုံ၊ ပုလဲ (၅) လုံးပါ ရှင်သီလဝံသကို လှူတော်မူသည့်ကာလ အရှင်ဘုရား၊ ဒုစရိုက်ဆယ်ပါးတွင် မနောဒုစရိုက်၊ ဝစီဒုစရိုက်များနှင့် အရှင်ဘုရားကို ကျူးလွန်ပြစ်မှားမိပေသည်။ အမှုကို သည်းခံတော်မူပါဘုရားဟု မင်းကြီး လျှောက်တောင်းပန်၏။ ရှင်သီလဝံသ ဆရာလည်း သာဓု သာဓု ဆိုပြီးလျှင် မင်းကြီး၊ ငါ၏ အကျင့်ကား ပကတိအားဖြင့် ဓမ္မောဟဝေရက္ခတိ ဓမ္မစာရီဟု မိန့်ဆိုပြီးလျှင် ကျောင်းသို့ ကြွသွားလေ၏။ မင်းစေတို့လည်း လှူဖွယ် ဝတ္ထုပစ္စည်းများကို ကျောင်းသို့ လိုက်၍ ပို့ကြလေ၏။

ရှင်သီလဝံသ ကြွသွားသည့်နောက် မင်းကြီးနှင့် ရှင်ရဋ္ဌသာရ နှစ်ဦးလည်း အလွန်ခက်ခဲသော ပုစ္ဆာပြဿနာကို ကွယ်တမေယ ဖြစ်လျက်ကို ပင် သိနိုင်မြင်နိုင်သော သီလသမာဓိ၊ ပညာသတ္တိနှင့် ပြည့်စုံပေသည် အံ့ဩလျက် ဝမ်းမြောက်သော စေတနာနှင့် ချီးမွမ်းပြီးလျှင် ရှင်ရဋ္ဌသာရ လည်း ကျောင်းသို့ ကြွသွားလေ၏။ ကျောင်းသို့ ရောက်လျှင် ချမ်းသာ ကြည်လင်စွာသော နှလုံးထား၍ နေလေသတည်း။ တစ်ညဥ့်အိပ်သော ကာလ၌ ရှင်ရဋ္ဌသာရ အိပ်မက်သည်ကား နံနက်မိုးသောက် အရုဏ်တက် လျှင် ထူပါရုံဘုရားစေတီတော် အရှေ့တန်ဆောင်း ကြာ (၅) လက်ကို ကိုင်၍ ဘုရားဆုကို ပန်ယူသော ဘုရားလောင်းပုဂ္ဂိုလ်မြတ်သည် ဘုရားရှိခိုး ပူဇော်လာအံ့။ ခရီးဦးကြို ဝတ်ကြီးဝတ်ငယ် ပြုလင့်ပေဟု ရှင်ရဋ္ဌသာရ အိပ်မက်သည်အတိုင်း စောစော ညဥ့်က ထ၍ ထူပါရုံဘုရားစေတီတော် ရင်ပြင်မှာ တံမြက်လှည်း၍ နေလေ၏။ ရှင်သီလဝံသလည်း ကြာငါးခိုင်ကို ကိုင်၍ ဘုရားစောင်းတန်းက တက်လာသည်ကို မြင်လျှင် ရှင်ရဋ္ဌသာရ ခရီးဦးကြို ပြု၏။ ထိုနေ့မှစ၍ ရှင်ရဋ္ဌသာရလည်း ပုစ္ဆာမေးမြန်းခြင်းကို မပြုဝံ့၊ အလွန် လေးမြတ်ခြင်းကို ပြုဘိ၏။

တစ်ရံခါ၌ ရွှေစက်တော်တို့ နှစ်ပါးလုံး ရှိခိုးပူဇော်ရန်သွားကြရာ ဘုရားဆုကို ပန်ဆင်သည့်အတိုင်း ဘုရားဖြစ်ပါအံ့လော၊ မဖြစ်လော မိဋ္ဌာန် ပြု၍ ခြေတော်ရာကို ကြည့်လျှင် တစ်ရာ့ရှစ်ကွက်သော စက်လက္ခဏာအနက် ကြိုးကြာရုပ်ကို ထင်ထင်ပြတော်မူ၍ ရှုမြင်ဖူးတွေ့ရသည် အလိုရကား





ကြိုးစား၍ ကျင့်မှ ဘုရားအဖြစ်သို့ ရောက်မည်ဟု မြတ်စွာဘုရား အမိန့် တော် ဗျာဒိတ်တိတ်နိမိတ်၊ တံဆိပ်ခတ်သော အက္ခရာ ဖြစ်၏ဟု နှစ်ပါးပင် ဆင်ခြင်ဝေဖန် ပြောဆိုတိုင်ပင် ဝမ်းမြောက်ဝမ်းသာ ကြည်ညိုသော သဘော ဖြင့် ပြန်ကြွခဲ့ကြသည်။ ကျောင်းသို့ရောက်လျှင် သာသနာတော်၏ အရေး အကြောင်း ပဋိပတ္တိ ပဋိဝေဓ နှစ်ပါးကို ကျင့်ဆောင်တော်မူကြ၏။ ထို အကြောင်းကို မင်းဇကရာဇ်ကြားတော်မူလျှင် အလွန်နှစ်သက်အားရဝမ်းသာ နှင့် (၇) ရက်တစ်ကြိမ် နန်းတော်သို့ပင့်၍ ဆွမ်းလုပ်ကျွေးလျက် တရားတော် ကို နာ၏။

ထိုသို့ မပြတ်စေတနာနှင့် လုပ်ကျွေးလျက် ကုသိုလ်ကောင်းမှုကို ပြုဆောင်သဖြင့် များမကြာ မင်းဇကရာဇ်သည် မကျန်းမမာရှိ၍ အနိစ္စ ရောက်လေလျှင် သဂြိုဟ်သောကိစ္စကို သားတော်နှင့်တကွ မှူးမတ်တို့ ဆောင်ရွက်၍ ပြီးကာလ သားတော်ကို မှူးမတ်တို့ ညီညွတ်၍ နန်းတင် ကုန်၏။ ရွှေနန်းကြော့ရှင် ဟူ၍ ဘိသိက်ခံ၏။

ထိုအခါ ရှင်ရဋ္ဌသာရလည်း နှလုံးစဉ်းစားဆင်ခြင်အောက်မေ့၍ မိမိပြုစုသော ဘူရိဒတ်ဇာတ်ပေါင်း၊ ရှင်သီလဝံသ ပြုစုသော ပါရမီခန်း၊ ဆုတောင်းခန်း အစုစုများကို မင်းဇကရာဇ်ထံသွင်းကာလ အားရနှစ်သက် ရှိသည်နှင့် ဟတ္ထိပါလ ညီနောင်လေးပါးနှင့် ခမည်းတော်၊ မယ်တော်တို့နှင့် တကွ ခုနစ်ပြည်ထောင် တောထွက်ကြောင်းကို သိကြားလိုပါသည်ဟု လျှောက်လျှင် စီရင်သွင်းမည် ဝန်ခံသည်အတိုင်း အစမသတ်မပြီးမီ ပြည်မြို့ အရပ်သို့ ရောက်၍ ခုနစ်နှစ်ကြာမှ ထိုစာကို ယခုဇာတ်ပေါင်း နိဂုံးတွင် စီရင်သွင်းပေသည်။

## ရှင်ဥတ္တမကျော် အကြောင်း

ထိုပုဂ္ဂိုလ်လေးပါးတို့တွင် ရှင်ဥတ္တမကျော်ကား ပြည်မြို့မှာနေသော အခြင်း အရာ၊ သတ္တိအကြောင်းကို နေပြည်တော်က ဒုတိယမင်းခေါင် ကြားသိတော် မူလျှင် ရှင်ဥတ္တမကျော်ကို ပင့်ရလေ၏။ ပင့်ရခြင်းအကြောင်းကား မဏိပူရက အမေးပုစ္ဆာပြဿနာ ရောက်လာသောကြောင့် ပင့်ရသည်။ ရွှေမြို့တော်သို့ ရောက်လျှင် ရန်အောင်မြင်ဘုရားကျောင်းတိုက်၌ သီတင်းသုံးနေစေသည်။ ထိုအခါ အမေးပုစ္ဆာမေးအံ့သော သံအမတ်တို့ကို ရှင်ဥတ္တမကျော်ထံ သွားစေ၍

ရှင်ဥတ္တမကျော်လည်း ပုစ္ဆာမေးအံ့သောသူတို့ လျှောက်ရန် လာလတ္တံ့သော အကြောင်းကို သိ၍ တပည့်သူငယ်တို့ကို ပြသသင်ကြားနှင့်သော စကား "ထောက်ထောက် (၄) ချောင်းထောက်" "ထောက်ထောက် (၃) ချောင်း ထောက်" "ထောက်ထောက် (၂) ချောင်းထောက်" ဟူသော စကားကို သင်ပုန်းတွင် ရေးပြီးလျှင် ကျောင်းသားသူငယ်တို့ ညီညီညာညာ အံရလေ၏။ ထိုအခါ ပုစ္ဆာမေးသူတို့ ရောက်လျှင် ထိုသူငယ်တို့ အံသောစာကို ကြားကာလ မကြားစဖူး ကြားရပေသည်။ စာသည် အလွန်ထူးခြားသော စာဖြစ်သည်ဟု ဆိုကြကုန်၏။ နောက် ပုစ္ဆာမေးအံ့ဟု အပါးသို့ ချဉ်းကပ်လေ၏။ ရှင်ဥတ္တမ ကျော်လည်း သင်ဖြူးခေါင်းအုံးခင်းထားပြီးကာလ ပုစ္ဆာမေးအံ့သော သူတို့ ကို မေးကြကုန်လောဟု ဆိုပြီးလျှင် သက်န်းကို ခေါင်းမြီးခြုံလျက် တုံးလုံး လျောင်းနေပြီးသော် ဇွေဇွေနားထောင်လျက် တိတ်တိတ်နေလေသတည်း။ ပုစ္ဆာမေးသော သူတို့လည်း နမောတဿကစ၍ ဆန်း ကလာပ်ကို ရွတ်လေ သတည်း။ ထိုသို့ရွတ်ရာ နေမွန်းတည့်အချိန်ကကို သုံးချက်တီးအချိန်မှ ပြီးလေသတည်း။

ထိုအခါ ရှင်ဥတ္တမကျော်က လျောင်းရာမှ ထ၍ မေးမြန်းရန် ကုန်ပြီလောဟု မေးလျှင် ကုန်ပြီဟု ဆိုကြကုန်၏။ ရှင်ဥတ္တမကျော်လည်း မေးလာသော ပုစ္ဆာကို ဖြေအံ့ဟု နားထောင်ကြ ငါ့ညီတော်တို့ ဆိုပြီးလျှင် မေးသောသူတို့ ဆန်းကလာပ်ကို နာမောတဿရွတ်သည်ကို "ငါကားအဆုံး ပု၊ ဒိ၊ အာက နောက်ဆုတ် အစ နမောတဿကျအောင် ပဋိလောမပြု၍ ရွတ်အံ့" ဟု ဆိုပြီး ဆန်းကလာပ်ကို ရွတ်ဆိုလေ၏။ ထိုအခါ အမေးပုစ္ဆာ မေးသူတို့က ရင်ဘတ်လက်တီးလျက် ကျူတောကို မီးလောင်ဘိသကဲ့သို့ လည်းကောင်း၊ အမုန်ယစ်သော ဆင် အဆီးအတား မရှိ၊ ပကတိသော ဉာဏ်နှင့်တကွ ရဲရင့်သော သမာဓိစိတ်တော်နှင့် အကျွန်ုပ်တို့ မေးသော ဆန်းကလာပ်တို့ အဆုံးဖြစ်သော ပု၊ ဒိ၊ အာက နောက်ဆုတ် နမောတဿ ကျအောင် ချောမောစွာ ပြန်ဆိုခြင်းကို အံ့သြချီးမွမ်းကုန်၏။ ထိုသို့ ချီးမွမ်းကုန်ပြီးသော် သူငယ်တို့ကို သင်ကြားတော်မူသော ပိဋကတ်တော် သည်ကား အဘယ် ပိဋကတ်တော်နည်းဟု မေးကုန်၏။ ရှင်ဥတ္တမကျော်က လူ့ပြည်၌ လူတို့တွင် အမိဝမ်းမှဖွား၍ များမကြာမီ မှောက်ခုံလှန်တက် ရှိသောကာလ လေးဖက် လေးချောင်း ထောက်၍ထသည်တည်း။ ထို





အရွယ် လွန်ပြန်လျှင် လက်တစ်ချောင်းနှင့် ထောက်၍ ခြေနှစ်ချောင်းနှင့် ထလျက် သုံးချောင်းထောက် ဖြစ်သတည်း။ ထိုအရွယ်က လွန်လျှင် ခြေ နှစ်ချောင်းထောက်၍ သွားလာခြင်းကို ပြသတည်း။ ထို့အတူ မဏိပူရကို အစိုးရသော မင်းကြီးလည်း လေးချောင်းထောက်ခြင်း၊ သုံးချောင်းထောက်ခြင်း၊ နှစ်ချောင်းထောက်ခြင်း ဟူသော အခြင်းအရာတို့သည် ဣရိယာပုတ်လေးပါး ညီညွတ်ခြင်း ဖြစ်၏။ ဤသို့လျှင် ဒုဂ္ဂတိအဟိတ်၊ သုဂတိအဟိတ်၊ ဒွိဟိတ်၊ တိဟိတ် ဟူသော ပုဂ္ဂိုလ်တို့သည် (၄) ပါးသော ဓာတ်ကို အကြောင်းအမှီပြု၍ ဖြစ်သည်။ ဆန်းကလာပ် ဟူသော ဂါထာပုဒ်တို့၌ကား ဗေဒင်ယတြာ အစရှိသော ပိဋကတ်တော်နှင့် အမှီပြု၍ ဆန်းကလာပ် ဖြစ်ကုန်သည်ဟု အမေးပုစ္ဆာမေးသူတို့ကို မိန့်ဆို၏။ ဤသို့ ရှင်ဥတ္တမကျော် ဆိုသောစကားကို ကြားလျှင် အလွန်အားရ နှစ်သက်ခြင်းနှင့် မဏိပူရပြည်သို့ ပြန်ကြကုန်၏။ ရောက်လျှင် မဏိပူရမင်းကို လျှောက်ကြကုန်၏။ မေးသောပုစ္ဆာတွင် နမော တဿရွတ်ဆိုသည်ကို ပုဒိအာကရွတ်၍ နမောတဿမှာ အဆုံးသတ်ခြင်း၊ ငယ်မူပိဋကတ်ကို ဟောခြင်း၊ ထွန်းတောက်လျှင်မြန်သော ပညာနှင့် ပြည့်စုံ ခြင်း၊ ဤသို့အားဖြင့် စုံလင်စွာသော ဆရာဖြစ်ပေသည်ဟု လျှောက်လျှင်၊ မဏိပူရ မင်းကြီးလည်း ငါကိုးကွယ်လောက်ပေသော ဆရာဖြစ်သည်ဟု ဆိုပြီးမှ ချီးမွမ်းထောမနာ၍ အားရနှစ်သက်ခြင်း ဖြစ်၏။

ရတနာပူရ ရွှေပြည်တော်ကို အစိုးရသောမင်းကြီးသည် ထူးခြား ထွန်းတောက်ပသော ပညာနှင့် ပြည့်စုံသဖြင့် ပညာရှိတို့ကို သုံးဆောင်ရ ပေသည်။ ဘုန်းတန်ခိုးနှင့် ပြည့်စုံသော မင်းဖြစ်ပေသည်ဟု ခယရိုညွတ်စွာ လက်ဆောင်ပဏ္ဏာ ဆက်ရောက်ခဲ့၏။ ထိုအကြောင်းကို ဒုတိယမင်းခေါင် ကြားလျှင် ငါ၏ဆရာ အရှင်ဥတ္တမကျော်ကဲ့သို့ ထွန်းတောက်ပသော ပညာနှင့် ပြည့်စုံသောသူ မရှိသည် ဟု မိန့်ဆိုပြီးမှ အဝေးနိုင်ငံက လာရောက်သမျှ အမေးပုစ္ဆာ ပြဿနာတို့ကို ဖြေစေ၊ ပြောဟောစေ အမိန့်တော်ထား၏။ ရှင်သီလဝံသ၊ ရှင်ရဋ္ဌသာရတို့မှာ ပရိယတ္တိ၊ ပဋိဝေဓ အစရှိသော သာသနာ ရေး၊ ပိဋကတ်ရေးတို့ကို ဆောင်ရွက်စေ ပိုင်းခြား၍ ဧကရာဇ်မင်းမြတ် မိန့်ဆို၏။

ထို့နောက် ဓညဝတီ ရခိုင်ပြည်ကြီးကို အစိုးရသော ရခိုင်မင်းက ပုစ္ဆာမေး ရတနာပူရ အင်းဝရွှေပြည်ကြီးကို အစိုးရသော ဒုတိယမင်းခေါင်ထံ

ဆေလွှတ်၏။ အမေးပုစ္ဆာကား မိုးကာ၊ သံဖြစ်၊ ကြက်နိုးဟူ၍ သုံးချက်သော ပုစ္ဆာနှင့် ရတနာပူရပြည်ကြီးသို့ ရောက်၍ ထိုအခါ ရှင်ဥတ္တမကျော်ကို ပြည်မြို့၌ ရှိသည်ကိုပင့်ရာ၊ ရှင်ဥတ္တမကျော်ကလည်း လျှောက်အရ အင်းဝမြို့သို့ ဆန်တက်လာရာ ပုဂံမြို့သို့ရောက်လျှင် ဘူးဘုရားဆိပ်၌ လှေဆိုက်၍ နေ၏။ ထိုအခါ ရှင်ဥတ္တမကျော်သည် ဆွမ်းဖိတ်မည်ဟု ပုဂံမြို့သို့ တက်လေ၏။ လမ်းခရီးဈေးတန်းတွင် မောင်ကျပန်းဆိုသူကို တွေ့၍ ထိုမောင်ကျပန်းကို "ဒကာကြီး သည်ရွာကလေးမှာ ဆွမ်းဖိတ်၍ ရပါအံ့လော"ဟု ရှင်ဥတ္တမကျော်က မေးလျှင် ကျပန်းက "အရှင်ဘုရား ဆွမ်းလောက်ဖြင့် ပါးကို ရိုက်ရိုက်၊ ခြေနှင့်ကန်ကန်၊ ဖိတ်လျှင် ရပါ၏"ဟု လျှောက်၏။ ထိုအခါ ရှင်ဥတ္တမကျော်လည်း နှလုံးမသက်မသာရှိ၍ အိမ်တစ်အိမ်၌ ကျပန်းအကြောင်းကို ဒကာတစ်ယောက်အား မေး၏။ ထိုဒကာက အရှင်ဘုရား မေးသောသူသည် ကျပန်းအမည်တွင်ပါသည်။ တွင်ကြောင်းကား အများရှင်လူခပ်သိမ်းတို့နှင့် စကားပြောဆိုလျှင် စကားအကျအရကို ကောက်၍ ပြောဆိုတတ်သောကြောင့် ကျပန်းတွင်ခြင်း ဖြစ်ပါသည်။ ထိုအခါ ရှင်ဥတ္တမကျော်က ၎င်းကျပန်းကိုပင် သွားရောက်၊ ခြေနှင့်ကန်၍ ဆွမ်းဖိတ်လေ၏။ ကျပန်းအိမ်သို့တက်၍ အိမ်ဦးတွင် ထိုင်လျက်နေ၏။ ကျပန်းမယား ကပြင်သို့ ထွက်လာလျှင် ကျပန်းက သူ့မယားကို စိတ်ဆိုးဆိုးနှင့် "သွား၊ နင့်လင်ကို ဆွမ်းတစ်ပွဲချက်၍ ပို့ချေ"ဟု စေ၏။ ဤအခါ ရှင်ဥတ္တမကျော်လည်း လှေသို့ ပြန်သွားလေ၏။ ကျပန်းမိန်းမလည်း ဆွမ်းချက်ပြီး၍ ဆွမ်းအုပ်ကို ရှင်ဥတ္တမကျော်ရှိရာ လှေသို့သွား၍ ပို့ရလေ၏။ ဤအခါ ရှင်ဥတ္တမကျော်က "အမယ်အိမ်သို့ မပြန်ရဘူး၊ အမယ်လင် ကာမပိုင်ယောကျ်ားက အမယ့်ကို ငါနှင့်ပေးစားပြီးဖြစ်၍ ငါ့မယားဖြစ်ပြီ"ဟု ဆိုလေ၏။ ဤအကြောင်းကို ကျပန်းကကြားသိ၍ အမျက်ဒေါသထွက်ပြီးလျှင် မင်းထံသို့ ဘုန်းကြီးသည် သူ့မယားကို ယူထားပါသည်ဟု လျှောက်၏။ မင်းများလည်း ဘုန်းတော်ကြီးကိုပင့်၍ လျှောက်၏။ ရှင်ဥတ္တမကျော်က သည်ရွာကလေးမှာ ဆွမ်းဖိတ်၍ ရပါမည်လောဟု မေးရာ ၎င်းက ဆွမ်းလောက်ဖြင့် ပါးရိုက်ရိုက်၊ ခြေနှင့်ကန်ကန်၊ ဖိတ်လျှင်ရပါ၏ဟု ပြော၍ ၎င်းကိုပင် ငါ ခြေနှင့်ကန်၍ ဆွမ်းဖိတ်သည်။ ဤအခါ မင်းများက ကျပန်းကို ဟုတ်ကဲ့လားဟု မေးရာ ဟုတ်ပါ၏။ ပေါက္ကန်မြို့သည် ကြက်ပျံမကျ အလွန်တရာ စည်ကားသော





မြို့ကြီး ဖြစ်ပါလျက်နှင့် သည်ရွာကလေးဟု ဆိုသောကြောင့် ဒေါသဖြစ်၍ ပြောမိပါသည်ဟု လျှောက်၏။ မင်းများက ရှင်ဥတ္တမကျော်ကို ယခုအတိုင်း ဟုတ်ပါ၏လားဟု လျှောက်၏။ "မင်းတို့ ပေါက္ကန်မြို့ကို ငါ ရွာကလေး ခေါ်သည်မှာ တော်ပြီ၊ နတ်ပြည်ခြောက်ထပ်မှ ငါ ခြောက်အိမ်သာခေါ်သည်" ဟု ဆိုလေ၏။ နောက် အရှင်ဘုရား ရဟန်းဖြစ်ပါလျက် အဘယ်ကြောင့် သူ့မယားကို ယူထားပါသနည်းဟု မေးရာ "ကာမပိုင်ဖြစ်သူက နင့်လင်ဖို့ ဆွမ်းတစ်အုပ်ချက်၍ ပို့ချေဟု ကျပန်းက ၎င်းမယားကို ခိုင်းစေရာ ငါနှင့် ပေးစားပြီး ဖြစ်လျက်မို့ ငါ့မယား ဖြစ်သည်" ဟု ဆို၏။ မင်းများက ၎င်းအတိုင်း မှန်၏လောဟု ကျပန်းကို မေးရာ မှန်ကြောင်းကို ဝန်ခံလေ၏။ မောင်မင်းသည် မင်းဧကရာဇ် ကိုးကွယ်သော ဆရာတော်ကို မရိုမသေ မလေးမခန့် ပြောဆိုရာ ရွှေနားတော် ကြားသိတော်မူလျှင် ငါတို့နှင့်တကွ ရာဇဝတ်တော်ပေးခြင်းကို ခံရလိမ့်မည်။ သို့ကြောင့် တောင်းပန် ကန်တော့ ရမည်ဟု အမိန့်ပေး၏။ ကျပန်းလည်း ဝန်ချကန်တော့တောင်းပန်၍ လျှုဒါန်းလေ၏။ မင်းများလည်း တောင်းပန်ကန်တော့ လျှုဒါန်းလိုက်ကြလေ၏။

ရှင်ဥတ္တမကျော်လည်း ပေါက္ကန်မြို့က ဆန်တက်လာရာ အင်းဝမြို့သို့ရောက်၍ ရန်အောင်မြင်ဘုရား သဖန်းပင်ကျောင်းတိုက်တွင် အထက်နေရင်းကျောင်းမှာ သီတင်းသုံးလေ၏။ ကျောင်းသို့ ရောက်ကြောင်းကို ဧကရာဇ်မင်းမြတ် သိလျှင် မှူးမတ်တို့ကို မိန့်ဆိုသည်မှာ ရခိုင်ပြည်က ပုစ္ဆာမေး လာရောက်သော သံအမတ်တို့နှင့် တွေ့စေရန် မိန့်တော်မူ၏။ မှူးမတ်တို့လည်း စည်းဝေးပြီးလျှင် ရွှေလွှတ်သို့ တက်ကုန်၏။ ပုစ္ဆာမေးလာသော အမတ်တို့ကို လွှတ်တော်သို့ တက်စေ၍ နေရာတကျ ခင်းကျင်းပြီးမှ ရှင်ဥတ္တမကျော်ကို ပင့်စေ၍ လွှတ်တော်သို့ ရောက်လျှင် ပုစ္ဆာမေးသံအမတ်တို့က "မိုးကာ သံဖြစ် ကြက်နိုး" ဟူသော ပုစ္ဆာသုံးခွန်းကို မေး၏။ ရှင်ဥတ္တမကျော်လည်း မေးသော ပုစ္ဆာကို ကြားနှင့် ရှောင်တခင် ပါဠိဖြင့် ဆိုတော်မူ၏။ ပါဠိကား "ဒေဝေါကာတုံဆတ္တော" ဟူသော ဂါထာကို ရွတ်၏။ ၎င်းဂါထာ အဓိပ္ပာယ်ကား ဒေဝေါ–မိုးကို၊ ကာတုံ–ကာဆီးခြင်းငှာ၊ ဆတ္တော–ထီးတည်း၊ တတော–ထိုပြင်၊ လောဟော–သံဖြစ်သည်ကား၊ ခရီတော–ချိတ်တည်း၊ ကောက္ကုဋ္ဌော–ကြက်၏၊ ဒညာတော တဏ္ဍုလော–သန်းခွဲနိုးတည်း။ ဣတိ–ဤသို့ "မိုးကာ သံဖြစ် ကြက်နိုး"ဟူသော ပုစ္ဆာရှင်

တို့ကို မိန့်တော်မူ၏။ ရှင်ဥတ္တမကျော် ဖြေဆိုလျှင် ပုစ္ဆာမေးသော သံတို့သည် အလွန်လျှင်မြန်သော ပညာတော်နှင့် ပြည့်စုံပေသည်ဟု အံ့သြကြကုန်ပြီးလျှင် ရခိုင်ပြည်သို့ ပြန်သွား၍ ရခိုင်မင်းအား ပုစ္ဆာဖြေကြောင်း၊ ပုစ္ဆာဖြေသော ဆရာတော် လျှင်မြန်ကြောင်း၊ အင်းဝမြို့ နေထွက်ဘုရင်၌ ပညာရှိ မှူးကောင်း မတ်ကောင်းနှင့် ပြည့်စုံကြောင်း သံအမတ်တို့က လျှောက်ထားလျှင် ရခိုင်မင်းလည်း အလွန် ဝမ်းမြောက်ဝမ်းသာခြင်း ဖြစ်၏။ အားရနှစ်သက် ရှိတော်မူသောကြောင့် တစ်ဖန် အမေးပုစ္ဆာကို မေးချေဦး စေလွှတ်ပြန်၏။ ထိုသို့ လွှတ်သောကာလ ပုစ္ဆာအမေးကား ဘူးထဲသို့ ကြွက်တစ်ကောင်သွတ်၍ လုံစွာ ပိတ်ပြီးလျှင် အင်းဝမြို့တော်သို့ စေလွှတ်ပြန်၏။ ရောက်လျှင် အထက်က မေးသော လွှတ်မှာ သံအမတ်များကို ထားလေ၏။ ထိုအခါ ရှင်ဥတ္တမကျော်ကို သွား၍ ပင့်ရာ ရှင်ဥတ္တမကျော်လည်း ဆင်စီး၍ လွှတ်တော်သို့ လာ၏။ လမ်းခရီးတွင် ဆင်ရှေ့ လက်ဝဲလက်ယာက ဝက်သားအမိ (၅) ကောင် ကူးပြေးသည်ကို မြင်လျှင် ထိုနိမိတ်ကို ရှင်ဥတ္တမကျော် နှလုံးထား၍ သွား၏။ ရောက်ကာလ ဆင်က ဆင်း၍ လွှတ်တော်သို့ တက်ပြီးလျှင် နေမြဲအတိုင်း အထက်က နေသောနေရာ၌ နေ၏။ ထိုအခါ ပုစ္ဆာမေးသော ကာလ ပရိသတ်အလယ်၌ ဘူးကိုတည်၍ "ဤင်းဘူးထဲ၌ အဘယ်မည်သောဝတ္ထု ပါသနည်း" ဟုမေး၏။ ရှင်ဥတ္တမကျော်လည်း "မုသိကော အတ္ထိ" ဟု ဆို၏။ အနက်ကား ဤဘူးထဲ၌ မုသိကော ကြွက်တည်းဟု ဆိုသည်။ ထိုအခါ ပုစ္ဆာမေးသူတို့က "ကြွက်ဟူသည်ကား မည်မျှ ရှိသနည်း" ဟု မေးပြန်လျှင် ရှင်ဥတ္တမကျော်ကလည်း "ပဉ္စမုသိကော (၅) ကောင်သော ကြွက်တို့သည် ရှိ၏"။ ကြွက် (၅) ကောင် မဟုတ်၊ ပုစ္ဆာမေးသူက ဆို၏။ ရှင်ဥတ္တမကျော်ကလည်း "(၅) ကောင်သော ကြွက်ရှိ၏" ဟု အငြင်းအခုံ ရှိကြ၍ ပရိသတ်မှူးမတ်တို့၏ အလယ်၌ အင်တုံထား၍ ပိတ်ဆို့သော ဘူးကိုဖွင့်ပြီးလျှင် မြောက်၍ သွန်ရာ ကြွက်ကြီး (၁)၊ ကြွက်ငယ် (၄) ထွက်လာ၏။ (၅) ကောင်သော ကြွက်ကို မှူးမတ်တို့ မြင်လျှင် ရှင်ဥတ္တမကျော်လည်း အလွန်မြင်စွမ်းနိုင်သော ပညာရှင်ပေဟု သံအမတ်တို့ အံ့သြကြကုန်၏။ သံအမတ်တို့က "ဘူးထဲတွင် ကြွက် တစ်ကောင်တည်းထည့်၍ ပိတ်ဆို့ထားသည်။ အဘယ့်ကြောင့် ကြွက် (၅) ကောင် ဖြစ်သနည်း" ဟု ဆို၏။ ရှင်ဥတ္တမကျော်ကလည်း "ပထမ မူလက





ပဋိသန္ဓေရှိသောကြွက် သွင်းခဲ့ရာ ဘူးထဲသို့ ရောက်မှ မွေးဖွား၍ ကြွက် (၅) ကောင် ဖြစ်သည်" ဟု ဆို၏။ သံအမတ်တို့လည်း လွန်ကဲသော ပညာ သတ္တိရှိ သိစွမ်းနိုင်ပေသည်ဟု အထူးအံ့သြပြီးလျှင် သံအမတ်တို့ ပြန်ကြလေ၏။ ရောက်လျှင် ရခိုင်မင်းကို အစဖြစ်ပျက်ပုံ အဆစ်အပိုင်းနှင့် တကွ အကြောင်းကြောင်းကို လျှောက်တင်လေ၏။ ရခိုင်ဘုရင်ကလည်း အထူး အံ့သြချီးမွမ်းလေ၏။

ဤကဲ့သို့ ရတနာပူရ ရွှေမြို့တော်တွင် နေထွက်ဘုရင်သည် ဘုန်းတန်ခိုးကြီးကြောင်း၊ ပညာရှိသူရဲကောင်း ရှိကြောင်း၊ ရဟန်းပညာရှိ၊ လူပညာရှိ၊ သတ္တိနှင့် လွန်ကဲစွာ ပြည့်စုံသော ပုဂ္ဂိုလ်ရှိကြောင်း ကြားသိတော်မူသောကြောင့် သီဟိုဠ်မင်းကြီး ကြားသိတော်မူလျှင် အလွန် နှစ်သက်အားရတော် မူ၍ ရတနာပူရ အင်းဝဘုရင်ထံ ပုစ္ဆာမေးအံ့သောအကြောင်း ရဟန်းပညာရှိ၊ မှူးမတ်ပညာရှိတို့နှင့် စည်းဝေးတိုင်ပင်၏။ မေးအံ့သော ပုစ္ဆာမှာ –

ယောပုဂ္ဂလော ဒုဂ္ဂတော ဟိ န စုတော အတ္တာနံ ဇီဝိတံ ဝိညော ပရေသံ ဥပ္ပဇ္ဇတိ၊ ကိံ ပုဂ္ဂလောတိ။ ။ ပထမ ပုစ္ဆာ။

တတော မနုဿဝစနတော ဝဒနော ပုဂ္ဂလဿအတ္ထိ တံ ကိံဒုဂ္ဂတိ ပုဂ္ဂလံ။ ။ ဒုတိယ ပုစ္ဆာ။

အမေးပုစ္ဆာ (၂) ချက်ကို ရွှေပေတွင် ရေး၍၊ ရတနာအတိပြည့်သော သေတ္တာနှင့် ထည့်သွင်း၍ တတ် သိ လိမ္မာသော သံအမတ်တို့ကို စေလွှတ်၏။ အင်းဝ နေထွက်ဘုရင်ထံ ရောက်လျှင် သီဟိုဠ်ဘုရင်ထံက မင်းသံ ဟူ၍ ကျော်စောခြင်းနှင့် ပြည့်စုံသော သင့်တင့်သော နေရာတွင် သံတဲ ဝဲပြန် ယွန်းဆက်နှင့် စီရင်၍ ထားလေ၏။

ထိုသံတို့ကို မြိန်မြတ်သော အရသာဖြင့် ကျွေးမွေး၏။ သံတို့ကို အင်းဝမြို့သို့ လာခြင်း အကြောင်းအရာကို မေးရာ သံအမတ်တို့သည် သီဟိုဠ်မင်းကြီးက အမေးပုစ္ဆာ ပြဿနာ ပါကြောင်း၊ လက်ဆောင်ပဏ္ဏာများပါ ဆက်သွင်းရန်ပါကြောင်း လျှောက်လေ၏။ သံတို့လည်း ဝေးသော နိုင်ငံက ဖြစ်သည်။ သံတို့နေသော ထူးဆန်းသော သဘင်အတီးအမှုတ်ကို ပြုလေဟု မိန့်တော်မူ၏။ နောက် သဘင်ကြီးစွာပြု၍ မင်းမှူးမတ် ပရိသတ် အစုံအလင် စည်းဝေးပြီး အမေးပုစ္ဆာကို ဖြေဆိုအံ့သောငှာ ရှင်ဥတ္တမကျော်ကို

လွှတ်တော်သို့ ပင့်လေ၏။ လွှတ်တော်သို့ ရောက်လျှင် ပုစ္ဆာရွှေပေလိပ်ကို ယူပြီး ရွှေကလပ်ဖြင့် တင်၍ ရှင်ဥတ္တမကျော်သို့ ကပ်လေ၏။ ရှင်ဥတ္တမကျော်လည်း ရွှေပေတွင်ပါသော ပထမပုစ္ဆာ၏အရကို ကောက်၍ယူသည်မှာ–

ယောပုဂ္ဂလော– အကြင်ပုဂ္ဂိုလ်သည်၊ ဒုဂ္ဂတော– ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်ဖြစ်၏။ သော–ထိုပုဂ္ဂိုလ်သည်၊ နစုတော–မစုတေဘဲလျက်၊ အတ္တာနံ–မိမိကိုယ်နှင့်၊ ဇီဝိတံ–အသက်ဝိညာဉ်နှင့်တကွ၊ ဝိရေသံ–အခြားသော ပုဂ္ဂိုလ်သည်၊ ဥပ္ပဇ္ဇတိ – ဖြစ်တတ်၏။ သောပုဂ္ဂလော–ထိုပုဂ္ဂိုလ်သည်၊ ကိံ–အဘယ်မည်သော ပုဂ္ဂိုလ်နည်း။ တတော–ထိုမှတစ်ပါး၊ မနုဿဝဒေနော–လူတို့စကားကို ဆိုခြင်းသည်လည်းကောင်း၊ အတ္တာနံ–မိမိကိုယ် လည်းကောင်း၊ ဒွေ–နှစ်ပါးကုန်သော ပုဂ္ဂိုလ်ဖြစ်သည်။ အတ္ထိ– ရှိ၏။ တံပုဂ္ဂလံ – ထိုပုဂ္ဂိုလ်သည်၊ ကိံ–အဘယ်ပုဂ္ဂိုလ် ဖြစ်သနည်း။ ပထမ၊ ဒုတိယ၊ ပုစ္ဆာ (၂)ချက်ကို အဓိပ္ပာယ်အနက် ထုတ်ဖော်မိန့်ဆိုလေ၏။ ပထမ ပုစ္ဆာ၏ အနက်သဘောမှာ ဒုဂ္ဂတော–ဒုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ်သည် ဆိုအပ်သော အကောင်၌၊ လောမော–တောင့်တဲကောင်သည်၊ နကီလော–နဂျီဟူ၍၊ ပုတ္တံဝါ –သားပြုလေသောကြောင့် သက်မသေ မစုတေဘဲ တောင့်တဲကောင်အဖြစ် ကသည် အတောင်နှင့် နဂျီ ပုဂ္ဂိုလ်ဖြစ်သည်ဟု ဖြေဆို၏။ ဒုတိယပုစ္ဆာ၌ကား ဒုဂ္ဂတိအဟိတ် တိရစ္ဆာန်ဖြစ်လျက် လူတို့စကားကို ဆိုသည်၊ မိမိကိုယ်ကို ခေါ်ဝေါ်ခြင်း စကားထွက်သည့် အကောင်ကား ဥဩ၊ ရွှေပြည်စိုး၊ တောက်တဲ့၊ တစ်တီတူး၊ ဒီးဒုတ်၊ ဖီးကွက်၊ ယောက်ဖခွေးခေါ် ထိုတိရစ္ဆာန်တို့တည်း။

ထိုပုစ္ဆာ (၂) ချက်ကို ရှင်ဥတ္တမကျော်သည် လွှတ်တော်တွင် မှူးမတ်အပေါင်းတို့ရှေ့၊ သီဟိုဠ်သံအမတ်တို့ရှေ့ ဖြေဆိုရာ မှူးမတ်အပေါင်းတို့နှင့် သံအမတ်တို့ အလွန်အကြူး အံ့ဩချီးမွမ်းကုန်၏။ ဤအကြောင်းကို အင်းဝ ဘုရင်မင်းမြတ်အား လျှောက်တင်ရာ ဧကရာဇ်မင်းမြတ်က ငါ့ဆရာကဲ့သို့ ပုဂ္ဂိုလ်သည် မကြားဖူး၊ မတွေ့ဖူးဟု အထူးအံ့ဩတော်မူလေ၏။ သံအမတ်တို့သည် သီဟိုဠ်သို့ ပြန်၍ သီဟိုဠ်မင်းသို့ အကြောင်းမျိုးစုံကို လျှောက်တင်ရာ လွန်မင်းစွာ အံ့ဩချီးမွမ်းတော်မူ၏။ နောက် သီဟိုဠ်မင်းက ပုစ္ဆာဖြေဆိုသော ပုဂ္ဂိုလ်ကို အထူးကြည်ညို၍ အလှူဝတ္ထုပစ္စည်း အရပ်ရပ်





အင်းဝဘုရင်ထံ လက်ဆောင်ပဏ္ဏာနှင့်၊ ရာဇသံပေလွှာများနှင့် ပို့ရန် နောက်ထပ် စေလွှတ်မှု၍ မေတ္တာသဟာယ အတ္ထက္ခာယီ မိတ်ဆွေဖြစ်တော်မူကြ၏။

နောက် သုဝဏ္ဏဘုမ္မိဇင်းမယ်ပြည်ကို အစိုးရတော်မူသော ဘုန်းခန်းရာဇာမင်းကြီးသည် အင်းဝ နေထွက်ဘုရင်ပြည်၌ ထူးဆန်းလှစွာသော အမေးပုစ္ဆာ ပြဿနာတို့ကို ဖြေဆိုနိုင်သော မှူးကောင်းမတ်ကောင်း၊ ပညာရှိသူရဲကောင်း ပေါများသည်။ တန်ခိုးအာနုဘော်နှင့် ပြည့်စုံလှပေသည် ကြားသိတော်မူ၍ ငါ ဇင်းမယ်ပြည်ကြီးက အမေးပုစ္ဆာမေးအံ့။ ယခု ပညာရှိရဟန်းတို့နှင့် စည်းဝေးတိုင်ပင်၍ မေးအံ့သော ပုစ္ဆာတို့ကို ရွှေပေနှင့် ရေး၏။ ရေးသော ပုစ္ဆာကား "စွတ်၏၊ နစ်၏၊ ပစ်၏၊ ဆွဲ၏၊ သွတ်၏" ဤငါးချက်သော အမေးပုစ္ဆာကို လိမ္မာသော အမတ်တို့နှင့် စေလွှတ်တော်မူ၏။ အင်းဝမြို့သို့ရောက်လျှင် အင်းဝဘုရင်က ၄င်းသံများကို သင့်ရာထား၍ ကောင်းစွာ ကျွေးမွေးပြီးလျှင် ပါလာသော အမေးပုစ္ဆာကို ရွှေလက်တော်ရောက် ဆက်သလေ၏။ ထိုအခါ မှူးမတ်တော်တို့ကို ရွှေလွှတ်တော်သို့ တက်စေ အမိန့်တော် ရှိ၍ လွှတ်တော်သို့ တက်ရလေ၏။ သံတို့လည်း လွှတ်တော်သို့ တက်ရောက်ကြရကုန်၏။ လွှတ်တော်တွင် ခင်းကျင်းစီမံပြီးလျှင် ရှင်ဥတ္တမကျော်ကို လွှတ်တော်သို့ ပင့်ရလေ၏။ ရောက်လျှင် ရွှေပေအက္ခရာ အမေးပုစ္ဆာကို အပ်၍ ရွှေပေ၌ပါသော ပုစ္ဆာကို ရှင်ဥတ္တမကျော်ယူ၍ မဖတ်မကြည့်ခင် အမိန့်တော်ရေးတို့ကို ဖတ်စေ၏။ ပုစ္ဆာ၏ အဓိပ္ပာယ်ကို မိန့်တော်မူရန် လျှောက်ထားသည့်အခါ ရှင်ဥတ္တမကျော် ဖြေဆိုသည်ကား –

(၁) စွတ်၏ ဟူရာ၌ မြတ်စွာဘုရားအလောင်း တေမိမင်းသား ဖွားမြင်သည်ကာလ မိုးကြီး သည်းထန်စွာ ရွာသွန်း၍ စွတ်သောကြောင့် စွတ်၏ ဟူသတည်း။

(၂) နစ်၏ ဟူသည်ကား ဘုရားလောင်း ဇနကမင်းသား ပင်လယ်သမုဒ္ဒရာ၌ သင်္ဘောပျက်၍ နစ်သည်ကို ဆိုသည်။

(၃) ပစ်၏ ဟူသည်ကား ဘုရားလောင်း သုဝဏ္ဏသျှံ မင်းသားကို ပိဠိယက္ခမင်းကြီး လေးနှင့်ပစ်သည်ကို ဆိုသည်။

(၄) ဆွဲ၏ ဟူသည်ကား ဘုရားလောင်း ဝိဓူရအမတ်ကို ပုဏ္ဏကယူ၍ ချည်နှောင်တုပ်ပြီးလျှင် မြင်းမြီး၌ဆွဲသည်ကို ဆိုသည်။

(၅) သွတ်၏ ဟူသည်ကား ဘုရားလောင်း ဘူရိဒတ်နဂါးမင်းကို အလမ္ပာယ်ပုဏ္ဏား ဖမ်းယူပြီးလျှင် ပခြုပ်၌ သွတ်သွင်းသည်ကို ဆိုသည်။

ထို (၅) ချက်သော ပုစ္ဆာကို အသီးသီး ဖြေဆိုလျှင် သံအမတ်တို့ အားရနှစ်သက်၍ များစွာ အံ့ဩကြလေသည်။ သံအမတ်တို့ ဖြေဆိုချက်ကို ရ၍ ဇင်းမယ်မြို့သို့ ပြန်ပြီးလျှင် ဇင်းမယ်ဘုရင်ကို တင်လျှောက်လာသောအခါ အလွန်တရာ အားရနှစ်သက်၍ အံ့ဩတော်မူလေသည်။ ရှင်ဥတ္တမကျော် အကြောင်းကို ဇင်းမယ်မြို့အုန်းခန်းဘုရင်က မကြာမကြာ ထပ်ခါထပ်ခါ မေးတော်မူ၍ သံအမတ်တို့ အကြောင်းကုန်စင်စွာ လျှောက်ထားလေ၏။ အင်းဝနေထွက်ဘုရင်သည် တန်ခိုးအာနုဘော်ကြီးသည်၊ မျိုးကောင်း မတ်ကောင်း၊ သူရဲကောင်း၊ လူပညာရှိ၊ ရဟန်းပညာရှိ ပေါများလှပေသည်ဟု အလွန်တရာ နှစ်သက်တော်မူ၍ ဆင်ကောင်း၊ မြင်းကောင်း၊ ရွှေလင်ပန်းလုပ်၍ အဆက်သ စေလွှတ်တော်မူ၏။ မဟာမိတ် ဖြစ်ကြောင်းကို ယိုးဒယား ဇင်းမယ်ဘုရင်က ရာဇသံပေးတော်မူ၏။

ရခိုင်ပြည်ကလာ၍ နောက်မေးသော ပုစ္ဆာကား "ဥကပေါက်စ ကြက်ငယ်ကို လက်အုပ်လျက် ဤကြက်ငယ်သည် အသေလော၊ အရှင်လော" ဟု မေးတော်မူ၏။ ရှင်ဥတ္တမကျော်လည်း နေရာကထ၍ လှေကားသို့ ဆင်းသောအခါ လှေကားသုံးထစ်တွင် အလယ်ထစ်တွင် ရပ်နေပြီးလျှင် ငါသည် အထက် တက်မည်လား၊ အောက်သို့ ဆင်းမည်လား ကိုယ်ကို တိမ်းယိမ်းနေ၍ မေးလေ၏။ ထိုသို့ဆိုသော စကားသည်ကား "ကျည်ပွေ့ ထရံရက်" ဆိုသော စကားတည်း။ အဘယ်နည်းဟူမူကား –လှေကားမှ ဆင်း၏ဟုဆိုလျှင် တက်အံ့သတည်း၊ တက်အံ့ဆိုလျှင် ဆင်းအံ့သတည်း။ ထိုလက်ဝယ်ကြက်ငယ်သည်လည်း အရှင်ဆိုလျှင် လက်ဆုပ်ညှစ်ကာဖြင့် သေအံ့၊ အသေဆိုလျှင် လက်နှင့်မဆုပ်ဘဲ လွှတ်လေအံ့သော အကြောင်းကို ထောက်၍ လှေကားတွင် ငါသည် တက်အံ့လော၊ ဆင်းအံ့လော ဟူသော စကားဖြင့် ဖြေဆို၍ ပုစ္ဆာဖြေလေ၏။ ရခိုင်ပြည်က သံအမတ်တို့ ပြန်သွား၍ ရောက်လျှင် ရခိုင်ဘုရင်ကို လျှောက်ထားရာ အားရနှစ်သက်တော်မူ၍ အင်းဝ နေထွက်ဘုရင်ထံ ပဏ္ဏာများ ဆက်တော်မူလေ၏။

ဥပဒေသ။ ။ ထို့ကြောင့် ဧကရာဇ်မင်းမြတ်တို့မှာ လူပညာရှိ၊





ရဟန်းပညာရှိတို့ကို အစဉ်မပြတ် ဆည်းကပ်ကိုးကွယ် တိုင်ပင် ဆွေးနွေး မေးမြန်းစုံစမ်း၍ ထိုပညာရှိ ဆိုဆုံးမသော၊ ရအပ်သော လဒ္ဓါ ပဒေသ ဩဝါဒများကို မပျက်မကွက် နှလုံးသွင်း၍ ကျင့်ဆောင် မှတ်သား ဆောင်ရွက်ပါက စည်းစိမ်ချမ်းသာ အမြဲတည်၍ လူကောင်း နတ်ကောင်းတို့ ကောင်းချီးပေးကြကုန်၏။

## ရှင်မဟာသီလဝံသ အကြောင်း

သက္ကရာဇ် (၈၁၅) ခုနှစ်တွင် ဖွားမြင်သည်။ နံ (၆) ကြာ၊ ဇာတိ–တောင်တွင်းကြီးမြို့၊ လူမည်–ဦးညို၊ ရဟန်းအမည်–ရှင်မဟာသီလဝံသ၊ သက်တော် (၆၇) နှစ်၊ သက္ကရာဇ် (၈၈၂) ခုနှစ်တွင် ဘဝပြောင်းတော်မူသည်။ ၄င်းဆရာတော် တောင်တွင်းကြီးမြို့တွင် ဗောဓိသုံးစုံ ချီ မမ္မပါလ ပျို့၊ ဗောဓိမဏ္ဍိုင် ချီ ပါရမီခန်းပျို့၊ တောင်တွင်းလာပျို့ သုံးစောင်ကို ရေးသားတော်မူသည်။ နောက်သက္ကရာဇ် (၈၅၅) ခု၊ ဒုတိယဝါဆိုလတွင် အင်းဝမြို့သို့ရောက်၍ ဒုတိယမင်းခေါင်က ဘိုးတော်ကောင်းမှု ထူပါရုံဘုရား အရှေ့မြောက်ယွန်း ရတနာဗိမာန်ကျောင်းကို (၈) ဆက်မြောက်တွင် လှူတော်မူသည်။ ဗောဓိညောင်ရွှေ ချီ ဆုတောင်းခန်းကို ထူပါရုံဘုရားတွင်းတွင် သုံးရက်နှင့် အပြီးရေးခြင်းသည်ကား တောင်တွင်းကြီးမြို့က အင်းဝမြို့သို့ လာစဉ်အခါ လမ်းခရီးတွင် လယ်လုပ်သူ ဒကာတစ်ယောက်က အရှင်ဘုရား ဘယ်ကျမ်းများ စီရင်တော်မူပါသနည်းဟု လျှောက်ထားရာ၊ ငါသည် ယခု ပါရမီခန်းကို စီရင်သည်ဟု အမိန့်ရှိရာ၊ ဒကာက ပြန်လျှောက်သည်မှာ ပါရမီခန်းကို စီရင်ပါလျှင် ဆုတောင်းခန်း ပြီးပါလားဟု မေးရာ ရုတ်ခြည်း သတိရ၍ ဟုတ်ကဲ့ဒကာ ကြွင်းကျန်နေသည်။ အင်းဝမြို့သို့ ရောက်ကာလ ရှေးဦးစွာ ပြီးအောင်စီရင်မည်ဟု အမိန့်ရှိခဲ့သည့်အတိုင်း ရေးသားတော်မူခြင်း ဖြစ်သည်။ နောက် ဒုတိယမင်းခေါင်သို့ ကြည့်ရှုရန် ဆက်သွင်းသော သံဝေဂခန်းပျို့၊ တံတားဦးတည်မော်ကွန်း၊ ကြားပိမ့်ကျက်သရေ ချီ ရွှေနန်းဘွဲ့ မော်ကွန်း၊ ရှုလောသွယ်ဖြူး ချီ ထူပါရုံဘုရားကျောက်စာ၊ ရတနာဗိမာန်ကျောင်း ကျောက်စာ၊ ရှစ်ရှားကန်၊ မိတ္ထီလာကန်ဘွဲ့များကို ရေးသားတော်မူသည်။

[ရှင်မဟာသီလဝံသသည် (၈၁၅) ခုဖွား၊ အသက် ၄၀ ပြည့်၊

ဒုတိယဝါဆိုလဆန်း အင်းဝမြို့သို့ ရောက်၍ ရတနာဗိမာန်ကျောင်းကို တင်သည်။ ထူပါရုံဘုရားမှာ (၈၀၆) ခုနှစ်က တည်၍ပြီးသောကြောင့် ၎င်းစီရင်သော ကျောက်စာ မဟုတ်ဟု အချို့ ပယ်ကြ၏။ ရွှေနန်းကြော့ရှင်လက်ထက် သက္ကရာဇ် (၈၈၀) ပြည့်နှစ်၊ အသက် (၆၅) နှစ်တွင် ဘဝ ပြောင်းတော်မူသည်။|

သက္ကရာဇ် (၁၀၁) ခုနှစ် သရေခေတ္တရာမြို့ ဒွတ္တပေါင်မင်း လက်ထက် ဝေသာလီပြည်က ငပြောင်၊ ငရောင်၊ ငနောင်၊ နေဂါး ဟူသော မင်းသားညီနောင်လေးယောက်တို့သည် ထွက်ခဲ့၍ ဒွတ္တပေါင်မင်းကြီးထံ မြို့တည်ရာအရပ်ကို သနားတော်မူပါမည့်အကြောင်းနှင့် လျှောက်ထားလျှင် နှစ်မြိုက်ရာရာ ရှာ၍ တည်လေတော့ဟု အမိန့်တော် ရှိသောကြောင့် ညီနောင် လေးယောက်တို့သည် ပါသောရဲမက်ကျေးကျွန်တို့နှင့် မြို့တည်ရာ ရှာလေသော် ရှေးအခါ ဒုဋ္ဌာပူရမြို့ခေါ် မြို့ဟောင်း၊ တောင်တွင်းကြီးမြို့တည်ရာ အရပ်သို့ရောက်၍ မြို့တည်ရာကို ကြည့်ရှုကြလျှင် အင်းတစ်ခုနှင့် ဘုရား ဟောင်း တစ်ဆူကိုတွေ့သည်။ ထိုဘုရားကိုကား ယခုရွှေအင်းတောင်ဘုရား ဟု တွင်သည်။ မင်းညီနောင် လေးယောက်တို့သည် ထိုမြို့တွင် နေ၍ ပြည်သူတို့ အစီးအပွား နောက်နှောင်း များစိမ့်သောငှာ ကန်ပေါင်း ၃၀ ကို တူး၍ ဆည်ဖို့လုပ်ဆောင်ကြသည်။

ထို့ကြောင့် မင်းညီနောင် (၄) ပါးတို့ကို ယခုတိုင် ကန်တူး မင်းညီနောင်ဟု ခေါ်ဝေါ်ကြသည်။ နောက် ကန်တူးမင်းညီနောင် လေး ယောက်တို့ မြို့တည်မည့်အခါ နတ်ရကာပွဲ ခင်းကျင်းထားရာ၊ မြွေငန်း တစ်ကောင် တူရူဘက်ပါ တောင်စူးစူးက သန်းကူးလာပြီးလျှင် ထိုနတ်ရကာ ပွဲကို သုံးပတ်ရစ်ခွေ၍ မြောက်အရပ်ကို သွားပြီး တောင်တစ်ခုကို ထွင်း ဖောက်သွားသော နိမိတ်ဩဘာ သည်ခြင်းရာကြောင့် မင်္ဂလာတသီး တောင်တွင်းကြီးဟု ဗွဲ့ချီးသမုတ်ကြောင်း၊ စာတမ်းဟောင်းတစ်စောင်တွင် လည်း တောင်အပေါင်းတို့၏အလယ် တွင်းသဖွယ် ဖြစ်သောကြောင့် တောင်တွင်းကြီး ခေါ်တွင်ကြောင်း၊ သမိုင်းဟောင်း တစ်စောင်တွင်လည်း ထိုတောင်မြို့မှ စီးသွားသော မိုးရေတို့သည် မြို့၏အနောက်ခို တောင်ကြီး ဖီလာ ဆီးလာသောကြောင့် မစီးမသွား ရှိလေသည်ကို နတ်တို့မြင်၍ "အလျှင်ချက်ချင်း၊ တူးရှင်းစူးဆောက်၊ ခိုတောင်ပေါက်အောင်၊ ထွင်းဖောက် သောအား၊ ရေထွက်သွား၏၊ စကားပုံခင်း၊ ခိုတောင်မင်းကို၊ ထွင်းသည်နှင့်ပင်၊





တောင်တွင်း တွင်" ဟု လူရှင်တကာ ခေါ်ဝေါ် သမုတ်ကြောင်း၊ သာသနာဝံသ စာတမ်းတွင်ကား ထိုတောင်တွင်းတည်ရာအရပ်၌ ရှေးဦးစွာ နရာသဘမင်း မြို့တည်၍ နေကြောင်း၊ မြို့တည်သောအခါ ဟင်္သာညီနောင် (၂) ကောင်တို့ သည် တောင်တစ်ခုကို ထွင်း၍ ပျံလာသည်ကို အစွဲပြု၍ တောင်တွင်းမြို့ဟု ခေါ်ဝေါ်သမုတ်ကြောင်း၊ သက္ကရာဇ် (၈၀၄) ခုနှစ်တွင် ထူပါရုံ ဒါယကာ နရပတိကြီး နန်းတက်၍ နန်းစံ (၁၁) နှစ်၊ သက္ကရာဇ် (၈၁၅) ခုနှစ်တွင် တောင်တွင်းကြီးမြို့မှာ ယော်မည် မောင်ညို၊ ရဟန်းမည် ရှင်သီလဝံသကို အမိ ဒေါ်နှင်းဆီမှ ဖွားမြင်သည်။ (၈၆၃) ခုနှစ် ရွှေနန်းကြော့ရှင်ဘုရင် နရပတိနန်းတက်၍ နန်းစံ (၁၇) နှစ် အရှိတွင် စစ်ကိုင်းမြို့မှာ ရှင်သီလဝံသ ပျံလွန်တော်မူသည်။ ၎င်းအရှင်သည် တောင်တွင်းကြီးမြို့ အရှေ့မြောက်၊ တောင်တွင်းကြီးမြို့စား သီဟပတေ့ကြီး ဆောက်လှူသည့် ရတနာဗိမာန် ကျောင်းတွင် နေရင်း အသက် (၃၀) က ပျို့ကို ရေးသားသည်။ စစ်ကိုင်းမြို့ နရပတိ သမီးတော် ရွှေအိမ်သည် မြောက်သားတော် အရီးတော်သား ဥစ္စနာတို့ ကောင်းမှု ရတနာဗိမာန်ကျောင်းတွင် ပိဋကတ်ကျမ်းဂန်များကို သင်ကြားပို့သနေသည်။ ထိုအရှင် ဖွားခါနီးတွင် ပေါက်သော ပေပင်ကား အဖူးတစ်ဖူးသည် ကျွဲလှည်းတစ်စည်းတိုက် ရသော ဟူ၏။

ပေ (၄) ပင်၊ ရှင် (၄) ပါး အဝင်အပါ ပုဂ္ဂိုလ်ဖြစ်သည်။

ရှင်မဟာသီလဝံသ စပ်ဆိုတော်မူသောရတု စ အက္ခရာ–

"စုံစမ်းစေ၍၊ စာခွေဌာတွင်၊ စမမြင်သည်၊ စီရင်တင့်ဆုံး၊ စာတလုံးကို၊ စုရုံး ထိပ်ပြင်၊ စိုက်ဆင်ယင်၍၊ စွယ်ရှင် မြူတော၊ စူဠာမွေဝယ်၊ စိတ်နေသီလ၊ စိတ်မခွတည့်၊ စိန္တမာလာ၊ စိန္တာနုဘော်၊ စွယ်ဆံတော်ကို၊ စိတ်တော် ရှင်ဝမ်း၊ စိတ်ထပ်မွှမ်းသည်။ ။ စုံစမ်းစေစွ စေစွာ စွ။"

## (၁၀) ရှင်မဟာရဋ္ဌသာရ အကြောင်း

သက္ကရာဇ် (၈၃၀) ပြည့်နှစ်တွင် ဖွားမြင်သည်။ နံ (၄) ဟူး၊ ဇာတိ ရတနာပူရ အဝရွှေမြို့တော်၊ လူမည် ဦးမောက်၊ ရဟန်းမည် ရှင်မဟာရဋ္ဌသာရ၊ သက်တော် (၆၁) နှစ်၊ သက္ကရာဇ် (၈၉၁) ခုနှစ်တွင် ပျံလွန်တော်မူသည်။

အဘမျိုးမှာ ပုသိမ်မင်းမြေး ရှင်စောပုတူ ဓမ္မပါလအမတ်ဟု ဆိုသည်။ အဘမျိုးတည်း။ အမိမျိုးမှာ (၆၈၄) ခု၊ စစ်ကိုင်း ဇေယျာပူရ မြို့ဟောင်းတည် သခ်ယာစောယွမ်း မိဖုရားခေါင်ကြီးတွင် ဖွားမြင်သော ရတနာထွတ်ခေါင်စေတီတော် ဒါယိကာမ၊ စိုးမင်းထိပ်ခေါင်တင် ကိုယ်တော်ကြီးနှင့် တကောင်းမင်းရိုး မင်းသတိုးနှင့် ထိမ်းမြားရာ ရတနာပူရ အင်းဝမြို့တည် သတိုးမင်းဖျားကို ဖွားတော်မူသည်။ သတိုးမင်းဖျား အရီးတော်၏ မြစ်တော်ရင်းတည်း။ ထိုဓမ္မပါလနှင့် သတိုးမင်းဖျား အရီးတော်၏ မြစ်တော်ရင်း မိန်းမနှင့် သင့်မြတ်ကြရာ ပြည်စုန်မင်း ဘုရင်မဟာသီဟသူရ နန်းတက်သည့်နှစ် (၈၃၀) ပြည့်နှစ် ဝါဆိုလ၊ ကရကဋ်ရာသီ၊ အာသဠှီ နက္ခတ်အကြိုက် ဗုဒ္ဓဟူးနေ့နံနက် အရဏ်တက်တွင် ရတနာပူရ ရွှေဝမြို့ကြီးအလယ်မှာ ငယ်မည် မောင်မောက်ကို ဖွားမြင်သည်။ ၎င်းမောင်မောက် (၁၀) နှစ်အရွယ်၌ ခမည်းတော် ဓမ္မပါလက ရွှေနန်းတော်ထက်သို့ ခေါ်၍ တက်လျှင် ဒုတိယမင်းခေါင်က သမီးတော်သုံးပါး နားထွင်းမင်္ဂလာ အခမ်းအနား၌ ဒုတိယမင်းခေါင် က "ဓမ္မပါလ ကောင်းသောမင်္ဂလာ ဆို





ရမည်" အမိန့်တော်ရှိလျှင် ပုသိမ်မင်း မြေးတော် မောင်မောက်က "ခမည်းတော် ဓမ္မပါလ သည်းခံတော်မူဦးလော၊ ကျွန်တော် မောင်မောက် ရွှေနားတော် လျှောက်ပါမည်" ဆို၊ ဒုတိယ မင်းခေါင်က "အမောင်ဓမ္မပါလ သည်းခံပေ၊ ပုသိမ်မင်းမြေး မောင်မောက် တင်လျှောက်စေ" ဟု အမိန့်တော်ရှိလျှင်–

(၁) အိုဘယ့်ဘယ် အိုဘဲ့သမီးတော်၊ နတ်သော်ပုံမယွင်း။

(၂) အိုဘယ့်ဘယ် အိုဘဲ့သမီးတော်၊ ရွှေသျှောင်သွန်းပုံဆင်း။

(၃) အိုဘယ့်ဘယ် အိုဘဲ့သမီးတော်၊ စန္ဒော်လနှယ်ဝင်း ဟူ၍ သမီးတော်မြတ်သုံးပါး၏ ဩဘာမင်္ဂလာစကားကို လျှောက်ဆိုသည်နှင့် ဒုတိယမင်းခေါင်လည်း အလွန်တရာ နှစ်သက်တော်မူ၍ အရွယ်သို့ ရောက်လျှင် သမီးတော်ငယ်နှင့် ထိမ်းမြားလက်ထပ်ရန် ရွှေနန်းတော်ထက်၌ လောက၊ ဓမ္မ၊ ရာဇ အကြောင်းသုံးပါးကို လေ့ကျက်စေသတည်း။

၅၅၀ ဇာတ်၊ ဇာတ်ကြီး (၁၀) စောင်၊ သဒ္ဒါ (၈) စောင်၊ ဆန်းကျမ်း၊ ဗေဒင်ကျမ်း၊ သင်္ကရိုက်ကျမ်း၊ ဗုဒ္ဓဝင်ကျမ်း စသည်ကို တတ်မြောက်၍ ၁၆ နှစ်ရွယ်က ဘူရိဒတ်လင်္ကာကြီးကို ရေးသည်။ (၁၉) နှစ်အရွယ်ရောက်လျှင် မင်းစည်းစိမ်ကို နှစ်သက်တော်မမူပြီးလျှင် စစ်ကိုင်းမြို့ကျောင်း သီဟိုဠ်ရောက် သဃ်ာထီးသုဘာစာရ ဆရာတော်ထံ၌ ပဉ္စပါရမီ ဖြည့်တော်မူသည်။

စတုဓမ္မသာရ (၉) ခန်း၌ တို့မိမျိုးကား ဟူရာတွင် စစ်ကိုင်း ဇေယျာပူရမြို့ဟောင်း အနောက်ယွန်းယောင် ခရီးရှစ်တိုင်ကွာ ကန်စွန်းနိမ့်တွင် ဟောင်း ယခုစာရေးရွာ ဘောက်သောက်လင်းယင် (လင်ရင်း) ရွာ ခေါ်ကြသည့် ရွာနေ တောင်သူသမီး ဖွားစဉ်ကာလ အိမ်အနီး၌ စိုက်ထားသော စံပယ်ပင်သည် စံပယ်တစ်ပွင့်၊ မြတ်လေးတစ်ပွင့် ပွင့်သည်။ ပထမနိမိတ်။ နောက် ထိုသူငယ်မ၏ အနီးလှန်းထားရာ စွန်သုတ်ချီသွားသည်။ ဒုတိယနိမိတ်။ နောက် ထိုသူငယ်မလက်တွင် ငါးအရှင် ခုန်တက်သည့် တတိယနိမိတ်များကို ပြသည်။ ထိုသူငယ်မ အချိန်အရွယ်တိုင် ရောက်လျှင် အိမ်နီးချင်း တောင်သူသားတစ်ယောက်နှင့် ရည်ငံသင့်မြတ်ကြ၍ (၆၈၄) ခု၊ အသက် (၂၄) နှစ်အတွင်း စစ်ကိုင်းမြို့မှာ နန်းတက်၍ နန်းစံ (၁၄) နှစ် ကြာသော ကြာသပတေးသား တရဖျားကြီး အမည်ခံသော သားငယ်ကို ဖွားမြင်ပြီးနောက် အိမ်နီးချင်းတောင်သူသား ငယ်လင်နှင့် ကွာရှင်းကြပြီးလျှင်

စစ်ကိုင်းမြို့သို့ လာရာ ၎င်းမြို့တံခါးဗိုလ်အိမ်တွင် တည်းခိုနေပြီးမှ ကိုးခရိုင်စီရင်စု၊ (၄) ခရိုင်နယ် ပင်လယ်မြို့သို့ရောက်၍ တစီးရှင်သီဟသူမင်းကြီးမြင်လျှင် သိမ်းယူ၍ မြောက်နန်းတင်ရာတွင် စစ်ကိုင်းမြို့ဟောင်း မင်းဝံတောင်အနီး ဇေယျာပူရမြို့တည် သခ်ယာစောယွန်းကို ဖွားမြင်သည်။ ယင်းမြောက်နန်းတော်မိဖုရား၏ အတ္ထုပ္ပတ္တိ စကားများမှာ ဇေယျာပူရ စစ်ကိုင်းမြို့တည် စာတမ်း ၂ အင်္ဂါကျော်တွင် ဆိုသည်။

စဥ့်ကိုင်ဒေဝသူဌေးသား မောင်ကုလား စီရင်သည့် ရာဇဝင်ကြီးတွင် လည်းကောင်း၊ တွင်းသင်းတိုက်ဝန် စီရင်သည့် ရာဇဝင်သစ်၊ မှန်နန်းတော် ရာဇဝင်တော်ကြီးတို့တွင် လာသည့်အကြောင်းကား မြောက်ဘက်လင်းယင်ရွာ၌ အသည်သမီးတစ်ယောက်သည် အဆင်းအင်္ဂါ လက္ခဏာကြီးငယ်နှင့် ပြည့်စုံ၏။ အရွယ်သို့ ရောက်လျှင် မိဘတို့ သင့်ရာလူနှင့် အိမ်ထောင်ခမ်းနားပေး၍ များမကြာမီ သားတစ်ယောက်မြင်လျှင် မိဘ၊ လင်တို့ ကံကုန်သေဆုံးကြ၏။ မိဘ၊ လင်တို့ မရှိလျှင် ငါ၏ အဆင်းအင်္ဂါနှင့် ကိုယ်ဆင်းရဲနိုင်မည်လောဟူ၍ မြောက်ဘက်အရပ်ကသည် တောင်ဘက် ပင်လယ်အရပ်သို့ သွား၍ နေလေ၏။ အခါတစ်ပါး တစီးရှင်သီဟသူမင်း ပင်လယ်မြို့ကို မင်းပြုသောအခါ တောကစားအံ့ဟူ၍ သွားတော်မူ၏။ ထိုအခါ မိန်းမငယ်ကို မြင်တော်မူလျှင် ထိုမိန်းမငယ်သည် ရှေး၌ ပြုဖူးသော ကုသိုလ်သို့ ရောက်ပြီးဖြစ်၍ အလွန်တပ်မက်တော်မူ၏။ သီဟသူလည်း မင်းချင်းတစ်ယောက်ကို ခေါ်တော်မူ၍ သည်မိန်းမငယ် လင်ရှိသလောဟု မေးရလေ၏။ မိန်းမငယ်လည်း အကျွန်ုပ်လင်သည် သားတစ်ယောက်မြင်လျှင် ကံကြမ္မာကုန်လေသည်။ ယခု လင်မရှိပါ။ (၂) နှစ်အရွယ် သားတစ်ယောက်သာ ရှိသည်ဟူ၍ နားတော်လျှောက်လေ၏။ သီဟသူသည် သူငယ်မ အပြင်အလျာ မြင်ကတည်းကပင် နှလုံးတော်တိမ်းညွတ်သည်ဖြစ်၍ နန်းတင်လေ၏။ နန်းတင်၍ များမကြာ ပဋိသန္ဓေရှိ၍ နေ့လစေ့လျှင် အသခ်ယာစောယွန်း တစ်ပါး၊ သမီးတော် တောင်တွင်း ပွင့်လှဦး သီဟပတေ့နှင့် စုံဖက်သည် စောပုလဲ တစ်ပါး၊ ပေါင်း (၂)ပါးတည်းဟု လာသည်။ နောက် သခ်ယာစောယွန်း (၆၇၇) ခုနှစ် နန်းတက်တော်မူရာ မိဖုရားခေါင်ကြီးတွင် ဖွားမြင်တော်မူသော သမီးတော်ကြီး ရတနာထွတ်ခေါင်စေတီတော် ဒါယိကာမ စိုးမင်းကိုယ်တော်ကြီးကို တကောင်းမင်းရိုး





မင်းသတိုးနှင့် ထိမ်းမြား လက်ထပ်တော်မူရာတွင် (၇၂၆)၊ ရတနာပူရအဝမြို့ကို လက်မွန်အစ ပထမ တည်ထောင်တော်မူသော သတိုးမင်းဖျားကို ဖွားမြင်တော်မူသည်။ ထိုသတိုးမင်းဖျား၏ မြောက်နန်းမိဖုရား စောမင်းညို၊ ၎င်း သမီးတော် စောနန်း၊ ၎င်းစောနန်း မြစ်တော် ရှင်ရဋ္ဌသာရတည်း။

အဘအမျိုး ဟံသာဝတီမြို့ နန်းတက်သော တိုင်းမင်းရာဇဓိရာဇ်မိဖုရား ဒလသုဒ္ဓမာယာတွင် မြင်သော သမီးတော်မြတ်သည် မဟာဥကင်တော်ဖွင့်တွင် ဝိသုဒ္ဓိရာဇဒေဝီ တံဆိပ်နာမံခံပြီးနောက် မုဒ္ဓါဘိသိက် ခံတော်မူစဉ် သီရိတြိဘဝနာဒိတျာ ပဝရဓမ္မတိလောကနာထ မဟာဓမ္မရာဇာဓိရာဇဒေဝီဟူသော နှစ်ကြိမ်မြောက် တံဆိပ်နာမံတော် ခံယူတော်မူ၍ ရာမညတိုင်းမွန်ပိုင်းသုံးရပ်၌ (၁၇) နှစ်မင်းပြုသော ရှင်စောပုတစ်ယောက်၊ မောင်တော်ဗညားဓမ္မရာဇာ တစ်ယောက်၊ ညီတော်ဗညားရန် တစ်ယောက်၊ ပေါင်း (၃) ယောက် ဖွားမြင်သည်။ အဘရာဇဓိရာဇ် မရှိသည်နောက် ဟံသာဝတီတွင် ဗညားဓမ္မရာဇာ မင်းပြု၍နေသည်။ နောက် မောင်တောင်နှစ်ပါး မရှိသည်နောက် ဟံသာဝတီ မွန်ပိုင်း (၃)ရပ်ကို ရှင်စောပု မင်းပြုလုပ်စဉ် သမီးတော်တကာသင်ကို မောင်တော်ဗညားရန်သား၊ တူတော် ဗညားအိန်နှင့် စုံဖက်တော်မူပြီးလျှင် ပုသိမ်မြို့ကိုပေး၍ ဘုရင်ခံမင်းပြုလုပ်သည်။ ၎င်း ပုသိမ်မင်းမြေးကား ရှင်ရဋ္ဌသာရတည်း။ ထိုရှင်ရဋ္ဌသာရ အဘကား သဒ္ဒါ၊ သီလ၊ သုတ၊ စာဂ စသော သူတော်တရားနှင့် ပြည့်စုံခြင်း၊ ပိဋကတ်၊ ရာဇဝင်၊ ဗေဒင်၊ ဆေးကျမ်းတတ်ခြင်း၊ တရားတို့၌ လိမ္မာပွမ်းတီးသဖြင့် ဒုတိယမင်းခေါင် လက်ထက် အလေးအမြတ်ပြု၍ မပြတ်ကြည်ညို ကိုးကွယ်ပြီးလျှင် မင်း၏ အတိုင်ပင်ခံရခြင်း စသော ဂုဏ်ကျေးဇူး အထူးနှင့် ပြည့်စုံသော အမတ်မျိုးတည်း။

ရှင်ရဋ္ဌသာရ အဘငယ်မည်ကို အရပ်ရပ် ရာဇဝင်၊ စာဟောင်း စာတမ်း၊ ချေင်း၊ မော်ကွန်း၊ ရတု၊ ရကန်၊ ကျောက်စာ၊ သံပိုင်းများမှာ မတွေ့ဖူးချေ။ အဘမျိုးမှာ ဟံသာဝတီ ရာဇဓိရာဇ်သမီး ရှင်စောပုက ဆင်းသက်၍ တော်သည်။ အမိမျိုးမှာ သတိုးမင်းဖျား သမီးတော်က ဆင်းသက်၍ တော်သည်။ ထိုအရှင်သည် ငယ်စဉ်ကပင် ဗဟုသုတ ကျမ်းဂန်တတ်သည်နှင့် ရတု ကဗျာ ရေးသည်။ အသက်(၁၂) နှစ်က သုံးဆယ်နှစ်ပါးချိတံတားဦးတည် မော်ကွန်းကို ရေးသည်။ (၁၆) နှစ်မှာ ဘူရိဒတ်လင်္ကာကြီး၊

(၂၆) နှစ်တွင် ဘူရိဒတ်ဇာတ်ပေါင်း၊ (၅၅) နှစ်တွင် စတုဓမ္မသာရ (၉) ခန်းကို ရေးသည်။ ရွှေနန်းကြော့ရှင် လက်ထက် ပုံတောင်နိုင်မော်ကွန်း၊ ဂမ္ဘီသာရ၊ ဝတ်ရုံကျောင်းဘွဲ့ကို ရေးသည်။ သက္ကရာဇ် (၈၈၈) ခုနှစ် ပြည်မြို့သို့ ရောက်မှ စတုဓမ္မသာရ (၉) ခန်းကို နိဂုံးရေးသည်။ သံဝရပျို့ကို အသက် (၆၁) နှစ်တွင် ပြည်မြို့မှာ ရေးသည်။ သံဝရမင်းသားနှင့် ပြည်မြို့မင်း ဘုရင်ထွေး တူ၍ ၎င်းပျို့ကို ရေးသားပြီး ဘုရင်ထွေး လက်သို့ ဆက်သွင်းသည်။ ရတု၊ တောလားများကိုလည်း ရေးသားသည်။ ပြည်မြို့တွင် ဘုရင်ထွေး လက်ထက် အသက် (၆၂) နှစ်တွင် ဘဝပြောင်းသည်။

၁။ တံတားဦးတည်၊
၂။ ဘူရိဒတ်လင်္ကာကြီး၊
၃။ ဘူရိဒတ်ဇာတ်ပေါင်း၊
၄။ စတုဓမ္မသာရ (၉) ခန်း၊
၅။ ပုံတောင်နိုင်မော်ကွန်း (၄၈) ပုဒ်၊
၆။ ဂမ္ဘီသာရ (၁၄၅) ပုဒ်၊
၇။ လောကသာရလင်္ကာ၊
၈။ ဝတ်ရုံကျောင်းဘွဲ့၊
၉။ ပါဒနက်သံ ဧကပိုဒ်၊
၁၀။ တောလား၊
၁၁။ သံဝရပျို့ (၁၉၃) ပုဒ်၊
၁၂။ ရတုကဗျာ။

ဤကဲ့သို့ အဖအမိ မျိုး (၂) ပါးတို့ဖြင့် အလွန်စင်ကြယ်သန့်ရှင်း မြင့်မြတ်သော အမျိုး၌ ဖွားမြင်းတော်မူသည်။ သူငယ်အဖြစ် (၁၆) နှစ် အရွယ် ဘူရိဒတ်လင်္ကာကြီးကို ဒုတိယမင်းခေါင်နန်းစံ (၄) နှစ်မြောက်တွင် စပ်ဆိုတော်မူသည်။ လင်္ကာနိဂုံး၌ ကျေးဇူးတော်မူသည် အစချီသော ပုဒ်ကို ကြည့်။

သက္ကရာဇ် (၈၅၅) ခု၊ သက်တော် (၂၅) ခုနှစ်တွင် စပ်ဆိုသော ဘူရိဒတ်ဇာတ်ပေါင်းပျို့ နိဂုံး၌ "ကြားပိမ့်နာလော ချီ" သောပုဒ်ကို ကြည့်။ သက္ကရာဇ် (၈၆၃) ခုနှစ် ရွှေနန်းကြော့ရှင် နရပတိနန်းစံ (၂၂) နှစ်၊ သက္ကရာဇ် (၈၈၅) ခုနှစ် တပို့တွဲလဆန်း (၁၂) ရက် စနေနေ့ သက်တော် (၅၅) နှစ်တွင် စပ်ဆိုသည့် စတုဓမ္မသာရ (၉) ခန်း နိဂုံး၌ "ကြားပိမ့်သိလော"





ချီသော ပုဒ်ကိုကြည့်။ ကလေးမိုးညှင်းပုဒ်၊ ရွှေနန်းတော်ပုဒ်၊ နန်းထက်သမီး၊ ၎င်းပုဒ်များကို ကြည့်။

သံဝရပျို့၊ ဂမ္ဘီသာရပျို့၊ တံတားဦးတည်မော်ကွန်း၊ ပုံတောင်နိုင်မော်ကွန်း၊ စစ်ကိုင်းမြို့ ပဲပုံတောင်နှင့်တကွ (၃၇) တောင်ခြံရံသော ဝတ်ရုံတော်ကြီးများတွင် သဗ္ဗညုရှင်တော်ဘုရား သင်္ကန်းတော်မြတ် ဝတ်ရုံတော်မူသည့် အကြောင်းကို စပ်ဆိုသော ဝတ်ရုံကျောင်းဘွဲ့ မော်ကွန်းသုံးပိုဒ်၊ ကြံတွက်ဆ၍၊ လျှံတက်ပ၍၊ သံမြွက်ဟ၍ချီသည့် ပိုဒ်စုံ (၃)။ နန်းမြေအောင်ချာ၊ ရွှန်းဝေပြောင်ဝါ၊ ထွန်းနေရောင်ဝါ ချီသည့်ပိုဒ်စုံ (၃)။ ရေနှယ်မြှောက်မည်၊ မီးသို့တောက်မည်၊ မျိုးမည်စုံအင် ချီသည့် ကိုယ်ရည်သွေး ရတု (၃) ပိုဒ်။ ဘူမိပါလ၊ မုနိရာဇ၊ သုတိသာရ အစချီသည့် ရာဇဝသတီ ရတု (၃) ပိုဒ်။ သုဝဏ္ဏပဘာ၊ ပဥ္စကလျာ၊ ဒေဝစ္ဆရာ အစချီသည့် တောင့်တဲတွန့် ရတု (၃) ပိုဒ်။ ပုရေနိသင်၊ လူ့မြေထိတွင်၊ ဆုဝေဘိချင် ပိုဒ်စုံရတု (၃)။ မေးဖြေဖျောက်၍ အစချီသည့် ဧကပိုဒ်ရတု၊ အောင်ဇေယျတု အစချီသည့် ပထမပိုဒ်၊ ယာယီကြောကို အစချီသည့် ဒုတိယပိုဒ်၊ တောကြက်တွန်မြူး အစချီသည့် တတိယပိုဒ်၊ ပုံ့ပြူးလေပြည် အစချီသည် စတုတ္ထပိုဒ်ဟု ဆိုအပ်သော ရွှေစက်တော်တောလား လင်္ကာ (၄) ပိုဒ်၊ အမျိုးလေးပါး ဧကပိုဒ်ရတု၊ သုစိပုဘာ အစချီသည့် ဧကပိုဒ်လင်္ကာ၊ အတိုင်းမသိ ကျေးဇူးရှိသည် မုနိသကျ ဂေါတမ၏ ရွှေစက်တော်ရာ ဘုရားရှိခိုးလင်္ကာ၊ ပုဂန္ဓရ စသည်ဝန်းရံ ရောင်လျှံလေးဦး ချီသောပိုဒ်၊ ယမန်သရော် ရှုမျှော်တိုက်တွန်းချီသော ပိုဒ်၊ ပီတိပျောဟုံ ထိုသို့တုံလျက် ချီသောပိုဒ်၊ တိဟိတ်ပဋိသန္ဓေ ပညာတွေ့ဖြင့် ချီသောပိုဒ်၊ ၎င်း ရတုများကို စပ်ဆိုလျှင် ရွှေနန်းကြော့ရှင် နရပတိမင်းထံ သွင်းသည့် အမျက်လင်္ကာ (၄) ပိုဒ်၊ ညာကြေပေါ်ထင် ရှာဖွေသော်လျှင် သာထွေပျော်ရွှင် အစချီသော ပိုဒ်စုံရတုသည် သဗ္ဗညုရှင်တော်ဘုရားလောင်း ဝံသတ္တဝါ ဖြစ်ဖူးသည့်အကြောင်းကို အစွဲပြု၍ ဝံတောင်လယ်တွင်သော၊ ပြည်မြို့ ဝံတောင်လယ်ဘုန်းတော်ကြီး သဒ္ဓမ္မဇောတိကို မေးသည့်ရတု (၃) ပိုဒ်၊ ဌာနေတော်၍ စာပေပျော်၍ ညာကြေကျော်၍ ချီသော ဝန်တောင်လယ်ဘုန်းကြီးကို မေးသော ရတု (၃) ပိုဒ်။

၎င်းဘုန်းတော်ကြီးက ပြန်၍ဖြေဆိုသော ရွှေစက်ကြွလည်၊ ဖြေခက်လှသည်၊ ဝေသက်မျှသည်၊ ပိုဒ်စုံ (၃)။ ခေတ္တာသရေ၊ နှစ်လမသွေ၊ ချစ်စ

မပြေ ရှိသည့် ပိုဒ်စုံ (၃)။ ခေတ္တာအောင်မြေ၊ နှစ်လသောင်နေ၊ ချစ်စနှောင်ထွေ ရှိသည့် ပိုဒ်စုံ (၃)။ အောင်ချာနန်းမြေ၊ ပြောင်ဝါရွှန်းဝေ၊ ရောင်ဝါထွန်းနေ ရှိသည့် ပိုဒ်စုံ (၃)။ ရွှန်းဘိသည်လည်း ရွှမ်းဘိသည်၊ လွှမ်းမိသည်လည်း လွှမ်းမိသည်၊ တမ်းမိသည်လည်း တမ်းမိသည် ရှိသည့်ပိုဒ်စုံ (၃)။ ပြည်မြို့ ဝံတောင်လယ် ဘုန်းတော်ကြီး သဒ္ဓမ္မဇောတိ စပ်ဆိုသော ရတုများနှင့် သက္ကရာဇ် (၈၈၈) ခုနှစ် ပြည်မြို့ ဆင်ဖြူရှင် ဘုရင်သတိုးမင်းစောက ပင့်၍ ကိုးကွယ်ရာ၊ နောက် သားတော် ပြည်ရှင်ဘုရင်ထွေးမင်းကို သံဝရ မင်းသားနှင့် တူကြောင်းကို စပ်ဆိုသည့် သံဝရပျို့။ စုစုပေါင်း (၅)။ မော်ကွန်းပေါင်း (၃)၊ ရတုပိုဒ်စုံ (၁၀) များကို စပ်ဆိုတော်မူသော ငယ်မည် မောင်မောက်၊ ရဟန်းမည် ရှင်ရဋ္ဌသာရ၊ တံဆိပ်မည် မဟာသံဃရာဇာ သာသနာပိုင် မထေရ်သူမြတ်အကြောင်းကို လူပညာရှိ၊ ရဟန်းပညာရှိ၊ သူတော်ကောင်း အမျိုးသားတို့ ကြည်ညိုခြင်းနှင့်တကွ နည်းယူမှတ်သား လိုက်နာကြစေရန် ရေးမှတ်သော မဟာရဋ္ဌသာရပွတ္တိ စာတမ်းတည်း။

**စပ်လျှဉ်းသော တေးထပ်**

ကုမ္ဘာရီနုဖပ်ဖပ်၊ တစ်ခုလပ်သာအင်၊ ရှုမှတ်ဖို့စာတင်မယ်၊ ရာဇဝင်
ထင်ရှား။ ရွှေပေါက်သောက် လင်းယင်ရွာမှာ ရှင်းလင်ကွာ
မိန်းမတပါး။ တရဖျား အမြွက်ဖြာတယ်၊ အထက်ပါရင်သား၊
ရှက်စရာ အင်အားနှင့် ငါးနှစ်ခန့် ပြုပြု။ စားရိက္ခာ တမ်းတန္ဓမ်း
သော်ကြောင့်၊ လှမ်းကြွမြန်း သားမိအတူ။ ပန်းယနန်း ဒီဇမ္ဗူမှာ
သီဟာသူထွက်ဆဲနှင့် လက်ခနဲ မြင်တည့်လျှင် တိမ်းမပ်၍ပင်၊
တစ်ခုလပ် ရွှေနန်းတင်တယ်၊ ရေဖျန်းပင် ခံသေးငဲ့လေး။ ။

ဌင်းတေးတပ်ကား တောင်သမန် လယ်စားမင်း ဦးဖေငယ် ရေးသား သည်ဟု ဆရာအကြီးတော်မင်း ဦးသံမှ ပြောသည်ကို မှတ်သားရပေသည်။

## (၁၁) ရှင်အုန်းညိုအကြောင်း

မိုးညှင်းခြောက်ဆက် မင်းတို့လက်ထက် ဂါထာ (၆၀)၊ စာ ၃ အင်္ဂါခန့်ကို ရေးသည်။ အကြောင်းအရာမှာ မြတ်စွာဘုရားသခင် ခမည်းတော် သုဒ္ဓေါ ဒန မင်းကြီးက သားဘုရားမြတ်ထံ တမန် (၉) ခေါက် စေလွှတ်သော် လည်း မကြွလာသောကြောင့် ဖွားဖက်တော် ကာဠုဒါယီအမတ်ကို အထက်က အမတ်တို့နည်း ဗိုလ်ခြေ (၁၀၀၀) နှင့်ပင် စေသည်တွင်၊ ကာဠုဒါယီ အမတ်နှင့်တကွ ဗိုလ် (၁၀၀၀) ကို ရဟန်းပြုတော်မူ၍ ရဟန်းဖြစ်လျှင် ကပ္ပိလပြည်တော်သို့ ကြွတော်မူစေချင်ကြောင်း၊ တပေါင်းလ ရာသီ တောတောင် သစ်သီး ပန်းမန် ဥတုတို့ သာယာကြောင်းကို စကား (၆၀) တို့ဖြင့် ချီးမွမ်းအံ့ဩ လျှောက်ထားတောင်းပန်သည်တွင် ဘုရားသခင် လည်း ရှေးဘုရားတို့သည် ခမည်းတော်တို့ ပင့်ခေါ်သည်ကာလ ပြည်တော်သို့ ပြန်မပြန်ကိုကြည့်လျှင် ပြန်တော်မူကြောင်းကို မြင်တော်မူ၍ ပြည်တော်သို့ ပြန်တော်မူမည်။ ယူဇနာ (၆၀) ခရီးကိုလည်း နွေဥတုအထွက် တစ်ရက်က အရက် (၆၀) နှင့် အရောက်ကြွတော်မူမည့် အကြောင်းများကို မိန့်တော်မူ၍ ကပ္ပိလပြည်သို့ ကြွတော်မူကြောင်းနှင့် ဂါထာ (၆၀) ပျို့၊ ဆန်ပြန်ပျို့ကို ရေးသားတော်မူသည်။ ပေလေးပင် ရှင်လေးပါး အဝင် ဖြစ်သည်။

ထိုအရှင်၏ ဇာတိမှာ တောင်တွင်းကြီးဟု သက်ကြီးတို့ ပြောကြ၏။ အမိ၊ အဖ၊ အမည်ကို စုံစမ်း၍ မရကြောင်း။

## (၁၂) ရှင်ခေမာအကြောင်း

ပေလေးပင် ရှင်လေးပါး အပါအဝင် ဖြစ်သည်။ ဇာတိမှာ တောင်တွင်းကြီးမြို့သားဟု သက်ကြီးတို့ ဆိုကြ၏။ ၎င်းအရှင် စီရင်သော စာများကို ရှာဖွေစုံစမ်း၍ မရချေ။ မိုင်းကိုင်မြို့စား ပိဋကတ်တော်အုပ်မင်း စီရင်သော ပိဋကတ်သမိုင်းတွင် မဖော်မပြချေ။ အမိ အဖ နှစ်ပါးတို့ကိုလည်း စုံစမ်း၍ မရ ဖြစ်ကြောင်း။

## (၁၃) တောင်တွင်းဆရာတော် ခင်ကြီးပျော်အကြောင်း

သက္ကရာဇ် ၁၀၈၄ ခုနှစ်တွင် ဖွားမြင်သည်။ နံ့ အင်္ဂါ၊ ဇာတိ တောင်တွင်းကြီးမြို့။ လူမည် ဦးပျော်။ သက်တော်ရှေ့တွင် ရဟန်းပြုသည်။ ရဟန်းမည် ရှင်ဉာဏဝရ။ ဒါယကာ ဒုတိယမဟာဓမ္မရာဇာပူရ စစ်ကိုင်းမြို့တည် နောင်တော်မင်းတရားကြီး ကိုးကွယ်တော်မူသည်။ သက်တော် (၃၉) နှစ်၊ ဝါတော် (၁၉) ဝါ၊ သက္ကရာဇ် (၁၁၂၄) ခုနှစ်တွင် ပျံလွန်တော်မူသည်။ တံဆိပ်–ဉာဏာဘိလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု။

၎င်းဆရာတော်မှာ တောင်တွင်းမြို့ ဇာတိ၊ ပေ (၂) ပင်၊ ရှင် (၂) ပါး အပါအဝင်ဖြစ်သည်။ ထိုဆရာတော်ကို ဖွားတော်မူစဉ် ပေါ်ပေါက်လာသော ပေပင်ကား လုံးရပ်သဏ္ဌာန် ပင်စည်အရွက်အဖူး ကြီးမား ဖွံ့သန်၏။ ၎င်းဆရာသည် ပညာသတ္တိ ကျော်စောခြင်းကား မြေအနံ့အဖြစ်သည်ဟူ၏။ ကျော်စောခြင်း (၃) ပါးနှင့် ပြည့်စုံသည်။ ကျောင်းသား သူငယ်က သီဟိုဠ်ကျွန်းတွင် မြန်မာပြည်၌ ပိဋကတ်စာပေတတ်သော သူငယ်တစ်ဦး ရှိသည်ဟု အုတ်အုတ်ကျက်ကျက် ဖြစ်၏။ နောက် သာမဏေအဖြစ်တွင်လည်းကောင်း ကျော်စောခြင်း ဖြစ်ပြန်၏။ ၎င်း ဆရာသည် ကျောင်းသားငယ်စဉ်ကပင် အဝမြို့သို့ ရောက်၍ စာပေကျမ်းဂန်များကို ရှာဖွေသင်ကြားသည်။ သူငယ်ချင်း ဖြစ်သည့် ခင်ကြီးပြောင်နှင့်မူကား သွားဖက်ပြန်ဖက်သည်။ သူငယ်ချင်း ဖြစ်သည့် ခင်ကြီးပြောင်နှင့်မူကား သွားဖက်ပြန်ဖက်သည်။ ရဟန်းဖြစ်၍ အလောင်းမင်းတရားကြီး၏

သားတော်ကြီး နောင်တော်ကြီးက ကိုးကွယ်သောဆရာ ဖြစ်သည်။ အလောင်းမင်းတရားကြီးမှာမူကား ရွှေဘိုမြို့ဆရာကို အတုလဆရာတော်ဘွဲ့နှင့်ပင့်၍ သာသနာပိုင်အရာ လှူတော်မူသည်။ ၎င်းလက်ထက်အခါတွင် မောင်ရှင်သာမဏေများ ကိုယ်ရုံသင်္ကန်းကို ရုံသင့် တင်သင့် အငြင်းအခုံဖြစ်၍ အတုလဆရာတော်က တင်သင့်ကြောင်း၊ ခင်ကြီးပျော်တို့က ရုံသင့်ကြောင်း ကွဲပြားသော်လည်း သာသနာပိုင် အမိန့်အတိုင်း လိုက်ကြ၏။ မလိုက်လိုသူများ သာမဏေ မလုပ်ဘဲ ချက်ချင်း ရဟန်းခံကြ၏။ နောက် သားတော် နောင်တော်ကြီး နန်းတက်လျှင် ခင်ကြီးပျော်သာသနာပိုင်ဖြစ်၍ အထက်ဆရာတော်များက ရုံသင့်ကြောင်း စုရုံး၍ ခင်ကြီးပျော်ကို ပြောကြရာ ခင်ကြီးပျော်က တပည့်တော် မတတ်နိုင်၊ သာသနာပြုဆရာ (၁၄) ပါးတို့က တုံ့ဂိုဏ်းပင် ဖြစ်သည်။ ၎င်းပြင် တဘောင်တစ်ခု ပေါ်လာသည်မှာလည်း "သည်သဲပုံ ငွေဖြစ်မှ ရုံရစ်တော့လေး" ဟု တဘောင်ရှိသည်ဟုဆိုလျှင် ခင်ကြီးလည်း သဘောတူ၍သာဟု စိတ်ဆိုး၍ ထွက်ခွာသွားကြသည်။ ၎င်း တဘောင်မှာ သဲပုံကား သောကြာသား၊ အလောင်းမင်းတရားကြီးတည်း။ ငွေကား တနင်္လာ၊ ဘိုးတော် ဘုရားတည်း။ အလောင်းမင်းတရား နန်းဆက်သည် ဘိုးတော်ဘုရားသို့ ရောက်မှ ဖြစ်မည်ဟူသည်တည်း။ သို့အတိုင်း ဘိုးတော်ဘုရား နန်းတက်လျှင် စလင်း ဆုံထားဆရာတော်ဘုရားထံ မောင်ရှင်ကြီးတစ်ပါး စာဝါတောင်းရာတွင် ဆရာတော်က မောင်ရှင်ကို လက်မခံလို၊ ရဟန်းခံမှ သင်လိုသည်ဆိုက တပည့်တော်လည်း ၎င်းအတိုင်း သဘောမကျ။ ရဟန်းခံပါမည် လျှောက်သည်ကို စလင်းမြို့ရှိ တုံ့ဂိုဏ်းဆရာ သံဃာတို့ကြား၍ အမရပူရမြို့သို့ တက်ပြီးလျှင် တုံ့ဂိုဏ်းဝင်အဆက် သာသနာပိုင်ထံ ကိုယ်တော်တို့အား အလဇ္ဇီဆိုသည်ဟု ကုန်းချောပြောဆိုရာ သံဃရာဇာအာဏာဖြင့် ဆုံထား ဆရာတော်ကို ကပ်ဖိယူရမည် ရှိသည်တွင် မြို့တော်ရှိ ဆုံထားဆရာတော်ကြီး တပည့်တပန်း ကူးသန်းရောင်းဝယ်သူ လူများ၊ မင်းမှုထမ်းများက ဦးစွာ ဆုံထားဆရာတော်ထံ အမြန်စေလွှတ် လျှောက်ထား၍ ဆရာတော်လည်း နေ့ကိုပုန်း၍ ညဉ့်ကိုဆန်၍လာရာ ယူမည် ဖမ်းမည် သွားသောသူတို့လည်း စလင်းသို့ ရောက်လျှင် ဆုံထားဆရာတော်နှင့် တွေ့၍ ဖမ်းမည် ဆီးမည် ရှိရာ၊ ဆုံထားဆရာတော်ကလည်း ဖမ်းလျှင် ခုခံရိုက်ခတ်မည် သံဃာအများ သင်္ကန်းဝါဝါ တရုံးရုံး ရှိနေသည်ကို





ဘိုးတော်ဘုရင်လည်း မြစ်လယ်ကျွန်း၌ ရေသဘင်ကစားမည် ထွက်တော်မူရာ မြင်၍ အကြောင်းမေးပြန် သိရလျှင် ဤအကြောင်းကား အကြမ်းမျှမဟုတ်၊ မပြုစေရာ။ ဘုရားတရားတော် ရှိသည့်အတိုင်း ဖြစ်ရာသည်။ နက်ဖြန် သုဓမ္မာတွင် ရှင်းရမည် အမိန့်တော် ရှိတော်မူ၍ မဟာဒါန်စာရေးဝန်တို့ စီမံပြီး နောက်နေ့ ရှင်းကြရာ တုံ့ဂိုဏ်းက ဇင်းမယ်ပြု မင်္ဂလာသာရဒီပနီကျမ်းကို ကိုးကား၍ ပြောဆိုလျှင် ဆုံထားဆရာတော်က ၎င်းကျမ်းကား သင်္ဂါယနာတင်ကျမ်း မဟုတ်၊ သေခိယ၌ အန္တရ ဃရေ ပါရုပိတွာဟု ပြည်ရွာအတွင်း သင်္ကန်းရုံ၍ သွားရကြောင်း ပါသည်။ သေခိယကား ဘုရားဟော ပါဠိတော်ရင်း ဖြစ်သည်အတိုင်း ကျင့်ရမည် ဆိုလျှင် တုံ့ဂိုဏ်းက မချေနိုင်၊ ရှုံးနိမ့်၍ ရုံဂိုဏ်းတလုံးတည်း ဖြစ်ကြသည်။

၎င်း ခင်ကြီးပျော် ပြုစီရင်သော ကျမ်းများကား–

၁။ ဝိထိလက်ရိုး၊

၂။ ပုဒ်စစ်၊

၃။ ကပ္ပလက္ခာရ၊

၄။ အာဒိကပ္ပ၊

၅။ ဒွါဒသိန်၊

၆။ စားတော်ချက်ကျမ်း၊

၇။ (၃၇) မင်းနတ်တီးသီချင်းတီးမျိုးပါမှ စ၍ များစွာရေးသည်။

၎င်းဆရာတော်ကား "မ" ကာရလောပကျေ၍ မတတ်သောအရာမည်သည် မရှိဟူ၏။ တစ်နေ့သ၌ နောင်တော်ကြီးဘုရင်က ဆရာတော်ကား သဘင်အတီးအမှုတ်ကို နားလည်မည်မထင်၊ ကျောင်းတွင် ဆိုင်းတီးချေဟု စေ၍ ဆိုင်းသမား အမိန့်တော်မြွက်အတိုင်း တီးရာ ဆရာတော်လည်း သင်္ကန်းခြုံ၍ နားထောင်ပြီးလျှင် အောက်သို့ဆင်းလာ၍ ဆိုင်းသမားအား ဤလုံးနှင့် ဤအလုံးကိုပေါင်း၊ ဤကိုခွဲ၊ ဤလက်က ဤသို့ စသည့်ဖြင့် တီးစေရာ ဆိုင်းသမားလည်း နှစ်ကြိမ်သုံးကြိမ်ရှိလျှင် တီးတတ်၍ မကြားဖူး၊ မကြုံဖူးအောင် ကောင်းသဖြင့် တီးရိုးကို ရကြသည်။ သီချင်းမူကား မရှိ။ နောက် မြဝတီမင်းကြီး လက်ထက်မှာ အသွားသီချင်းကို ရေးသည်။ သီချင်း အမည်ကား သမ္မာဒေဝနတ် သီချင်းတည်း။

တစ်ကြိမ်လည်း ဆရာတော်ကား အခြားပညာအရပ်ရပ်ကို ကမ်း

တစ်ဖက်ခပ် တတ်မြောက်သော်လည်း တံငါတို့ ကွန်ပစ်ခြင်း အတတ်ကိုကား ရဟန်းတို့နှင့်မဆိုင်၍ မတတ်ရာဟု ဆိုကြသည်ကို သိလျှင် ညဦးအခါ ရဟန်းငယ် (၁)၊ ကပ္ပိယ (၁) ကို ခေါ်၍ စစ်ကိုင်းမြို့ ထူပါရုံဘုရား အနီးတွင် တံငါကြီးတစ်ယောက်ကို ခေါ်၍၊ ကွန်ပစ်ပြစေလျက် ငါးရကို ရေတွက်ပြီးလျှင်၊ နောက် ဆရာတော်က နည်းပြ၍ ကပ္ပိယကို ပစ်စေသည်။ တံငါထက် ငါးအရေအတွက် များ၍ ပြန်ခဲ့လေ၏။

ဆရာတော်ဘွဲ့ကား ဉာဏာလင်္ကာရဓဇမဟာဓမ္မရာဇဓိရာဇဂုရု ဟူသတည်း။ တောင်သမန် မေဃဝတီဆရာတော် ပုဒ်စစ် သင်ချရာ သောအာစရိယ၊ အိုဉာဏာလင်္ကာရဓဇမဟာဓမ္မရာဇဂုရု၊ အတုမဲ့ကောင်း၊ ဇမ္ဗူသောင်းမျှ၊ မကာထပ်ထပ်၊ ကျော်သုံးရပ်ဖြင့်၊ နှံ့စပ်မကြွင်း၊ သီဟိုဠ်တိုင် ချဉ်းရသော၊ တောင်တွင်းဆရာတော် ဟူ၍ ကျမ်းတက်လေ့ရှိသည်။

ငှင်းခင်ကြီးပျော်ကို ငှင်း၏ဆရာ ကျော်အောင်စံထားဆရာတော်က သင်ကား အစားအသောက်ကြူးသည်။ အသက် (၃၀) ကျော်သာ နေရမည် ဆိုသည်အတိုင်း (၃၉) နှစ်တွင် ပျံလွန်တော်မူသည်။

ခင်ကြီးပျော်သည် စစ်ကိုင်းမြို့တွင် မကျန်းမမာ ဝေဒနာဖြစ်၍ ပျံလွန်တော်မူခါနီးတွင် တပည့်တပန်းတို့က ဆေးကျမ်း၊ ဓာတ်ကျမ်းတတ် သော သမားများက မှီဝဲရန် တော်သင့်သည့်ဆေးကို လျှုလိုကြောင်း လျှောက် ထားကြရာ၊ ဆရာတော်က ဆိုင်းလင့်ကြဦး မိန့်တော်မူ၍ ပဉ္စင်းငယ် တစ်ယောက်အား ည တိတ်ဆိတ်ငြိမ်ဆိမ်သည့်အခါ သင် မြို့ပါးသို့ ချဉ်းကပ်ချေ၊ ဦးစွာ ကြားသိရသော စကားကို မြဲမြဲမှတ်၍ ပြန်ခဲ့ဟု စေလွှတ်လိုက်ရာ၊ ပဉ္စင်းငယ်လည်း (သီဆောသုဉ်းဆယ်) ဟု ကြားခဲ့ကြောင်း လျှောက်လျှင် ဆရာတော်က တပည့်ဒကာတို့အား ဆေးမလှူနှင့်တော့၊ ငါကား ဤဝေဒနာမှ မထပြီဟု မိန့်တော်မူရာ တပည့်ဒကာတို့က (သီဆော သုဉ်းဆယ်) ဟူသော စနည်းစကားအရကို ပြန်ဆိုရန် လျှောက်ထားကြလျှင် ဆော–အို... အချင်းတို့၊ သီ–သီလရှိသော၊ ဆယ်–အင်္ဂါသားသည်၊ သုဉ်း– သေလတ္တံ့ ဟူ၍ အနက်ပြန်ဆို အဓိပ္ပာယ် ကောက်ယူတော်မူပြီးနောက် များမကြာမီ ပျံလွန်တော်မူလေ၏။ ခင်ကြီးပျော် ဖွားတော်မူမှ ပေါ်ပေါက် သော ပေရွက်များမှာ (၁၄ – ၁၅) ရေးလောက်သော ဟူ၏။

## (၁၄) ခင်ကြီးပြောင်အကြောင်း

သက္ကရာဇ် (၁၀၈၄) ခုနှစ်တွင် ဖွားမြင်သည်။ နံ ကြာသပတေး၊ ဇာတိ တောင်တွင်းကြီးမြို့၊ သက်တော်ခုနစ်က ရဟန်းပြုသည်။ ရဟန်းမည် ရှင်ပရမ၊ တံဆိပ် ပရမသီရိဝံသဓဇမဟာဓမ္မရာဇဂုရု၊ လူမည် ဦးပြောင်၊ ဟံသာဝတီပါ မင်းလက်ထက် အင်းဝမြို့သို့ ရောက်၍ ထင်ရှားသည်။ ဟံသာဝတီပါမင်း ပျက်ခါနီးတွင် အကြောင်းကိုသိ၍ ဘုရင်အား ပြောပြပြီးလျှင် ညောင်ကန်ရွာသို့ သွားရောက် သီတင်းသုံးကြောင်း၊ ဟံသာဝတီပါမင်း ပျက်ခါနီး (၃) နှစ်ခန့်ကပင် သက္ကရာဇ် (၁၁၁၈) ခုနှစ်၊ သက်တော် (၃၄) နှစ် ပျံလွန်တော်မူ သည်။

**မှတ်ချက်** ။ ။ ခင်ကြီးပြောင်မှာ ကျောင်းနေဖက် ခင်ကြီးပျော်နှင့် သက်တူရွယ်တူ ဖြစ်ကြဟန်တူသည်။ အကြောင်းက မောင်ပြောင်၊ မောင်ပျော် ဟူ၍ ရဟန်းဘဝ ရောက်သည်တိုင် ခေါ်ပြောလေ့ ရှိကြ သည်ကို တစ်ဆင့် မှတ်သားရသည်။

အမိအဖ အမည်မျိုးရိုးတို့ကို စုံစမ်းသော် သေချာအောင် မပြော နိုင်။ ပြောပြနိုင်သော ရှင်ကြီးလူကြီးတို့ကို မတွေ့ရပေ။ ဦးပြောင်သည် စိတ်ခက်ထန်သည်လို့ ပြောကြ၏။ ဗေဒင်နက္ခတ်အရာ၌ ပြောင်မြောက် တော်မူသော ကိတ္တိရသဂုဏ် ထင်ရှားလေသည်။

နောက် ညောင်ကန်ရွာသို့ သွားရောက်သီတင်းသုံးကြောင်း၊ ညောင်ကန်က ဗေဒင်နက္ခတ်လိုက်စားသော ရဟန်းများ ဦးပြောင် အဆက်အနွယ် ဖြစ်သည်ဟု ပြောကြသည်။ ၎င်းခင်ကြီးပြောင်ကို ၎င်း၏ ဆရာ ကျော်အောင်စံထားဆရာတော်က သင့်မှာ ဒေါသမာနကြီးသည်၊ သင်သည် အသက်တိုမည်၊ အသက် (၃၀) ကျော်သာ နေရမည် ဆိုသည့် အတိုင်း (၃၄) နှစ်တွင် ပျံလွန်တော်မူသည်။

(၁၂၆၂) ခုနှစ် စစ်ကိုင်းမြို့ ကျွန်ုပ်ရောက်စဉ်က ညောင်ကန် ဆရာတော် ဦးသူသည် ဦးပြောင်၏ နိဿရည်းကို အရအမိများ၍ ဦးသူ၏ အဆက်အနွယ် ကန္တဝန် ခွေးချိုဆရာတော်များ ဖြစ်ကြောင်းကို စစ်ကိုင်း ဇေယျာပူရမြို့ ညောင်ပင်သာကျောင်းတိုက်နေ သူတော်ဆရာကြီး ဦးပုည ပြောပြသည်ကို မှတ်ခဲ့ရပေကြောင်း။

## (၁၅) ရှင်အဂ္ဂသမာဓိ အကြောင်း

သက္ကရာဇ် (၈၄၁) ခုနှစ်တွင် ဖွားမြင်သည်။ နံ တနင်္ဂနွေ၊ ဇာတိ တောင်ဘက် နတ်မောက်မြို့၊ လူမည် ဦးနိုး၊ ရဟန်းအမည် ရှင်အဂ္ဂသမာဓိ၊ သက်တော် (၇၈) နှစ်၊ သက္ကရာဇ် (၉၁၉) ခုနှစ်တွင် ဘဝပြောင်းတော်မူသည်။ အဖ နတ်မောက်မြို့စား ဘယကျော်သူ၊ ထိုအရှင်သည် သက္ကရာဇ် (၉၀၀၊ ၉၀၁၊ ၉၀၂) ခုနှစ် မြေဒူးမြို့တွင် မိုးညှင်းစော်ဘွား ဇလုံကြီးသား၊ ဇလုံငယ် လက်ထက် ဘုံခန်း၊ ငရဲခန်း၊ မဃ္ဃစိုးခန်း၊ သုဝဏ္ဏသျှံသူငွေးခန်း၊ သုဝဏ္ဏသျှံ တောထွက်ခန်း၊ သုဝဏ္ဏသျှံ သစ္စာခန်းများကို ရေးသည်။ ဘုံခန်းကို ရေးသောအခါ ဘရဏီနတ်သမီး အခန်းတွင် ကျောင်းအမ၏ သမီးပျိုကို ဆင်ယင်၍ ကြည့်ရှုပြီးလျှင် ရေးသောဟူ၏။ အင်းဝမြို့ ဒုတိယ မင်းခေါင်သားတော် (၈၆၃) ခုနှစ် နန်းတက်သော ရွှေနန်းကြော့ရှင် နရပတိ နန်းစံ (၄) နှစ်၊ (၈၆၇) ခုနှစ်တွင် တောင်ငူမြို့ တပင်ရွှေထီး၏ ခမည်းတော် သီရိမဟာဇေယျမင်းက ဗိုလ်ရှိုရှားမြို့စား ပြေည့်ဝ၊ ယင်းတော်မြို့စား ငတုံးတာတို့ကို တောင်တွင်းကြီးက ရောဝတီမြစ်ရောက် မြန်မာနိုင်ငံသို့ ချီတက်တိုက်ခိုက် သိမ်းယူစေရာ၊ ၎င်းဗိုလ်တို့ စဉ့်ကူးအုံပုံ တောင်သို့ ရောက်ကြောင်းနှင့် အင်းဝမင်း ရွှေနန်းကြော့ရှင်နရပတိ ကြားတော်မူလျှင် ကျွန်တော်မျိုး ဘယကျော်သူ အမတ်ကိုစေ၍ ခုခံတိုက်စေရာ ဗိုလ်ပြေည့်ဝ၊

ဝေါ့းတာတို့ကို နိုင်လိုက်သောကြောင့် ဘယကျော်သူအမတ်ကို နတ်မောက်မြို့စား သနားတော်မူသည်။ မိုးညှင်းမြို့ ရှမ်းဇလုံ၏ဘေးဖြင့် အင်းဝမြို့ ပျက်စီး၍ မိုးညှင်းဇလုံ စော်ဘွားသား သိုဟန်ဘွားသည် အင်းဝတွင် မင်းပြုသောအခါ ရှင်အဂ္ဂသမာဓိကို ဇလုံစော်ဘွားက မိုးညှင်းမြို့သို့ ပင့်ဆောင်ယူသွားကြောင်း မြန်မာရာဇဝင်တွင် ပါရှိသည်။

ကျောင်းအမ၏ သမီးဟူသည်ကား နတ်မောက်မြို့ဝန်မင်း၏ သမီးတည်း။ ၎င်းဝန်မင်းသမီးနှင့် ရှင်အဂ္ဂသမာဓိ ငယ်စဉ်ချစ်ကြိုက်ဖူးသည်။ ဝန်မင်းက သဘောမတူ တားမြစ်သောကြောင့် နောက်ရဟန်းပြု၍ ဘုံခန်းကို ရေးသားသောအခါ မိမိနှင့် သမီးရည်းစား ချစ်ကြည်ဖူးသည့် ခန်းများနှင့် စာနာ၍ ဘုံခန်းကို ရေးသည်ဟူ၏။ ရေးပြီး၍ ဝန်မင်းထံ သွင်းရာတွင် ဝန်မင်းက သမီးနှင့် ပေးစားမည်ပြုသော် ရှင်အဂ္ဂသမာဓိက လက်မခံသည်နှင့် ကျောင်းဆောက် ကိုးကွယ်တော်မူလေသည်။

ထိုအရှင် ရေးသော စာများကား–

(၁) နေမိမဂ္ဂစိုးခန်းပျို့၊

(၂) နေမိငရဲခန်းပျို့၊

(၃) နေမိဘုံခန်းပျို့၊

(၄) သုဝဏ္ဏသာမ သူဌေးခန်းပျို့၊

(၅) သုဝဏ္ဏသာမ တောထွက်ခန်းပျို့၊

(၆) သုဝဏ္ဏသာမ သစ္စာခန်းပျို့ စသည်တို့ကို ရေးသားတော်မူသည်ဟု ပိဋကတ်သမိုင်းမှာ တွေ့ရှိရလေသည်။

မိုင်းခိုင်းရေး ရှင်ရဋ္ဌသာရ ထေရုပ္ပတ္တိကထာတွင် အာစရိယဝံသ စာတမ်းဟောင်းထွက် သက္ကရာဇ် (၈၄၂) ခုနှစ် ဒုတိယမင်းခေါင် နန်းတက်၍ နန်းစံ (၂) နှစ်၊ သက္ကရာဇ် (၈၄၄) ခုနှစ်တွင် ဒီပဲယင်းမြို့မ အရှေ့ကန်ဖျားရွာမှာ ငယ်မည် မောင်နိုး၊ ရဟန်းမည် ရှင်အဂ္ဂသမာဓိကို ဖွားသည်။

သက္ကရာဇ် (၉၁၄) ခုနှစ်၊ အင်းဝမြို့တွင် စည်သူကျော်ထင်မင်း နန်းတက်၍ နန်းစံ (၁) နှစ်၊ သက္ကရာဇ် (၉၁၄) ခုနှစ်၊ အသက် (၇၃) နှစ်တွင် ဘဝပြောင်းတော်မူသည်။

အဂေါ် သမာဓိ ယဿာတိ အဂ္ဂသမာဓိ။ ။

ယဿထေရဿ–အကြင်မထေရ်အား၊ အဂ္ဂေါ–ကဲလွန်သော၊





သမာဓိ–မတုန်မလှုပ်တည်ကြည်သော သမာဓိသည်၊ အတ္ထိ–ရှိ၏။ ဣတိ တသ္မာ–ထို့ကြောင့်၊ သောထေရော–ထိုမထေရ်သည်၊ အဂ္ဂသမာဓိ – အဂ္ဂသမာဓိ မည်၏။

## (၁၆) မုံတောဆရာတော်ကြီး အကြောင်း*

သက္ကရာဇ် (၁၁၀၂) ခုနှစ်တွင် ဖွားမြင်သည်။ နံ ဗုဒ္ဓဟူး၊ ဇာတိ အင်းရင်မုံတော၊ လူမည် ဦးပျော်။ အသက် (၁၀) နှစ်က ကျောင်းသား၊ (၁၃) နှစ်အရွယ်တွင် ရှင်သာမဏေ ပြုသည်။ သာမဏေအမည် ရှင်ဝရ။ သာမဏေဝါ (၈) ဝါ။ သက်တော်စေ့က ရဟန်းပြုသည်။ ရဟန်းမည် ရှင်ဝရ။ ဒါယကာ အမရပူရရွှေမြို့တော်ကြီး ရွှေထီးနန်းတည် မင်းတရားကြီးသားတော် အိမ်ရှေ့မင်း ကိုးကွယ်တော်မူသည်။ အမရပူရရွှေမြို့တော်ကြီးတွင် ရွှေတောင်ကျောင်းတိုက်အတွင်း သီတင်းသုံးသည်။ ရတနာပူရ စတုတ္ထမြို့ ရွှေမြို့တော်ကြီး ရွှေထီးနန်းတည် မင်းတရားကြီးလက်ထက် အင်းဝမြို့ အရှေ့တောင်ထောင့် မိုးထိတိုက် မဟာမင်္ဂလာရွှေဘုံမိုးထိကျောင်းတော်ကြီးကို တင်အပ်တော်မူ၍ သီတင်းသုံးသည်။ သက်တော် (၈၂) နှစ်၊ ဝါတော် (၆၂) ဝါ၊ သက္ကရာဇ် (၁၁၈၄) ခုနှစ်၊ မဟာမင်္ဂလာရွှေဘုံကျောင်းတွင် ပျံလွန်တော်မူသည်။ တံဆိပ် ဝံသာဘိ သီရိသဒ္ဓမ္မ လင်္ကာရဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ကို ကပ်လှူရရှိတော်မူသည်။

ထိုဆရာတော်ကြီးအကြောင်းမှာ သက္ကရာဇ် (၁၁၈၃) ခုနှစ်၊ ရတနာပူရ စတုတ္ထမြောက် ရွှေမြို့တော်ကြီး ရွှေထီးရွှေနန်းတည် မင်းတရားကြီးသည်

* "ဆရာစဉ်နှင့် ရာဇဝင်ထွက်၊ သုံးဖြစ်လဲ ဝတ္ထု"၊ သူရိယမဂ္ဂဇင်း၊ နိုဝင်ဘာ ၁၉၂၀ ပြည့်။ စာ (၂၇-၂၉) မှ စာသာ ဖြစ်သည်။





မုံတောဆရာတော်ကြီးကို အဖူးအမြော် ရတနာပူရရွှေမြို့တော် အရှေ့တောင်ထောင့် မိုးထိကျောင်းတော်သို့ ထွက်တော်မူစဉ် ဆရာတော်ဘုရားအကြောင်းတော်ကို လျှောက်ထားရမည် အမိန့်တော်ရှိ၍ မြေတိုင်းအတွင်းဝန်မင်းကြီး မင်းလှမဟာနော်ရထာ၊ လူမည် မောင်ပေါ်ဦး၊ ဆရာတော်ထံ လျှောက်ထားလျှင် မင်းညီမင်းသား၊ မှူးတော်မတ်တော်တို့ အစုံအညီတွင် မိုးထိတိုက် မဟာမင်္ဂလာရွှေဘုံကျောင်းတော်တွင် သီတင်းသုံးနေသည့် မုံတောဆရာတော်က ရှေးဖြစ်ပျက်ရင်း အကြောင်းများကို အတွင်းဝန်မြေတိုင်းမင်းသား ပြန်ဆို အမိန့်ရှိသည်ကို မှတ်သားချက်–

ဟံသာဝတီရောက် မင်းတရားကြီးလက်ထက် မိဘတို့ထံ ငယ်စဉ်အတူနေ၍ အသက် (၁၀) နှစ်ခန့် အရွယ်ရောက်သည့်ကာလ ကျောင်းသို့ ပို့အပ်ပါမည့်အကြောင်းနှင့် မိဘတို့ကို အကြိမ်ကြိမ် နှိုးဆော်တိုက်တွန်း၍ အသက် (၁၀) နှစ် အရွယ်ရှိ ကာလ၊ ဆရာဘုန်းကြီးထံ ကျောင်းသို့ ပို့အပ်၍ အတတ်ပညာ စာပေသင်ကြားနေသည်။ (၁၂) နှစ်အရွယ်ရှိသည် ကာလကျောင်းဆင်ကပ်တွင် ရပ်လျက်နေသည်တွင် ပင်ပန်းကြီးစွာ ကြေးခဲအများ ဝန်ထမ်း၍ လာသည့်လူကိုမြင်သော် ကျောင်းသားလူငယ်က အဖကျောင်းဒကာ၊ မည်သည့်အကြောင်းကြောင့် ထိုမျှလောက်သော ဝန်ကို ပင်ပန်းကြီးစွာ ထမ်းပိုးဘိသနည်းဟု မေးလျှင်၊ သားမယား စားသုံးရန် ထမ်းပိုးလုပ်ကျွေးရသည်ဟု ဆိုသည်ကို ကြား၍ ထိုနေ့ပင် သင်္ကန်းဝတ်လိုကြောင်းနှင့် မိဘဆရာတို့ကို တိုက်တွန်း၍ ထိုဆရာထံ ရှင်သာမဏေ ပြုသည်။ (၁) ဝါရလျှင် ဆွမ်းခံသွားရာလမ်းခရီးတွင် ခွေးနက်ရူးကိုက်၍ ဆေးဝါးကုသော်လည်း မရ၊ သင်္ကန်းဖြင့် ပျံလွန်တော်မူ၍ မြေတဲသုသာန်မှာ မြေနှံသင်္ဂြိုဟ်ရသည်။ နောက် မိဘတို့ သုသာန်သို့ မတကာဘတ်ဆွမ်းကျွေးတရားနာ လာကြ၍ မြေနှံသင်္ဂြိုဟ်သည့်မြေပုံတွင် ကြည့်ရှုငိုကြွေး၍ ပြန်သွားရာ၊ အမိတဘက်စကို ဆွဲငင်လိုက်သွားပြီး ပဋိသန္ဓေကိုယ် စွဲနေ ဖွားမြင်လျှင် အသက် (၇) နှစ်၊ (၈) နှစ်အရွယ်က ငါ့ဆရာကျောင်းသို့ ပို့ပါဟု အကြိမ်ကြိမ် မိဘတို့ကို တိုက်တွန်းနှိုးဆော်၍ မောင့်ဆရာအဘယ်မှာ ရှိသနည်းဟု မိဘတို့က မေးရာ၊ စာပေသင်ပေးရာ သာမဏေရင်းဖြစ်သော ဆရာကို လည်းကောင်း၊ ခွေးရူးကိုက်၍ ဘဝပြောင်းသွားရာမှ သင်္ဂြိုဟ်သည့် အကြောင်းအရာများနှင့် အကြောင်းမျိုးစုံကို ပြန်ပြောလျက် မိဘ ဆရာ

တို့ နှစ်သက် ဝမ်းမြောက်၍ အသက် (၁၀) နှစ်အရွယ်ရှိကာလ ဆရာရင်းထံ ကျောင်းသို့ ပို့အပ်မြဲ ပို့အပ်၍ စာပေသင်ကြားမြဲ သင်ကြားစေသည်နှင့် သီတင်းနေ့ ကျောင်းတိုက်အနီး လွှစင်ကို အဖော်ကျောင်းသား လူငယ်များနှင့် ရောက်၍ လွှတိုက်သူကို မြင်လျှင် မည်သည်ကိုအကြောင်းပြု၍ ပင်ပန်းကြီးစွာ ဤအလုပ်ကို လုပ်ဘိသနည်းဟု မေးရာ၊ လူအဖြစ်ဖြင့် သားမယားတို့ကို ကျွေးမွေးရန် ဆင်းရဲခံ၍ ရှာမှီးလုပ်ဆောင်ရကြောင်းများကို လွှသမားက ပြန်ပြောလျှင် ထိုနေ့ပင် ဆရာမိဘတို့ကို သာမဏေ ပဗ္ဗဇ္ဇအဖြစ်ဖြင့် သင်္ကန်းဝတ်လိုကြောင်းနှင့် နှိုးဆော်တိုက်တွန်း၍ အသက် (၁၁) နှစ်တွင် သာမဏေ ပြုသည်။ (၂) ဝါ ရသည်ကာလ ညအခါ ကုဋီအိမ်သို့သွားရာ မြွေဟောက်ခဲ၍ ဆရာမိဘတို့က ဆေးဝါးကုသသော်လည်း မရ၊ သင်္ကန်းနှင့်ပင် ပျံလွန်တော်မူရပြန်သည်။ အလောင်းကို မြေတဲသုသာန်မှာ မြေနှံ့ သင်္ဂြိုဟ်ပြန်၍ ရက်လည်သည့် ကာလ မိဘဆရာတို့ သုသာန်မှာ မတကဘတ်ဆွမ်း လှူဒါန်း၍ပြီးသည့် နောက် (၂) ရက်တွင် မိဘတို့ ခရမ်းပေါက် လက်ဆောင်ယူအရပ်က ဟင်းသီးဟင်းရွက် ထမ်းပိုးဆောင်ယူ၍ နေအိမ်သို့ ပြန်လာသည်ကာလ နေဝင်ကျော်အချိန် သင်္ဂြိုဟ်သည့် သုသာန်မြေပုံ၏ အနီးသို့ ရောက်သည်ကာလ၊ မိဘတို့က ငါ့သားမောင်ရှင်ကို အမျှဝေ၏ဟု ဆိုဆဲခဏ၌ ဝမ်းမြောက်လှ၍ အဖ၏ ထမ်းတောင်းအတွင်း စီးလိုက်ရာ အိမ်သို့ရောက်လျှင် အမိထံ ပဋိသန္ဓေကိုယ်ဝန် စွဲနေသည်။ အမိလည်း သားဟောင်း ရောက်လာကြောင်းနှင့် အိပ်မက်မြင်သည်။ ဆယ်လစေ့၍ ဖွားမြင်ပြီးနောက် (၃) ဘဝတိုင် ယောကျ်ားကောင်း စင်စစ်ဖြစ်၍ (၃) ဘဝ မိခင်ဝမ်းတိုက်၌ မွေ့လျော်ပျော်ပေသည်ဟု အကြောင်းပြု၍ ငါ့ကို မောင်ပျော်ဟု အမည်နာမ မိဘတို့ ခေါ်တွင်စေသည်။ မိဘရင်းချာတို့နှင့် (၈) နှစ်၊ (၉) နှစ်ခန့် အတူနေ၍ ငါ့ဆရာရင်း ကျောင်းသို့ ပို့ပါ၊ ကိုယ်နှင့်တကွ မိဘတို့၏ အကြောင်းအဖြစ်ကို အထက်နည်းအတိုင်း ပြန်ပြောလျှင် ပထမ၊ ဒုတိယ ဆရာရင်းထံ တတိယရောက် ပို့အပ်၍ စာပေသင်ကြားနေသည်နှင့် အသက် (၁၃) နှစ်ရှိ ကာလ ထိုဆရာထံ ရှင်သာမဏေ ပြုသည်။ သာမဏေ (၅) ဝါမြောက်တွင် ဆရာဘုန်းတော်ကြီး ပျံလွန်တော်မူသည်။ နောက် အသက်စေ့သည်ကာလ မိဘတို့က ရဟန်းပြု၍ ရတနာပူရ အင်းဝ ရွှေမြို့တော်တွင်ပင် ရဟန်းဖြစ်သည်။ ရဟန်းအဖြစ်ဖြင့် အသီးသီး ဆရာတော်များထံ





အတတ်ပညာ စာပေသင်ကြား၍ ယခုတိုင် မြတ်စွာဘုရား တရားတော်လာသည်အတိုင်း ရဟန်းကျင့်ဝတ် သိက္ခာပုဒ်ကို ကျင့်ဆောက်တည်၍ သက်တော် (၈၀) နှစ် ရောက်ကြောင်း၊ ဝါတော် (၆၁) ဝါရှိကြောင်း၊ ဘိုးတော်မင်းတရားကြီးလက်ထက် ရဟန်းတို့ အမှုရောက်သည်ကာလ သိက္ခာမချကြောင်း၊ နတ်ပြဟ္မာတို့ ချမ်းသာကို အလိုမရှိသည် ဖြစ်၍ အတ္တသောတည်းဟူသော ခန္ဓာအိမ်ကို ပစ်ချ၍ မဂ်ဖိုလ်ချမ်းသာကိုသာ အလိုရှိကြောင်း၊ မိဘတို့ ထင်ရှားရှိ၍ အကြောင်းညီညွတ်ပါလျှင် ထိုမိခင်၏ ဝမ်းတိုက်၌ တစ်ဖန် ရောက်၍ ယောကျ်ားကောင်းစင်စစ် ဖွားမြင်သည်ကာလ အရွယ်သို့ ရောက်လျှင် သာသနာတော်တွင်း၌ ရဟန်းသာမဏေဖြစ်ချင်ကြောင်း၊ (၃) ဖြစ်သော လူငယ်စဉ်တို့၌ မိခင်၏ တဘက်ကိုသာ ဝတ်ဖူးသည်။ လူဝတ်ပုဆိုးဆိုသည့် အရာများကို မဝတ်ဆင်ဖူးကြောင်း၊ ကြုံကြိုက်ခဲလှသော သာသနာတော်တွင်း၌ ရဟန်းသာမဏေ အဖြစ်ကိုသာ အလိုရှိကြောင်း၊ ဘဝ (၃) ဖြစ်ကို သတိရကြောင်းများနှင့် မဟာမင်္ဂလာရွှေဘုံ ကျောင်းတော်ကြီးတွင် သီတင်းသုံးနေသည့် မုံတောဆရာတော်ကြီး ကိုယ်တော်တိုင် အမိန့်ရှိသည်။ ။

[ ရွှေးတံဆိပ်တော်ရ ဆရာတော်တို့စာတမ်း ပထမတွဲ ပြီး၏။]

## နိဂုံး သံပိုင်း *

ကြားလောသေချာ၊ မျိုးလေဖြာတိုဝ့်၊ ဝေဆာထက်အောက်၊ တမ်းခွန်ဆောက်သိုဝ့်၊ ထွန်းတောက်သာသနာ၊ မဟာတိဂုံမ်၊ ဓာတ်ပုံမ်လေးဆူ၊ ကိန်းဝပ်မူသဝ်၊ နတ်လူပြဗ္ဗာ၊ ဦးခိုက်ရာသား၊ လကျာတောင်ပြင်၊ နတ်ပြည်သွင်သိုဝ့်၊ ကြည်လင်သုန်သုန်၊ ရန်ကုန်တင့်ဆန်း၊ မော်တင်လမ်း၌၊ စိတ်ဝမ်းရွှင်မြောက်၊ ပဲရောက်ကုမ္ပဏီ၊ ဂုဏ်ဆီပျံ့မွှေး၊ သတင်းပြေးသား၊ အေးအေးနေပိုက်၊ မြောက်မကြိုက်သည်၊ ဖိုဝ်းထိုက်ကျင့်ပီ၊ ကိုဆံနီသည်၊ သီဂီရွှန်းစက်၊ သဒ္ဒါလက်၍၊ ထက်ထက်ခါရီ၊ ရှေးဟိုဆီက၊ ဇာနီပြောင်မြောက်၊ ထွန်းတောက်ခပင်း၊ မြမ္မာမင်းတိုဝ့်၊ ဝပ်စင်းပူဇော်၊ တံဆိပ်တော်ကို၊ လှူတော်ဆက်ကပ်၊ ပျပ်ဝပ်ဖူးမျှော်၊ ဆရာတော်တိုဝ့်၊ ကြောင်းသော်ထုပ္ပတ်၊ မပြတ်ရှည်စွာ၊ မှတ်ကြောင်းရာကို၊ နောင်လာနောက်သား၊ ဒါယကာများတို့၊ မှတ်သားကြည်ဖြူ၊ နည်းယူကြရန်၊ ရည်သန်စိတ်ထား၊ တောင်းပန်ညား၍၊ စိတ်ကားကြည်ရွှင်၊ ကျေးဇူးအင်ကြောင့်၊ ညှိညင်မရှိ၊ မိမိမှတ်ထား၊ ဗဟုသ်များကိုဝ်၊ သိုထားမဓုက်၊ နှစ်သက်မချိုဝ့်၊ မော်ပီမြို့ဝ်၌၊ နေပိုက်ဂုဏ်ဖြိုး၊ သိန်းကြီးဆရာ၊ အကြင်ငါသည်၊ ကြည်သာရွှင်လန်း၊ ဤစာတမ်းကိုဝ်၊ တင့်ဆန်းဖူးငုံမ်၊ ကြာပဒုံမ်သည်၊ ရောင်ဟုံမ်နေတွေ့၊ ပွင့်၍ကားကား၊ ရွှင်သောလားသိုဝ့်၊ အများတကာ၊ သိစေငှာဖြင့်၊ သေချာကြည်နူး၊ ဂုဏ်ကျေးဇူးကိုဝ်၊ ကွန့်မြူးဝေဖြာ တက်စေသောဝ်။ ။

* ယခုမှ စ၍ မူရင်း စာလုံးပေါင်း သတ်ပုံအတိုင်း ပုံနှိပ်သည်။





## ဆုတောင်းစာ

သောအဟံ–ထိုငါသည်၊ သမ္မရာယေ–တမလွန်ဘဝ၌၊ နိပုဏမတိစ–သိမ်မွေ့သော ပညာရှိသည်လည်းကောင်း၊ သတောစ–သတိနှင့်ပြည့်စုံသည် လည်းကောင်း၊ တိတ္တောစ–ရောင့်ရဲတတ်သည် လည်းကောင်း၊ ဒက္ခောစ–လိမ္မာသည် လည်းကောင်း၊ ဒိဋ္ဌုဇ္ဇုပညောစ–ဖြောင့်မတ်သော အယူပညာရှိသည် လည်းကောင်း၊ အဝိကလဝီရိယောစ–မချို့တဲ့သောလုံ့လရှိသည် လည်းကောင်း၊ ဘောဂဝါစ–စည်းစိမ်ဥစ္စာရှိသည် လည်းကောင်း၊ သံဝိဘာဂီစ–ခွဲခြမ်းဝေဖန်တတ်သည် လည်းကောင်း၊ တိက္ခောစ–ထက်မြက်သည် လည်းကောင်း၊ သူရောစ–ရဲရင့်သည် လည်းကောင်း၊ မိတ်မာစ–တည်ကြည်သော စိတ်ရှိသည် လည်းကောင်း၊ သပရဟိတစရောစ–မိမိအကျိုးစီးပွား သူတစ်ပါးအကျိုးစီးပွားကို ကျင့်ဆောင်တတ်သည် လည်းကောင်း၊ ဒီဃဇီဝီစ–ရှည်သောအသက်ရှိသည် လည်းကောင်း၊ အရောဂေါစ – အနာမရှိသည် လည်းကောင်း၊ ဓညောစ–ဖုဥ်းရှိသည် လည်းကောင်း၊ ဝဏ္ဏောစ–အဆင်းလှသည် လည်းကောင်း၊ ယသဿီစ–များသောအခြံအရံရှိသည် လည်းကောင်း၊ အတိဗလဝ ဓရောစ–အလွန်ကြီးသောအားကို ဆောင်နိုင်သည် လည်းကောင်း၊ ကိတ္တိမာစ–ကျေးဇူးသတင်း ကျော်စောခြင်းရှိသည် လည်းကောင်း၊ ဘဝေယျံ–ဖြစ်ရပါလို၏။

## သံပေါက်

၁။ တစ်နှစ်ကိုးရှစ်၊ ခေါ်သကြာဇ်၊ တွင်လစ် များဝေါဟာ။
၂။ ကန်ရာသီတွင်း၊ တော်သလင်း၊ သစ်ဆင်း ရှေးပေါ်ရာ။
၃။ လဆန်း (၉) ရက်၊ ကျားမင်းထွက်၊ မပျက် နေ့အခါ။
၄။ ညှိခါစာတန်း၊ ပြီးဆုံးခန်း၊ ရှင်လန်း ပွင့်သည့်ကြာ။
၅။ မြန်မာမျိုးသား၊ အကျိုးများ၊ တိုးပွား စိမ့်သောငှာ။
၆။ ပဲရောက်ကုမ္ပဏီ၊ ကိုဆံနီ၊ ဖြောင့်ညီ ကျင့်သမ္မာ။
၇။ ပညာဆီမီး၊ ရောင်ဟုန်ညီး၊ ဖြိုးဖြိုး တောက်ပစွာ။
၈။ အန္တရာယ်ဘေး၊ ကင်းစင်ဝေး၊ အေးချမ်း တို့သူငါ။ ။

ပြန်ပေးရမည့်ရက်စွဲ

Date Due

2 JAN 2014

9 JAN 2014

10 JAN 2014

25 JAN 2014

၈၉၅.၈၁၀၃ / ဘိဂိ    ဘီ/၁၁၈၄၉၀

စာအုပ်ကတ်ပြား

ရေးသူ ဘိဂိ

ပညာရပ်အမှတ်

Class;No.

၈၉၅.၈၁၀၃ / ဘိဂိ

တိုက်ပိုင်နံပါတ်

Acc,No.

ဘီ/၁၁၈၄၉၀



# မှော်ဘီဆရာသိန်း

## ဗဟုသုတ ဟင်းလေးအိုး

နှင့်

## ရှေးတံဆိပ်တော်ရ ဆရာတော်များစာတမ်း

"(ဗဟုသုတ ဟင်းလေးအိုးတွင် ပါဝင်သော)...ရှေ့နေထူး ခုနစ်ဦး အကြောင်း စာများကို နှောင်းခေတ် မြန်မာစာပေသမိုင်းတွင် နိုင်ငံချစ် စိတ်ဓာတ် စာပေ၌ ထည့်သွင်း၍ ရသည်ဟု ယူချင်ပါသတည်း။"

*-ဇော်ဂျီ ၏ သိန်းနှင့်ကျား ဋီကာ (၁၉၈၄)။စာ ၆၆...မှ။*

"...ရှေ့နေများ၏ စရိုက်သဘာဝကို သူဖော်ပုံမှာ အံ့သြစရာ ဖြစ်လေသည်။ သူတို့၏ စိတ်နေစိတ်ထား၊ သူတို့၏ လူမှုရေးရာ ဆောင်ရွက်မှု၊ သူတို့၏ အားနည်းချက်တို့ကို သူ မှုမှုတတ ကြည့်၍ ပုံပေါ် အောင် ရေးခဲ့လေသည်။ ...အရေးအသားမှာလည်း ဟာသကလေး ရောစွက်လျက် အရုပ်သံ ပါလှသည်။"

*-တိုက်စိုး ၏ မော်ပီဆရာသိန်း(၁၉၇၄)။စာ ၄၇-၄၈...မှ။*

Class No.
Acc. No